www.burmeseclassic.com



# နှုတ်သီး

ရေခဲအိပ်မက်

GRAPHIC DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (မျိုးစာပေ)
အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ စေ/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုပေါက် ☎ ၀၉ ၄၂၀၂၅၄၄၂၇
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ မတ်လ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
မျိုးစာပေ
၀၉ ၅၁၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၃၊ ၀၁ ၈၅၁၀၆၉၆

၈၉၅. ၈၃
နတ်သမီး
ရေခဲအိပ်မက်
မျိုးစာပေ ၊ ၂၀၁၄။
၂၅၂ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ရေခဲအိပ်မက်

## အခန်း (၁)

"ဟိတ် ဘာတွေ ငေးနေတာလဲ ရှင်းသန့်"

အသံနှင့်အတူ ပခုံးလေးကိုပါ လင်းလင်း လှမ်းပုတ်လိုက်တာမို့ ရှင်းသန့်စင် လန့်သွားတာ အထင်အရှား ဖြစ်သည်။

လှည့်ကြည့်သော မျက်ဝန်းလေးတွေ ဝိုင်းစက်နေကာ ပါးပြင်ပေါ်က သနပ်ခါးပါးကွက်ဝိုင်းဝိုင်းလေးတွေနှင့် အပြိုင်ဖြစ်နေသည်။

"လန့်လိုက်တာ လင်းလင်းရယ်"

"လန့်ရအောင် နင်က ဘာတွေငေး၊ ဘာတွေ တွေးနေလို့လဲ ရှင်းသန့်ရဲ့"

ရှင်းသန့် ရပ်နေသော ဝရန်တာလေးမှာ ဝင်ရပ်ရင်း နေတစ်ခင်း မေးလိုက်မိသည်။ အကြည့်တွေကလည်း ရှင်းသန့် လှမ်းကြည့်နေရာကို ရောက်သွားခဲ့၏။

ထိုနေရာက ကျောင်းအုပ်ဆရာကြီး ရုံးခန်းနှင့် ဆရာ ဆရာမ

www.burmeseclassic.com



တွေရဲ့ နားနေဆောင်ပဲ ရှိတာဖြစ်သည်။

"ဘာမှ တွေးတာမဟုတ်ပါဘူးဟာ ဟိုဆရာကို ကြည့်နေတာ ကျောင်းကို ရောက်လာတဲ့ ဆရာအသစ် ထင်တယ်ဟ"

"ဘယ်မှာလဲ ရှင်းသန့်"

လင်းလင်း မေးလည်းမေး လှမ်းလည်းကြည့်သည်။ ထိုအခိုက်မှာပဲ ဆရာကြီး ရုံးခန်းထဲက ထွက်လာသော ဆရာတစ်ယောက်ကို တွေ့လိုက်ကြ၏။

"ဟိုမှာလေ ဆရာက ငယ်ငယ်လေးပဲ ရှိသေးတာဟ"

ရှင်းသန့် ပြောတာကို နေတစ်စင်းလည်း လက်ခံပါသည်။ ဒီကျောင်းမှာ ဆရာမတွေပဲ အများစုရှိတာဖြစ်သည်။ ဆရာဆိုလို့ ကျောင်းအုပ်ဆရာကြီးနှင့် အလယ်တန်းပြ ဆရာနှစ်ယောက်၊ အထက်တန်းပြ ဆရာ တစ်ယောက်ပဲရှိသည်။

ထိုဆရာအားလုံး အသက်လေးဆယ်လောက်တွေပဲ ဖြစ်သည်။ အခု မြင်တွေ့နေရသော ဆရာကတော့ ငယ်ရွယ်လွန်းပါသည်။

ရှပ်အင်္ကျီအဖြူပေါ်က နံ့သာရောင် တိုက်ပုံအင်္ကျီကို ဝတ်ဆင်ထားတာမို့သာ ဆရာတစ်ယောက်ဟု ခွဲခြားသိနိုင်တာ ဖြစ်သည်။

လူက ငယ်ရွယ်သလို ရှင်းသန့်နေသော မျက်နှာကလည်း ချောမော ဖြူနုနေသည်။ နေတစ်စင်း စိတ်ထဲက မှတ်ချက်ပြုမိသလို လင်းလင်း ကတော့ နှုတ်ကတောင် ထုတ်ဖော် ချီးကျူးနေသည်။

"ဆရာက တကယ်ချောတယ်နော် အရပ်ကလည်း မြင့် လိုက်တာ ဟောလိဝုဒ် မင်းသား ရိုင်ယန်ဂေါ့စလင်းနဲ့ ခပ်ဆင်ဆင်ဟ"

"အေးနော် စတိုင်က မိတယ်"

ဗျူး၁၁၄၀



"ဟေ့ နင်တို့ စကားတွေ အခုချက်ချင်းရပ်၊ ဆရာကိုဘာလို့ ဝေဖန်နေကြတာလဲ"

"ဟာ ငါတို့က အမှန်ပြောတာပဲ၊ မကောင်းတဲ့ အမြင်နဲ့ပြောတာမှ မဟုတ်ဘဲ နေရဲ့"

"ဘယ်လို အမြင်နဲ့မှ မပြောနဲ့၊ လာ အတန်းထဲဝင်ကြမယ်"

နေတစ်စင်း စကားကို လင်းလင်းနှင့် ရှင်းသန့်တို့ ခွန်းတုံ့မပြန်တော့ဘဲ ကျောင်းတက် ဘဲလ်မြည်သံကြောင့် အားလုံး စာသင်ခန်းလေးထဲသာ ဝင်လိုက်ကြသည်။

နေတစ်စင်း၊ ရှင်းသန့်စင်နှင့် လင်းလင်းတို့သုံးယောက် ဆိုတာ မူလတန်းကျောင်းသားဘဝမှ ယခု နဝမတန်း ကျောင်းရောက်သည်အထိ မခွဲမခွာ တွဲလာသော သူငယ်ချင်းတွေ ဖြစ်သည်။

နဝမတန်းတက်တော့ သုံးယောက်စလုံး တူညီစွာ ဝိဇ္ဇာတွဲကို ယူခဲ့ကြသည်။

ဝိဇ္ဇာတန်းက တန်းခွဲ(E)မှာ သုံးယောက်စလုံး တစ်ခန်းတည်း တစ်တန်းတည်း အတူကျောင်းတက်နေကြတာပဲ ဖြစ်သည်။

နေတစ်စင်းက ဂုတ်ဝဲသာသာ ဆံပင်ဖြောင့်စင်းစင်းလေးတွေကို နဖူးပေါ်ပြေပြေလေး ပေါ်လွင်အောင် လှန်သိမ်း စုနှောင်ထားတတ်သည်။

ဝင်းမွတ်နုညက်သော မျက်နှာလေးက နေတစ်စင်းဆိုသော နာမည်လေးနှင့် လိုက်ဖက်အောင် ကြည်လင်ကာ ချစ်စရာကောင်းသည်။

လင်းလင်းက ပိန်သွယ်သွယ် ခန္ဓာကိုယ်လေးနှင့် အသားဖြူကာ ဆံပင်ကျောလယ်လောက်ကို ဆံညှပ်လေးနှင့် အမြဲစုသိမ်းထားတတ်သည်။ မျက်ခုံးမည်းနက်နက်လေးတွေက ဖြူသော မျက်နှာလေးမှာ

ဗျူး၁၁၄၀

www.burmeseclassic.com



ထင်းနေ၏။

ရှင်းသန့်စင် ကတော့ အသားလေး ညိုညက်ညက်နှင့် တစ်မျိုး လှသူဖြစ်သည်။

နက်မှောင်ပြီး ထူသော ဆံပင်ရှည်ကြီးက ခါးစပ်အထိ ရှည်သည်။ ထိုဆံပင်ကြီးကို တစ်ချောင်းတည်း ကျစ်ဆံမြီးကျစ်တတ်သလို နှစ်ချောင်းခွဲကာလည်း ကျစ်တတ်သေးသည်။

မျက်ဝန်း ဝိုင်းစက်စက်လေးတွေ ပါးမို့မို့လေးတွေနှင့် မေးစပ်က မှည့်နက်လေးကြောင့် တစ်မျိုးလေး ချစ်စရာ ကောင်းနေ၏။

မိဘတွေအားလုံးက ချမ်းသာပြည့်စုံတာမို့ နေတစ်စင်းတို့ သုံးယောက်စလုံး ကံကောင်းကြပါသည်။ အပူအပင် ဆင်းရဲမရှိ ကျောင်းတက်နိုင်သည်။

ကျောင်းသွား ကျောင်းပြန် အိမ်က ကားလာကြိုနိုင်သော်လည်း နေတစ်စင်းတို့သုံးယောက် အတူသွားချင်တာမို့ ကျောင်းကားကိုပဲ လစာပေးကာ စီးဖြစ်သည်။

"တကတည်းတော် ဘယ်လို ရေစက်တွေ လာဆုံကြမှန်းကို မသိဘူး၊ တစ်ပတ်မှာ ငါးရက်တက်ရတဲ့ ကျောင်းမှာ ဆုံနေကာတောင် အားမရကြဘူး၊ ကျောင်းပိတ်ရက်လည်း ဒီသုံးယောက် တတွဲတွဲပါလား"

မာမိကတောင် နေတစ်စင်းတို့ သုံးယောက် အကြောင်းကို ညည်းညူ ပြောရသည်အထိဖြစ်သည်။ သို့သော် ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေအိမ်မှာ စာစုကျက်လျှင်တော့ နေတစ်စင်းတို့ စားချင်တာမှန်သမျှ စီစဉ်ပေးတတ်သည်ချည်းပင်။

မာမီလိုပင် လင်းလင်း မိဘတွေကော၊ ရှင်းသန့်တို့ မိဘတွေက





ဒီ နေတစ်စင်းတို့အတွက် စားအိမ်သောက်အိမ်ဖြစ်ကာ သုံးအိမ်တစ်အိမ်ဟု ဆိုရမည်။

နှစ်မှာသော သံယောဇဉ်သည် နေတစ်စင်းတို့ သုံးယောက်ကြား မြှိမ့်နေခဲ့တာတော့ အသေအချာ။

■ ■ ■

"အဲဒီဆရာနာမည်က ဦးပြတိုက်တဲ့"

"ဘာရယ် ဦးပြတိုက် ဟုတ်လား"

ကျောင်းဆင်းသည်နှင့် ရှင်းသန့်က ကြားခဲ့သမျှကို ချက်ချင်း သတင်းပို့သည်။

"ဟုတ်တယ် နာမည်က တကယ်လန်းတယ်နော်၊ ဆယ်တန်း ဘာဂဗေဒ သင်တာတဲ့ဟာ"

"ဟိုမှာ ဟိုမှာ ဆရာဟာ"

လင်းလင်းက ရုံးခန်းဘက်က ထွက်လာသော ဆရာပြတိုက်ကို မြင်တာနှင့် နေတစ်စင်း တို့ကိုပြောသည်။

လက်ထဲမှာ ဖိုင်တွဲကို ကိုင်လျက် ကျောင်းဝင်းအရိပ်အောက်မှာ ရပ်ထားသော ကားဆီသို့ ဆရာပြတိုက် လှမ်းသွားတာမြင်သည်။

t ǰ:Ia&mi fMARK X ကားလေးက သစ်လွင် တောက်ပနေသည်။

"အလို့ တို့ဆရာက ဘော့စ်ပဲဟ၊ ကားကလည်း အလန်းပဲနော်"

ကားလေးပေါ် လှမ်းတက်သွားသော ဆရာပြတိုက်ကိုကြည့်ကာ ရှင်းသန့်နှင့် လင်းလင်းတို့ ဝေဖန်ကောင်းနေကြသည်။

ဖျူး၁၇၆၉

www.burmeseclassic.com

www.burmeseclassic.com



ဦးပြတိုက် ဟူသော ဆရာကတော့ နေတစ်စင်းတို့ ကျောင်းကို ရောက်တာ ရက်ပိုင်းမျှပဲ ရှိသေးတာမို့ တကယ့်ကို ပေါ်ပြူလာ ဖြစ်နေသည်။ ဆရာမို့သာ ဦးတပ်ခေါ်နေရတာဖြစ်သည်။ အသက်က နှစ်ဆယ်ကျော်မျှလောက်ပဲ ရှိဦးမည်ဟု နေတစ်စင်း ထင်ပါသည်။

"အင်း ငါတို့ကျောင်းက ဆရာမ အပျိုတွေတော့ ရင်ခုန်စရာ ဖြစ်ဦးမှာပဲဟေ့"

"ဟုတ်ပ ဟုတ်ပ ခစ် ခစ်"

ရှင်းသန့်စင်တို့ကတော့ စိတ်လွတ်ကိုယ်လွတ် ဝေဖန်နေကြသည်။ နေတစ်စင်းကတော့ နှုတ်ဆိတ်နားထောင်နေသူသက်သက်ဖြစ်၏။

ကျောင်းကားပေါ်ရောက်တော့လည်း ထိုစကားတွေ တိတ်ဆိတ်ကုန်ကာ ဆရာပြတိုက် ဆိုတာလည်း မေ့သွားကြတာပဲ ဖြစ်သည်။

"ဟဲ့ ဒီတစ်ပတ် စနေ၊ တနင်္ဂနွေ နင်တို့စားဖို့ ငါ့မေမေက ရွှေတောင်ခေါက်ဆွဲ စီစဉ်ထားမယ်တဲ့"

"ဟာ မိုက်တယ်၊ ဒါပေမဲ့ နှစ်ရက်စလုံး ရွှေတောင်ခေါက်ဆွဲပဲလား"

"မဟုတ်ပါဘူး။ နေတစ်စင်းရယ် တစ်ရက်က နန်းကြီးသုပ်ကျွေးမှာလေ"

"အိုကေ ငါက နန်းကြီးသုပ်ဆို ပိုတောင် ကြိုက်သေးတယ်"

ရှင်းသန့်ဆိုသော ရှင်းသန့်စင်ကတော့ သူ့အကြိုက်မို့ ဝမ်းသာအားရ ရေရွတ်သည်။

ကျောင်းပိတ်ရက်တွေမှာ တစ်ပတ်တစ်ကြိမ် အလှည့်ကျ တစု ကျက်ရင်း ဆုံတွေကြတာ ပျော်စရာဖြစ်နေပြီ။

ဗျူး၈၀၁၄၅



ဒီတစ်ပတ် အလှည့်ကျသော လင်းလင်း မိဘတွေကတော့ အလုပ်ရှုပ်ကြ မျက်စိနောက်ကြဦးမှာ သေချာသည်။

ဒါပေမဲ့လည်း သူမတို့ သုံးယောက်ကို အပြစ်မမြင်ရက်ကြဘဲ ချစ်ခင်ကြစမြဲလေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"လရိပ်တို့ အခန်းကို သွားရအောင်ဟာ"

မုန့်စားကျောင်းဆင်းချိန်လေးမှာ လင်းလင်းက ပြောတော့ ရှင်းသန့်ကော နေတစ်စင်းပါ သဘောတူ လက်ခံမိသည်နှင့် သုံးယောက်သား တစ်ခန်းကျော် (D) ခန်းက လရိပ်ဆီ ထွက်ခဲ့သည်။ လရိပ်ခင် ဆိုသည်က လင်းလင်းနှင့် အိမ်နီးချင်းဖြစ်ကာ အတန်းတူ ဘာသာရပ်တူတာမို့ နေတစ်စင်းတို့နှင့်လည်း ခင်သည်။

"ဟယ် လင်းလင်းတို့ ဘယ်လာတာလဲ"

"ဘယ်လာရမှာလဲ နင့်ဆီလာလည်တာပေါ့ လရိပ်ရဲ့"

"လာကြလေဟာ ဒီမှာနင့်တို့ကို ကျွေးဖို့ ကိတ်မုန့်ခြောက်တွေ ကျန်သေးတယ် စားကြ"

"တော်ပါပြီဟာ ငါတို့ စားပြီးပြီ ပျင်းလို့ နင့်ဆီလာတာ"

ထုံးစံအတိုင်း မိန်းကလေးအုပ်စု ဆုံကြသည်ဆိုတော့ စကား





တွေက ပြောမဆုံး ရယ်စရာဆိုလည်း နေတစ်စင်းတို့ ဝိုင်းရယ်ကြနှင့် ဆူညံကျယ်လောင်နေတာကိုတောင် သတိမထားမိကြ။

တစ်ယောက်တစ်ခွန်းနှင့် စကားတွေပြောမကုန် ဖြစ်နေကြတုန်းမှာပဲ ကျောင်းတက်ခေါင်းလောင်းသံက မြည်လာ၏။ ဒါပေမဲ့ နေတစ်စင်းတို့ သုံးယောက်စလုံး ထိုင်ရာမှမထ ဖြစ်ကြသေးပါ။

"ဟော့ ဘယ်က အမှိုက်တွေလဲ၊ လရိပ်ခင် နင့်သာလိကာတွေ မောင်းထုတ်လိုက်"

စကားကော လေသံကပါ ရင့်မာလွန်းသည်။ နေတစ်စင်း ဖျတ်ခနဲ မော့ကြည့်လိုက်တော့ ကျောင်းသားတစ်ယောက်။ ဆံပင်တိုတိုက ဂျယ်လိမ်းထားတာမို့ ပြောင်လက်နေသည်။

ကုပ်ထားသော မျက်ခုံးတွေက စိမ်းဖန့်ကာ တိုစိပ်စိပ် မျက်တောင်တွေ ဝန်းခတ်ထားသော မျက်ဝန်းတွေက စူးရှပြီး ဆွဲဆောင်မှု ရှိတာတော့ အမှန်။

နှာတံက ကျစ်လစ်ပေါ်လွင်ကာ ပြည့်သော နှုတ်ခမ်းက စိုလဲ့ဝင်းသည်။ အစက်အပြောက် တစ်စက်မထင်သော မျက်နှာကတော့ ချောမောသည်။

"ငါပြောတာ ကြားတယ်နော် လရိပ်၊ ဆရာမ လာတော့မယ် အမှိုက်တွေ သိမ်းပစ်လိုက်တော့"

ချောမောသော ရုပ်သွင်နှင့် မလိုက်ဖက်အောင် မျက်နှာကဆင်းမာမှုန်ကုပ်နေ၏။ နေတစ်စင်း ရင်ထဲမှာ ရုပ်ကလေးနှင့် မလိုက်ဖက်လိုက်တာဟု ရေရွတ်မိမတတ် ဖြစ်သွား၏။

"ဒါ ငါ့သူငယ်ချင်းတွေပါ ရဲရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နှင့် သူငယ်ချင်းတွေဆိုလည်း ကျောင်းဆင်းမှ အိမ်မပြန်ဘဲ တစ်ညလုံး လာထိုင်စကားပြောချင်ပြော အခုတော့ လစ်နိုင်းတော့"

"ဟင် နှင်ဘယ်လိုလဲ ရိုင်းလိုက်တာ"

နေတစ်စင်း ဘယ်လိုမှသည်းမခံနိုင်တော့တာမို့ ဆတ်ခနဲ မော့ကြည့်ကာ မာဆတ်ဆတ်ပဲ တုံ့ပြန်မိသည်။

"ငါရိုင်းတာ မဟုတ်ဘူး။ ကျောင်းတက်ခေါင်းလောင်းသံ နှင်တို့မကြားဘူးလား၊ ဒါ စာသင်ခန်း၊ ပေါက်ကရတွေပြောပြီး လာလည်ရအောင် ကော်ဖီဆိုင်မဟုတ်ဘူး"

"ရဲ တော်ပါတော့ ဟယ်"

လရိပ် စိုးရိမ်တကြီးနှင့် နှစ်ယောက်ကြားဝင်ရပ်ကာ တောင်းပန်သည်။ နေတစ်စင်းကိုယ်တိုင်လည်း လက်သီးလေး တင်းတင်းဆုပ်လိုက်မိတာကိုသိသော ရှင်းသန့်က ပခုံးကို လှမ်းကိုင်ထားသည်။

"လရိပ် ငါက ဒီအခန်းရဲ့ မော်နီတာနော်၊ ဆရာမဝင်မလာခင် ဒီသုံးယောက်ကို ငါမမြင်ချင်ဘူး"

ပြောပြီး လှည့်ထွက်သွားသော သူ့ကျောပြင်ကို နေတစ်စင်း လက်သီးနှင့် ဆင့်ကဲထိုးပစ်ချင်မိသည်။

"ဆောရီးဟာ ငါတောင်းပန်ပါတယ်"

လရိပ် မျက်နှာငယ်လေးနှင့် ပြောသည်။ လင်းလင်းက ခေါင်းလေးခါကာ လရိပ်ကိုပြုံးပြရင်း

"ရတယ် လရိပ် ပြဿနာမရှိပါဘူး ငါတို့ကလည်း မှားတာပါ။ ကျောင်းတက် ခေါင်းလောင်းတီးကတည်းက ပြန်သင့်တာ"

"တော့်စမ်းပါ လင်းလင်းရယ် ဒီကောင်က ရိုင်းလွန်းတယ်၊





ငါတော့ ဆွဲထိုးချင်စိတ်ကို ပေါက်နေတာ"

"နေတစ်စင်း အဲ့လိုမလုပ်နဲ့ လာ လာ ပြန်ရအောင် ဆရာမဝင်လာရင်မကောင်းဘူး"

မှားတာတော့ ကိုယ်ကမှားတာပဲ ဖြစ်သည်။ ကိုယ့်အခန်းမဟုတ်[illegible]ဘဲ သူတစ်ပါးအခန်းလာကာ လည်မိသည်။ ဒါပေမဲ့ အတန်းခေါင်း[illegible]ဆောင်ဆိုသည့် ပါဝါနှင့် လုပ်ပုံက ခံနိုင်စရာတစ်ချက် မရှိပါ။

ရှင်းသန့် ဆွဲခေါ်လို့သာ ပြန်ခဲ့ရသည်။ စိတ်က တစ်ချက်လေး[illegible] အခဲမကြေ။

"ဟေ့ ရှင်းသန့် ရှင်းသန့်စင် နေဦး"

ခေါ်သံနှင့်အတူ အခန်းထဲက ပြေးထွက်လာသူက သားစင်[illegible]အောင် ဖြစ်သည်။ သားစင်အောင်က ရှင်းရှင်းနှင့် ခင်သည်။ လရိပ်တို့[illegible]ခန်းထဲကပဲ ဖြစ်သည်။

"ဘာလဲ သားစင်၊ ဘာကိစ္စရှိလို့လဲ"

"ဘာမှ မရှိဘူး ရှင်းသန့် ငါတောင်းပန်ချင်လို့ပါ"

"တောင်းပန်မလို့ ဘာကိုပြောတာလဲ"

"သူ့ရဲကောင်း ကို နင်တို့ စိတ်မဆိုးပါနဲ့ဟာ"

"သူ့ရဲကောင်း"

ရှင်းသန့် နှုတ်ကရေရွတ်သလို နေတစ်စင်း ကိုယ်တိုင်လည်း[illegible]မည်နာမကို ပါးစပ်လေးဟကာ ရေရွတ်မိ၏။

"သူ့ရဲကောင်း ဆိုတာ စောစောက နင်တို့ကို နှောက်လိုက်တဲ့[illegible] ငါနဲ့ ညီအစ်ကို ဝမ်းကွဲတော်တယ်"

"သူ့ရဲကောင်း ဆိုတာ သူ့နာမည်လား နာမည်ကိုက အော်ဂလီ



www.burmeseclassic.com

www.burmeseclassic.com



ဆန်စရာကောင်းတာ''

နေတစ်စင်းနှုတ်က ရေရွတ်မိလိုက်တာ ဖြစ်သည်။ သားစင်က တောင်း ပန်မျက်ဝန်းတွေနှင့် ကြည့်ရင်း

''သူ ဒီကိုပြောင်းလာတာ နှစ်ပတ်ကျော်ပဲ ရှိသေးတယ်''

''ဒါကြောင့် ဒီရုပ်ဒီမျက်နှာကို နင်နဲ့ ညီအစ်ကို တော်တာ အံ့သြလွန်းလို့ ဘာမှဆိုင်ဘူး''

နေတစ်စင်း ပျစ်ပျစ်နှစ်နှစ်ပဲ ပြောပစ်လိုက်မိသည်။ သားစင် အောင် ဆိုတာက ခင်မင်စရာကောင်းသလို ဖော်ရွေတတ်သူ တစ် ယောက်ပဲ ဖြစ်၏။ ဒီလိုသူနှင့် သူ့ရဲ့ကောင်းက ညီအစ်ကိုဝမ်းကွဲတွေတဲ့

''ရဲက ခင်စရာကောင်းပါတယ်၊ ပြီးတော့ သူက ပျော်ပျော် နေပြီး စတတ်နောက်တတ်တယ်၊ စောစောကလည်း နင်တို့ကို စလိုက် တာပါ''

''ဘာ စလိုက်တာ ဒါလားစတာ လူမိုက်စကားနဲ့ ပြောတာက စတာလား သားစင်ရဲ့''

''ဟို သူက ဒီလိုပဲ ခပ်တည်တည်နဲ့ နောက်တတ်တာပါ နေရဲ့''

သားစင်က သူ့ရဲ့ကောင်းအတွက် ရှေ့နေလိုက်နေသည်။ နေ တစ်စင်း နှုတ်ခမ်းလေးမဲ့ပစ်ရင်း

''ဒီလိုလူကို မော်နီတာ ခန့်ထားတာ ဆရာမ မှားတာပဲ''

''ရဲက စာတော်တယ်၊ အတန်းသားတွေကလည်း ချစ်ပါတယ် ဟာ''

''ကဲ တော်တော့ သားစင်၊ ငါတို့သွားတော့မယ်၊ အေး နင့်ရဲ့ သူ့ရဲ့ကောင်းကိုတော့ လုံးဝမကျေနပ်ဘူး တကယ် ငါ့လက်သီးနဲ့တယ်တော့





တွေ့မလဲ မသိဘူး''

ပြောပြီး နေတစ်စင်း လှည့်ထွက်ခဲ့သည်။ ရှင်းသန့်ကတော့ ထုံးစံအတိုင်း အားတုံ့အားနာ မျက်နှာလေးနှင့်

''သားစင် စိတ်မဆိုးနဲ့၊ ငါတို့ နားလည်တယ်''

''ရှင်းသန့် ဘာမှ နားလည်စရာမလိုဘူး၊ အဲဒီလိုလူမျိုး နင် သည်း မခင်မင်တာကောင်းတယ် လာ''

နေတစ်စင်း ချက်ချင်း ပြန်လှျောက်လာကာ ရှင်းသန့်လက်ကို ဆွဲခေါ်ခဲ့သည်။ သားစင်ကတော့ နှုတ်ဆိတ်စွာ ကျန်ရစ်ခဲ့သည်။

နေတစ်စင်း စကားကို သူ့ရဲ့ကောင်းအား ပြန်ပြောမည်လား မသိချေ။

ပြောလျှင်လည်း နေတစ်စင်းတို့က ဂရုမစိုက်ပါ။ အခုချိန်အထိ သင်းမျက်နှာကို အာရုံထဲမှာ မြင်နေတုန်း။

သူ့ရဲ့ကောင်း တဲ့။

ရုပ်လေးလှသလောက် ရိုင်းတဲ့လူ။

ဘာလိုမှ နာမည်နဲ့ရုပ် ဟာမိုနီမဖြစ်တဲ့လူ။ အလှည့်ဆိုတာ ရှိသေးပါတယ်။ အဲဒီအခါကျရင် ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

စနေနေ့မို့ ရှင်းသန့်တို့ အိမ်မှာဆုံကြသည်။ တစ်ယောက်နှင့် တစ်ယောက် စာတွေမေးကြ မြန်းကြသည်။ နေ့လယ်ခင်းမှာ ရှင်းသန့် မိခင် လုပ်ကျွေးသော လက်ဖက်သုပ်စားကာ စကားတွေ ပြောနေတုန်း

"သမီးတို့ စားဖို့တဲ့ လာပေးသွားတာ"

ခြံစောင့်ကြီး ဦးနီကိုင်လာသော ချောကလက်ဘူးကိုကြည့်ကာ နေတစ်စင်းတို့ အံ့ဩသွားမိသည်။

"ဘယ်သူ ပေးတာလဲ ဦးလေးနီ"

"သမီးရှင်းသန့်ရဲ့ ကျောင်းက သူငယ်ချင်းတဲ့"

ပြောရင်း ရှင်းသန့် ချောကလက်ဘူးကို လှမ်းယူသည်။ နေတ စင်းကော လင်းလင်းပါ ချောကလက်ဘူးကို အာရုံရောက်သွားမိသည်

"ဘယ်သူ ပေးလိုက်တာလဲ မသိဘူး"

"အေးနော် ပေးတော့လည်း စားရတာပေါ့ဟာ၊ ချောကလ





ဆို ငါက အရမ်းကြိုက်တာ ဖွင့်ဟာ"

လင်းလင်း ပြောရင်း ရှင်းသန့်ကို ဖွင့်ခိုင်းနေသည်။ ရှင်းသန့်က လည်း ချောကလက်ဘူးကို ဖွင့်သည်။

"အား အမလေး"

"ဟဲ့ ပလုပ်တုတ်"

ရှင်းသန့် အထိတ်တလန့် အော်ဟစ်ကာ လက်ထဲကဘူးကို လွှတ်ချသည်။ လင်းလင်းလည်း အလန့်တကြား ထခုန်သည်။

"ဗုဒ္ဓေါ ဘုရားရေ"

ချောကလက်ဘူးကို ငုံ့ကြည့်သော နေတစ်စင်း ရင်ဘတ်လေး ဖိကာ ထိတ်လန့်သွားရပါသည်။

ဘူးထဲက ဖားသုံးကောင်က ခုန်ထွက်လာတာမို့ နေတစ်စင်းတို့ သုံးယောက်စလုံး ဝရုန်းသုန်းကား ဖြစ်ကုန်သည်။ ခြံထဲက သစ်ရိပ်အောက် မှာ ဖျာနှင့်ကော်ဇောခင်းကာ အေးအေးချမ်းချမ်းထိုင်နေခဲ့တာ ဖားသုံး ကောင်ကြောင့် လက်ဖက်သုပ် ပန်းကန်လည်း မှောက်ကုန်သည်။

"ဘာဖြစ်တာလဲ သမီးတို့"

"ဘာဖြစ်ရမှာလဲ ဦးလေးနီ ဘူးထဲက ဖားတွေလေ ရွံစရာကြီး"

"ဟင် ဟုတ်လား ဒီကောင်လေး တော်တော်နောက်တာပဲ"

ဦးလေးနီ နှုတ်က ရေရွတ်သံကြောင့် နေတစ်စင်း မျက်မှောင် လေး ကုပ်သွားမိသည်။

"ကောင်လေးဟုတ်လား ဦးလေးနီ၊ ဒီဘူးလာပေးတာယောကျ်ား လေးပေါ့"

"ဟုတ်တယ်သမီး ကောင်လေးတစ်ယောက် ရုပ်ရည်ချောချော



www.burmeseclassic.com

www.burmeseclassic.com



သန့်သန့်လေးပါပဲ၊ ဒီလိုနောက်မယ်တောင် မထင်ဘူး''

ပြောရင်း ဦးနီက ဖားတွေကို အဝေးကို မောင်းထုတ်နေသည်။ နေတစ်စင်းတို့ သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အဖြေရှာရခက်နေဆဲ။

''ဘယ်ကောင် ထင်သလဲ''

''မသိဘူးလေ၊ ဘယ်သူ နောက်တာလဲမှ မသိတာ''

''နောက်တာမဟုတ်ဘူး၊ ဒါဟာမင်လုပ်တာ တော်တော် ညစ်ပတ်တဲ့ကောင်ပဲ''

နေတစ်စင်းတို့ ရှေ့ရှတ်နေတုန်းမှာ ဦးလေးနီက စက္ကူဘူးကို ကောက်ယူကာ တစ်စုံတစ်ရာကို တွေ့သွားပုံရသည်။

''ဟင် ဒီမှာ''

''ဘာလဲ ဦးလေး၊ နောက်တစ်ကောင်လား''

''ဟာ မဟုတ်ပါဘူး၊ ကဒ်လေးပါတယ်၊ စာလည်း ရေးထား တယ်''

''သမီးကိုပေး ဦးလေးနီ''

နေတစ်စင်း ချက်ချင်းလှမ်းယူကာ ဖတ်ကြည့်လိုက်သည်။ လင်းလင်းနှင့် ရှင်းသန့်တို့လည်း အနားရောက်လာကာ ဖြိုင်တူငုံ့ကြည့် ကြ၏။

သိပ်လန့်သွားလား သာလီကာတို့ . . . ။

သူရဲကောင်း

''တောက် ဒီသတ္တဝါရဲ့ လက်ချက်ကိုး''

နေတစ်စင်း ခံပြင်းစွာ တက်ခေါက်ရင်း ရေရွတ်မိသည်။ ထယ်





လင်းလည်း အံကြိတ်ကာ မကျေမနပ် ဖြစ်နေ၏။

''တော်တော် လူပါးဝတဲ့ကောင် ဘာရန်ငြိုးမှ မရှိဘဲ သက်သက် ကို ရန်စနေတာ''

''နင်တို့ကလည်း ဟယ် သူလို့ အသေအချာ မသိဘဲနဲ့''

''ဘာရယ် ရှင်းသန့် ဒီမှာနာမည်ကြီး သက်သေပါနေတာကို''

''အေးလေ နင်ကဘာလို့ ဒီကောင့်ဘက်က နာနေတာလဲ''

ရှင်းသန့်ကြောင့် နေတစ်စင်းကော လင်းလင်းပါ မကျေမနပ် ဖြန်ပြောမိကြသည်။ ရှင်းသန့်က မျက်နှာငယ်လေးနှင့် ထပ်ပြောသေး၏။

''ငါပြောတာက နာမည်တွေ့ရုံနဲ့ ပြောလို့မရဘူးလေဟာ၊ တခြားသူက သူ့နာမည်ကို အသုံးချတာမျိုး ဖြစ်မှာစိုးလို့ပါ''

''ဘယ်သူမှ ငါတို့ကို ဒီလိုမျိုး မစဘူး၊ မနောက်ဘူး၊ ဒီကောင် ပဲဖြစ်မှာ သားစင်ကို သွားမေးပြီး ဒီကောင်နဲ့ထိပ်တိုက် ရှင်းမယ်''

''နေတစ်စင်းရယ် နင့်ဒေါသတွေ ထိန်းပါဦး၊ ကိုယ့်ဘက်က သက်သေမရှိဘဲ သွားစွပ်စွဲလို့ မရဘူးလေ၊ သူက မဟုတ်ဘူး ခံငြင်းနေရင် ဘာတတ်နိုင်မလဲ''

ရှင်းသန့် စကားကြောင့် နေတစ်စင်းတွေခနဲဖြစ်သွားသည်။ ခါးပေမဲ့ စိတ်ကသိနေတာ သူရဲကောင်းပဲ ဖြစ်သည်။ တွေးရင်း သင်း ချောင်နာကိုတောင် မြင်ယောင်လာမိသေးရဲ့။

''ရှင်းသန့် နင်ဘာဖြစ်လို့ ဒီကောင်နဲ့ ပတ်သက်လာရင် သည်းခံ နေရတာလဲ''

''နေတစ်စင်း ပြောတာမှန်တယ်၊ သူရဲကောင်းလို့ရေးထားမှ တော့ သူရဲကောင်းပဲ ဖြစ်မှာပေါ့၊ သူ ရန်စနေတာကို နင်ဘာလို့ ဆုံးလွှတ်



www.burmeseclassic.com

www.burmeseclassic.com



ပေးချင်နေတာလဲ''

"မဟုတ်ပါဘူးဟာ ငါက နင်တို့နဲ့သူ့ကို ပြဿနာ မဖြစ်စေချင်လို့ပါ''

လေသံ တိုးတိုးလေးနှင့် ရှင်းသန့်ဆိုတော့ နေတစ်စင်း မျက်မှောင်လေးကျုံ့ကာ ခပ်စူးစူးလေး ကြည့်ပစ်ရင်း

"ငါ တစ်ခုမေးမယ် ရှင်းသန့် နင် အမှန်အတိုင်း ဖြေနော်''

"ဘာလဲဟင် နေတစ်စင်း မေးလေ''

"နင်က အဲဒီ သူ့ရဲကောင်းဆိုတဲ့ကောင်ကို ခင်မင်ချင်နေတာလား''

ရှင်းသန့် မျက်နှာလေးလွှဲကာ ပါးပြင်လေး ပန်းနုရောင် သမ်းသွားခဲ့တာကို နေတစ်စင်းတို့နှစ်ယောက်စလုံး မြင်လိုက်ကြရ၏။

"ငါ သူ့ကို ခင်ချင်တယ်၊ သူက ပျော်ပျော်နေတတ်တာပါဟာ သားစင်ကို ငါ့မေ့သေချာချာ မေးပြီးပြီ၊ သူတို့မိသားစုက မိုးကုတ်က ပြောင်းလာတာတဲ့၊ သူ့မှာ အစ်မတစ်ယောက် ရှိတယ်ဟ''

"ကြည့်စမ်း နင်က ဒီကောင့်အကြောင်းတွေ စုံစမ်းထားတာပေါ့လေ''

လင်းလင်း မကျေမချမ်းပြောသည်။ နေတစ်စင်းလည်း အံ့ဩနေမိတာ အမှန်ပဲဖြစ်သည်။ ရှင်းသန့်က သူ့ရဲကောင်း အကြောင်းတွေကိုတောင် သားစင်ဆီမှာ စုံစမ်းထားပြီး ဖြစ်နေသည်။

"စုံစမ်းတာ မဟုတ်ပါဘူး၊ ဟိုတစ်ရက်က သားစင်ရောက်လာပြီး ပြောပြသွားတာပါဟာ''

ရှင်းသန့် ဖြေရှင်းချက်လေး ပေးသည်။ နေတစ်စင်းကတော့





ရှင်းသန့်ကို ကြည့်ကာ ခေါင်းကိုခါမိ၏။

"ငါ တစ်ခုပဲ ပြောချင်တယ် ရှင်းသန့်''

"ဘာလဲ နေတစ်စင်း ပြောလေ''

"နင့်ရင်ထဲမှာ ငါနဲ့လင်းလင်းကိုပဲ အခင်ဆုံးဖြစ်နေရမယ်နော် ရှင်းသန့်''

"နေတစ်စင်းရယ် ငါ့ရင်ထဲမှာ နင်တို့နှစ်ယောက်က ထာဝရ အချစ်ဆုံး သူငယ်ချင်းတွေပါဟယ်''

"အေး တို့နှလုံးသားတွေ အမြဲတမ်း ဖြူစင်နေတာပဲ ဖြစ်သင့်တယ်''

နေတစ်စင်း ဘာဆိုလိုသည်ဆိုတာကို ရှင်းသန့်သိမှာ သေချာပါသည်။ တကယ်ဆို နေတစ်စင်းတို့ အရွယ်က ငယ်ပါသေးသည်။ ပညာရေးကို ကြိုးစားရင်း သူငယ်ချင်းတွေ ပျော်ပျော်ပဲနေချင်သည်။

သူ့ရဲကောင်းဆိုသော နာမည်ခပ်ဆန်းဆန်းနှင့် လူတစ်ယောက် ရှင်းသန့်ရင်ထဲ ဝင်ရောက်လာမှာကိုတော့ စိုးပါသည်။

ဖြူစင်သော သူငယ်ချင်းတစ်ယောက် အဖြစ်နှင့်ဆိုလျှင်တောင် နေတစ်စင်းကတော့ သူ့ရဲကောင်းဆိုသော နတ်ဆိုးတစ်ကောင်ကိုတော့ မခင်ချင်ပါ။

ဘာကြောင့်မှန်းမသိ။ သူ့ကို နေတစ်စင်းဘယ်လိုမှကြည့်မရပါ။ ဘယ်လို ရှေးရေစက်လဲ သူ့ရဲကောင်းရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ရေခဲမုန့် စားရအောင်ဟာ"

မုန့်စားကျောင်းဆင်းတော့ ရှင်းသန့် ခေါ်တာကြောင့် သုံးယောက်သား ကျောင်းထဲက မုန့်ဈေးတန်းလေးကို ရောက်ခဲ့ကြသည်။

ရေခဲမုန့် တစ်ယောက်တစ်ဘူး ဝယ်ပြီးတော့ ရှင်းသန့်က နောက်တစ်ဘူး ထပ်ဝယ်နေတာမို့ နေတစ်စင်း မျက်မှောင်လေးကျုံ့ ကြည့်ကာမေးမိ၏။

"တစ်ယောက်တည်း နှစ်ဘူးတောင် စားမလို့လား၊ ရှင်းသန့်ရဲ့ ချောင်းတွေ ဆိုးဦးမယ်"

ရှင်းသန့် ဘာမှပြန်မပြောဘဲ ခေါင်းလေးခါပြသည်။ သုံးယောက်သား ရေခဲမုန့်ဘူးလေးတွေ ကိုင်ကာ စာသင်ခန်းဆီ ပြန်ခဲ့ကြသည်။

"ခဏလေးဟာ"

အခန်းရှေ့ရောက်တော့ ရှင်းသန့် မဝင်သေးဘဲ ပြောကာ ရှေ့ဆက် လျှောက်သွားတာမို့ နေတစ်စင်းနှင့်လင်းလင်းတို့ နားမလည်နိုင်





ဖြစ်သွားသည်။

ရှင်းသန့် ဦးတည်ထွက်သွားရာကို လှမ်းကြည့်မိတော့မှ နေတစ်စင်း အံ့သြသွားမိသည်။ လင်းလင်းလည်း ပါးစပ်လေး အဟောင်းသားဖြစ်ကာ ရှင်းသန့်ကို ငေးကြည့်နေ၏။

ရှင်းသန့် ဦးတည်သွားတာက စာသင်ခန်းရှေ့ ဝရန်တာမှာ တစ်ယောက်တည်း ရပ်နေသော သူရဲကောင်းဆီကိုဖြစ်၏။

"ရဲ နင်စားဖို့ ငါဝယ်လာတာပါ"

ရှင်းသန့်၏ တောင်းပန်သံစွက်သော အသံလေးကို နေတစ်စင်းတို့ ကြားသည်။ အပိုဝယ်လာသော ရေခဲမုန့်ဘူးက သူရဲကောင်းအတွက်ပါလား။

ရှင်းသန့် ကမ်းပေးသော ရေခဲမုန့်ဘူးကို ကြည့်ကာ သူရဲကောင်း မျက်နှာတွေ တွန့်ကုပ်သွားတာ မြင်သည်။ ပြီးတော့ နှုတ်ခမ်းတွေ လှစ်ခနဲ ပြုံးယောင်သမ်းသွားတာ ညီညာဖြူဖွေးသော သွားကလေးတွေကိုတောင် မြင်ရသည်။

"ဘာလဲ ဘူးထဲမှာ ဖားတွေတော့ ထည့်မထားပါဘူးနော်"

မေးပုံက မချိုမချဉ် မျက်နှာနှင့်မို့ နေတစ်စင်း စူးစူးနစ်နစ် စိုက်ကြည့်နေမိသည်။ ရှင်းသန့်ကတော့ ခေါင်းလေးကိုပဲ ခါရမ်းကာ

"မဟုတ်ပါဘူး ရဲရယ်၊ ငါတကယ် နင်စားစေချင်လို့ စေတနာနဲ့ ဝယ်လာတာပါဟယ်"

ရှင်းသန့် လေသံက ခယယနှင့် တောင်းပန်သံတွေ စွက်နေတာမို့ နေတစ်စင်း အတော်ခံပြင်းနေသည်။ လင်းလင်းကို လှမ်းကြည့်တော့ လင်းလင်းကလည်း ရှင်းသန့်ကိုကြည့်ကာ ခေါင်းခါပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းသန့်က တကယ်ပဲဟာ၊ ဒီလိုကောင်များ သွားကျွေးမွေးနေရသေးတယ်"

"အေးဟာ ငါတော့ ဘယ်လိုမှ ကြည့်မရဘူး"

နေတစ်စင်းတို့ ကြည့်နေတုန်းမှာ ရှင်းသန့်ပေးသော ရေခဲမုန့်ဘူးကို သူရဲကောင်း လှမ်းယူသည်။ သည်တော့မှ ကျေနပ်ပီတိ မျက်နှာလေးနှင့်ပြန်လာသော ရှင်းသန့်ကို နေတစ်စင်းတို့ မြင်ရသည်။

"နင်က ဒီကောင့်အတွက် ရေခဲမုန့်ဘူး ပိုဝယ်လာတာပေါ့လေ"

"လင်းလင်းကလည်းဟာ ဘာလို့ ရဲကို နင်တို့ မခင်ရတာလဲ"

လင်းလင်းအမေးကို ရှင်းသန့်က လေသံပျော့ပျော့လေးနှင့် ပြန်ပြောသည်။ နေတစ်စင်း နှုတ်ဆိတ်မနေနိုင်တော့ဘဲ ဝင်ပြောမိ၏။

"ဟဲ့ရုပ်ကို ဘယ်လိုမှ ကြည့်လို့မရတာ၊ ဒီမှာ ရှင်းသန့် နင်သူ့ကို သဒ္ဒါပိုနေတာ ငါတော့ လုံးဝမကြိုက်ဘူး"

နေတစ်စင်း လေသံလေး မာဆတ်နေတော့ ရှင်းသန့်ဘာမှ မပြောရဲဘဲ ခေါင်းလေးငုံ့နေသည်။ နေတစ်စင်းအကြည့်တွေ သူရဲကောင်းဆီ ပြန်ရောက်သွားတော့

"ဟင် ကြည့်စမ်း"

နေတစ်စင်းနှုတ်က ရေရွတ်သံကြောင့် လင်းလင်းကော ရှင်းသန့်ကာ လှမ်းကြည့်ကြသည်။ မြင်လိုက်ကြရတာ သူရဲကောင်းအနားမှာ တန်းခွဲဘီက ဂန္ထဝင်ဆိုသော ကျောင်းသူလေး ရှိနေသည်။

ဂန္ထဝင်လက်ထဲမှာ ရှင်းသန့် ရဲကိုပေးခဲ့သော ရေခဲမုန့်ဘူးလေး ရောက်နေသည်။

"ကြည့်စမ်း နင်ပေးတဲ့ ရေခဲမုန့်ကို သူရဲကောင်း ဂန္ထဝင်ကို

ဗျူး၁၁၆ပ



မျက်နှာလုပ် ပြန်ကျွေးလိုက်တာပဲ ရှင်းသန့်"

ရှင်းသန့် မျက်နှာလေး နီမြန်းနေသည်။ မျက်နက်ဝန်းဝိုင်းဝိုင်းလေးတွေထဲမှာ ချက်ချင်းခိုတွယ်လာသော မျက်ရည်စတွေကို နေတစ်စင်း မြင်နေရသည်။

ရှင်းသန့် ရှက်သွားမှာသေချာသည်။ သူရဲကောင်း ဆိုသောကောင်ရဲ့ လုပ်ရပ်က သိပ်ကို လွန်သွားပြီ။ ရှင်းသန့် ရှေ့မှာပင် ရေခဲမုန့်ဘူးကို ဂန္ထဝင်ကို ပြန်ကျွေးတာတော့ ဆိုးသည်။

ဂန္ထဝင်နှင့် စကားလက်ဆုံကျကာ ပြုံးရယ်နေသော သူရဲကောင်းကို ကြည့်ရင်း နေတစ်စင်း ဒေါသတွေ တလိပ်လိပ်တက်လာရသည်။

လင်းလင်းလည်း ကျေနပ်ပုံမရ၊ ရှင်းသန့်ကတော့ ရှက်မျက်ရည်တွေကို မျက်တောင်ရှည်ကြီးတွေနှင့် မှုတ်ခတ်သိမ်းဆည်းဖို့ ကြိုးစားနေသည်။

"တောက်"

"နေတစ်စင်း"

နေတစ်စင်း အံကိုတင်းခနဲကြိတ် တက်တစ်ချက်ခေါက်ကာ နှုတ်ခဲ့တာကို ရှင်းသန့် စိုးရိမ်တကြီး လှမ်းတားသည်။ ဒါပေမဲ့ နေတစ်စင်း ဒေါသတွေကို အခုချိန်မှာ သိကြားမင်းဆင်းတား၍တောင် ရမည်မဟုတ်။

"သူရဲကောင်း"

စူးခနဲခေါ်သော နေတစ်စင်းအသံကြောင့် သူရဲကောင်း လှည့်ကြည့်သည်။ နေတစ်စင်းထက် ခေါင်းတစ်လုံးလောက်သာ အရပ်မြင့်သော သူ့မျက်နှာကို တင်းတင်းဆုပ်ထားသော လက်သီးနှင့်ထိုးချပစ်

ဗျူး၁၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ခွပ်"

သူရဲကောင်း ရုတ်တရက်မို့ ရှောင်တိမ်းချိန် မရလိုက်ပါ။ နေတစ်စင်းလက်သီးချက်က သူ့နှုတ်ခမ်းကို ထိကာ နှုတ်ခမ်းစွန်းက သွေးစတို့ ကျလာ၏။

"ဟင် မင်း မင်း ငါ ကွာ"

သူရဲကောင်း မျက်နှာကြီး ချက်ချင်းနီသွားကာ နေတစ်စင်းကို တုံ့ပြန်ဖို့ လက်သီးကို ချက်ချင်းပြင်သည်။ နေတစ်စင်းခြေတစ်လှမ်း မဆုတ်ဘဲ ရင်ဆိုင်ဖို့ လက်နှစ်ဖက်ကို စနစ်တကျ ပြင်ဆင်စောင့်နေလိုက်သည်။

နွေရာသီတုန်းက သင်ကြားထားသော ကိုယ်ခံပညာကို ဒီတစ်ခါ အသုံးချဖို့ နေတစ်စင်း အသင့်ရှိနေ၏။

ဒါပေမဲ့ သူ့လက်သီးတွေက နေတစ်စင်းဆီ ရောက်မလာခဲ့ဘဲ တက်တစ်ချက် ပြင်းပြင်းခေါက်သံသာ ထွက်လာသည်။

"တောက် နေတစ်စင်း မင်းကို မိန်းကလေးဖြစ်နေလို့ပေါ့ကွာ ငါလုပ်မိရင် မင်း နာတော့မယ်"

"လေနဲ့ ကြိမ်းမနေနဲ့ သူရဲကောင်း ရတယ် ယှဉ်ကြည့်လိုက်"

"ဟာကွာ မင်း တော်တော့် ငါကွာ"

"ရဲ မလုပ်နဲ့လေ"

နံဘေးက ဂန္ဓဝင် စိုးရိမ်တကြီးလေး တားသလို ရှင်းသန့်နှင့် လင်းလင်းတို့လည်း အနားကို ချက်ချင်းရောက်လာ၏။

"နေတစ်စင်း တော်တော့ စိတ်ထိန်းပါဟာ"





"မလိုဘူး လင်းလင်း၊ ငါဒီကောင့်ကို ရင်ဆိုင်ရဲတယ်"

"ရဲ ရှင်းသန့် တောင်းပန်ပါတယ်"

ရှင်းသန့်က သူရဲကောင်းကိုတောင် လှမ်းတောင်းပန်နေသေး၏။ သူရဲကောင်း နှုတ်ခမ်းက သွေးစတွေကို ပွတ်သုတ်ရင်း

"မလိုဘူး ရှင်းသန့် နင်တို့ သူငယ်ချင်း ဟိုမရောက် ဒီမရောက်မကို ပြန်ခေါ်သွားတော့"

"ဟေ့ကောင် မင်းဘာစကား ပြောတာလဲ"

"ဟယ် နေတစ်စင်း တော်ပါတော့"

ရှင်းသန့်နှင့်လင်းလင်း ဆွဲခေါ်နေသည်။ ကျောင်းသား ကျောင်းသူတွေလည်း ဝိုင်းစုလာပြီမို့ နေတစ်စင်း စိတ်ကိုလျှော့လိုက်၏။

အခုချိန်ထိ တွေတွေလေး ရပ်ကြည့်နေသော ဂန္ဓဝင်လက်ထဲက ရေခဲမုန့်ကိုတော့ နေတစ်စင်း ဖျပ်ခနဲ လှမ်းဆွဲယူလိုက်သည်။

"ရှင်းသန့် သဒ္ဓါပေမယ့် ငါကတော့ မသဒ္ဓါဘူး သွား"

ရေခဲမုန့်ဘူးကို နေတစ်စင်း အခန်းတံခါးဘေးက အမှိုက်ပုံးထဲ ပစ်ထည့်လိုက်သည်။

ပြီးတော့မှ ရှင်းသန့်နှင့် လင်းလင်းတို့ဆွဲခေါ်ရာ အခန်းထဲသို့ ပြန်လိုက်ခဲ့သည်။ ညာလက်ချောင်းတွေဆီက နာကျင်သော ဝေဒနာကို သိနေပေမယ့် နေတစ်စင်း ကျေနပ်သည်။

သူရဲကောင်းကို ဆုံးမနိုင်ခဲ့သည့်အရသာက ချိုမြိန်လွန်း၏။

■ ■ ■

"နေတစ်စင်း ရှိလား မနေတစ်စင်းဆိုတာ ဘယ်သူလဲ"

အခန်းထဲကို ဆရာမတောင် ဝင်မလာသေးခင်မှာပဲ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ကာ နေတစ်စင်းအမည်ကို မေးခေါ်လာသူက ဆရာဦးပြတိုက် ဖြစ်နေသည်၊

"ရှိပါတယ် ဆရာ ကျွန်မပါ"

စောစောက ရန်ဖြစ်ခဲ့သည့် ကိစ္စဆိုတာ နေတစ်စင်း ချက်ချင်း သဘောပေါက်လိုက်သည်။

"ကျောင်းအုပ်ဆရာကြီး ခေါ်ခိုင်းလိုက်လို့ကွဲ၊ ခုနက ရန်ဖြစ်ကြတယ်ဆို"

"ဟုတ်ကဲ့ ဆရာ"

ရှင်းသန့်နှင့်လင်းလင်းက နေတစ်စင်းကို စိုးရိမ်မျက်ဝန်းလေးတွေနှင့် မော့ကြည့်နေကြသည်။ နေတစ်စင်း ရဲရဲဝံ့ဝံ့ပဲ ဆရာ ဦးပြတိုက်ရှေ့ ရောက်ခဲ့သည်။

"ကဲ ရုံးခန်းလိုက်ခဲ့ကြ မောင်သူရဲကောင်းနဲ့ မနေတစ်စင်း အင်း နာမည်တွေကတော့ အဆန်းပဲ"

ဆရာဦးပြတိုက် သဘောကျသလို ပြုံးရင်းရေရွတ်သည်။ မြင့်မားသော အရပ်အမောင်းက သူရဲကောင်းထက်တောင် နည်းနည်းပိုမြင့်သည်။ လည်ကတုံး ရှပ်လက်ရှည်ဖြူနှင့် ပုဆိုးအစိမ်းရင့်ရင့်နှင့် ဆရာပြတိုက်သည် ခန့်ညားချောမောပါသည်။

"ဟော့ နေတစ်စင်း ရုံးခန်းခေါ်တာ ငါ သွားတိုင်လို့ မဟုတ်ဘူးနော် အေး နင်သိအောင်ပြောတာ"

"မလိုပါဘူး ငါကလုပ်ရဲရင် ခံရဲတယ်"

"အေး သူရဲကောင်းဆိုတဲ့ ငါကလည်း အမြှုးအတေး ထားတတ်တဲ့ ခပ်ညံ့ညံ့ကောင် မဟုတ်ဘူးဆိုတာ နင်သိအောင် ရှင်းပြတာ"





"ဟော့ ရုံးခန်းရောက်တော့မယ် မင်းတို့ နှစ်ယောက် ရန်ထပ်မဖြစ်ကြနဲ့ဦး၊ အတန်းသားအချင်းချင်း ခင်ခင်မင်မင် နေကြရတယ်ကွ"

ဆရာပြတိုက်က ဆုံးမသလို ပြောသည်။ နေတစ်စင်း ငြိမ်သက်နေလိုက်ရပေမယ့် သူရဲကောင်းဆိုသော သူ့ကို တစ်စက်လေးမှ ကြည့်လို့မရပါ။

ကျောင်းအုပ်ဆရာကြီး ရုံးခန်းရှေ့ရောက်တော့ နေတစ်စင်းကော သူရဲကောင်းပါ လက်ကလေးတွေ ပိုက်ကာ ဝင်ခဲ့ကြသည်။

"ဆရာကြီး သူတို့ရောက်လာကြပါပြီ"

စားပွဲနောက်က ထိုင်ခုံမှာ ထိုင်နေသော ဆရာကြီး ပါဝါမျက်မှန်ထဲမှ နေတစ်စင်းတို့ နှစ်ယောက်ကို မော့ကြည့်သည်။

"နေတစ်စင်း ဆိုတာ သမီးလား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"သမီးက မောင်သူရဲကောင်းမျက်နှာကို လက်သီးနဲ့ ထိုးတယ်ဆို"

"ဟုတ်ပါတယ်"

"ဘာလို့ ဒီလိုလုပ်ရတာလဲ ကျောင်းသားအချင်းချင်း ရန်ဖြစ်တာ ဆရာကြီး မကြိုက်ဘူး၊ ပြောပါဦး ဘာလို့ ရန်ဖြစ်ကြတာလဲ"

ဆရာကြီး မေးလာတော့ နေတစ်စင်းဘယ်လို ဖြေရမှန်းမသိ ဖြစ်ရသည်။ ပြဿနာကို အစအဆုံး ရှင်းပြလျှင် ရှင်းသန့်ပါ တစ်နွယ်ငင် တစ်စင်ပါလာတော့မည်။

"သူ့ကို နေတစ်စင်း ကြည့်မရလို့ပါ ဆရာကြီး"

နေတစ်စင်း အဖြေကြောင့် ဆရာကြီး မျက်မှောင်ကုပ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ နေတစ်စင်းရဲ့စကားက လူမိုက်ဆန်နေကာ ပြည့်စုံမှုမရှိ ဖြစ်နေတာကို နေတစ်စင်းလည်း သိပါသည်။

"ကြည့်မရလို့ ဟုတ်လား ဘာလို့လဲ သမီး မောင်သူရဲကောင်းက မင်းကို မခံချင်အောင် နောက်ပြောင်သလား သူဘာလုပ်လို့လဲ"

ဆရာကြီးက မေးခွန်းတွေ ထပ်တုတ်နေသည်။ နေတစ်စင်း နှုတ်တွေ ဆွံ့အနေတာ စက္ကန့်ပေါင်းများစွာ

"ကျွန်တော်က သူ့ မခံချင်အောင် စလိုက်မိလို့ပါ ဆရာကြီး"

သူရဲကောင်း နှုတ်က ဒီလို စကားထွက်လာမည်ဟု နေတစ်စင်း မျှော်လင့်မထားမိတာ အမှန်ပဲဖြစ်သည်။ နေတစ်စင်း မျက်လုံးလေး ဝိုင်းကာ လှည့်ကြည့်တော့ သူက လက်ကလေးပိုက်ကာ တည်တည်လေးပဲ ရပ်နေ၏။

"အေး ဘယ်သူမှားတယ် မှန်တယ်ဆိုတာထက် ကျောင်းသားကျောင်းသူ အချင်းချင်း ရန်ဖြစ်တာ အပြစ်ကျူးလွန်တာပဲ၊ ဒီတော့ မင်းတို့နှစ်ယောက်စလုံးမှာ အပြစ်ရှိသလား မရှိဘူးလား"

"ရှိပါတယ် ဆရာကြီး"

"ရှိပါတယ် ဆရာကြီး"

နေတစ်စင်းတို့ နှစ်ယောက်စလုံး နှုတ်က ပြိုင်တူဝန်ခံမိကြသည်။ ဆရာကြီးက ခေါင်းတစ်ချက် ညိတ်လိုက်ရင်း

"ဟုတ်ပြီး ကိုယ့်အပြစ်ကိုသိရင် ဒဏ်ခံယူရမှာပေါ့ နှစ်ယောက်စလုံး ရုံးခန်းရှေ့မှာ ဒူးထောက်နေကြပါ"

နေတစ်စင်းနှင့် သူရဲကောင်းတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဆရာကြီး အမိန့်အတိုင်း ရုံးခန်းရှေ့မှာ ဒူးထောက်ထိုင်

ဗျူး၀၁၄၀



လိုက်ကြရသည်။

"ဆရာပြတိုက် သူတို့ကို စာသင်ချိန်တစ်ချိန်အထိ အပြစ်ပေးထားပါ၊ ကျွန်တော် ခရိုင်ကျောင်းရုံးကို အစည်းအဝေးသွားရမှာမို့ ဆရာ စောင့်ကြည့်ထားပါ၊ ပြီးရင် နောင်ရန်မဖြစ်ဘူးဆိုတဲ့ ဝန်ခံကတိ လက်မှတ်ထိုးခိုင်းပါ"

"ဟုတ်ကဲ့ ဆရာကြီး"

ဆရာပြတိုက်ကိုမှာပြီး ဆရာကြီး ရုံးခန်းထဲက ထွက်သွားသည်။ ဆရာပြတိုက်က ရုံးခန်းထိုင်ခုံလေးမှာ ထိုင်စောင့်သည်။

"မင်းတော်တော် ဒုက္ခပေးတာပဲ ဒူးမှာလက်သီးနဲ့လည်း အထိုးခံရသေးတယ်၊ ဒဏ်ပေးတာလည်း ခံရသေးတယ်"

သူရဲကောင်းဆီက မကျေမနပ်အပြစ်တင်သံကို ကြားသည်။ နေတစ်စင်း မျက်စောင်းထိုးပစ်လိုက်ရင်း

"ဒါတွေကို ဖြစ်အောင် နင်စလုပ်ခဲ့တာပဲ"

"ဟေ့ ဒီလိုအပြစ်ပေးခံရတာ နင့်အတွက်မဆန်းပေမယ့် ငါကတော့ ဒါ ပထမဆုံးမို့ ရှက်တယ်ကွ"

"ဟေ့ ဟိုနှစ်ယောက် အပြစ်ပေးခံနေရတာတောင် စကားများနေကြပြန်လား ဒီတစ်ခါဆို ကျောင်းတစ်ခါတည်း အထုတ်ခံရလိမ့်မယ်နော်"

ဆရာပြတိုက် အသံကြောင့် နှစ်ယောက်စလုံး လေသံတွေ လျှော့ချပစ်ရ၏။ ရုံးခန်းထဲမှာ ဆရာကြီးမရှိ ဆရာပြတိုက် တစ်ယောက်ထဲမို့ နေတစ်စင်းတို့ နည်းနည်းတော့ လွတ်လပ်နေ၏။

"အား ညောင်းလိုက်တာ ဒူးတွေတောင် နာတယ်"

ဗျူး၀၁၄၀

www.burmeseclassic.com

www.burmeseclassic.com



"နှင်ယောက်ျား မဟုတ်ဘူးလား"

"လာပြန်ပြီ လူမိုက်စကား၊ ဒီမှာ ဒီကိစ္စမှာ မင်းငါ့ကို တမင်ပြဿနာရှာ လာထိုးတာနော်၊ မင်းအသိဆုံးပဲ ဆရာကြီးမေးတော့ မင်းအမှန်မဖြေဘဲ နှုတ်ပိတ်နေလို့ ငါက ဝင်ဖြေပေးလိုက်တာ အမှန်ဆို မင်းပဲ ဒီအပြစ်ဒဏ်ခံရမှာ"

သူပြောတာလည်း မှန်နေတာမို့ နေတစ်စင်းဘာမှ ပြန်မပြောဖြစ်ပါ။ နေတစ်စင်းသာ အမှန်ပြောဖြစ်လျှင် ရှင်းသန့်ကိုပါ ဆရာကြီးခေါ်မေးတော့မည်။ ရက်တတ်ကြောက်တတ်သော ရှင်းသန့်ကို ပြဿနာထဲ ဆွဲမထည့်ချင်ပါ။

"မင်းလို မိန်းကလေး တစ်ယောက်တည်း အပြစ်ဒဏ်ခံရမှာသနားလို့ ငါကအဖော်အဖြစ် ဝင်ခံပေးနေတာ သဘောပေါက်"

"အပိုတွေ လာမပြောနဲ့"

နေတစ်စင်း တမင်ပဲ ဆန့်ကျင်ပြီး ဘုတွေပြောနေလိုက်သည်။ ဆရာပြတိုက်က သူတို့ကို လှမ်းကြည့်ရင်း ပြုံးရိပ်ရိပ်မျက်နှာနှင့်

"ဟိုနှစ်ယောက် ဒူးတွေနာနေရင် မတ်တပ်ပဲ ရပ်နေတော့"

ဆရာပြတိုက်က ခွင့်ပြုတာမို့ နေတစ်စင်းတို့ နှစ်ယောက်ဝမ်းသာအားရ မတ်တပ်ရပ်လိုက်ကြသည်။ ဒူးထောက် ထိုင်ရတာထက်စာလျှင် ဒီလို မတ်တပ်ရပ်ရတာက သက်သာအဆင်ပြေသည်။

စာသင်ချိန်တစ်ချိန်ပြီးဆုံးတော့မှ ဆရာပြတိုက်က နေတစ်စင်းတို့ကို ခေါ်ကာ ဝန်ခံလက်မှတ် ထိုးခိုင်းသည်။

"နောက် ရန်မဖြစ်ကြနဲ့နော် မင်းတို့ ကျောင်းထုတ်ခံရမှာစိုးလို့ ဆရာက သတိပေးတာ"





"ဒီကောင်မလေး ပြဿနာမရှာရင် မဖြစ်ဘူး ဆရာ"

"ဘာ ငါက အလကား ရှာစရာလား၊ နင့်ကို လုံးဝကြည့်မရတာ"

"ဘာလဲ 'ကြည့်မရအောင် ငါကချောနေလို့လား"

"သေလိုက် နာမည်နဲ့လူနဲ့လုံးဝ ဟာမိုနီမဖြစ်တဲ့ ကောင်"

ဆရာပြတိုက် ရှေ့မှာပဲ တစ်ယောက်နှင့်တစ်ယောက် ခွန်းတုံ့မခံဘဲ ပြောနေကြတော့ ဆရာပြတိုက် မျက်နှာတစ်ချက်တည်သွားကာ

"ဟေ့ နှစ်ယောက်စလုံး တော်ကြတော့ ရန်ဖြစ်တယ်ဆိုတာ ကောင်းဘူး၊ မင်းတို့ သတိပြုရမှာက ဝန်ခံလက်မှတ် ထိုးထားရတယ်နော်၊ နောက်တစ်ကြိမ်ဆို ကျောင်းက အထုတ်ခံရပြီ"

"ဟုတ်ကဲ့ ဆရာ ကျွန်တော်ကတော့ ဝေါင်ဝေါင်ရှေးပဲ အဟဲ"

သူ့ရဲ့ကောင်း မျက်နှာက ပြောင်စပ်စပ်မို့ နေတစ်စင်း မျက်စောင်းလေး ထိုးပစ်လိုက်မိသည်။

"ငါကလည်း နင့်ဆို အဝေးဆုံးပဲ၊ ဒါပေမဲ့ လာတော့မစနဲ့ရှုကသာ နေပေမယ့် ပညာကမနေဘူး မှတ်"

ပြောပြီး နေတစ်စင်း ချာခနဲ လှည့်ထွက်ခဲ့သည်။ ပြီးမှ ဆရာပြတိုက်ကို နှုတ်ဆက်ဖို့ သတိရကာ ပြန်လှည့်ကြည့်ရင်း

"ဆရာ ခွင့်ပြုပါဦးရှင်"

"ကောင်းပြီ ကောင်းပြီ"

"ကျွန်တော့်ကိုလည်း ခွင့်ပြုပါဦး ဆရာ"

"အေး အေး ချစ်ချစ်ခင်ခင် နေကြပါ"

သူနောက်က ပါလာတာသိတာမို့ နေတစ်စင်း သွက်သွက်လှမ်း



www.burmeseclassic.com

www.burmeseclassic.com



တာကို သူက လှမ်းပြောသေးသည်။

"ကိုယ်ခံပညာလေး မတောက်တခေါက်နဲ့ မာန်ဝင့်မနေနဲ့ မင်း ပညာလောက်တော့ ပျင်းသေးတယ် ပျင်းတောင်ပျင်းသေးတယ်"

ပြောင်သလို သီချင်းလုပ်ဆိုနေတာမို့ နေတစ်စင်း ချာခနဲ နောက်လှည့်ကြည့်ပစ်လိုက်သည်။

သူရဲကောင်း မျက်နှာက ပြုံးစစ၊ မျက်နုံးတန်းတန်းတွေ အောက် က မျက်ဝန်းတွေထဲမှာ အပြုံးတွေထင်နေသည်။

လက်သီးနဲ့ အထိုးခံရတာတောင် နေတစ်စင်းကို စိတ်မဆိုး မနာသော သူ့ကိုတော့ အံ့ဩမိသည်။ တော်တော်မျက်နှာပြောင်တဲ့ သူရဲ ကောင်း။

ရှင်းသန့် ခင်မင်နှောင်တွယ်သွားတာ အမြဲတမ်း ပြုံးရွှင်လန်း ဆန်းနေသော သူ့အသွင်ကြောင့် ထင်သည်။ ပြီးတော့ သူရဲကောင်း ချောတာကိုတော့ နေတစ်စင်း မငြင်းချင်ပါ။

"ဟေ့ ဘာကြည့်နေတာလဲ ရန်ထပ်ဖြစ်ရင် ဘာဖြစ်မလဲသိနော်"

"ဂရုမစိုက်ဘူး၊ ငါ့ကို နင်လာစရင် ဖြစ်ဦးမှာပဲ"

"ရတယ်လေ ဖြစ်လို့ရတယ် ဒါပေမဲ့ ရုံးခန်းမရောက်အောင် သတိထားပေါ့ ငါကလည်း စမှာပဲ"

ပြောပြီး သူရဲကောင်း နှာခေါင်းရှုံ့ လျှာထုတ်ပြကာ သုတ်ခနဲ ကျော်တက်သွားသည်။ ကျောပင်ကို တဘုန်းဘုန်း ပြေးထုရိုက်ပစ်ချင်စိတ် ကို နေတစ်စင်း မျိုသိပ်ထားရသည်။

နင်နဲ့ငါ တကယ်မလွယ်ပါလား သူရဲကောင်း။

■ ■ ■



## အခန်း (၅)

တကယ်လည်း သူရဲကောင်းနှင့် နေတစ်စင်းတို့ နှစ်ယောက် ကြားမှာ ငြိမ်းချမ်းရေးဆိုသော အလံဖြူကို မလွှင့်တင်နိုင်ခဲ့ကြပါ။

"သူရဲကောင်းက နင့်အပေါ်မှာ အငြိုးအာဃာတ မထားပါဘူး နေတစ်စင်းရယ်၊ နင် လက်သီးနဲ့ထိုးတာကို သူ နားလည်ပါတယ်တဲ့"

"မှတ်သွားပြီမို့လား ဒီတစ်ခါဆို သွားပါကျိုးအောင် ငါထိုးမှာ"

သားစင်အောင် ကြားက လာဖြန်ဖြေတာကိုလည်း နေတစ်စင်း သူဘောက်တွေနှင့် ကြိမ်းဝါးပစ်လိုက်သည်။

"မလုပ်ပါနဲ့ဟာ နင်နဲ့လင်းလင်း နွေရာသီမှာ ကိုယ်ခံပညာ သင်ထားတာ ငါသိပါတယ်"

ရှင်းသန့်တို့ ပြောပြထားသည် ထင်ပါသည်။ ပြီးခဲ့သည့် နွေရာသီ က လင်းလင်းနှင့် နေတစ်စင်းတို့ အခြေခံကိုယ်ခံပညာသင်တန်း နှစ်လ လောက် တက်ဖူးသည်။ ရှင်းသန့်ကတော့ ဝါသနာမပါဟုဆိုကာ မလိုအပ် ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



"အေး နှင့်ကောင် သူရဲကောင်းသိအောင် ပြောလိုက်ဦး"

"ရဲကို နှင်အပြစ်မမြင်ပါနဲ့ နေရယ်၊ ငါက နှင်တို့ အချင်းချင်း ပြေလည်စေချင်လို့ပါ။ သူရဲကောင်းကလည်း နှင့်လိုပဲ ကိုယ်ခံပညာတတ်တယ်၊ သူ့မိတတွေက ဆရာနဲ့အိမ်မှာတောင် ခေါ်သင်ပေးထားတာ"

နေတစ်စင်း မျက်မှောင်ကြီး ကုပ်သွားသည်။ သူရဲကောင်းကလည်း ကိုယ်ခံပညာတတ်သည်တဲ့လား။

"ဘာလဲ နှင်က လာခြိမ်းခြောက်နေတာလား"

"ဟာ မဟုတ်ပါဘူးဟာ၊ ငါကပြောပြတာပါ"

"ပြောပြမနေနဲ့ နှင့်သူရဲကောင်း ငါ့ထက်ပိုတတ်လည်း ငါက ဂရုမစိုက်ဘူး အချိန်မရွေး ယှဉ်လို့ရတယ်"

သားစင်အောင် ဘာမှမပြောတော့ဘဲ ပြန်သွားခဲ့သည်။ သူရဲကောင်းနှင့် နေတစ်စင်းကြားမှာ ခင်မင်ရင်းနှီးမှုရအောင် သားစင်အောင် ကြိုးစားနေခြင်း ဖြစ်သည်။

ရှင်းသန့်ကလည်း ကြိုးစားခိုင်းတာ ဖြစ်မည်။ ရှင်းသန့်နှင့် သူရဲကောင်းတို့ ခင်နေပြီဆိုတာကိုလည်း နေတစ်စင်း သိပါသည်။ လင်းလင်းတောင်မှ သူရဲကောင်းအပေါ်မှာ အရင်လို ဟာမာထန်ထန် မရှိတော့။

"နေတစ်စင်းရယ် နှင်တို့ချင်း ဘာမှကြီးမားတဲ့ နာကျည်းချက်မရှိဘဲ ဘာလို့ မခေါ်မပြောနိုင်ကြတာလဲ"

"မခေါ်မပြောချင်လို့ပေါ့ လင်းလင်းရဲ့"

ပြောသာ ပြောလိုက်ရသည်၊ သူရဲကောင်း အပေါ်မှာ နေတစ်စင်း နာကျည်းစရာ ဘာမှမရှိပါ။ ဒါပေမဲ့ လမ်းမှာဆုံလျှင် ကျောင်းမှာဆုံလျှင်





တော့ တမင်မကြည့်ဘဲ မျက်နှာကို နေတစ်စင်း မာတင်းတင်းပဲ ထားတတ်သည်။

သူရဲကောင်းကတော့ ဆန့်ကျင်ဘက် မျက်နှာအသွင်နှင့် ဖြစ်သည်။ နေတစ်စင်းနှင့်ဆုံတိုင်း ပြုံးစစနှင့် နောက်ပြောင်ဖို့ အသင့်အနေအထားမျိုး။

"ကြက်တောင်စည်း"

ဂုတ်ဝဲသာသာ ဆံပင်ဖြောင့်ဖြောင့်လေးတွေကို ဦးထိပ်မှာ ကြက်တောင်စည်းလေးစည်းကာ ကျောင်းတက်လာသော နေတစ်စင်းကို သူရဲကောင်း လှမ်းအော်သည်။

ချာခနဲလှည့်ကာ သူရဲကောင်းရပ်နေသော ဝရန်တာကို နေတစ်စင်းလှမ်းကြည့်တော့ သူပဲ မပြောသလိုလို သူငယ်ချင်းတွေနှင့် စကားတွေပြောနေ၏။

"တောက် တမင်လာစနေတယ်"

ရှင်းသန့်နှင့်လင်းလင်းက နေတစ်စင်းလက်ကိုဆွဲကာ ရန်ဖြစ်မှာစိုးနေကြသည်။ နေတစ်စင်းစိတ်ကိုလျှော့ကာ အခန်းထဲဝင်လိုက်မှ ရှင်းသန့်တို့ ကျေနပ်သွား၏။

နေတစ်စင်း အခန်းထဲမှာ လိုချင်သော ပစ္စည်းတစ်ခုရှာသည်။ ပြီးတော့ ရှင်းသန့်တို့ သတိမထားမိခင်မှာ အခန်းထဲက အသာလစ်ထွက်ခဲ့လိုက်၏။

ဝရန်တာမှာ သူရဲကောင်းတို့အုပ်စု မရှိတော့ပါ။ ကျောင်းတက်ခါနီးပြီဆိုတော့ အခန်းထဲရောက်ကုန်ကြပြီထင်သည်။

နေတစ်စင်း သူရဲကောင်းတို့ အခန်းဘက် ခပ်ခွာခွာသုတ်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ခဲ့သည်။ အသေအချာပါပဲ သူရဲကောင်း သူ့အတန်းက ခုံမှာ ထိုင်နေသည်။

နေတစ်စင်း လက်ထဲကသားရေကွင်းနှင့် အသေအချာ ချိန်ရွယ်လိုက်သည်။ သူရဲကောင်းရဲ့ နားရွက်ကို အတိအကျပစ်ဖို့ အသက်အောင့်လိုက်စဉ်မှာပဲ သူ ချာခနဲလှည့်ကြည့်သည်။

နေတစ်စင်း လက်ထဲက သားရေပင်ကို ပစ်လွှတ်ပြီး ဖြစ်နေသည်။

ဝိုးခနဲ ပြေးဝင်သွားသော သားရေကွင်းက သူရဲကောင်းရဲ့ မျက်နှာတည့်တည့်ဆီ ဦးတည်သွားခဲ့ကာ

"အ"

အော်သံသဲ့သဲ့ကို ကြားလိုက်ရကာ မျက်နှာကို သူရဲကောင်း လက်ဝါးနှင့် အုပ်လိုက်တာကိုလည်း နေတစ်စင်း မြင်သည်။

ပစ်လိုက်မိတာ နားရွက်ကိုဖြစ်သည်။ သူရဲကောင်း လှည့်အကြည့်နှင့်ဆုံသွားတာမို့ မျက်လုံးလား၊ နားထင်လား ဘယ်ကိုထိမှန်သွားတာလဲ နေတစ်စင်း မသိပါ။

ကျောင်းတက် ဘဲလ်သံ ပေါ်ထွက်လာတာမို့ နေတစ်စင်း ချာခနဲလှည့်ပြန်ခဲ့သည်။ ဘာတွေဖြစ်ကုန်ပြီ မသိပါ။ နေတစ်စင်း ပစ်လိုက်တာကို သူရဲကောင်းလည်း မြင်မှာ သေချာသည်။

"နေတစ်စင်း ဘယ်သွားတာလဲ"

"ဟင့်အင်း ဘယ်မှ မဟုတ်ဘူး"

ရှင်းသန့်မေးတာကို ဟန်မပျက် ပြန်ဖြေကာ နေတစ်စင်း အသာဝင်ထိုင်လိုက်သည်။ သူရဲကောင်း စာသင်ခန်းအထိ ဒေါသတကြီး လိုက်





လာမည်လား စောင့်ကြည့်မိသေးသည်။

စာသင်ချိန် တစ်ချိန်လုံး နေတစ်စင်း စိတ်မဖြောင့်နိုင်ပါ။

သူရဲကောင်းသာ တိုင်လိုက်လျှင် နေတစ်စင်း ဆရာကြီး ရုံးခန်းရောက်ကာ ကျောင်းထွက်ရမှာ သေချာသည်။

စာသင်ချိန် တစ်ချိန်ပြီး တစ်ချိန် ကုန်ဆုံးသွားသည်အထိ သူရဲကောင်း ရောက်မလာတာမို့ နေတစ်စင်း စိုးရိမ်မှုပြေသွားသည်။

မုန့်စားဆင်းချိန်ရောက်တော့ သူရဲကောင်း အခြေအနေကို အကဲခတ်ချင်တာမို့ ရှင်းသန့်တို့ကို ခေါ်ကာ အပြင်ထွက်ဖို့ ကြံစည်လိုက်သည်။

အခန်းတံခါးဝမှာပဲ သူရဲကောင်းနှင့် ထိပ်တိုက်တိုးသည်။

"ကြက်တောင်စည်း"

"ဟင်"

"ရဲ နင့်မျက်နှာက ဘာ ဘာဖြစ်တာလဲ"

ရှင်းသန့် မေးသည်။ သူရဲကောင်း ဘယ်ဘက်ပါးပြင်မှာ အနီရောင် သွေးချေဥတန်းကြီးက အထင်သား မြင်နေရ၏။

နေတစ်စင်းလက်စ ဒီလောက်တောင် ပြင်းသွားသည်လား။

"နင် တော်တော်ဆိုးတယ် ကြက်တောင်စည်း၊ ဒီမှာကြည့်စမ်း ဆိုးစ်တဲ့ သားရေပင်က မျက်လုံးနားတည့်တည့်ပဲ"

"ဟင် နေ ပစ်တာ"

"ဟုတ်တယ် နင်တို့ သူငယ်ချင်း စိတ်ပုပ်မပစ်တာ ကံကောင်း၊ မျက်လုံးမကန်းတယ်"

"နင်ဘာလို့ ငါ့ကို စသွားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စတာ နင့်အသားပဲ့ပါသွားသလား မကျေနပ်ရင် နင်ကြိုက် သလောက် ပြန်စပေါ့"

"မစချင်ဘူး ငါက နင့်နားရွက်ကိုပစ်တာ နင့်ဘာသာ လှည့်ကြည့်လို့ အခုလိုဖြစ်တာ"

"နေတစ်စင်းရယ် ကျောင်းတက်ခါနီး နင်ပျောက်သွားတာ ဒါကြောင့်ကိုး"

လင်းလင်းပြောသည်။ နေတစ်စင်း နှုတ်ဆိတ်နေလိုက်သည်။ ရှင်းသန့်က စိုးရိမ်မျက်ဝန်းတွေနှင့် ကြည့်ရင်း

"မျက်လုံးနဲ့ သီသီလေးပဲ တော်တော်နာနေသလား ရဲ"

"အေးဆေးပါ ခဏပဲနာတာ ဘာမှမဖြစ်ဘူး ကြက်တောင်စည်း ငါ နင့်ကို စိတ်မဆိုးဘူးနော်၊ အေး နင့်အလှည့်ကျလည်း စိတ်မဆိုးကြေး အိုကေနော် ကြက်တောင်စည်း"

ပြောပြီး ပြောင်ပြကာ သူရဲကောင်းထွက်သွားတော့ နေတစ်စင်း မခံနိုင်အောင် လှမ်းအော်မိသေး၏။

"ငါ့နာမည်ကို မဖျက်နဲ့"

"ဖျက်တယ် ကြက်တောင်စည်း အစုတ်ပလုပ် ဟား ဟား"

အားပါးတရ ရယ်မောပြီး သူရဲကောင်းထွက်သွားခဲ့သည်။ ရှင်းသန့်နှင့် လင်းလင်းက အပြစ်တွေ တင်ပါတော့သည်။

"နေ ဘာလို့ ဒီလိုသွားလုပ်လိုက်တာလဲဟာ၊ နင်ကတော့ တကယ့်ကို မလွယ်ဘူး"

"အေးဟယ် မျက်လုံးကိုထိသွားလို့ ရှိရင် ဘယ်လိုလုပ်မလဲ တော်သေးတာပေါ့ သူရဲကောင်းက စိတ်မဆိုးလို့"





"ဆိုးလို့ ရမလား သူကငါ့ကို အရင်စသွားတာလေဟာ"

နေတစ်စင်း တမင်ဘုပြောပစ်တော့ လင်းလင်းကော ရှင်းသန့်ပါ ဘာမှမပြောကြတော့ပါ။

တကယ်ဆို နေ လွန်သွားတာ သိသည်။ သူ့မျက်လုံးကို ထိသွားခဲ့လျှင် တွေးရဲစရာမရှိ၊ သေချာသည်က နေတစ်စင်းကျောင်းက ကျိန်းသေ အထုတ်ခံရမှာပဲဖြစ်၏။ စာသင်နေချိန် တစ်ချိန်လုံးမှာတောင် နေတစ်စင်း စိုးရိမ်နေခဲ့ရတာ ကိုယ်တိုင်အသိဆုံးပါပဲ။

'သူရဲကောင်း ဒေါသတွေနှင့် အခန်းထဲလာပြဿနာရှာလျှင် နေတစ်စင်း ရင်ဆိုင်ဖို့ ခက်ခဲမှာ သေချာလွန်းသည်။

အခုတော့ အထင်နှင့် အမြင်လွဲချော်ကုန်သည်။ သူရဲကောင်း ရောက်လာတာ ပြဿနာရှာဖို့ မဟုတ်။ ဒေါသစိတ်တွေလည်း ကင်းစင်နေသည်။

နေတစ်စင်း ပစ်လိုက်သော သားရေကွင်း ဒဏ်ရာနီရဲရဲက သူ့ရဲ့ ဖြူနုသော မျက်နှာမှာ ထင်းနေ၏။

သူ့ကို နေတစ်စင်း ဒဏ်ရာအကြိမ်ကြိမ်ရအောင် လုပ်ခဲ့ပေမယ့် သူ တုံ့ပြန်ခြင်းမရှိဘဲ သည်းခံနိုင်စွမ်းကိုတော့ အံ့သြမိပါသည်။

သူရဲကောင်းသည် ခင်မင်စရာကောင်းသော သူငယ်ချင်းတစ်ယောက်ဟု နေတစ်စင်း မသိစိတ်က လက်ခံထားမိသည့်တိုင် အသိစိတ်က သူနှင့်ဆုံတိုင်း ဘုပြော ကန့်လန့်တိုက်နေမိသည် အဖြစ်များဟာ . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ကြက်တောင်စည်း"

"ကြက်တောင်စည်း စိတ်ပုပ်မ"

နေနှင့်ဆုံတိုင်း သူ မကြားတကြားအော်ပြီး စနောက်သွားခဲ့တာ ကိုးတန်း စာသင်နှစ်တစ်နှစ်လုံး ဖြစ်သည်။

အဲ့ဒီစရာကောင်းသည်က သူ့ကို နေတစ်စင်း အရင်လို အမြစ်မြင် စိတ်ဆိုးခြင်း မရှိတာအမှန်ပဲ ဖြစ်သည်။

"ဒီကောင် မနေ့က ငါ့ကို ဈေးထဲမှာ အော်သွားသေးတယ်"

"နင့်ကို ခင်လို့ နောက်တာနေမှာပါ နေရဲ့"

"သူ့ရဲကောင်းက ခင်စရာကောင်းပါတယ် ဟာ"

ရှင်းသန့်တို့က ပြဿနာ မဖြစ်စေချင်တာကြောင့် နေတစ်စင်း





ကို ချော့မော့နှစ်သိမ့်ကြသည်။

"သူကြောင့် ငါ့နာမည် ပျက်နေပြီ၊ ဒီတော့ သူ့ကိုလည်း ငါက နာမည်ပြန်ဖျက်ရမယ်"

"ဟင် နင်ဘာလုပ်မလို့လဲ"

ရှင်းသန့် စိုးရိမ်သလို အသံလေးနှင့် မေးတာကို နေတစ်စင်း ပြန်မဖြေဘဲ နားထင်မှာ လက်ညှိုးလေးထောက်ကာ စဉ်းစားလိုက်သည်။

သူ့ရဲကောင်း ဆိုသော သူ့ကိုလည်း ဘယ်လိုနာမည်ပြောင်းပေးရပါမလဲ။

"ဟုတ်ပြီ ဖား"

"ဘာလဲ ဖား"

"တုံးလိုက်တာ ရှင်းသန့်ရယ် ဖားဆိုတာ သူ့ရဲကောင်းပေါ့"

"ရဲက ဖား"

ငြိမ်သက်နေသော လင်းလင်းကပါ တအံ့တသြလေး ရေရွတ်မေးပါ။ နေတစ်စင်း ခေါင်းလေး ညိတ်ပြမိရင်း

"ဟုတ်တယ်လေ သူက ငါ့ကို ကြက်တောင်စည်း ခေါ်တယ်၊ ဒီတော့ ငါကလည်း ဖားလို့ ပြန်ခေါ်မှာပေါ့"

"ဖား အင်း ဟုတ်တယ် ကောင်းတယ်၊ ငါကြိုက်တယ်"

ရှင်းသန့်ပြောတော့ နေတစ်စင်း ခေါင်းတညိတ်ညိတ်ပြုံးရင်း

"နင်တို့လည်း ဒီနေ့ကစပြီး သူ့ကို သူ့ရဲကောင်းလို့ မခေါ်ကြနဲ့တော့ ငါနာမည်ပေးသလို ဖားလို့ပဲခေါ်ကြ"

ရှင်းသန့် တွန့်ခနဲဖြစ်သွားတာကို နေတစ်စင်း စူးစူးနစ်နစ်လေး စိုက်ကြည့်ပစ်လိုက်သည်။ သူ့ရဲကောင်းအပေါ်မှာ အမြဲတမ်း ကောင်း



www.burmeseclassic.com

www.burmeseclassic.com



သည့်ဘက်ကပဲ ရှုမြင်တတ်သော ရှင်းသန့်ကို သိပ်မကျေနပ်ချင်။

"ဘာလဲ နင်က မခေါ်နိုင်ဘူးလား။ သူ ငါ့ကို ကြက်တောင်စည်း ခေါ်တော့ နင်တို့ကခင်လို့ပါဆို အခု ငါတို့ကလည်း ခင်လို့ ပြန်ခေါ်တဲ့သဘောပဲ"

"အင်း ဟုတ်ပါတယ် ငါတို့ ရဲကို ဖားလို့ပဲ ခေါ်ကြမယ်"

လင်းလင်းက ဝင်ပြောတော့ ရှင်းသန့် ခေါင်းလေးမညိတ်ချင် ညိတ်ချင် ညိတ်၏။ ထိုနေ့ကစပြီး သူရဲကောင်းအမည်ကို ဖားဟုပဲ နေတစ်စင်းတို့ ခေါ်ဖြစ်တော့သည်။

"ဖားဆိုတာ ငါ့ကိုခေါ်တာလား ကောင်းလိုက်တဲ့နာမည် သင့်ခယ္ယူ ကြက်တောင်စည်း ကျေးဇူးတင်တယ်"

မျက်နှာပေးနှင့်ပြောသော သူရဲကောင်းက နေတစ်စင်းပေးသည့် နာမည်ကိုပင် သဘောကျသလို ချီးကျူးနေတော့ နေတစ်စင်း ခံရခက် ဖြစ်မိသည်။

ဘာပဲဖြစ်ဖြစ် သူရဲကောင်း ဆိုသော သူသည် နေတစ်စင်းတို့ သုံးယောက်အတွက် နာမည်ပြောင် ဖားပဲ ဖြစ်ခဲ့သည်။

နှစ်ယောက် မဆုံလိုက်နှင့် နေနှင့်ရဲ နာမည်ပြောင်တွေ ခေါ်ကာ မခံချင်အောင် နောက်ပြောင်ခဲ့ကြသည်။

နွေရာသီ ကျောင်းတွေပိတ်သွားပေမယ့် နေတစ်စင်းတို့ သုံးယောက်ကတော့ မဆုံဖြစ်သော နေ့ဟူ၍ မရှိခဲ့ပါ။

သင်္ကြန်ရက်တွေမှာ နေတစ်စင်းတို့သုံးယောက် အပြည့်အဝ လည်ပတ်ဖို့ စိတ်ကူးတွေနှင့် တိုင်ပင်ထားကြသည်။

"အကျနေ့တော့ မဏ္ဍပ်မှာ သွားကစားမယ်ဟာ အကြတ်နေ့





ကျရင် ကားနဲ့လည်မယ်၊ အတက်နေ့ မနက်ပိုင်း ကားနဲ့လည် ညနေပိုင်း မဏ္ဍပ်မှာ ပွဲသိမ်းမယ်"

"ကောင်းတယ် နင့်အစီအစဉ်ကို လက်ခံတယ်"

"အကြိုနေ့ ညနေပိုင်း ငါတို့ခြံရှေ့မှာ ရေကစားကြမယ်"

ရှင်းသန့်ပြောတော့လည်း နေတို့ ခေါင်းညိတ်လက်ခံဖြစ်သည်။ သို့နှင့် အကြိုနေ့ မနက်ကတည်းက ရှင်းသန့်တို့ အိမ်ရောက်နေကြသည်။

ရှင်းသန့်မိခင်က မုန့်လုံးရေပေါ်တွေလုပ်ကာ ဝေငှတော့လည်း နေတစ်စင်းတို့ ဝိုင်းဝန်းကူပေးကြနှင့် ပျော်စရာကောင်းသည်။

ထမင်းစားသောက်ပြီးတော့ ခြံထဲမှာ စုဝိုင်းထိုင်ကာ လေပစ်ကြသည်။ ညနေလေးနာရီလောက်ရောက်မှ ရေပိုက်တွေ ဆွဲထုတ်ကာ ခြံရှေ့ကို လာသမျှ ကားတွေလူတွေကို ပက်ကြတော့၏။

"ဟော့ ဟော့ အကြိုနေ့ပဲ ရှိသေးတယ်လေ၊ ဒီကလေးမလေးတွေ"

"ဟာ မေမေကလည်း ညနေရောက်နေပြီပဲ၊ ပက်လို့ရတယ်တော်မှာပဲ"

ရှင်းသန့် မိခင် တားပေမယ့် နေတစ်စင်းတို့ကတော့ ကလေးတွေလို ရေစကားလို့ ကောင်းနေခဲ့ကြသည်။

"ဟော့ ကြက်တောင်စည်း"

"ဟင်"

ပထမတော့ ဖားခေါ်သံဟု ထင်မိပေမယ့် လှည့်ကြည့်တော့ သူရဲကောင်း မပါပါ။ ဒါပေမဲ့ ကျောင်းတုန်းက ဝေယံတို့ မြတ်သင်းတို့ အဖွဲ့ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် သေနာကောင် မြတ်မင်း သင်းကများငါ့ကို ဒီလိုခေါ်ရ သလား"

"နေ ထားလိုက်စမ်းပါဟာ ဂရုမစိုက်နဲ့"

လင်းလင်းတို့ သတိပေးတာမို့ နေတစ်စင်း စိတ်လျှော့ချကာ မသိချင် ယောင်ဆောင်နေပေမယ့် မြတ်မင်းက ထပ်နောက်သည်။

"ကြက်တောင်စည်း အစုတ်ပလုတ်မ"

နေတစ်စင်း သည်းခံနိုင်စွမ်း ကုန်သွားတာမို့ မြတ်မင်းတို့ အုပ်စုဆီ ချာခနဲ လှည့်ထွက်ခဲ့၏။

ဝေယံ၊ မြတ်မင်းနှင့် ဇော်ကြီးတို့ သုံးယောက် မျက်နှာတွေက ပြောင်စပ်စပ် ဝတ်ဆင်ထားတာတွေက ကြောင်ကြားကြား။

အနားကို နေတစ်စင်းမရောက်ခင်မှာ စက်ဘီးတစ်စီးက ထိုး ရပ်လာသည်။ စက်ဘီးပေါ်မှာက သူရဲကောင်း။

"ဟင် ဖား"

နေတစ်စင်း နှုတ်က ရေရွတ်မိသွားတာကို မြတ်မင်း သဘော ကျစွာ ရယ်လိုက်ရင်း

"ဟာ ဟား ဖားနဲ့ကြက်တောင်စည်း နာမည်ပေ့ါကတော့ မိုက်တယ် ဟေ့ ဟား ဟား"

"ဟေ့ကောင် မြတ်မင်း ဒါ မင်းနောက် ခေါ်စရာ မဟုတ်ဘူးနော် ငါတို့ချင်း ခင်လို့စတဲ့နာမည်"

"ဘာလို့လဲ ရဲ နာမည်ရှိလို့ ခေါ်တာပဲ အဟက် ဖား ကြက် တောင်စည်းစုတ်"

"ခွပ်"





ကိုင်ထားသော စက်ဘီးကို ပစ်ချကာ သူရဲကောင်း တုံ့ပြန်ချက် က မြန်ဆန်သည်။ မျက်နှာကို လက်ဝါးနှင့်အုပ်ကာ မြတ်မင်း နာကျင်စွာ ညည်းနေသည်။

"အ အား မင်း ငါ့ကိုထိုးတယ် အား"

"ဟား မြတ်မင်း နှာခေါင်းက သွေးတွေ ဝေယံ ချကွာ"

ဝေယံနှင့် ဇော်ကြီးတို့ သူရဲကောင်းကို ဝိုင်းတိုက်ခိုက်ကြတော့ သည်။ နှစ်ယောက်တစ်ယောက်ပေမယ့် သူရဲကောင်းက ဝေယံနှင့် ဇော်ကြီး တို့လက်သီးတွေကို လှလှပပ ရှောင်တိမ်းတုံ့ပြန်သည်။

မိနစ်ပိုင်းလေးမှာပဲ ဝေယံနှင့် ဇော်ကြီးတို့ အလဲလဲအပြိုပြို အထိနာကုန်၏။

"ကဲ မင်းတို့ ငါနဲ့ရင်ဆိုင်ဖို့ လက်ရည်မမှီပါဘူး ဒီတော့ သွားကြ တော့"

နေတစ်စင်းကိုယ်တိုင် မျက်မြင်မြင်လိုက်ရသော သူရဲကောင်းရဲ့ တိုက်ရည်ခိုက်ရည်က အဆင့်မြင့်တာ နေတစ်စင်း သိလိုက်သည်။

သားစင် ပြောခဲ့သော သူရဲကောင်းက ကိုယ်ခံပညာကို စနစ် တကျသင်ယူထားသည်ဆိုတာကိုတော့ အကြွင်းမဲ့ လက်ခံရတော့သည်။

မြတ်မင်းတို့ သုံးယောက် ထွက်သွားတော့မှ ရှင်းသန့်နှင့် လင်းလင်းပါ အနားကို ရောက်လာကြသည်။

"ရဲ ဘာဖြစ်သွားသေးလဲ ဟင်"

"ဟင့်အင်း ဘာမှမဖြစ်ဘူး ရှင်းသန့် နင်တို့ကလည်း ကလေး တွေ ကျနေတာပဲ သကြိန်အကြိုပဲ ရှိသေးတယ် ပိုးကြွနေပြီလား"

"ကိုယ့်ခြံရှေ့မှာ အပျော်ကစားတာပါဟာ ဒီကောင်တွေ နေ



www.burmeseclassic.com

www.burmeseclassic.com



တစ်စင်းကို လာစနေကြတာ''

ရှင်းသန့်စကားကြောင့် သူရဲကောင်းရဲ့ ပြုံးစစအကြည့်တွေ နေတစ်စင်းဆီ ရောက်လာရင်း

''ကြက်တောင်စည်းရဲ့ ဒေါသတွေ ဟိုကောင်တွေအပေါ် မကျ ခင် ငါရောက်လာလို့ တော်သေးတာပေါ့ နို့မို့မလွယ်ဘူး''

သူ့လေသံနှင့် အမူအရာက လှောင်ရိပ်တို့ ထင်နေတာမို့ နေ တစ်စင်း မျက်စောင်းထိုးပစ်လိုက်ရင်း

''နင်မလာလည်း ငါ့ကိုစွင်ရှင်းနိုင်တယ်၊ ဒီသုံးကောင်လောက် တော့ ပျင်းသေးတယ်''

''ဟုတ်ပါတယ်၊ ဟုတ်ပါတယ် နင့်နာမည်ကို ကြက်တောင် စည်းကနေ ဒူးရင်းသီးလို့ ပြောင်းသင့်တာ ဒေါသဆူးတွေ ပြည့်နေလို့ ဟား ဟား''

''ဖား နင် ငါ့ကို လာစနဲ့နော်''

နေ ရှူးရှူးလေး အော်ပစ်လိုက်တော့ သူရဲကောင်းပခုံးလေး တွန့်ကာ ပြုံးနေ၏။ နေတစ်စင်း ချာခနဲ လှည့်ထွက်ခဲ့သည်။

ရှင်းသန့်နှင့် လင်းလင်းက သူရဲကောင်းနှင့် စကားတွေပြောရင်း အနောက်က လိုက်လာ၏။ သူတို့တွေရှေ့မှာ သူရဲကောင်းက အစွမ်းပြ လိုက်တာမို့ ရှင်းသန့်တို့ အထင်ကြီးသွားကြမှာ သေချာသည်။

ဆောရီးပဲ သူရဲကောင်း ငါကတော့ နင့်ကို လုံးဝအထင်မကြီး ဘူး။

''ကဲ ရှင်းသန့်တို့ လင်းလင်းတို့ ငါပြန်ပြီ''

''ကောင်းပြီ ရဲ အဲ ဖား မနက်ဖြန် ငါတို့ရှိမယ့် မဏ္ဍပ်





နင်လာခဲ့နော်''

ရှင်းသန့် အသံကို နေတစ်စင်း ကြားနေရပေမယ့် ချာခနဲ ည့်အကြည့်မှာ

''အိုး''

ရေပိုက်ထဲမှရေတွေကို နေတစ်စင်းမျက်နှာဆီဦးတည်ကာ သူ့ရဲ ောင်း ထိုးပက်လိုက်တာမို့ မွန်ထူသွားရ၏။

''ဖား နင်''

''ဟား ဟား ကြက်တောင်စည်း ကြွက်စုတ်မ''

မော် ရယ်မောကာ ရေပိုက်ကိုချခဲ့ပြီး စက်ဘီးကို တအားနင်း က်ပြေးသွားခဲ့သည်။

နေတစ်စင်းမှာသာ ရေမွန်းနေသော မျက်နှာကို ဘယ်ညာ ခါရမ်းထုတ်ပစ်ရင်း တက်တခေါက်ခေါက် ဒေါသတွေ ဆူဝေကျန်ရစ် ခဲ့ရသည်။

''နေ ရလား မွန်နေသေးလားဟင်''

ရှင်းသန့် မေးနေသော မျက်နှာက ပြုံးစစနှင့်မို့ နေတစ်စင်း လေးတင်းကြိတ်ကြည့်ရင်း

''ကောင်မစုတ်တွေ နင်တို့သိရက်နဲ့ ဘာလို့ မတားတာလဲ အစုတ်ပလုပ် တော်တော်ယုတ်မာတယ်''

''ငါတို့ ဘာမှ တားချိန်မရလိုက်ဘူး၊ သူက ပိုက်ကို ဆတ်ခနဲ က်ပြီး နင့်ကိုရေပက်တာဟ''

''ဟုတ်ပါတယ်၊ နေရယ် ငါတို့ဘာမှ မတားနိုင်လိုက်အောင် သက်သွားတာပါဟယ်''



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့်နှင့် လင်းလင်းက အပြစ်လွှတ်အောင် ဝိုင်းတောင်းပန်နေကြ၏။ နေတစ်စင်း စိတ်မဆိုးပေမယ့် တေးမှတ်ထားလိုက်ပါသည်။

ဖားအစုတ်ပလုတ် မျက်နှာကို ဒီသကြန်တွင်းမှာ နေတစ်စင်း အိုးမည်းသုတ်ဦးမည်။

မရရအောင်သုတ်ပြဦးမည်၊ တွေ့ကြသေးတာပေါ့ ဖားစုတ်ရယ်။

■ ■ ■

## အခန်း (၇)

နေတစ်စင်း၏ ကြိမ်းဝါးမှုတွေ အရာမထင်ခဲ့ပါချေ။

ထိုညမှာပဲ မျှော်လင့်မထားသော ဖုန်းသတင်းတစ်ခု ရှင်းသန့်ဆီက ရောက်လာခဲ့လေသည်။

"နေ သူရဲကောင်း သူရဲကောင်း ရဲစခန်းမှာတဲ့"

ငိုသံစွက်နေသော ရှင်းသန့်အသံလေးကြောင့် နေတစ်စင်း နားငြီသွားမိသည်။ ရှင်းသန့် စကားကိုလည်း ရုတ်တရက်မို့ သဘောမပေါက်။

"ရှင်းသန့် ဘာပြောတာလဲ ဖား ဘာဖြစ်လို့လဲ"

"ရဲ ရဲတို့ ရန်ဖြစ်ကြလို့တဲ့ နေရယ် အခု ရဲစခန်းမှာ အချုပ်ခံနေရတယ်တဲ့"

"ရန်ဖြစ်တယ် ဒီသကြန်ရက်ကြီးမှာ ရန်ဖြစ်မှတော့ အချုပ်ခံရမှာပေါ့ ရှင်းသန့်ရဲ့ နည်းတောင်နည်းသေးတယ်"

"ဒီလို မပြောပါနဲ့ နေရယ်၊ သူ ရန်ဖြစ်တာ မြင့်မိုးတို့

www.burmeseclassic.com

www.burmeseclassic.com



အုပ်စုနဲ့''

''မြတ်မင်းတို့ အုပ်စုနဲ့''

''ဟုတ်တယ် နေ့''

ညနေကပဲ မြတ်မင်းတို့ အုပ်စုနဲ့ ရန်ဖြစ်ခဲ့တာ နေတစ်စင်း သိပြီးဖြစ်သည်။

''ဘယ်လို ဖြစ်ကြတာလဲ ရှင်းသန့် ငါ့ကို ရှင်းရှင်းပြောပြစမ်းပါ''

ရှင်းသန့် ပြောမှပဲ နေ နားလည်တော့သည်။ ညနေခင်းက ဖားနှင့် ရန်ဖြစ်သည့် ကိစ္စကို မြတ်မင်းတို့အုပ်စုက မကျေနပ်ဖြစ်ကာ ဖားကို ချောင်းမြောင်း ရိုက်သည်တဲ့။

ဖားနှင့် သားစင်ကတစ်ဖက် မြတ်မင်းတို့ဘက်က လေးယောက် အဖွဲ့ ရန်ဖြစ်ကြသည်။

ဖားက ဘာမှမဖြစ်ပေမယ့် သားစင်က ခေါင်းကွဲကာ လေးချက် ချုပ်ရ၏။ မြတ်မင်းတို့ လေးယောက်လည်း ဒဏ်ရာ ဒဏ်ချက်တွေနှင့် အားလုံး အချုပ်ခန်းထဲမှာတဲ့။

ရှင်းသန့် ပေးသည့် သတင်းကြောင့် နေတစ်စင်း စိတ်မကောင်း ဖြစ်မိသည်။ ဖားဖြစ်သည့် ပြဿနာက နေ့ရဲ့ စနက်လည်းမကင်းပါ။ တကယ်ဆို မြတ်မင်းတို့နှင့်စပြီး ပြဿနာဖြစ်သူက နေတစ်စင်းဖြစ်သည်။

ဖား ရောက်လာတော့ မြတ်မင်းနှင့် ပြဿနာဖြစ်ကြသည်။ ယောကျ်ားသတ္တိ မရှိသော မြတ်မင်းတို့က အုပ်စုဖွဲ့ကာ သူ့ကို ထပ်ပြဿ နာရှာခြင်းပင်တည်း။

သူ့ရဲကောင်းအပေါ်မှာ နေ ပထမဆုံးအကြိမ် ကရုဏာသက် မိခြင်းပင်ဖြစ်သည်။ နေကြောင့် သူ့ရဲကောင်းတို့ ပြဿနာတက်ရခြင်း





ပင်ဖြစ်၏။

ထိုညက နေ တော်တော်နှင့် အိပ်မပျော်နိုင်ပါ။ သူ့ရဲကောင်းတို့ အခြေအနေကို သိချင်လွန်းလှသည်။

နေတစ်စင်း စိုးရိမ်သလို ရှင်းသန့်လည်းစိုးရိမ်ကာ အိပ်ပျော်နိုင် ခဲ့ပုံမပေါ်ဟု သိနေသည်။

■ ■ ■

မနက်အိပ်ရာနိုးတော့ နေတစ်စင်းကော်ဖီဝိုင်း မထိုင်ခင်မှာဘဲ လင်းလင်း ဆီဖုန်းဆက် ဖြစ်သည်။

''လင်းလင်း နင် ဖား ပြဿနာ သိပြီးပြီလား''

''သိတယ် နေ့ အခုပဲ ငါနဲ့ရှင်းသန့် နင့်ဆီ လာနေကြတာ''

''ဟုတ်လား အေး ငါ အိမ်ကပဲ စောင့်မယ် လာခဲ့ကြလေ''

ပြောပြီး နေတစ်စင်း ဖုန်းလေးပိတ်ကာ ဧည့်ခန်းက ထွက်စောင့် နေလိုက်သည်။

''သမီး ဘာလုပ်နေတာလဲ ကော်ဖီမသောက် သေးဘူးလား''

''သောက်မယ် မာမီ ရှင်းသန့်နဲ့လင်းလင်းတို့ လာမယ်ဆိုလို့ စောင့်နေတာ ပြီးမှ သောက်ကြမယ်လေ''

''အေး အေး ဒါဆို သမီးသူငယ်ချင်းတွေလာမှ အတူသောက် ကြပေါ့၊ မာမီ ဈေးဘက် ခဏသွားဦးမယ်''

မာမီပြောပြီး ထွက်သွားလေသည်။ မကြာခင်မှာပဲ ရှင်းသန့်တို့ ရောက်လာကြသည်။ ကားမှန်တွေ အလုံပိတ်ကာ မောင်းလာကြတာမို့ နှစ်ယောက်စလုံး ရေမစိုကြပါ။

''လာကြဟာ နင်တို့နဲ့အတူ ကော်ဖီသောက်မလို့ ငါစောင့်နေတာ''



www.burmeseclassic.com

www.burmeseclassic.com



"နေ ငါ ဒီမနက်ပဲ သူရဲကောင်းတို့ အိမ်ရောက်ခဲ့တယ်"

ရှင်းသန့်က ရဲကိစ္စကို အရင်ဆုံး ဆီးပြောသည်။ ဒီတစ်ခါတော့ ရှင်းသန့်ကို နေတစ်စင်း စကားနာမထိုးလိုပါ။

နေတစ်စင်းကိုယ်တိုင်လည်း သူရဲကောင်းကိစ္စကို သိပ်သိချင်နေသည်။

သုံးယောက်သား ကော်ဖီအတူသောက်ဖို့ စားသောက်ခန်းထဲ အတူလျှောက်ခဲ့ရင်း နေတစ်စင်း မေးမိ၏။

"အခြေအနေက ဘာတဲ့လဲ ရှင်းသန့်"

"သကြန်ရက် သုံးရက်စလုံး ရန်ဖြစ်တဲ့သူတွေကို ရဲစခန်းက အချုပ်ထဲမှာ ချုပ်ထားမယ်တဲ့ သကြန်ပြီးမှ လွှတ်ပေးမယ်တဲ့"

"ဟုတ်လား ဒါဆို ဖားတော့ သကြန်မှာ မကဲရတော့ဘူးပေါ့"

"အေးဟယ် ငါသနားလိုက်တာ တကယ်ဆို သူ့အဖေကော မြတ်မင်းတို့အဖေကပါ မှတ်လောက်သားလောက် ဖြစ်အောင်ဆိုပြီး တမင်ချုပ်ထားခိုင်းတာတဲ့"

ရှင်းသန့် ပြောရင်း မျက်နှာလေး ညှိုးနေသည်။ နေ တိုက်သော ကော်ဖီခွက်သည် ရှင်းသန့်ရှေ့မှာ ဒီအတိုင်းရှိနေသည်။

"ရှင်းသန့် ကော်ဖီသောက်လေ"

နေတစ်စင်း သတိပေးမှ ကော်ဖီကို တစ်ငုံမော့သောက်သည်။

"မုန့်တွေ စားလေဟာ"

"ဟင့်အင်း တော်ပြီငါ မစားချင်ဘူး၊ ဟိုလေ ငါတို့ ရဲကို သွားတွေ့ကြရအောင်နော်"

"ဘယ်ကို သွားတွေ့ရမှာလဲ ရဲစခန်းမှာဆို"





"အေးလေ ငါတို့ခဏလောက် သွားတွေ့မယ် နင်ပါ လိုက်ခဲ့နော်"

ရက်တတ် ကြောက်တတ်သော ရှင်းသန့်က ဖားကို ရဲစခန်းက အချုပ်ထဲအထိ သွားတွေ့ချင်သည်တဲ့။

နေတစ်စင်း မငြင်းဘဲ ခေါင်းညိတ်လိုက်မိသည်။ တကယ်ဆို အဖြစ်ခဲ့သော ပြဿနာအစမှာ နေရဲ့ စနက်လည်း မကင်းတာကြောင့် ဖြစ်သည်။

ရှင်းသန့်တို့ ကားနှင့်ပဲ ရဲစခန်းကို မောင်းခဲ့ကြသည်။

ဒရိုင်ဘာကြီး ဦးဆောင်ကာ ရှင်းသန့်ဆန္ဒအတိုင်း လိုက်ပို့ပေးသည်။ ရှင်းသန့်လက်ထဲမှာ ကြိုးဆွဲစက္ကူပုံး တွေ့တာမို့

"အဲဒါက ဘာတွေလဲ ရှင်းသန့်ရဲ့"

"မုန့်တွေပါ ရဲအတွက် ယူလာတာ"

ရေခဲမုန့်အတွက် ရှင်းသန့်ကမုန့်တွေ ထည့်ယူလာသည်တဲ့၊ နေ တစ်ခုခုပြောလိုက်မှာကို စိုးရိမ်နေသော ရှင်းသန့် မျက်နှာလေးကို ကြည့်ကာ နေ ဘာမှ မပြောဖြစ်တော့ပါ။

ဒရိုင်ဘာကြီး ဦးသောင်းက စခန်းမှူးကို အကျိုးအကြောင်း ပြောပြတော့ နေတစ်စင်းတို့ တွေ့ခွင့်ရသည်။

သူရဲကောင်းနှင့်တွေ့တော့ သူရဲကောင်းမျက်နှာက ပုံမှန်အတိုင်း ရယ်ရယ်ပြုံးပြုံးပဲ ရှိသည်။

"နင်တို့ဘာလို့ လာကြတာလဲ ငါက နင်တို့တွေ မဏ္ဍပ်မှာ ကဲနေကြပြီ ထင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မရောက်ပါဘူး ရဲရယ် နင့်ဆီလာတွေ့တာပါ၊ ဒီမှာ စားစရာ မုန့်တွေပါ ပါတယ်"

"အားနာစရာ ရှင်းသန့်ရယ် မာမီပို့ပေးတာတွေနဲ့ အဆင်ပြေပါ တယ်ဟာ၊ အေး နင်ပေးတော့လည်း ဒီအထဲက လူတွေကို ငါ ခွဲဝေကျွေး လို့ရတာပေါ့ ဟော့ ကြက်တောင်စည်း"

နေတစ်စင်းကို မြင်တွေ့ကာ သူရဲကောင်း ပြောင်စပ်စပ် မျက် နှာနှင့် လှမ်းခေါ်နှုတ်ဆက်တာမို့

"ဘာလဲ ဖား အချုပ်ထဲရောက်နေတာတောင် နင်ကပြောင်နိုင် သေးတာပေါ့"

"ပျော်ပျော်နေမှ သေခဲမှာလေ နင် ငါနဲ့အတူ ပြစ်ဒဏ်ကို မျှဝေခံစားပေးမလို့လား အဟဲ ကျောင်းမှာတုန်းက ငါလည်း နင်နဲ့အတူ အပြစ်ဒဏ်ခံပေးဖူးတယ်နော်"

"သေလိုက် နင့်မိုက်ပြစ်နဲ့ နင်ခံရတာ ငါကဘာလို့ ဝင်ခံရမှာလဲ"

"နင် မျှဝေခံစားမယ်ဆိုရင်လည်း ငါက လက်မခံပါဘူး ကြက် တောင်စည်းရယ် အချုပ်ခန်းထဲလာမှိုင်နေတဲ့ လင်းတတွေ ဟိုမှာ ကြည့် ပါလား"

အချုပ်ခန်းထောင့်မှာ ငုတ်တုတ်ထိုင်နေသော မြတ်ခင်းတို့ အုပ်စုကို ကြည့်ကာ သူရဲကောင်း ပြောသည်။ ရှင်းသန့်က

"ရဲ သူတို့နဲ့ ထပ်ရန်ဖြစ်မနေနဲ့ဦးနော်"

"နင်က ဖြစ်စေရင်တောင် ဒီကောင်တွေ မဖြစ်ရတော့ဘူး ကဲ သွားကြတော့ ကြက်တောင်စည်း နင် ငါ့အတွက် ဒီသကြန်မှာ ပိုက်ကဲလိုက်ဟာ"





အပြန်မှာတောင် ဖား ပြောင်စပ်စပ် မျက်နှာလေးနှင့် လှမ်း နောက်ပြောင်သေးသည်။

နေတစ်စင်းတို့ အသေအချာ စီစဉ်ထားသော သကြန်ပျော်ပွဲ လေးက ထိုနှစ်မှာ ပျော်စရာမကောင်းခဲ့ပါ။

အကျနေ့က မလ္လာပ်ကို သွားမည် စီစဉ်ထားပေမယ့် မရောက် ဖြစ်ခဲ့ကြပါ။ အကြတ်နေ့တော့ ကားနှင့်လည်ဖြစ်ပါသည်။ ဒါပေမဲ့ ရှင်းသန့်က သူရဲကောင်းအကြောင်းတွေပဲ သတိတရပြောနေတာမို့ အပျော်တွေ မစုံပြေခဲ့။

သကြန်ပြီးမှပဲ ပျော်စရာတွေကို ဆက်တိုက်ပိုင်ဆိုင်ခဲ့ရသည်။ နေတစ်စင်းတို့ သုံးယောက်စလုံး စာမေးပွဲအောင်ခဲ့ကြသလို ဖားလည်း အောင်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဆယ်တန်းကျောင်းသား ဘဝမှာလည်း နေတစ်စင်းနှင့် ဖား တို့ တစ်ယောက်နှင့်တစ်ယောက်တွေ့လျှင် မခံနိုင်အောင် နောက် ပြောင်ကြရင်း သူ့ဦးလျှင်သူ့စ ကိုယ်ဦးလျှင်ကိုယ်စနှင့် ရှိခဲ့ကြသည်။

ကျောင်းဆင်းလို့ နေတစ်စင်း စာသင်ခန်းထဲက ကျောပိုး အိတ်ဆွဲကာ အထွက်မှာပဲ အိတ်သိုင်းကြိုး ပြတ်ကျကာ အရှက်ကွဲရ တာလည်း သူ့ရဲ့ကောင်း လက်ချက်။

"ကြည့်စမ်းကြိုးကို ဘလိတ်ဓားနဲ့ တိတိရိရိ လှီးဖြတ်ထားတာဟ"

"ဟုတ်ပါရဲ့ ဘယ်သူ နောက်ထားတာလဲ မသိဘူး"

"ဘယ်သူရမှာလဲ ဟို အစုတ်ပလုတ်ကောင် ဖားပဲ ဖြစ်မှာ ပေါ့၊ ဒီကောင် မုန့်စားဆင်းချိန်တုန်းက အခန်းထဲကို ဝင်လာသေးတယ်"

"ရဲ ရဲက ဒီလိုမလုပ်လောက်ပါဘူးဟယ်"





"ရှင်းသန့် နင် သိသိကြီးနဲ့ကာမနေနဲ့ ဒီကောင်ပဲဖြစ်ရမယ်"

ကြိုးပြတ်နေသော ကျောပိုးအိတ်ကို ပိုက်ရင်း နေတစ်စင်း အံတကြိတ်ကြိတ် ဖြစ်နေတုန်းမှာပဲ

"ကြက်တောင်စည်း ကြိုးပြတ် ဟား ဟား ဟား"

ကျောင်းသားအုပ်စုထဲက အော်သံကြီးက ဖားအော်သံ ဖြစ်သည်။ သူ့အသံကြီးကြောင့် တခြားကျောင်းသား ကျောင်းသူတွေပါ နေတစ်စင်းအဖြစ်ကို သတိထားမိသွားကြကာ ပြုံးစိစိ ဖြစ်နေကြသည်။

"တောက် အစုတ်ပလုတ်ကောင်"

နေ ကြိမ်ဝါးရင်း သူ့ရဲ့ကောင်းနောက် မီအောင် တိုးဝှေ့လိုက်ခဲ့ သည်။ သင်းကလည်သည်။ ကျောင်းသားအုပ်ကြားထဲက လှစ်ခနဲ ပြေး သည်။

ဒေါသထွက်နေသော နေတစ်စင်း ကမူးရှူးတိုးနှင့် ဝင်တိုက်မိသူ က ဆရာဦးပြတိုက် ဖြစ်နေတာမို့

"ဟာ ကန်တော့ ကန်တော့နော် ဆရာ ဆောရီးပါ"

"ဘာဖြစ်လာတာလဲ နေတစ်စင်း ရဲ့"

"ဟို ဖား အဲ သူ့ရဲ့ကောင်း နောက်လိုက်တာပါ"

နေတစ်စင်း လက်ထဲက ကျောပိုးအိတ်ကြီးကိုတစ်လှည့် နေကို တလှည့်ကြည့်ကာ ဆရာပြတိုက် မေးသည်။

"ကျောပိုးအိတ် ဘာဖြစ်လို့လဲ"

"ဖား ဓားနဲ့ဖြတ်သွားတာလေ ဆရာရဲ့"

"ဟင် ဒီလောက်တောင် နောက်ရသလား နေတစ်စင်းတို့ရော မာန်ဖြစ်ဦးမလို့လား ရန်မဖြစ်ကြနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာပြုတိုက် စိုးရိမ်သံလေးနှင့် ပြောသည်။ နေ ခေါင်းလေး ခါပြုံးပြရင်း

"ဟင့်အင်း ရန်မဖြစ်ပါဘူး ဆရာရဲ့၊ ဒါပေမဲ့ လက်စားတော့ ချေရမယ်"

"အဲဒီလို မလုပ်ရဘူးလေ"

"မပူပါနဲ့ဆရာ သူနဲ့ နေက ဒီလိုပဲ ဦးသူနောက်စတမ်းပဲ ရန်မဖြစ်ပါဘူး၊ စိတ်ချ သွားပြီဆရာ"

နေ နှုတ်ဆက်ကာ ထွက်ခဲ့တော့ ဆရာပြုတိုက် ဘာမှမပြော နိုင်ဘဲ ငေးငေးလေး ကျန်ရစ်ခဲ့သည်။

နေကလည်း ဖားနှင့် ပတ်သက်ပြီး အလျှော့ပေးတတ်သူ မဟုတ်လေတော့...။

"နေ အဲဒါ နင့်လက်ချက် မဟုတ်လား"

"ဘာလဲ ဘာကိုပြောတာလဲ"

"ရဲ့ လွယ်အိတ်ထဲကို နင် ခါချဉ်အုံကြီး ထည့်လိုက်တာလေ တစ်ခန်းလုံး ရှုတ်ရှုတ်သဲသဲ ဖြစ်သွားတယ်တဲ့"

ရှင်းသန့် ပြောလာတော့ နေ အားပါးတရ ရယ်ပစ်လိုက်မိသည်။ ထိုခါချဉ်ထုပ်ကိုရဖို့အတွက် ခြံစောင့်ကြီးကို နေ အကူအညီ တောင်း ခဲ့ရသည်။

ကြွပ်ကြွပ်အိတ်နှင့် အသေအချာထုပ်ကာ ဖားကျောပိုးအိတ်ထဲ ထည့်ပေးခဲ့တာ ဖြစ်သည်။

"ရဲ့ လက်မှာလည်း ခါချဉ်တွေ ဝိုင်းခဲထားလို့ ဖူးယောင်နေ တာပဲ"





"ကောင်းလိုက်တာ အရသာရှိလိုက်တာ"

ရှင်းသန့် ပြောတာကို နားထောင်ရင်း နေ ပြုံးပြုံးလေး ရေရွတ်လိုက်ပါသည်။ ဖား ဖစ်ကို ဆွဲဖွင့်သည်နှင့် အထဲမှာ လှောင် ပိတ်နေသော ခါချဉ်တွေ ဝိုင်းခဲကြမှာ သေချာသည်ပေါ့။

"နေ နင်လုပ်လိုက်တာပေါ့လေ"

"သိပ်သေချာတာပေါ့ ဟဲ့"

နေ ဝန်ခံပေမယ့် ဖားကတော့ ထို့အတွက် နေတစ်စင်းကို စိတ်မဆိုးခဲ့ပေ။ ဒီလိုပဲ စာသင်နှစ် တစ်လျှောက်လုံးမှာ နေနှင့် ဖား တို့ တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင် ကျီစယ်နေခဲ့မှုတွေက အဆုံးသတ် မသွားခဲ့။

ဆယ်တန်းရောက်မှ နေတို့ကို သင်္ချာဘာသာရပ် သင်ကြား သည့် ဆရာပြုတိုက်နှင့်လည်း ရင်းနှီးခင်မင်ခဲ့ကြသည်။

ကြက်တောင်စည်းနှင့်ဖားဆိုသော နေတစ်စင်းနှင့် သူ့ရဲ့ကောင်း ဆို့ အကြောင်းကိုလည်း ဆရာပြုတိုက် တစ်ယောက် ကောင်းကောင်း ကြီး သိသွားခဲ့ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

နေတစ်စင်း ခင်သော သူငယ်ချင်းတွေနှင့် တက္ကသိုလ်ကို အတူ တက်ခွင့်ရလိမ့်မည်ဟု ယုံကြည်ထားခဲ့သည်။

သို့ပေမယ့် ကံကြမ္မာက နေရဲ့ မျှော်လင့်ချက်ဆန္ဒတွေကို မပေးခဲ့ပါ။

ဒယ်ဒီရဲ့ လုပ်ငန်းကုမ္ပဏီ အခြေစိုက်ရာ မန္တလေးသို့ ပြောင်းရွှေ့နေထိုင်ရမည်ဟု အခြေအနေက ဖန်တီးလာခဲ့သည်။

ထိုသတင်းကိုကြားတော့ ရှင်းသန့် မျက်ရည်လေးဝဲကာ စိတ်မကောင်း ဖြစ်နေသည်။ လင်းလင်းကလည်း ဝမ်းနည်းစိတ်ကို မဖုံးမဖိနိုင်ရှာ။

"နေရယ် နင်တကယ်ပဲ ငါတို့ကို ခွဲသွားတော့မှာလားဟင် ငါတို့က တို့သုံးယောက်အတူ တက္ကသိုလ်တက်ကြမယ်လို့ မျှော်လင့်ထားတာ သိလား"





"ဟုတ်တယ် နေရယ် နင် မန္တလေးကို လိုက်မသွားနဲ့ဟာ ငါတို့တွေနဲ့ပဲ နေခဲ့ပါနော်"

"ရှင်းသန့်ရယ် ငါလည်း ဘယ်သွားချင်ပါ့မလဲ ဒါပေမဲ့ ဒယ်ဒီရဲ့ လုပ်ငန်းကိစ္စတွေက မန္တလေးမှာပဲအဆင်ပြေမှာလေ"

တကယ်ဆို ဘဝဆိုတာက ပျော်ရာမှာ နေခွင့်မရှိပါ။ မခွဲချင်ပေမယ့်လည်း ခွဲခွာကြရမှာက လောကရဲ့ ဓမ္မတာပဲ ဖြစ်သည်။

"ငါ နင်တို့ကို အမြဲသတိရနေမှာပေါ့၊ ငါတို့ ဘယ်တော့မှ အဆက်အသွယ် မပြတ်ကြစတမ်းနော်"

နောက်ဆုံးတော့ နေတို့ တကယ်ပဲ ခွဲခွာခဲ့ကြရလေသည်။

မန္တလေး တက္ကသိုလ်မှာပဲ နေ ကျောင်းတက်ခဲ့ရသည်။ ရှင်းသန့်နှင့် လင်းလင်းတို့ကတော့ နှစ်ဦးအတူ တက္ကသိုလ် တက်ဖြစ်မည်ဟု နေ ထင်ခဲ့သည်။

သို့ပေမယ့် ထိုထင်မြင်ချက်သည်လည်း တက်တက်စင်အောင် ကွဲချော်ခဲ့ရလေသည်။

ရှင်းသန့်ဆီမှာ ကြားရသော ဖုန်းသတင်းကြောင့် သိခဲ့ရခြင်း ဖြစ်၏။

"လင်းလင်းလည်း ငါနဲ့အတူ တက္ကသိုလ် တက်နိုင်တော့မှာ မဟုတ်ဘူးတဲ့ နေရယ်၊ သူက သူ့အဒေါ်ဝမ်းကွဲတွေရှိတဲ့ ဩစတြေးလျမှာ ကျောင်းသွားတက်ရမယ်တဲ့"

"ဟင် ဘယ်လိုဖြစ်တာလဲ"

"အခုမှ အစီအစဉ်တွေက ပြောင်းကုန်တာလေ"

"ဒါဆို နင်တစ်ယောက်တည်း ကျောင်းတက်ရတော့မှာပေါ့

www.burmeseclassic.com



ဟုတ်လား ရှင်းသန့်''

''ဟုတ်တယ် နေ့ နောက်ဆုံးတော့ ငါတို့ သူငယ်ချင်းတွေ အတူတူ တက္ကသိုလ် တက်ကြမယ်ဆိုတဲ့ မျှော်လင့်ချက်ကြီး ပျက်စီးခဲ့ရတာပဲနော်''

ရှင်းသန့် တစ်ယောက်တည်း အထီးကျန်နေမှာကို စာနာကာ သနားမိသေးသည်။

''နေတစ်စင်း ငါနဲ့တော့ ဘယ်တော့မှ အဆက်အသွယ် မပြတ်ရှိပါနော်၊ လင်းလင်းကလည်း Online ကတစ်ဆင့် ဆက်သွယ်ပါတဲ့''

''အေးပါဟာ ငါတို့ သူငယ်ချင်းတွေ အမြဲတမ်း မဝေးပါဘူး ငါလည်း ဘွဲ့ရပြီးရင် ရန်ကုန်ကိုပဲ ပြန်လာဖို့ ကြိုးစားမှာပါ''

''တကယ်လား နေ နင်မညာနဲ့နော်''

''ညာစရာလား ရှင်းသန့်ရဲ့ ငါ့ပညာရေးဆုံးခန်းတိုင်ရင် ရန်ကုန်မှာပဲ နေမယ်လို့ ဒယ်ဒီတို့ကို တောင်းဆိုထားတယ်''

''တကယ်နော် နင်ပြန်လာမှာကို ငါစောင့်နေမယ်သိလား နေ''

နေတစ်စင်းတို့ သုံးယောက်တည်းမှာ အအေးဆုံး စိတ်အနေဆုံး ရှင်းသန့်တစ်ယောက်ကတော့ ရန်ကုန်မှာပဲ စီးပွားရေးတက္ကသိုလ်ကို တစ်ယောက်တည်း တက်ခဲ့ရလေသည်။

နေကတော့ မန္တလေး တက္ကသိုလ်မှာ ကျောင်းတက်ခဲ့သည်။

ငယ်သူငယ်ချင်းတွေ အဆက်အသွယ် မပြတ်တော့ ရှိခဲ့ကြသည်။ အထူးသဖြင့် ရှင်းသန့်နှင့်တော့ တစ်ပတ်တစ်ခါလောက် ဖုန်းချင်းစကားပြောဖြစ်ပါသည်။

''ရှင်းသန့် ဖားနဲ့နှင့်အခြေအနေ ဘာလဲ''





''ဒီလိုပါပဲ မဆုံဖြစ်တာကြာပြီ သူတို့လည်း အိမ်ပြောင်းသွားကြပြီလေ''

''ဟင် ဟုတ်လား''

''ဟုတ်တယ် ပြီးတော့ သူနဲ့ငါ မေဂျာမတူဘူးလေ''

''နှင့်ကျောင်းကို သူ လာမလည်ဘူးလား''

''မလည်ပါဘူးဟာ အထက်တန်းကျောင်းတုန်းကလို ဆုံဖို့က အတော်ကို ဝေးသွားပါပြီ''

အခြေအနေတွေက တကယ်ကို ပြောင်းလဲသွားခဲ့တာတော့ အသေအချာပဲ ဖြစ်သည်။

အထက်တန်းကျောင်းသား ဘဝတုန်းက နေနှင့် တစောင်းဆေးနှင့် မျက်ချေးဖြစ်ခဲ့သော ဖားသည်ပင် ရန်ကုန်တစ်မြို့တည်းမှာ အတူရှိလျက် ဆုံဖို့ ခက်ခဲနေသည့်အဖြစ်။

နေတစ်စင်းကို ကြက်တောင်စည်းဟု နာမည်ပြောင်းခေါ်ကာ အမြဲတမ်း စနောက်တတ်သော သူ့ရဲကောင်းကိုတော့ အာရုံထဲမှာ ပြေးမြင်မိသေးသည်။

အတိတ်သည် ပြန်တွေးလျှင်တော့ လွမ်းမောစရာကောင်းပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ကျောင်းပြီး၍ ဘွဲ့တစ်ခုပိုင်ဆိုင်တော့ ဒယ်ဒီက နေ ဝါသနာအတိုင်း ရွေးချယ်လျှောက်လှမ်းခွင့်ပြုသည်။

ရှင်းသန့်နှင့် နေတစ်စင်းတို့ တိုင်ပင် ညှိနှိုင်းထားသည့် အတိုင်း စင်ကာပူမှာ ဒီဇိုင်နာသင်တန်း တက်ချင်သည်ဆိုတော့ ဒယ်ဒီ ခွင့်ပြုခဲ့သည်။

"သမီးတို့ကတော့ တစ်မြို့ဆီနေတာတောင် အဆက်အသွယ်က မပြတ်ပါလား၊ ရှင်းသန့်လေးပါ သမီးနဲ့ ဝါသနာ တူတယ်ဆိုတော့ မာမီလည်း ခွင့်ပြုပါတယ်ကွယ်"

ဒယ်ဒီနှင့်မာမီက အပြည့်အဝ ပံ့ပိုးပေးခဲ့သည်။ ထို့ကြောင့်လည်း ရှင်းသန့်နှင့် နေတစ်စင်းတို့ အိမ်တွင်းပြင်ဆင်ပုံ ဒီဇိုင်နာသင်တန်းကို စင်ကာပူမှာ တစ်နှစ်သင်ယူဖြစ်ခဲ့ကြသည်။

လင်းလင်းဆီကို နေတစ်စင်းတို့ စင်ကာပူမှာ သင်တန်းတက်နေကြောင်း အသိပေးတော့ လင်းလင်းက အားကျကျေနပ်ကြောင်း ပြော





သေးသည်။

ငါးနှစ်တာဆိုသော ကာလအတွင်းမှာ လင်းလင်းနှင့် တစ်ကြိမ်တောင် ပြန်မဆုံဖြစ်ပါ။

ရှင်းသန့်နှင့် နေတို့နှစ်ဦး ပထမဆုံးအကြိမ် ပြန်ဆုံကြတော့ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ချီးကျူးမိကြသေး၏။

"နင်က အရမ်းလှလာတယ် နေရယ်"

"နင်လည်း လှလာလိုက်တာ ရှင်းသန့်ရယ် ဆံပင်ရှည်ကြီးတွေက အရင်ထက်တောင် ပိုလှလာသေး"

"သိပ်မြှောက်မနေနဲ့ နေ ငါတို့တွေက အထက်တန်းကျောင်းသူလေးတွေမှ မဟုတ်တော့တာ ဘွဲ့တွေရလို့ လူကြီးတွေ ဖြစ်နေပြီ"

ရှင်းသန့် စကားကြောင့် နေ သဘောကျစွာ ပြုံးမိသည်။ ဟုတ်တော့လည်း ဟုတ်သည်။ ငါးနှစ်ကျော်ဆိုသော ကာလသည် ရှင်းသန့်ကိုရော နေ ကိုပါ ပြောင်းလဲသွားစေတာတော့ သေချာပါသည်။

ရုပ်ခန္ဓာကိုယ် အသွင်ကော ပြောင်းလဲစေရုံမက စိတ်အာရုံတွေပါ ရင့်ကျက်တည်ငြိမ်လာစေခဲ့တာ သေချာပါ၏။

"ရှင်းသန့် နင့်ကို မေးချင်တဲ့ လူတစ်ယောက်ရှိသေးတယ်"

"ဘယ်သူလဲဟင် နေ"

"ဖားလေ"

နေ အမေးစကားကြောင့် ရှင်းသန့် မျက်နှာလေး ညှိုးသွားခဲ့တာတော့ အသေအချာပဲ ဖြစ်သည်။

"ရဲနဲ့ မဆုံဖြစ်တာ ပထမနှစ်ကတည်းကပဲ"

"တစ်ခါမှ မဆုံတော့တာလား ဟင် ရှင်းသန့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မဆုံဖြစ်ဘူး၊ သူ့သတင်းတွေကိုတော့ သားစင်ဆီက ကြားပါတယ်"

"ဘာကြားသလဲ သူက ဘာမေဂျာယူတာလဲဟင် ဘာနဲ့ကျောင်းပြီးသွားတာလဲ"

"သူက ရှေ့နေတွဲ့ယူသွားပြီလေ"

"ဘာရယ် ဖားက ရှေ့နေတွဲ့ယူသွားတယ်၊ အဟင်း ဟင်း လိုက်ပါတယ်၊ သူများကို မခံချင်အောင် ပြောတတ် စတတ်တဲ့ ကောင် အဟင်း ဟင်း"

နေ သဘောကျစွာ ရယ်နေမိပေမယ့် ရှင်းသန့် မျက်နှာလေးကတော့ မရယ်မပြုံ တည်ငြိမ်နေခဲ့သည်။

"ရှင်းသန့် နင်သူ့ကို ချစ်နေတာလားဟင်"

ရှင်းသန့် မျက်နှာလေး ပန်းနုသွေး လွှမ်းသွားခဲ့သည်။ နေ ရှင်းသန့် ပခုံးလေးကို ညင်သာစွာ ဆုပ်ကိုင်ရင်း

"နင်နဲ့ငါက သူငယ်ချင်း၊ အရင်းကြီးတွေပါဟာ အမှန်ကို ဝန်ခံစမ်းပါ"

"အင်း ငါမညာပါဘူး သူ့ကိုငါချစ်ခဲ့တယ်၊ မျှော်လင့်ခဲ့တယ် ဒါပေမဲ့ ငါ့မျှော်လင့်ချက် မဖြစ်နိုင်ဘူးဆိုတာ ငါ သိခဲ့တယ်"

"ဘာလို့လဲ ဟင် ရှင်းသန့်"

"သူက ဂန္ဓဝင်ကို ချစ်နေတာတဲ့"

"ဘာရယ် ဂန္ဓဝင်"

"ဟုတ်တယ်လေ ကျောင်းမှာတုန်းက နင် မှတ်မိသလား"

ရှင်းသန့်မေးတော့ နေ ခေါင်းလေးညိတ်ပြရင်း





"မှတ်မိတာပေါ့ဟာ နင်ကျွေးတဲ့ ရေခဲမုန့်ကို သူ ဂန္ဓဝင်ကို ပြန်ကျွေးလို့ ငါနဲ့တောင် ပြဿနာ ဖြစ်ခဲ့သေးတာပဲ"

"ဟုတ်တယ် သူက ဂန္ဓဝင်ကို ချစ်နေတာလေ သားစင် ပြောပြလို့ ငါသိခဲ့ရတာ"

နေ ရင်ထဲမှာ ရှင်းသန့်ကို စာနာသနားသွားမိသည်။ ရှင်းသန့် ခံစားနေရမှာကို နားလည်ပါသည်။

"ရှင်းသန့် နင် ခံစားနေရလားဟင်"

နေတစ်စင်း အမေးကို ရှင်းသန့်မဲ့မဲ့လေး ပြုံးရင်း ပင့်သက်လေး ရှိုက်သည်။

"ခံစားကတော့ ခံစားရတာပေါ့၊ ဒါပေမဲ့ လူမသိ သူမသိ ခံစားရတာမျိုးပါ နေရယ်၊ သူလည်း မသိနိုင်ဘူးလေ"

ရှင်းသန့် ရင်ထဲကို မြင်နိုင်ပါသည်။ သူငယ်ချင်းလေး ဝေဒနာတွေကို နေအခုမှ သိခဲ့သည်။ သူ့ရဲကောင်းကိုမှ ရှင်းသန့် ချစ်နေခဲ့သည်ကို။

ဒါပေမဲ့ သူ့ရဲကောင်း ဆိုသော ဖားက ဂန္ဓဝင်ကိုပဲ ဦးတည်နေခဲ့တော့ ရှင်းသန့် ခံစားရရှာမည်။

ဖားနှင့် ပတ်သက်သည့် အကြောင်းတွေကို နေ ဆက်မမေးဖြစ်တော့ပါ။

အချစ်ဆိုတာ ပိုင်ဆိုင်ချင်တိုင်းလည်း မရတတ်။ မရနိုင်တာကိုမှ လိုချင်တတ်တာလည်း သေချာသည်။

နေတစ်စင်းလည်း ခံစားခဲ့ရဖူးတာပဲလေ။

နှင့်ကို ငါနားလည်နိုင်ပါတယ် ရှင်းသန့်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

သင်တန်းပြီးဆုံးလို့ ရှင်းသန့်တို့ ပြန်ရောက်တော့ အလုပ်က လည်း မြန်မာပြည်မှာ အသင့်ရှိနေသည်။

''နေ နင်ဘယ်လို လုပ်မှာလဲ ဂလိုတယ်ကုမ္ပဏီမှာ အလုပ်ဝင် မယ်ဆိုရင်တော့ ဘာမှမပူနဲ့''

ဂလိုတယ်ကုမ္ပဏီဆိုတာက နေတို့ တတ်ကျွမ်းထားသော ပညာ ရပ်နှင့် အံဝင်ဂွင်ကျ အဆင်ပြေနိုင်သည့် ကုမ္ပဏီဖြစ်သည်။ ကုမ္ပဏီ အခြေစိုက်တည်ရာက ရန်ကုန်မှာမို့ နေ အတွက် စိုးရိမ်ကာ ရှင်းသန့် မေးသည်။

''နင်နဲ့အတူ ငါလည်း ဝင်မှာပေါ့ ရှင်းသန့်ရဲ့''

''ဒါဆို နင် ရန်ကုန်လာနေရမှာလေ နင့်မိဘတွေက ခွင့်ပြုဦး မှာလား''

''အလုပ်ကိစ္စဆိုရင် ခွင့်ပြုမှာပါဟာ''





ဒယ်ဒီတို့ မာမီတို့နှင့် တိုင်ပင်တော့ နေကို အလွယ်တကူ ပဲ ခွင့်ပြုပါသည်။

''သမီးက ရှင်းသန့်တို့ အိမ်မှာနေပြီး အလုပ်လုပ်မယ်ဆိုရင် သည်း မာမီစိတ်ချပါတယ်''

''သမီးက ရှင်းသန့်နဲ့ အတူအလုပ်ဆင်းမှာဆိုတော့ ရန်ကုန်မှာ နေမှဖြစ်မှာမို့ပါ မာမီ''

''နေဦး သမီး ရှင်းသန့်လေးက သမီးသူငယ်ချင်း ဆိုပေမယ့် ဆွေမျိုးရင်းချာတွေမှ မဟုတ်တာ သမီးနေတိုင်ရတာ ကြာရင် အားနာ ရာ ဖြစ်လာမှာပေါ့၊ ဒီတော့ သမီးအလုပ်ဆင်းရမယ့် ကုမ္ပဏီနဲ့ နီးတဲ့ နေရာမှာ တိုက်ခန်းတစ်ခန်း ဝယ်လိုက်ပါလား''

''အင်း သမီးဒယ်ဒီ ပြောတာလည်း ကောင်းပါတယ်၊ သမီး သန့်ရှိရင် တိုက်ခန်းတစ်ခန်း ဝယ်လိုက်၊ ဒေါ်စိန်ကို မာမီတို့ အဖော်ထည့် ပေးမယ်''

''အဲဒါဆိုရင် ပိုကောင်းတာပေါ့ မာမီ''

နေ ကုမ္ပဏီနှင့် နီးသော နေရာတစ်ခုမှာ ကွန်ဒိုတိုက်ခန်း တစ်ခန်းဝယ်ဖြစ်ခဲ့သည်။

''နေရယ် ငါတို့အိမ်မှာနေရင်လည်း အဆင်ပြေရက်နဲ့ နင်က ဘာလို့ တိုက်ခန်း ဝယ်ရတာလဲ''

''ကုမ္ပဏီနဲ့ နီးတဲ့နေရာဆိုတော့ ပိုအဆင်ပြေတာပေါ့ ရှင်းသန့်ရဲ့ ပြီးတော့ နင်လည်း ငါနဲ့အတူလာနေလို့ ရတာပဲလေ''

နေ ဝယ်ဖြစ်သော ကွန်ဒိုတိုက်ခန်းလေးက ကုမ္ပဏီနှင့် နီးသောမို့ ရှင်းသန့်ပါ အတူလာနေဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



Global ကုမ္ပဏီမှာ နေတို့ နှစ်ယောက်အတူ အလုပ်ဝင်ဖြစ်ကြသည်။ နေတို့ တတ်ကျွမ်းသော အဆောက်အဦး အခန်းတွင်း ပြင်ဆင်မှု အတတ်ပညာမို့ အဆင်ပြေခဲ့သည်။

ဒီလိုအချိန်မျိုးတွင် ဖားနှင့် မမျှော်လင့်ဘဲ ပြန်ဆုံတွေ့ရလိမ့်မည်ဟု နေကော ရှင်းသန့်ပါ အိပ်မက်တောင် မမက်ခဲ့ဖူးပါ။

ကံကြမ္မာရေစက်က နေတို့နှင့် သူရဲကောင်းကို ပြန်ဆုံဆည်းခွင့်ပြုခဲ့တာတော့ အသေအချာပဲ ဖြစ်၏။

■ ■ ■

ထိုနေ့က နေကော ရှင်းသန့်ပါ ကုမ္ပဏီ ရုံးခန်းထဲမှာ အလုပ်တွေ ရှုပ်ထွေးနေခိုက် ဖြစ်သည်။

"အဟမ်း အဟမ်း ဒီမှာခင်ဗျ"

ချောင်းဟန့်သံ ပေးလိုက်မှ စားပွဲရှေ့မှာ ရောက်နေသော ယောကျ်ားတစ်ယောက်ကို နေတို့နှစ်ယောက် ပြိုင်တူ မော့ကြည့်မိတာ ဖြစ်၏။

"ဘာ ဘာကိစ္စ ရှိလို့လဲရှင်"

"ဒီကုမ္ပဏီရဲ့ အတွင်းရေးမှူး မကြယ်စင် အခန်းဘယ်မှာလဲ ခင်ဗျာ၊ ကျွန်တော်က မကြယ်စင်ရဲ့ မောင်ပါ၊ သူ့ရုံးခန်းထဲမှာ ဖိုင်ကျန်ရစ်ခဲ့လို့တဲ့ အဲဒါ လာယူခိုင်းလို့ပါ"

နေတို့ရဲ့ အထက်အရာရှိ မကြယ်စင်၏ မောင်ဆိုတာကြောင့် ရှင်းသန့်က အလုပ်စားပွဲက ထရပ်သည်။

စောစောကပဲ မကြယ်စင် ဖုန်းဆက်ကာ ကြိုတင်မှာထားတာကြောင့် ဖြစ်၏။



"ခဏထိုင်ပါဦးနော်၊ ကျွန်မ အခုပဲ သွားယူလိုက်ပါ့မယ်"

ရှင်းသန့် မကြယ်စင် အခန်းထဲက ဖိုင်ကို သွားယူပေးနေသည်။ စားပွဲမှာ နေတစ်ယောက်တည်း ကွန်ပျူတာနှင့် အလုပ်လုပ်နေစဉ် သူ မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ဝင်ထိုင်စောင့်၏။

ဖိုင်ရှာနေသော ရှင်းသန့်က အနည်းငယ် ကြာနေတာမို့ ထိုင်စောင့်နေသော မကြယ်စင် မောင်ဖြစ်သူကို နေတစ်စင်း အားနာစွာ မော့ကြည့်မိသည်။

သည်တော့မှ နေတစ်စင်းကို စိုက်ကြည့်နေသော သူ့မျက်လုံးတွေကို နေ မှတ်မိသွားတာ ဖြစ်သည်။

"နာမည်က နေတစ်စင်းတဲ့လား အဆန်းပဲနော်"

နေရဲ့ အင်္ကျီရင်ညွှန့်မှာ ထိုးထားသော နာမည်ကဒ်လေးကိုတောင် သင်းက စပ်စပ်စုစု ဖတ်ကြည့်ပြီး ဖြစ်နေသည်ထင်၏။

မကြယ်စင်ရဲ့မောင်ဆိုသော အသိကြောင့် နေတစ်စင်း တစ်ချက်[…]ပြုံးပြကာ ကိုယ့်အလုပ်ကို ဆက်လုပ်နေလိုက်သည်။

ရှင်းသန့် ပြန်ရောက်လာတာကြောင့်ပဲ တော်ပါသေးသည်။

"ရပြီရှင့် ဒီမှာပါရှင်"

"ဟုတ်ကဲ့ သင့်ခယူပါ မလတစ်စင်း"

"ရှင်"

"ဩော် ဒီက နေတစ်စင်း ဆိုတော့ ခင်ဗျားနာမည်က […]တစ်စင်း မဟုတ်ဘူးလား"

သူ့စကားကြောင့် ရှင်းသန့်တစ်ယောက် မျက်တောင်ကော့ကြီး[…] ပုတ်ခတ်ကြောင်တွေနေရှာသည်။ နေ မျက်နှုံးလေးတွန့်ကာ […]ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပစ်မိသည်။

မကြယ်စင်ရဲ့ မောင်က ဒီလောက်မျက်နှာပြောင်မှန်းမသိ။ ချော မောသော ရုပ်သွင်နှင့်တောင် မလိုက်ဘက်ပါ။

"ဟို ကျွန်မနာမည်က ရှင်းသန့်စင် ပါရှင့်"

"ရှင်းသန့်စင် ဟား ကျွန်တော့်ခန့်မှန်းချက်က တက်တက်စင် လွဲတာပဲ ကဲ ခွင့်ပြုပါဦး ခင်ဗျာ"

"ဟုတ် ဟုတ်ကဲ့ရှင့်"

ပြောင်စပ်စပ် ပြုံးစိစိ မျက်နှာပေးနှင့် လှည့်ထွက်သွားသော သူ့ကိုကြည့်ကာ နေကတော့ အတော့်ကို သည်းခံထားရပါသည်။

"ဩော် ကျွန်တော့်နာမည်ကို မိတ်ဆက်ပေးဖို့ မေ့နေတယ် သိချင်ရင်မှတ်ထားကြနော် ကျွန်တော့်နာမည်က"

ချက်ချင်းမပြောဘဲ နေတို့ကို ပြုံးစစကြည့်နေပုံက တစ်စက် လေးမှ အချိုးမပြေ။

"တို့ နာမည်က သူရဲကောင်း တဲ့"

"ဟင်"

"ဘာရယ်"

"တဲ့တာ ကြက်တောင်စည်း"

နေကို လျှာထုတ်ပြောင်ပြကာ အော်ဟစ်သွားတာ အကျယ် ကြီးဖြစ်သည်။ သည်တော့မှ နေနှင့် ရှင်းသန့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြိုင်တူ ရေရွတ်မိကြသည်။

"ဖား"

■ ■ ■





"မမတို့ရဲ့ ကုမ္ပဏီကြီးကိုတော့ သနားတယ်ဗျို့"

အိမ်ပြန်ရောက်သည်နှင့် ပြောသော သူ့စကားကြောင့် မမ ကြယ်စင် နားမလည်နိုင်သလို ကြည့်သည်။

"ဟဲ့ ဘာကို ပြောတာလဲ ရဲလေး"

"နေတစ်စင်း ပေါ့"

မမကြယ်စင် မျက်ဝန်းတွေ ဝိုင်းစက်သွားခဲ့ရင်း

"ဟယ် နေကို နင်ကသိလို့လား"

"သိသိတာပေါ့ အထက်တန်းကျောင်းတုန်းက အတူတက်ခဲ့ကြ တာပဲ"

"ရဲလေးနဲ့ သူငယ်ချင်းတွေပေါ့ ဟုတ်လား"

"မဟုတ်ပါဘူး သူငယ်ချင်း မဟုတ်ဘူး"

"ဟဲ့ တစ်ကျောင်းတည်း အတူတက်လာတာ ဆိုတော့ သူ ငယ်ချင်းတွေ မဟုတ်လို့ ဘာလဲ ရဲလေး ကတော့လေ"

"မမမှမသိဘဲ ရှင်းသန့်နဲ့က ခင်တယ်၊ ဒါပေမဲ့ နေတစ်စင်း နဲ့က ကမ္ဘာ့ရန်တွေ"

"မဟုတ်တာ နေလေးက တကယ်ခင်မင်စရာလေးပါ"

မမ စကားကြောင့် သူ ပြုံးလိုက်မိသည်။ သူ မှတ်မိအောင် သည်းကြည့်ခဲ့ရသော နေတစ်စင်းက ဟိုးအရင်ကထက် လှပချောမော လာတာသေချာသည်။

ဒါပေမဲ့ ဘုဆတ်ဆတ် အသွင်နှင့် သူ့ကိုရန်လိုသော မျက်ဝန်း တွေကတော့ မပြောင်းလဲသေးတာ အသေအချာ။

"နေပါဦး ရဲလေးနဲ့ နေလေးက ရန်တွေဘာတွေဖြစ်ခဲ့လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကြက်တောင်စည်းနဲ့ကျွန်တော်က သူဦးသူနောက် ကိုယ်ဦးကိုယ်နောက်ပဲ"

"ဘာရယ် ကြက်တောင်စည်း"

"ဟုတ်တယ် အဲဒါ ကျွန်တော်ပေးထားတဲ့ သူ့ရဲ့နာမည်ပြောင်"

"ဖြစ်ရမယ် ရဲလေးရယ် ပေါက်ပေါက်ရှာရှာ"

"သူကလည်း ကျွန်တော့်ကို နာမည်ပြောင် ပေးထားတယ်ဖားတဲ့"

"ဟင် ဘာတွေလဲ အဆန်းပဲ"

မမကြယ်စင် အံ့သြသလို ရေရွတ်တော့ သူ လက်ထဲက ဖိုင်တွေကို ကမ်းပေးလိုက်ရင်း

"ကြက်တောင်စည်းနဲ့ တွေ့ရင် မမ မေးကြည့်ပေါ့"

ပြောပြီးသည်နှင့် သူအခန်းထဲ ပြန်ဝင်ခဲ့တော့သည်။ မမကြယ်စင်ကတော့ အံ့သြကျန်ရစ်ခဲ့မှာ သေချာပါသည်။

အခန်းထဲရောက်တော့ သူလည်းကြိတ်ပြုံးမိသည်။ ဘယ်လိုမှ မျှော်လင့်မထားသည့် အဖြစ်ပါပဲ။

ဆံပင်ရှည်ကြီးနှင့် မေးစပ်က မှည့်နက်လေးကြောင့် [illegible]င်းသန့်ကို သူမှတ်မိလွယ်ခဲ့ပါသည်။

နေတစ်စင်းကတော့ အထက်တန်းကျောင်းသူ ဘဝတုန်းကလို ဆံပင်ဂုတ်ဝဲလေးနှင့် မဟုတ်တော့ဘဲ ကျောလယ်ခန့်အထိရှည်သော ဆံပင်ဖြောင့်စင်းစင်းလေးနှင့်မို့ သူ ချက်ချင်း မမှတ်မိခဲ့ပါ။

ဒါပေမဲ့ မျက်နက်ဝန်းလေးတွေနှင့် ရန်စွာတတ်သော နှုတ်ခမ်းပါးပါးလေးတွေက မပြောင်းလဲသေးပါ။





ကြက်တောင်စည်းတစ်ယောက် မန္တလေးပြောင်းသွားတာကို သူသိထားသည်။ ရန်ကုန်မှာ ပြန်ဆုံရမည် ထင်မထားခဲ့ပါ။

ညနေစာ ထမင်းဝိုင်းရောက်တော့ သူ မမေးပါဘဲ ကြက်တောင်စည်းနှင့် ရှင်းသန့်အကြောင်းကို မမကြယ်စင်က ပြောပြနေသေးသည်။

"ရှင်းသန့်ကတော့ ရန်ကုန်မှာပဲ နေတာလေ နေရဲ့ မိဘတွေက မန္တလေးမှာပဲနေကြတာ၊ နေက ကွန်ပျူတိုက်ခန်းဝယ်ပြီး လာနေနေတာလေ ရှင်းသန့်လေးကတော့ နေအဖော်ရအောင် အတူနေပေးတယ်"

အထက်တန်းကျောင်းမှာကတည်းက ဒီသုံးယောက် ခွဲမရသော အမွှာတွေလို ရှိခဲ့တာဖြစ်သည်။ လင်းလင်းဆိုသည့် တစ်ယောက်က ချေခြားမြေခြားရောက်နေဆဲဟု သားစင်ပြောပြဖူးသည်။

အခုတော့ ကြက်တောင်စည်းနှင့် မထင်မှတ်ဘဲ ပြန်ဆုံတွေ့ခြင်းက ပျော်စရာလည်း ကောင်းပါသည်။

နင်နဲ့ငါက ဘယ်တော့မှမတည့်တဲ့ သူငယ်ချင်းတွေပေါ့ ကြက်တောင်စည်းရယ်။ ဒါပေမဲ့ ငါကျေနပ်ပါတယ်။

တို့နှစ်ယောက် ပြန်ဆုံတွေ့ကြတာ ဟိုးငယ်ငယ်က အဖြစ်တွေကို ပြန်သတိရမိသလိုပဲ။

နင့်သားရေပင်နဲ့ ပစ်ခဲ့တဲ့ ငါ့ပါးလည်း အခုထိ ခပ်ပြင်းပြင်း နာနေရတုန်းပါ။ နင် ညစ်ပတ်ပြီး ခါချဉ်ထုပ်ထည့်ခဲ့တဲ့ ငါ့လွယ်အိတ်လေးကို မှတ်မိတုန်းပဲ။

နင့်ရဲ့ လက်သီးဆုပ် သေးသေးလေးနဲ့ မိတ်ဆက်ဖူးတဲ့ ငါ့ရဲ့ နှုတ်ခမ်းလေးက ထူပူနေတုန်းပဲ ကြက်တောင်စည်း။



www.burmeseclassic.com

www.burmeseclassic.com



နင်ကော ငါနဲ့ပတ်သက်တဲ့ အမှတ်တရတွေ ရှိနေသလား။ ငါ သိချင်လိုက်တာ။

■ ■ ■



## အခန်း (၁၂)

သူ့ရဲ့ကောင်း ရှေ့နေဘွဲ့ ရထားပေမယ့် ဘာအလုပ်မှ မလုပ်ဘဲ ယောင်လည်လည် လုပ်နေတာကို ဒယ်ဒီ မျက်စိဆံပင်မွေးစူးနေသည်။

ဒါကြောင့်လည်း မမကြွယ်စင်ရဲ့ ခင်ပွန်းဖြစ်သူ ကုမ္ပဏီမှာ အကျိုးဆောင်ရှေ့နေ တစ်ဦးလိုအပ်သည်ဆိုတော့ ဝင်လုပ်စေသည်။

ကုမ္ပဏီအလုပ်ကို သူ စိတ်မဝင်စားပေမယ့် ဒယ်ဒီ ကျေနပ်အောင် ခေါင်းညိတ်လိုက်ပါသည်။ စကိုင်းဝေါလ် ကုမ္ပဏီဆိုတာက လည်း မမကြွယ်စင်ရဲ့ ခင်ပွန်း ရှယ်ယာဝင်ထားသော ကုမ္ပဏီမို့ မိသားစု ကုမ္ပဏီဟု ပြောလို့ရ၏။

ပြီးတော့ ရဲရဲ့ လုပ်ငန်းပိုင်းက ရှုပ်ထွေး များပြားလှတာ မဟုတ်ပါ။ ရုံးခန်းထဲ ထိုင်နေရတာက ခပ်များများဖြစ်သည်။

ရဲအလုပ်ဝင်တာတော့ တစ်လတောင် မပြည့်သေးပါ။ သုံး ပတ်လောက်ပဲရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်နေ့လည်း ရုံးခန်းထဲမှာ ထိုင်ကာ ကုမ္ပဏီ လုပ်ငန်းပိုင်းကိစ္စတစ်ခုနှင့် ပတ်သက်ပြီး လိုအပ်သော အစီရင်ခံစာတစ်စောင်ကို ရဲ ဥပဒေပိုင်းအရ ဖတ်ရှုပြီး မှတ်ချက်ပေးနေတုန်းမှာ ဖုန်းလေးက မြည်လာ၏။

ရုံးဖုန်း မဟုတ်ဘဲ ဟန်းန်ဖုန်းဆိုကတည်းက အပြင်က အရေးကိစ္စဟုပဲ သူထင်မိ၏။ ဖုန်းဖွင့် နားထောင်မိတော့ ယောက်ဖတော် ကိုမြတ်ဖော်ဆီက ဖုန်းဖြစ်သည်။

"ညီ ကိုယ့်သူငယ်ချင်း အမ်ဒီ ပြန်ရောက်နေပြီ ညီ သွားတွေ့လိုက်ပါဦး"

"အခု သွားတွေ့ရမှာလား ကိုမြတ်"

"အေး သူ မနေ့ကပဲ ဂျပန်က ပြန်ရောက်လာတာ၊ ညီ့ကို တွေ့ချင်လို့တဲ့ ကိုယ့်ညီဆိုတာကို သူသိပါတယ်၊ သွားတွေ့လိုက်ပါ။ ရုံးခန်းထဲက သူစောင့်နေလိမ့်မယ်"

"ဟုတ်ကဲ့ ကိုမြတ် ကျွန်တော် သွားလိုက်ပါ့မယ်"

သူဖုန်းကို ပိတ်ကာ လုပ်လက်စ အလုပ်တွေကို သိမ်းဆည်းလိုက်သည်။ ယခုသွားတွေ့ရမည့် အမ်ဒီ က လက်ရှိကုမ္ပဏီကြီးရဲ့ ရှယ်ယာအများဆုံး ပိုင်ဆိုင်သော ပိုင်ရှင်ဟုပဲ သိထားသည်။

ကိုမြတ်ဖော်နှင့်ကတော့ ငယ်သူငယ်ချင်းတွေဟု ပြောသည်။

သူရဲကောင်း အလုပ်ဝင်တော့ အမ်ဒီ မရှိပါ။ ကုမ္ပဏီအလုပ်ကိစ္စနှင့် ဂျပန်ကို သွားနေတာမို့ လူချင်းမတွေ့ရသေး။

အမ်ဒီ ရုံးခန်းကို သူထွက်ခဲ့သည်။ အခန်းဝက ဘဲလ်လေးကို သူနှိပ်လိုက်တော့ အင်တာကွန်းမှ အသံထွက်လာ၏။





"ဝင်ခဲ့ပါ"

မှန်တံခါးကို သူတွန်းဖွင့် ဝင်ခဲ့တော့ စားပွဲထိပ်မှာထိုင်နေသော အမ်ဒီ ကို ထိပ်တိုက် ရင်ဆိုင်လိုက်ရပါသည်။

ထိုတဒင်္ဂမှာပဲ သူ အံ့ဩမင်သက်စွာ မျက်ဝန်းတွေ ဝိုင်းစက်သွားခဲ့ပါ၏။

"ဆရာ ပြတိုက်"

"ရဲ မင်း သူရဲကောင်း မဟုတ်လား"

ဆရာပြတိုက်ကလည်း သူ့ကို ချက်ချင်း မှတ်မိကာ ထိုင်နေရာက ထရပ်ကာ လက်ကမ်းပေးသည်။

"တွေ့ရတာ ဝမ်းသာပါတယ် ဆရာ"

"ကိုယ်လည်း ဝမ်းသာတယ်၊ မြတ်ဖော် ပြောကတည်းက မင်းပဲလို့ ဆရာထင်နေတာကွ ဒါကြောင့် တွေ့ချင်နေတာ"

"ကျွန်တော်လည်း အမ်ဒီ က ဆရာလို့ မထင်ထားဘူး။ ကိုမြတ်ကို နာမည်မေးမထားတော့ လုံးဝကြိုမသိဘူး ဆရာ"

"ထိုင် ထိုင်ပါ သူရဲကောင်း"

"ရဲလို့ပဲ ခေါ်ပါ ဆရာ၊ ဒါမှမဟုတ် ဖားဆိုလည်း အဆင်ပြေပါတယ် အဟွန်း"

သူ ပြုံးပြုံးလေး အရွှန်းဖောက်တော့ ဆရာပြတိုက် ပြုံးသည်။ ကျောင်းမှာတုန်းက အဖြူအစိမ်း ဝတ်စုံနှင့် အမြဲရှင်းသန့် ခန့်ညားသော ဆရာသည် အခုလည်း အနောက်တိုင်း ဝတ်စုံနှင့် နက်ခ်တိုင်နှင့် ကြည့်ကောင်းပါသည်။

ငါးနှစ်ကျော်ဆိုသော ကာလမှာ ဆရာ့ရုပ်သွင်နှင့် အသွင်



www.burmeseclassic.com

www.burmeseclassic.com



စတိုင်လ်က ပြောင်းလဲမသွားခဲ့ပါ။ ဆရာသည် ရင့်ကျက်မှုတွေနှင့် ပိုလို့ တည်ငြိမ် ခန့်ညားလာသည်ဟု ထင်၏။

"ဆရာ ကျောင်းဆရာ အလုပ်မလုပ်တော့ဘူးလား ဟင်"

ပြတိုက် နက်နက်ရှိုင်းရှိုင်း ပြုံးသည်။ ပြီးမှ ခေါင်းကိုခါရမ်းရင်း

"ထွက်လိုက်ရပြီလေ ကျောင်းဆရာအလုပ်က ဆရာဝါသနာ ပါတဲ့ အလုပ်ပါ၊ ဒါပေမဲ့ ဆရာ့မိဘတွေက သိပ်သဘောကျဘူး၊ ဝါသနာ ကြောင့် ကာလအတိုင်းအတာ တစ်ခုအထိ လုပ်ခွင့်ပေးခဲ့တာ ရဲတို့ ဆယ်တန်းအောင်သွားပြီး နောက်တစ်နှစ်ကျော်မှာပဲ ကိုယ့်အဖေဆုံးသွား တယ်၊ ဒီတော့ဖေဖေ့ရဲ့ လုပ်ငန်းတွေကို ကိုယ်ပဲ လက်လွှဲတာဝန်ယူ ခဲ့ရတာပေါ့ကွာ"

ဆရာပြတိုက် စကားကို သူ ခေါင်းညိတ် နားထောင်မိသည်။ ဆရာသည် သူတို့ကို သင်္ချာဘာသာရပ် သင်ပေးခဲ့သည်။ စာအသင် အပြကောင်းသလို တပည့်တွေကိုလည်း မဆူပူဘဲ နူးနူးညံ့ညံ့ ပြော ဆုံးမတတ်တာကြောင့် အားလုံးက ခင်မင်ချစ်ခင်ကြသည်။

"အခုတော့ ပျော်တဲ့အလုပ်ထက် တော်ရာအလုပ်မှာပဲ ရှင်သ နေရတာပေါ့ကွာ၊ ကိုယ်က တစ်ဦးတည်းသော သားဆိုတော့ မေ ကျေနပ်အောင် ဖေဖေ့တာဝန် ဆက်ခံယူရတာပေါ့"

"ကောင်းပါတယ် ဆရာ"

"ကိုယ့်ကို ဆရာလို့ မခေါ်ပါနဲ့တော့ကွာ၊ ဆရာမှ မဟု တော့တာ ရင်းရင်းနှီးနှီး နာမည်ပဲ ခေါ်ပါ"

"ဟုတ်ကဲ့ ကိုပြတိုက်"

"ဒါနဲ့ ကြက်တောင်စည်းဆိုတဲ့ ကောင်မလေးသတင်း





ဘာကြားသေးလဲ၊ ကိုယ်သိသလောက်တော့ မန္တလေး ပြောင်းသွားကြ တယ်ဆို"

ဆရာပြတိုက်က တပည့်တွေအပေါ် သံယောဇဉ်ကြီးရှာတာပဲဟု သူလက်ခံလိုက်မိသည်။

"ဟုတ်တယ် ကိုပြတိုက် ကျွန်တော်ပြောရင် အံ့သြမလား"

"ဘာလို့လဲကွ ပြောပါဦး"

"မနေ့ကပဲ ကြက်တောင်စည်းနဲ့ ရှင်းသန့်ကို ကျွန်တော် ပြန်ဆုံ ဖြစ်တယ်"

"ဟော့ ဟုတ်လား သူတို့ ရန်ကုန်မှာပဲပေါ့"

"ကိုမြတ် ဖနီး ကျွန်တော့်အစ်မ Global ကုမ္ပဏီမှာ သူတို့က အိမ်တွင်းအလှဆင် ဒီဇိုင်နာတွေလေ"

"ဟုတ်လား ကိုယ်သူတို့နဲ့ တွေ့ချင်ပါသေးတယ်"

ကိုပြတိုက် မျက်ဝန်းတွေထဲမှာ အတိတ်က ကြည်နူးစရာ ကျောင်းဆရာလေးဘဝကို ပြန်လွမ်းဆွတ်သွားခဲ့သည်လား မသိပါ။

"ကျွန်တော်ဆုံရင် ရှင်းသန့်ကို ပြောလိုက်ပါ့မယ်၊ ကြက်တောင် စည်းကတော့ ကျွန်တော်နဲ့ ထုံစံအတိုင်းပဲ"

"ဘာလဲ မင်းတို့ ရန်ဖြစ်ကြသေးလား"

"ရန်ဖြစ်ဖို့ အသင့်အနေအထားလေ အဲဒီနေ့က သူတို့ကျွန် တော့်ကို မမှတ်မိကြဘူး၊ ကျွန်တော် ကြက်တောင်စည်းလို့ အော်ခဲ့မှ ခင်သက်ပြီး ကျန်ရစ်ခဲ့ကြတာ"

"ဟား ဟား ဖြစ်ရမယ် မင်းတို့ကတော့"

ကျောင်းမှာကတည်း သူနှင့်နေတစ်စင်းအကြောင်း သိထား



www.burmeseclassic.com

www.burmeseclassic.com



သော ကိုပြတိုက် သဘောကျစွာရယ်မောနေသည်။

ထိုအခိုက်မှာပဲ ကိုပြတိုက် ဟန်းဖုန်းလေးက ထမြည်လာတာမို့ သူ အလိုက်တသိ ထရပ်လိုက်၏။

“ခွင့်ပြုပါဦး ကိုပြတိုက်”

“အိုကေ အိုကေ ရဲ ကိုယ်တို့ နောင်မှ အေးအေးဆေးဆေး တွေ့ကြသေးတာပေါ့ ဟုတ်လား”

“ဟုတ်ကဲ့”

ဆရာပြတိုက်ကို နှုတ်ဆက်ပြီး သူရုံးခန်းထဲက ထွက်ခဲ့သည်။ ကံကြမ္မာရေစက်တွေက တိုက်ဆိုင်လွန်းလိုက်တာ။

ဆရာပြတိုက်နှင့်ပါ ပြန်ဆုံဆည်းနေရသည့်အဖြစ်။

ကြက်တောင်စည်းတို့သာသိလျှင် အံ့ဩနေကြဦးမည် ထင်ပါသည်။

■ ■ ■

## အခန်း (၁၃)

တနင်္ဂနွေ ပိတ်ရက်တစ်ရက်မှာ မမကြယ်စင်က နေတစ်စင်းနှင့် ရှင်းသန့်စင်ကို ထမင်းစားဖိတ်သည်။

“ရဲလေး နင်လည်း ဘယ်မှမသွားနဲ့နော်၊ ရှင်းသန့်တို့က ရဲကိုလည်း တွေ့ချင်လို့တဲ့”

“ရှင်းသန့်လား ကြက်တောင်စည်းလား”

“ဟဲ့ နှစ်ယောက်စလုံးပေါ့”

မမကြယ်စင် စကားကြောင့် သူ ပြုံးမိပါသည်။ သူနှင့်ကြက်တောင်စည်း၊ အထက်တန်းကျောင်းတုန်းက အတူတက်ခဲ့ဖူးကြသည်ဟု သိထားကတည်းက မမကြယ်စင်က ခင်မင်သော သူငယ်ချင်းတွေဟု ဆင်နေပုံရသည်။

တကယ်ဆို ကြက်တောင်စည်းတို့နှင့်က သိပ်အခင်မင်ကြီးတော့

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ခဲ့ပါ။ သို့ပေမယ့် အခုချိန်မှာ မမကြယ်စင်နှင့်က တစ်ကုမ္ပဏီတည်း လုပ်ကိုင်ရင်းနှီးနေသူတွေမို့ သူ့ထက် ပိုရင်းနှီးကြသည်။

သူကိုယ်တိုင်လည်း သူမတို့နှစ်ယောက်ကို တွေ့ချင်တာမို့ ထိုတနင်္ဂနွေက အပြင်မထွက် ဖြစ်တော့။

တစ်မနက်လုံး မမကြယ်စင် ကိုယ်တိုင် မီးဖိုခန်းထဲဝင်ကာ စီမံချက်ပြုတ်နေသည်။ မမကြယ်စင်က အချက်အပြုတ် ဝါသနာပါသည့်နေရာမှာ မာမီနှင့်တူပါသည်။

ကြက်တောင်စည်းတို့ စားသောက်ဖို့ ချက်ပြုတ်နေတာကြည့်ရင်း သူ့စိတ်ထဲမှာ အကြံအစည်တစ်ခု ပေါ်လာသည်။

ကြက်တောင်စည်းကိုတော့ ပညာပေးရမည်။ ကျောင်းမှာတုန်းကလိုပေါ့။

ကိုယ့်အတွေးနှင့် ကိုယ်ပြုံးရင်း သူ ခြံထဲဆင်းနေလိုက်ပါသည်။ ဆယ်နာရီထိုးလုလုမှာ ခြံထဲကို ကားတစ်စီး မောင်းဝင်လာသည်။

ပရာဒို ကားအဖြူရောင်လေးကို မောင်းလာသူက နေတစ်စင်းကိုယ်တိုင်ဖြစ်၏။ နံဘေးမှာက ရှင်းသန့် ပါလာသည်။

ဆင်ဝင်အောက်မှာ ကားလေးထိုးရပ်သည်။ ခြံတံခါး သစ်ပင်အောက်ရှိ ခုံတန်းလေးမှာ ထိုင်နေသော သူ့ကို နှစ်ယောက်စလုံး မမြင်ကြပါ။

ခရမ်းရောင်မှာ အဖြူပွင့်လေးတွေ ရက်ဖောက်ထားသော ထက်အောက်ဆင်တူ ဝတ်စုံလေးကို နေတစ်စင်း ဝတ်ဆင်ထားသည်။

ဖြူဥသော အသားရောင်ဝင်းဝင်းလေးနှင့် မျက်နှာလေးက ထင်းရှင်းနေသည်။ ဆံညှိုတွေကို နဖူးလေးပေါ်အောင် သပ်တင်ကာ

www.burmeseclassic.com



ဖြန့်ချထားသည်။ ချပ်ချပ်ရပ်ရပ် ဝတ်စုံလေးက ပြေပြစ်ကျော့ရှင်းသော ခန္ဓာကိုယ် အချိုးအစားကို ပေါ်လွင်စေ၏။

ရှင်းသန့်ကလည်း အဝါရောင်ဝတ်စုံလေးနှင့် လှပကျော့ရှင်းနေသည်။ ကျောင်းတုန်းက ပန်းငုံဖူးလေးနှစ်ဖူးက အခုတော့လည်း အလှပဆုံး ပွင့်ဖူးနေသော ပန်းနှစ်ပွင့်လို ရှိသည်။

တက္ကသိုလ်မှာ တုန်းကဆိုလျှင် သူမတို့နှစ်ယောက်အနားမှာ ယောကျ်ားလေးတွေ ဘယ်လောက် ဝိုင်းနေကြမည် မသိပါ။

ဒါကိုတွေးမိတော့ အာရုံထဲမှာ သတိရလိုက်မိတာ ဂန္ထဝင်ရဲ့မျက်နှာလေးပဲ ဖြစ်သည်။

ရည်းစားမကျ သူငယ်ချင်းမကျဘဝနှင့် သူရယ် ဂန္ထဝင်ရယ် အတ်သိမ်းမရှိသော ဇာတ်လမ်းတစ်ပုဒ်ကို ကခဲ့ဖူးသေးသည်။

အခုချိန်ထိလည်း ဂန္ထဝင်နှင့်သူ ဖုန်းတွေပြောဖြစ်သည်။ အခင်ဆုံးသော သူငယ်ချင်းတွေလို ရှိခဲ့၏။ တက္ကသိုလ်မှာတုန်းက ဂန္ထဝင်ရှိရာ ကျောင်းသို့ သူအမြဲလိုလို ရောက်ဖြစ်တတ်သည်။

ကြက်တောင်စည်းတို့ နှစ်ယောက်ကိုကြည့်ရင်း သတိရသွားမိသော ဂန္ထဝင်ကို အာရုံထဲကဖျောက်ကာ သူ ထရပ်လိုက်သည်။

အခုလောက်ဆို မမကြယ်စင် သူ့ကို မျှော်နေလောက်ပြီ။

ဧည့်ခန်းထဲ လှမ်းဝင်လိုက်တော့ ထင်သည့်အတိုင်း မမကြယ်စင်နှင့် ကြက်တောင်စည်းတို့ စကားတွေ ပြောဆိုနေကြသည်။

သူ့ကိုမြင်တော့ ရှင်းသန့်က အရင်ဆုံးပြုံးကာ နှုတ်ဆက်သည်။

"ရဲ ဟိုတစ်နေ့က နင့်ကို ငါတို့တကယ် မမှတ်မိဘူးဟာ"

"အဲဒါ နင်တို့ညံ့တာပေါ့ မမကြယ်စင်မှာ အရမ်းချောပြီး ခင်

www.burmeseclassic.com



စရာကောင်းတဲ့ မောင်လေးတစ်ယောက်ရှိတာ လေ့လာစုံစမ်းထားသင့်တယ်''

သူ့စကားကို ကြက်တောင်စည်းက နှာခေါင်းရှုံ့ကာ မျက်နှာလေးမဲ့သည်။ မမကြွယ်စင်ကတော့ အနားမှာဝင်ထိုင်သော သူ့ကို ပြုံးကြည့်ရင်း

''မိတ်ဆက်ပေးစရာ မလိုတော့ဘူးနော် ရဲလေး''

''မမရဲ့ မိတ်ဆွေတွေက ကျွန်တော်အတွင်းသိ အစင်းသိနေတဲ့သူတွေပဲဗျာ ဟောဟို ကြက်တောင်စည်းဆို ဘာစိတ်ပုပ်သလဲ မမေးနဲ့''

''ဖား နင် လာမစနဲ့နော်''

''စ တာမဟုတ်ဘူး တကယ်ပြောတာ၊ မမ စဉ်းစားကြည့် ကျွန်တော့် မျက်နှာကို လှက်သီးနဲ့ထိုးတယ်၊ လွယ်အိတ်ထဲ ခါချဉ်ထုပ်ပစ်ထည့်တယ်၊ မျက်လုံးကို သားရေကွင်းနဲ့ပစ်တယ် ကဲ''

''ဟဲ့ နင်လည်းငါ့ကို ဘာတွေလုပ်ခဲ့သလဲ ယောက်ျားပီပီ ပြော''

''ဟဲ့ ဟဲ့ တော်ကြပါတော့ဟယ် ရဲကလည်း တမင်စနေတယ် နေကလည်း ရဲ အကြောင်းသိရက်နဲ့''

ရှင်းသန့်က ကြားဝင်တားရင်း ပြောသည်။ မမကြွယ်စင်ကတော့ သဘောကျစွာ ရယ်နေပါသည်။

''ရဲလေးက ဘယ်လောက်နောက်ပြောင်တယ် ဆိုတာ မမသိတာပေါ့ နေ့ မခံချင်အောင်စမှာ မမသိတယ်''

''ဟုတ်တယ် ကျွန်တော်က စတယ် ကြက်တောင်စည်းက စိတ်ပုပ်တယ်''

''အေး ခပ်ပုပ်ပုပ်ပဲ''

[redacted]



''ကဲ တော်ပါတော့ ရဲလေးရယ်၊ နေလေး မခံချင်အောင် စနေပြန်ပြီ ကဲ နေနဲ့ ရိပ်လေးတို့ကို ကျွေးမွေးချင်လို့ မမကိုယ်တိုင် ရွယ်ချက်ထားတာ အသင့်ဖြစ်နေပြီ စားကြစို့''

ထမင်းဝိုင်းမှာ လေးယောက် အတူထိုင်ဖြစ်ကြသည်။ ဒယ်ဒီနှင့် မာမီက အလှူတစ်ခု သွားကြတာမို့ မရှိပါ။ ကိုမြတ်ဇော်က မိခင်ဖြစ်သူ အိမ်ကို ခဏပြန်သွားသည်။

မမကြွယ်စင်က နေနှင့် ရှင်းသန့်တို့ ပန်းကန်တွေထဲကို ဟင်းတွေ ခပ်ထည့်ပေးနေသည်။

''စားကြနော် ဟင်းတွေကော ထမင်းတွေပါ အများကြီး''

''မမကြွယ်စင် လက်ရာဆိုတော့ ရှင်းသန့်တို့ စားဖူးပြီးသားပါ အမြဲ တမ်း ရှုံးကိုထည့်ယူလာတတ်တာပဲလေ''

''ရှင်းသန့်လေးတို့ ကြိုက်တတ်တာတွေ ရွေးချက်ထားတာ နေ လေးက ငါးဖယ် ငါးဆုပ်ဟင်း ကြိုက်တယ်မို့လား စားနော်''

အားလုံး စားသောက်နေကြတုန်းမှာ သူကတော့ အကြံအစည် အတိုင်း ရေဘူး ထယူသလိုနှင့် ရေခဲသေတ္တာထဲက ကုလားအော်သီး အစ်တောင့်ကို ယူလိုက်သည်။

နင့်လျှာတွေ၊ အာတွေ ပူလောင်စေရမယ် ကြက်တောင်စည်း။

ကိုယ့်ထိုင်ခုံမှာ ပြန်ထိုင်ရင်း ရဲ ငါးဖယ်ငါးဆုပ် ပန်းကန်ကို ချမ်းယူလိုက်သည်။

ပြီးတော့ ဖျပ်ခနဲ ငရုတ်သီးတောင့်ကို ဟင်းပန်းကန်ထဲ ပစ်ထည့်ပြီး ငါးဆုပ်တစ်တုံးနှင့် ဟင်းရည်တွေပါ ခပ်ယူလိုက်ရင်း

''ကြက်တောင်စည်းက ငါးဆုပ်ကြိုက်တယ်လား စားပါဟာ



www.burmeseclassic.com

www.burmeseclassic.com



ငါက မမလိုပဲ သဒ္ဓါတရားကြီးပါတယ်''

ပြောရင်း ရှောက်သီးတောင့်ကိုပါ ခပ်ယူ ထည့်ပေးလိုက်၏။ စားစမ်း ကြက်တောင်စည်းရေ။ ဒီတစ်ခါတော့ နှင်ခံရမယ့် အလှည့်ပဲ။

ကြက်တောင်စည်း ဖျပ်ခနဲ တစ်ချက်မော့ကြည့်ကာ ထမင်းကို ဆက်စားနေသည်။ သူ မသိချင်ယောင်ဆောင်ကာ ကိုယ့်ထမင်းကိုယ် ပြန်စားနေလိုက်၏။

နားစွင့်ထားမိတာ ကြက်တောင်စည်းရဲ့ ရှူးရှူးရှဲရှဲ ညည်းသံတွေ ဘယ်အချိန်ကြားရမည်လဲဟု။

ဒါပေမဲ့ ထမင်းပွဲသာ ကုန်သွားသည်။ ကြက်တောင်စည်းရဲ့ ညည်းညူသံကို မကြားရပါ။ ထမင်းလည်းကုန်၊ ဟင်းလည်းကုန်လို့ ကြက်တောင်စည်း ထမင်းစားပြီးသွားပြီ။

သူမော့ကြည့်တော့ ကြက်တောင်စည်းက ခပ်ပြုံးပြုံး စိုက်ကြည့်ရင်း ခက်ရင်းနှင့် ထိုးစိုက်ထားသော ရှောက်သီးတောင့်လေးကို ထောင်ပြ သည်။

''ဖား နှင့်ဥာဏ်လောက်တော့ ငါက ပျင်းသေးတယ် အပေါ်''

''ဟယ် ကြည့်စမ်း ရဲလေး နှေ့ကို လုပ်ကြံလိုက်တာပေါ့လေ''

''စမ်းသပ်ကြည့်တာပါ ကြက်တောင်စည်း နှင်ကံကောင်းတယ် မှတ်''

ရဲ ပြောရင်း ထမင်းစားတာကို လက်စသပ်လိုက်သည်။ စိတ်ထဲ ကတော့ ကြက်တောင်စည်းလည်လွန်းတာ ခံရခက်ခက်ဖြစ်မိသည်။

ကိစ္စမရှိပါ။ ကြက်တောင်စည်းတော့ ဒီနေ့ သူ့ကို ရှုံးနိမ့်ပေး မည်။





ညေ့ခန်းထဲမှာ ကြက်တောင်စည်းတို့ လေပစ်နေကြချိန်မှာ မိအေးက အချိုပွဲအတွက် ပြင်ဆင်နေသည်။

သဘော်သီးစိပ်လေးတွေ ပန်းသီးတွေ၊ စပျစ်သီးတွေ တကယ့် အစုံအလင်ပါလား။

''မိအေး ပေးအဲဒီအချိုပွဲ ငါပြင်လိုက်မယ်၊ နင်ထမင်းဝိုင်းတွေ သွားသိမ်းလိုက်တော့''

''ဟုတ်ကဲ့ အစ်ကိုလေး''

မိအေး ထွက်သွားတော့ သဘော်သီးစိတ်ထဲမှာ သူ ရှောက်သီးတောင့်လေးကို စိတ်ရှည်လက်ရှည် ခွဲစိတ် နှစ်မြှုပ်ထားလိုက်သည်။

ပြီးမှ မိအေးကို ခေါ်ကာ သွားပို့ခိုင်းလိုက်သည်။

တမင် ညေ့ခန်းကို မထွက်သေးဘဲ သူ့အသံတွေ ရပ်နားထောင်နေလိုက်သည်။ အလုပ်ကိစ္စတွေ ပြောနေတာကြားသည်။

မမကြယ်စင်က သဘော်သီးစိပ်တွေ စားဖို့ ပြော၏။ ကြက်တောင်စည်း ဒီတစ်ခါတော့ နာပြီ။

''အား စပ် စပ်လိုက်တာ''

''ဟင် ဘာဖြစ်လို့လဲ သဘော်သီးက စပ်တယ်''

''ဟုတ် မမကြယ်စင် အား ငှ ရှောက်သီးတွေ''

သေစမ်း ရှူးရှူးရှဲရှဲ ညည်းညူသံက ကြက်တောင်စည်း အသံ ဟုတ်ဘဲ ရှင်းသန့် အသံဖြစ်နေသည်။

''ဒါ အစုတ်ပလုတ်ကောင် ဖား လက်ချက်ဖြစ်မှာပေါ့''

ကြက်တောင်စည်းအသံကို ကြားသည်။ မမကြယ်စင် ရောက်မလာခင် သူ အိမ်နောက်ဖေးပေါက်က ခြံထဲကို သုတ်ခနဲ ဆင်းလိုက်သည်။

www.burmeseclassic.com



သူ ဒုက္ခပေးချင်တာက ကြက်တောင်စည်း။

ငှက်သီး လက်ချက်မိသွားတာက ရှင်းသန့် ဖြစ်နေသည်။ နင် အရမ်း ကံကောင်းနေပါလား ကြက်တောင်စည်းရယ်။

■ ■ ■

နေ့လယ်ပိုင်းမှာပဲ နေတစ်စင်းတို့ ပြန်မည်ဆိုတော့ သူ နှုတ်ဆက်ရသည်။ မျက်နှာတော့ နည်းနည်း ပူမိသည်။

ကြက်တောင်စည်းကို ပညာပေးဖို့ ကြိုးစားသမျှက တလွဲတချော်တွေချည်း ဖြစ်ခဲ့ရ၏။ အားနာစရာကောင်းသည်က မရည်ရွယ်တဲ့ ရှင်းသန့် ခံလိုက်ရတာကြောင့် ဖြစ်သည်။

"ရှင်းသန့် ဆောရီးဟာ"

"ဟင် ဘာလဲ ဘာကိုပြောတာလဲ ရဲ"

သူ တိုးတိုးတိတ်တိတ် တောင်းပန်တာကို ရှင်းသန့်က သဘော မပေါက်သေးဘဲ ပြန်လို့ မေးနေသေးသည်။

"ကြက်တောင်စည်းကို နောက်လိုက်တာ မရည်ရွယ်တဲ့ နင်း လိုက်ရလို့လေ"

"ဩော် ဒါလား ရပါတယ် ရဲရယ်"

"နင် တော်တော်စပ်သွားတယ်မို့လား"

"အင်း လျှာတွေဘာတွေ ထုံပူပြီး မျက်ရည်တွေတောင် ထွက် တယ်"

ရှင်းသန့် ရယ်ဟဟလေး ပြောတော့ သူ ပြုံးမိသေးသည်။ စိတ်နှလုံး နူးညံ့သော ရှင်းသန့်စိတ်ကို ဟိုးအရင်ကတည်းက သူသိ သည်။





နေတို့ သုံးယောက်တည်းမှာ ရှင်းသန့်သည် အနူးညံ့ဆုံး အပျော့ ဆုံးဖြစ်သည်။ ပြီးတော့ လင်းလင်းထက်စာလျှင် နေတစ်စင်းသည် ခဆတ်ဆတ် အနိုင်ဆုံးပါပဲ။

"ရဲလေး ဒီမှာ နေ ပြန်တော့မယ်တဲ့ နှုတ်ဆက်လိုက်ဦးလေ"

ဆင်ဝင်အောက်က ကားအနားမှာရပ်နေသော နေနှင့် မမ ကြယ်စင်က လှမ်းပြောနေတာမို့ သူ လှည့်ကြည့် ပြုံးပြရင်း

"ကျေးဇူးအများကြီးတင်တယ် ကြက်တောင်စည်း၊ နင်ဒီနေ့ အရမ်း ကံကောင်းနေတယ်"

"သူယုတ်မာတွေက သူတော်ကောင်းတွေကို ဒုက္ခပေးလို့ မရဘူး ကွ"

ကြက်တောင်စည်း စကားကြောင့် သူ့မျက်နှာကြီး ရှုံ့မဲ့သွားရ၏။ မမ ကြယ်စင်က သဘောကျသလို ရယ်နေသေးသည်။

ပြောထားဦးပေါ့ ကြက်တောင်စည်းရယ်၊ ထင်းခွေမကြိုး ရေခပ် တော့ ကြုံဦးမှာပါ။

"ရဲ ငါတို့ သွားတော့မယ်နော်"

"ကောင်းပြီ ရှင်းသန့်"

ရှင်းသန့် နှုတ်ဆက်ကာ ရပ်ထားသော ကားလေးဆီ လှမ်း လျှောက်သွားစဉ်မှာ နေက မောင်းသူနေရာမှာတောင် ထိုင်နေပြီ။

"မမကြယ်စင် နေတို့ သွားပြီနော်"

"အေး အေး နောက်အားတဲ့တစ်ရက်ကျမှ လာလည်ကြဦး ကွာ"

မမကြယ်စင်ကတော့ နေနှင့် ရှင်းသန့်ကို တော်တော်ခင်တွယ်



www.burmeseclassic.com

www.burmeseclassic.com



ပုံရပါ၏။ နေတစ်စင်းကားစက်နှိုးနေပေမယ့် စက်သံက ထွက်မလာပါ။

အတော်ကြာသည်အထိ ကားစက်နှိုးမလာတော့ သူရပ်ကြည့်မနေနိုင်တော့တာမို့ ကားနား လျှောက်ခဲ့သည်။

"ကားဘာဖြစ်တာလဲ ကြက်တောင်စည်း"

"ဘာဖြစ်မှန်း မသိဘူးဟ ဒီမှာ ကားသော့က ညပ်နေတာ"

နေတစ်စင်း ပြောတော့ သူ တံခါးကကြည့်ဖို့ ခေါင်းအငုံ့မှာ

"ဒုတ်"

"အ"

နဖူးကို ဒုတ်ခနဲ ထိုးလာသော ကြက်တောင်စည်းရဲ့ လက်သီးချက်ကို သူ မရှောင်တိမ်းလိုက်နိုင်ပါချေ။

"မှတ်ပြီလား ဖား ဟား ဟား"

"ကြက်တောင်စည်း အစုတ်ပလုတ်မ"

ဝူးခနဲ မောင်းထွက်သွားသော ကားပေါ်မှ ကြက်တောင်စည်းရဲ့ လှောင်ပြောင်ရယ်မောသံက လွင့်ပျံ့ကျန်ရစ်ခဲ့သည်။

မမကြယ်စင်က သူ့ကိုကြည့်ကာ ပြုံးနေရင်းမှ

"ရဲလေးရယ် နေတစ်စင်းလေးနဲ့ ပတ်သက်ရင် ငှါးခေါင်လေးချည်းပဲ ခံနေရပါလားကွယ် အဟင်း ဟင်း"

သူဘာမှ ပြန်မပြောနိုင်ပါ။ တကယ်လည်း ကြက်တောင်စည်းနှင့် ပတ်သက်သမျှ သူချည်းပဲ ခံနေရတာ ကြာခဲ့ပြီ။

ဒါပေမဲ့လည်း ကြက်တောင်စည်းအပေါ် သူ မနာကျည်းအာဃာတ မထားနိုင်ခဲ့ပါဘဲ ကျေနပ်နေတတ်ခဲ့ခြင်းဟာ ...။

■ ■ ■



## အခန်း (၁၄)

ဒီနေ့ ကုမ္ပဏီရုံးခန်းကို နေတစ်ယောက်တည်းပဲ လာခဲ့ရသည်။ ရှင်းသန့် မိခင် နေမကောင်းတာမို့ ရှင်းသန့် အိမ်ပြန်သွားခဲ့သည်။

တစ်ပတ်လျှင် တနင်္ဂနွေ တစ်ရက်လောက်သာ အိမ်ကို ပြန်ဖြစ်သော ရှင်းသန့်သည် ကျန်ရက်တွေမှာ နေနှင့်ပဲ လာနေပေးရှာသည်။

နေအတွက် အဖော်ရအောင် ဒယ်ဒီတို့က ဒေါ်စိန်ကို အဖော်ထည့်ပေးထားပေမယ့် ရှင်းသန့်ပါ လာနေတာမို့ ပိုလို့ အဆင်ပြေသည်။

ရှင်းသန့်မိခင် သွေးတွေ တိုးနေသည်ဆိုတာကြောင့် ရှင်းသန့် ခွင့်ရက်ယူ အိမ်ပြန်သွားတာဖြစ်သည်။

"နေရေ M.D ရုံးခန်းကို သွားလိုက်ဦး"

ရုံးရောက်ရောက်ချင်း ပြောလာသော သန္တာစကားကြောင့် နေတစ်စင်း ခေါင်းလေးညိတ်ပြရင်း ပြန်မေးလိုက်သည်။

"ဘာကိစ္စရှိလို့လဲဟင် သန္တာသိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဝန်ထမ်း အသစ်တစ်ယောက် ရောက်လာလို့ နေနဲ့ မိတ်ဆက်ပေးမလို့ ထင်တယ်၊ နေတို့ ဌာနကထင်တာပဲ"

"အိုကေ အိုကေ အခုပဲ နေ သွားလိုက်မယ် သန္တာ"

လက်ထဲက ဖိုင်တွဲနှင့် လက်ကိုင်အိတ်လေးကို ရုံးခန်းထဲက စားပွဲပေါ် လှမ်းတင်ပြီး နေ M.D ရုံးခန်းဆီသို့ ထွက်ခဲ့သည်။

"ဘိုး သမီးကို ဝင်ခွင့်ပြုပါဦး"

M.D ဦးကောင်းစံကို နေတစ်စင်းတို့ ဝန်ထမ်းတွေအားလုံးက 'ဘိုး' ဟုပဲ ခေါ်ကြသည်။ ကိုယ့်အထက်အရာရှိဖြစ်ကာ အသက်က ခြောက်ဆယ် နီးပါးရှိတာမို့ ချစ်စနိုးနှင့် ခေါ်ကြတာဖြစ်သည်။

"ဝင်ခဲ့လေ သမီး၊ ရှင်းသန့်လေးကော"

"ရှင်းသန့် သူ့အမေ နေမကောင်းလို့ ခွင့်ယူထားတယ် ဘိုး"

"ဩော် အေး အေး ဒီမှာသမီးကို ဝန်ထမ်းအသစ်နဲ့ မိတ်ဆက်ပေးမလို့"

ဦးကောင်းစံ ပြောတော့ နေ ခေါင်းလေးညိတ်ရင်း ထိုင်ခုံမှာ ထိုင်နေသော ဝန်ထမ်းအသစ် မိန်းကလေးကို လှမ်းကြည့်လိုက်မိ၏။

"ဟင် နှင် နှင် နေတစ်စင်း နော်"

"ဂန္ထဝင်"

နေ အံ့သြသွားမိသလို စိတ်ညစ်သွားမိတာလည်း အမှန်ပဲဖြစ်သည်။ မဆုံချင်သောသူတွေနှင့် လာဆုံဆည်းနေရပြန်ပါပြီ။

"သမီးတို့က သိနေကြတယ်လား"

M.D ပြောတော့ ဂန္ထဝင်က ခေါင်းလေးညိတ်ပြရင်း

"ဟုတ်တယ် ဘိုး သမီးတို့က အထက်တန်းကျောင်းမှာက





တည်းက ခင်လာကြတာပါ၊ ငယ်သူငယ်ချင်းတွေပေါ့"

"ဟုတ်လား ဒါဆို ရှင်းသန့်နဲ့လည်း သူငယ်ချင်းတွေပေါ့"

"ရှင်းသန့်ဆိုတာ ရှင်းသန့်စင်လား ဟင် ဘိုး"

ဂန္ထဝင်ကတော့ သွက်သွက်လက်လက်လေး မေးနေသည်။ ဂန္ထဝင် မျက်နှာလေးက နေတစ်စင်းတို့နှင့် ပြန်ဆုံနေရတာမို့ ဝမ်းသာနေတာ သေချာသည်။

နေမှာသာ ဂန္ထဝင်နှင့် ပြန်ဆုံရတာကို စိတ်ညစ်ချင်နေ၏။ ရှင်းသန့်သိလျှင်လည်း စိတ်ညစ်မှာပဲ ထင်သည်။

ဒါ ဖား ကြောင့်ပါပဲ။

"ဟော ကြယ်စင် သမီးလာဦး"

ဘိုး အသံကြောင့် နေတစ်စင်းကော ဂန္ထဝင်ပါ အခန်းထဲဝင်လာသော မကြယ်စင်ကို လှည့်ကြည့်မိကြသည်။

"ဒီမှာ ဝန်ထမ်းအသစ် အဖြစ်ရောက်လာတဲ့ ဂန္ထဝင်လေးက ဒီက နေတစ်စင်းတို့ ရှင်းသန့်တို့နဲ့ ငယ်သူငယ်ချင်းတွေတဲ့ ပိုပြီးအဆင်ပြေနေတွေ့သွားတာပေါ့"

"ဟုတ်ကဲ့ ဘိုး ကောင်းပါတယ်၊ နာမည်က ဂန္ထဝင်နော်"

"ဟုတ်ကဲ့ မမ"

"ကဲ သမီး ဂန္ထဝင် လိုက်သွားပါ၊ မကြယ်စင်က သမီးတို့ဌာနရဲ့ အတွင်းရေးမှူးပဲ သမီးကို အားလုံး ဝိုင်းဝန်းကူညီကြမှာပါ"

အမြဲတမ်း စကားသွက်လက်နေတက်သော နေတစ်စင်း အသံကြောင့် တိတ်ဆိတ်နေသည်ဆိုတာ ကိုယ်တိုင်ပဲ သိပါသည်။

ရုံးခန်းထဲအထိ ဂန္ထဝင်ကို မမကြယ်စင်က အတူခေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓဝင်သည် လိမ္မော်ရောင် ကိုယ်ကြပ်ဝတ်စုံလေးနှင့် ကျော့ကျော့လေး လှပလွန်းနေ၏။ ရွှေရောင်ဆံပင် အခွေ အလိပ်လေးတွေက ဝင်းမွတ်နေသော မျက်နှာလေးနှင့် လိုက်ဖက်ပါသည်။

လှသောမျက်နှာလေးကို ပို၍ ထင်ရှားပေါ်လွင်အောင် ပြင်ဆင်ထားတာမို့လည်း ဂန္ဓဝင်အလှက ပေါ်လွင်လွန်းသည်။

နားဆွဲ၊ ဆွဲကြိုး၊ ဟန်းချိန်းနှင့် မှဒ်(တ်)ချိန်းလေးတွေ အားလုံးက စိန်ပွင့်လေးတွေနှင့် ဝင်းလက်နေသည်။

ဂန္ဓဝင်အသွင်က ကုမ္ပဏီ ဝန်ထမ်းဆိုတာထက် လေ့လာအလည် ရောက်ရှိလာသော မင်းသမီးလေး တစ်ပါးနှင့် ပိုတူနေ၏။

ဂန္ဓဝင်ရဲ့ အလှကို မမကြယ်စင်လည်း နှစ်သက်သဘောကျနေပုံ ရှိပါသည်။ မမကြယ်စင် မျက်ဝန်းတွေက ဂန္ဓဝင်ဆီက လွှဲဖယ်မခွာနိုင်ပါ။

"နေလေးတို့နဲ့ သူငယ်ချင်းဆိုတော့ ရဲနဲ့လည်း သိသလား"

"ရဲ သူ့ရဲကောင်းကို ပြောတာလားဟင် မမ"

"ဟုတ်တယ်လေ ရဲလေးက မမရဲ့ မောင်လေးပါ"

"ဟင် တကယ်"

ပန်းဆီရောင်ခြယ် နှုတ်ခမ်းလေးတွေ ပိုင်းစက်ကာ မျက်တောင်ကော့ကြီးတွေ တဖျပ်ဖျပ်ခတ်ကာ မမကြယ်စင်ကို ကြည့်နေသော ဂန္ဓဝင်ကိုကြည့်ကာ နေတစ်စင်း အမြင်ကပ်သွားမိတာမို့

"ဖားနဲ့ ဂန္ဓဝင်က သိရုံမကဘူး ရင်းရင်းနှီးနှီး ကျွမ်းကျွမ်းဝင်ဝင်ကို ခင်မင်ခဲ့ကြတာ မမကြယ်စင်ရဲ့"

"ဟယ် ဟုတ်လား"

နေ စကားအဆုံးပါယ်က တစ်မျိုးထင်စရာမို့ ဂန္ဓဝင် မျက်နှာ





သေးရဲရဲနီသွားရှာသည်။ မမကြယ်စင်ကတော့ အံ့သြဝမ်းသာနေ၏။

ဂန္ဓဝင်လို အချောအလှလေးကို ယောင်းမတော်လိုက်ရသလို ကျေနပ်နေပုံမျိုး။

ရုံးခန်းထဲရောက်တော့လည်း မမကြယ်စင်က ဂန္ဓဝင်ကို အအကြောင်းတွေ ဖောင်ဖွဲ့ပြောနေသည်။

နေတစ်စင်း မကြားချင်ပေမယ့် ကြားနေရတာ ခက်ပါသည်။

"ရဲလေးက စက်ကိုင်းဝေါလ်ကုမ္ပဏီမှာ လုပ်နေတယ်၊ ဥပဒေအကြံပေးအဖွဲ့မှာပေါ့"

"ဟုတ်ကဲ့ ဂန္ဓဝင်တို့ မဆုံတာ တစ်နှစ်ကျော်ပြီ မမ၊ ဂန္ဓဝင်က အင်္ဂလန်မှာ တစ်နှစ်ကျော်လောက် ကျောင်းသွားတက်နေလို့လေ"

"ဟင် ဒါဆို မောင်လေး မသိရသေးဘူးပေါ့"

"မသိလောက်သေးဘူး ဂန္ဓဝင်ပြန်ရောက်တာ နှစ်ပတ်ကျော်ပဲ ရှိသေးတယ်"

"မမပြောလိုက်မယ် စိတ်ချ နောက်ကျရင် နေတစ်စင်းတို့နဲ့အတူ ဂန္ဓဝင်ကို အိမ်မှာ ထမင်းစားဖိတ်ရဦးမယ်၊ အဟင်း နေလေးတို့ကတော့ မမရဲ့လက်ရာကို သိပြီးသား"

နေ ရုံးခန်းထဲက ထွက်ပြေးချင်အောင် စိတ်တွေ မွန်းကြပ်နောက်ကျိနေသည်။ မမကြယ်စင်နှင့် ဂန္ဓဝင်တို့ အဆင်ပြေ ချောမွေ့နေတာကို ရှင်းသန့်သာ မြင်တွေ့လျှင် မည်သို့နေမည်မသိပါ။

ဒီနေ့ ရှင်းသန့် အလုပ်မလာတာဘဲ ကံကောင်းပါသည်။

■ ■ ■

"ဟင် ဂန္ဓဝင်က မမတို့ ကုမ္ပဏီမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ရဲလေး မင်းနဲ့က ငယ်ပေါင်းကြီးဖော်ဆို"

"အင်း ကိုးတန်းတုန်းက ခင်ကြတာပါ"

မမကြယ်စင် မျက်ဝန်းတွေက သူ့ကို အကဲခတ် စိုက်ကြည့်နေတာ သူသိပါသည်။ သူကိုယ်တိုင်လည်း ဂန္ထဝင်အမည်ကို ကြားလိုက်ရတာကြောင့် ရင်ထဲမှာ လှိုက်ခနဲ ဖြစ်သွားခဲ့သည်။

ဂန္ထဝင်နှင့် မဆုံဖြစ်တာ အတော်ကြာခဲ့ပြီ။ ဒါပေမဲ့ ဂန္ထဝင် မျက်နှာလေးက တွေးကြည့်ရုံနှင့် ထင်ရှားစွာ ပေါ်လာတတ်ပါသည်။

"ရဲလေးတို့ မဆုံကြတာ ဂန္ထဝင်လေး အင်္ဂလန်သွားကတည်းကဆို"

"ဟုတ်တယ် မမ"

သူ့လေသံက နည်းနည်းတော့ အေးစက်နေမှာ သေချာပါတယ်။ ဂန္ထဝင် အင်္ဂလန်ကို ထွက်သွားခဲ့တာကိုတောင် သူ မသိလိုက်ပါ။

ဂန္ထဝင်က သူ့ကိုလည်း မပြောခဲ့ပါ။ ထို့အတွက် စိတ်ထဲမှာတော့ ခံပြင်းရသေးသည်။

ဂန္ထဝင် အင်္ဂလန် ရောက်နေသည်ဆိုတာ သူ့ E-mail နှင့် ဆက်သွယ်မှ သူ သိရတာ ဖြစ်သည်။

ထို့နောက်ပိုင်းမှာတော့ ဂန္ထဝင်နှင့် သူ အဆက်အသွယ် ပြတ်တောက်မတတ် ဖြစ်ခဲ့သည်။

"မောင်လေးနဲ့ ဂန္ထဝင်က ချစ်သူတွေဆို"

"ဟာ မဟုတ်တာ"

"မညာနဲ့ မောင်လေး နေတစ်စင်းကိုယ်တိုင် ပြောတာ"





"ကြက်တောင်စည်း ပြောတာ ဒါဆိုရင်တော့ မမကိုပါ သူ အရူးလုပ်လိုက်တာပဲ"

"ဟင် မဟုတ်ဘူးလား"

"မဟုတ်ဘူး တရားဝင် ရည်းစားတွေ ဖြစ်ခဲ့တာမှ မဟုတ်တာ၊ ဒါ သူ့ကို ကျွန်တော် ရည်းစားစကား ပြောဖူးတယ်၊ ဒါပေမဲ့ သူက အဖြေမပေးဘူး၊ ဘာမှမပြောဘဲ အင်္ဂလန်ကို ထွက်သွားတာ"

"ဟုတ်လား ဒါဆို အခု ပြန်ရောက်နေပြီလေ မောင်လေး ဆက်ကြိုးစားပေါ့"

သူ ယဲ့ယဲ့ပြုံးကာ ခေါင်းခါမိသည်။ မမကြယ်စင်က မျက်မှောင်ကုပ်ကာကြည့်ရင်း

"ဘာဖြစ်လို့လဲ ဂန္ထဝင်လေးက အတော်ချစ်စရာ ကောင်းတယ်လေ မမကတော့ မောင်လေးနဲ့ သဘောတူတယ်"

"သူ ကျွန်တော့်ကို အဖြေမပေးဘူး၊ အင်္ဂလန်ကို ထွက်သွားတယ်၊ ကျွန်တော် နည်းနည်းဒေါသ ဖြစ်ခဲ့ရသေးတယ်"

"ဩော် ဒါတော့ သူ့မှာလည်း အကြောင်းကိစ္စ ရှိမှာပေါ့၊ အခု သူ့ပုံစံက မောင်လေးကို သံယောဇဉ် ရှိပုံပါ"

"ကျွန်တော်လည်း သူ့ကို သံယောဇဉ်ရှိပါတယ်၊ ဒါပေမဲ့ အရင်လို ရင်ခုန်တတ်အောင်တော့ ကြိုးစားရဦးမယ်"

"သူ မကြာခဏ အိမ်ကိုလာမှာပါ ကျွန်ုပ်ကိုလည်း မောင်လေး အမြဲတမ်း လာလို့ရတယ်လေ"

မမကြယ်စင်ကတော့ ဂန္ထဝင်နှင့် သူ့ကို ချက်ချင်းကြီးကို သဘောတူနေသည်။ ဂန္ထဝင် သိပ်လှသည်၊ ပြီးတော့ ချစ်စရာကောင်း

www.burmeseclassic.com



ပါသည်။

ဒါကြောင့်လည်း မမ သဘောကျတာ ဖြစ်မည်။ သူတောင် ဂန္ဓဝင်အလှမှာ ယစ်မူးနေခဲ့သေးသည်ပဲ။

ဂန္ဓဝင် အလှမှာ ပျော်ဝင်ခဲ့သော ယောကျ်ားလေးတွေ အများကြီးရှိတာ သူသိပါသည်။ ဒါပေမဲ့ ဘယ်သူမှ ဂန္ဓဝင်ရဲ့ ချစ်ခြင်းကို မရခဲ့ကြ။

ထိုယောကျ်ားတွေထဲမှာ သူတစ်ယောက်တည်း ပါဝင်ခဲ့သည့်အဖြစ်ကတော့ နည်းနည်း ခံရခက်စေပါသည်။

ဂန္ဓဝင်လှပါသည်။ ပြီးတော့ တွေဝေလွန်းသည်။ လျှို့ဝှက်တတ်လေသည်။

■ ■ ■



## အခန်း (၁၅)

"ဘာ ဘာရယ် ဂန္ဓဝင်က ငါတို့ ကုမ္ပဏီမှာ အလုပ်လုပ်မှာဟုတ်လား"

ထင်သည့် အတိုင်းပါပဲ။ ရှင်းသန့် မျက်ဝန်းလေးတွေမှာ အံ့ဩရိပ်နှင့်အတူ စိုးရိမ်ပူပန်ရိပ်လေးတွေ လွှမ်းသွားတာ အထင်အရှား။

"ဟုတ်တယ် ငါတို့ ရုံးဌာနမှာ ရောက်နေပြီ"

"ဒုက္ခပါပဲ ငါသူတို့နဲ့ တွဲမလုပ်ချင်ဘူးဟာ"

"ဘာလို့လဲ ဖား ကြောင့်လား"

ရှင်းသန့် မဖြေပါ။ မဖြေပေမယ့် ရှင်းသန့် မျက်ဝန်းတွေက ဝန်ခံနေသည်။ ဖားနှင့် ပြန်ဆုံတာမို့ ရှင်းသန့် နှလုံးသားက မျှော်လင့်ချက်လေးတွေ ဂန္ဓဝင်ကြောင့် ပြန်သေဆုံးရှာပြန်ပြီလား။

"ဂန္ဓဝင်တို့ ကုမ္ပဏီမှာ အလုပ်လုပ်မှာကို ရဲလည်း သိမှာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"သိမှာပေါ့ မသိလည်း မမကြွယ်စင်က ပြောပြမှာပဲ မမကြွယ်စင်ကိုယ်တိုင်က ဂန္ဓဝင်ကို သဘောကျနေတာ"

ရှင်းသန့်မျက်နှာလေး ညှိုးသွားသည်။ ရှင်းသန့်ကို သနားမိညပေမယ့် နေတစ်စင်း ပြောသင့်တာကိုတော့ ပြောပြရမှာပဲ ဖြစ်သည်။ ဘာမှမသိရှာဘဲ ရှင်းသန့် မျှော်လင့်ချက်တွေထားရှိနေမှာကို စိုးပါသည်။

"ရှင်းသန့် ငါအကောင်းဆုံး အကြံပေးမယ် နင် ပိုနေမြဲကြာနေ မြဲ အတိုင်းပဲ နေလိုက်စမ်းပါဟယ်"

အခုချိန်မှာ ရှင်းသန့်အတွက် အကောင်းဆုံး အကြံကိုပဲ နေပေးနိုင်ပါသည်။ ရှင်းသန့် နှလုံးသားကို ဒဏ်ရာတွေနဲ့ မနာကျင်စေလိုပါ။

"ငါပြောတာ နင် သဘောပေါက်လားဟင် ရှင်းသန့်"

"အင်း ငါသဘောပေါက်ပါတယ်၊ ငါ ရင်ဆိုင်ခဲ့ပြီးပြီ ခံနိုင်ရည်လည်း ရှိပြီးခဲ့ပါပြီဟယ်"

ရှင်းသန့် ဝန်ခံတော့ နေတစ်စင်း ကျေနပ်ရပါသည်။ အလုပ်ထဲမှာ ဂန္ဓဝင်နှင့်အတူ ရှိနေချိန်တွေမှာတော့ ရှင်းသန့်ရင်ဆိုင်ဖို့ ခက်ကောင်းခက်မည်။

ဒါပေမဲ့လည်း ကြာလာလျှင် ရိုးသွားမှာပဲ ဖြစ်သည်။

"ဩော် နေ မျှော်စင်လေးအကြောင်း နင်ကြားပြီးပြီလား"

"ဟင် မျှော်စင် ဘာဖြစ်လို့လဲ"

ရှင်းသန့်ကို နေ စိုးရိမ်တကြီး မေးမိသည်။ မျှော်စင်ဆိုသည်က နေတို့ နေထိုင်သော ကွန်ဒိုတိုက်ခန်းတွဲ အပေါ်ထပ်မှာ နေသူဖြစ်သည်။

အမေမရှိတော့တဲ ဖခင်ဖြစ်သူနှင့် နှစ်ဦးတည်းနေသူ မျှော်စင် ဘဝလေးက သနားစရာ ကောင်းပါသည်။





တစ်ဦးတည်းသော ဖခင်ဖြစ်သူက အရက်စွဲနေသော အရက်သမားကြီးမို့ မျှော်စင်လေးဘဝက သနားစရာ ကောင်းသည်။

နေတို့ကတော့ ဒီလေးလွှာ ကွန်ဒိုတိုက်ခန်းမှာ မျှော်စင်နှင့် အတူမျက်နှာချင်းဆိုင် အခန်းက တီတီနှင့်ကိုကိုတို့ အဖွာညီအစ်ကိုတို့လည်း ခင်မင်ပါသည်။

နေတစ်စင်းတို့ အလုပ်ပိတ်ရက်ဆိုလျှင် သူတို့လေးတွေခေါ်ကာ မိမ်းကစားကြ မုန့်မျိုးစုံ လုပ်စားကြနှင့် ပျော်စရာကောင်းသည်။

"အခု မျှော်စင်က စားသောက်ဆိုင်မှာ စားပွဲထိုး လုပ်နေတယ်တဲ့"

"ဘာရယ်"

ရှင်းသန့် စကားကြောင့် နေတစ်စင်း အံ့ဩသွားသည်၊ ပြီးတော့ ကြားရတာကို လက်မခံနိုင်ဘဲ ခေါင်းကို ခါရမ်းမိပါသည်။

"အဓိပ္ပါယ်မရှိတာ အခုမှ သူ့ အသက်က ဆယ့်ခြောက်နှစ်တောင်ပြည့်သေးတာ မဟုတ်ဘူး ပြီးတော့ ဒီနှစ်ဆယ်တန်း ဖြေရဦးမှာ"

"အင်းလေ ငါလည်း အတော်စိတ်မကောင်းဘူး အခုတောင် တီတီနဲ့ ကိုကိုတို့ လာပြောလို့ သိရတာ"

"မျှော်စင် ကတော့ဟယ် ငါတို့ ဒီလောက် ဆိုဆုံးမတဲ့ကြားက ဘာလို့ ဒီစိတ်ကူးပေါက်သွားတာလဲမသိဘူး၊ ဒါနဲ့ စားသောက်ဆိုင် နာမည်က ဘာလဲ"

"Q. King တဲ့"

"မဖြစ်ဘူး ဒီညနေ နင်နဲ့ငါ လိုက်သွားမယ်ဟာ"

"အေး သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



မျှော်စင်လေးနှင့် ပတ်သက်လာတော့ နေကော ရှင်းသန့်ပါ ကိုယ်ရဲ့ မောင်လေး တစ်ယောက်လို ပူပန်မိသည်။

အမိမဲ့သား မျှော်စင်လေးသည် အရက်သမား ဖခင်ရဲ့ နှေးကွေး မှုလည်း ကင်းစင်ခဲ့သည်။

မိခင်ဘက် ဆွေမျိုးတွေကလည်း ဖခင်ကို ရွံမုန်းတာကြောင့် လစဉ် ငွေကြေးထောက်ပံ့ပေးတာကလွဲလို့ ဥပေက္ခာပြုထားကြသည်။

ငယ်ရွယ်ပေမယ့် မျှော်စင်လေးက သိတတ်သည်၊ ဖခင်ကိုလည်း ချစ်သည်၊ စိတ်ရင်းစေတနာလည်း ကောင်းသည်။ နေတို့ ဘာခိုင်းခိုင်း ကူညီပေးတတ်၏၊ ဒီနှစ်ဆယ်တန်း စာမေးပွဲဖြေမည့် မျှော်စင်လေးဘက်ကို နေတစ်စင်းတို့ တတ်နိုင်သလောက် ကူညီချင်ပါသည်။

"ညနေစောစောသွားမယ်ဟာ သိပ်နေစောင်းရင် မကောင်းဘူး ဆိုင်ထဲမှာ သောက်နေတဲ့သူတွေရှိမှာပဲ"

"အေး စောစောသွားတာပေါ့ ရှင်းသန့်ရယ်"

"ငါ ရေချိုးလိုက်ဦးမယ်"

ရှင်းသန့် ရေချိုးခန်းထဲ ဝင်သွားတော့ နေ ညှော်ခန်းထိုင်ခုံမှာ ထိုင်ချရင်း ပင့်သက်လေး ရှိုက်မိသည်။

ထိုစဉ်မှာပဲ ဖုန်းခေါ်သံ သီချင်းလေး ပေါ်ထွက်လာတာမို့ နေ ကောက်ယူ နားထောင်မိလိုက်သည်။

"ဟဲလို နေတစ်စင်းပါ"

"နေတစ်စင်း ကိုယ့်ကိုသိလား"

ဆက်သောဖုန်းနံပါတ်က နေ မသိသော နံပါတ်ဖြစ်သလို အသံကိုလည်း နေ မသိပါ။ ဘယ်သူ ဖြစ်နိုင်မလဲ တွေးလိုစိတ်လည်းမရှိ





"ဒီမှာ လူမှုမမြင်ရတာ ဘယ်သူမှန်း သိမှာလဲ ရှင် လာကြောင် နေနဲ့"

တမင်ပဲ ဘုတောပစ်လိုက်တော့ တစ်ဖက်က ရယ်သံလေးကို ကြားရသည်။

"အဟွန်း ဟွန်း နေတစ်စင်းက မပြောင်းလဲဘူးနော် အရင် အတိုင်းပဲ"

ဘယ်သူလဲဆိုတာ နေ သိချင်သွားမိသည်။ ပြီးတော့ အာရုံ ထဲမှာ ပြေးမြင်မိတာ ဖား မျက်နှာကို ဖြစ်သည်။

ဖား အသံဖျက်ပြီး ပြောနေတာလည်း ဖြစ်နိုင်၏။

"နေစမ်းပါဦး ရှင် အာရုံလာစား မနေပါနဲ့"

"ကိုယ်ဘယ်သူလဲဆိုတာ နေတစ်စင်း သိရင် အံ့သြသွားမှာပါ"

"ပြောစမ်းပါဦး နားထောင်ကြည့်ရအောင်"

"ကိုယ် ပြတိုက်ပါ"

"ဆောရီး ကျွန်မ အသိမိတ်ဆွေထဲမှာ ဒီနာမည် မရှိဘူး"

"တကယ် မမှတ်မိတာလား နေတစ်စင်းရယ်"

"ရော် ခက်ပါလား တကယ်မသိတာ ကျွန်မ ဖုန်းချလိုက်တော့ မယ်"

"ခဏ ခဏလေး နေပါဦး မင်းတို့ ရှင်းသန့်တို့ လင်းလင်းတို့ ကိုးတန်းတုန်းကတည်းက ကိုယ်နဲ့ဆုံခဲ့တာပါ၊ မင်းတို့ သင်္ချာသင်ဖူးတဲ့ ဆရာ"

"ရှင် ဆရာ ပြတိုက်လား"

တကယ်ပဲ နေ အခုမှ မှတ်မိသွားတာဖြစ်သည်။ ဘယ်တန်း



www.burmeseclassic.com

www.burmeseclassic.com



တုန်းက နေတို့ရဲ့ သင်္ချာဆရာ။ ကိုးတန်းမှာကတည်းက နေတို့ ခင်မင်သိနေသော ဆရာပြတိုက်။

"ဟုတ်ပါတယ် မှတ်မိပြီပေါ့"

"မှတ်မိပါတယ်ဆရာ၊ ဆရာ ဘယ်လိုလုပ် နေ့ရဲ့ ဖုန်းနံပါတ်ကို ရတာလဲဟင် အခု ဆရာ ဘာလုပ်နေလဲဟင် အဆင်ပြေရဲ့လား ဆရာ"

"အင်း ကိုယ်ကျောင်းဆရာ မဟုတ်တော့ပါဘူး ကိုယ့်မိဘရဲ့ စီးပွားရေး ကိစ္စတွေမှာ တာဝန်ယူနေရပြီလေ၊ ကိုယ် မင်းဖုန်းနံပါတ်ကို ဘယ်လိုရခဲ့သလဲဆိုတာ မင်းကို ပြောမပြတော့ဘူး"

"ဟုတ်ပါ့ဆရာ ဒါက ပြဿနာမဟုတ်ပါဘူး ဆရာ့နဲ့ ပြန်ဆုံရတာ နေ ဝမ်းသာပါတယ်"

"ကိုယ်လည်း အတိုင်းအဆမသိ ဝမ်းသာပါတယ် နေရယ် ဟို ကိုယ့်ကို ဆရာလို့ မခေါ်ပါနဲ့ ဆရာမှ မဟုတ်တော့တာ၊ ပြတိုက်လို့ပဲ ခေါ်ပါ"

"နေက လေးစားမှုနဲ့ ခေါ်တာပါ ဆရာရဲ့ ပြီးတော့ ဆရာက နေတို့ရဲ့ ဆရာပဲလေ မဟုတ်ဘူးလား"

"ဘယ်ယောကျ်ားလေးကမှ ကိုယ် စိတ်ဝင်စားတဲ့ မိန်းကလေးဆီက ဆရာလို့ အခေါ်ခံချင်မှာလဲ"

"ရှင် ဘယ်လို"

"အိုကေ နောက်မှ ကိုယ်မင်းဆီကို ဖုန်းဆက်မယ် ဒါပဲနော်"

ဖုန်းချသွားတာမို့ နေဘာမှ မပြောလိုက်နိုင်ပါ၊ ဖုန်းကိုကိုင်ကာ နေ မင်တက်တက်လေး ဖြစ်နေမိသည်။





ဆရာ ဘာစကားတွေ ပြောသွားတာလဲ နေတစ်စင်းကို ရည်းစားစကား ပြောသွားခဲ့တာလား။

"နေ ဘာတွေငိုင်နေတာလဲ ရေသွားချိုးလေ ငါ ပြီးပြီ"

မွှေးမွှ သဘက်လေး ခြုံလွှမ်းကာ ထွက်လာသော ရှင်းသန့် အသံကြားမှ နေတစ်စင်း ဖုန်းလေးကို ပြန်ချလိုက်ရင်း

"ရှင်းသန့် အခု ဖုန်းလာတာ ဘယ်သူ့ဆီကထင်လဲ"

"မသိဘူးလေ ဘယ်သူ့ဆီကလဲ"

"နင်တို့ငါတို့ အထက်တန်းကျောင်းတုန်းကဆုံခဲ့တဲ့ ဆရာ အသစ်ကလေးကို မှတ်မိလား"

ရှင်းသန့် မျက်ခုံးလေးတွေကုပ် တွေသွားပြီးမှ ခေါင်းလေး ညိတ်၏။

"မှတ်မိတယ် မှတ်မိတယ် နာမည်က အဆန်းလေ ချောလည်း ချောတယ် ဘာဖြစ်လို့လဲ"

"အခုပဲ ဆရာပြတိုက် ငါ့ဆီ ဖုန်းဆက်တာ"

"ဟင် တကယ်"

"အေး ငါ နားမလည်နိုင်တာက ဆရာက ငါ့ကို သွယ်ဝိုက်ပြီး ရည်းစားစကား ပြောသွားသေးတယ်"

"ဘုရားရေ တကယ်"

နေ ခေါင်းလေးညိတ်ကာ ဆရာပြတိုက် ပြောပြသော အကြောင်းတွေကို အားလုံး ပြောပြလိုက်မိသည်။ ရှင်းသန့် ခေါင်းလေး ညိတ် နားထောင်နေရင်း

"ဆရာက ကျောင်းဆရာအလုပ်က ထွက်လိုက်ပြီပေါ့၊ အင်း



www.burmeseclassic.com

www.burmeseclassic.com



နင့်ကို ဆရာပြတိုက် စိတ်ဝင်စားတယ်ဆိုတာ ဖြစ်နိုင်တာပဲ''

''ဟင့်အင်း ငါ ဇဝေဇဝါ ဖြစ်နေတာ ဒါ ဖား လက်ချက်လား လို့''

''ဘယ်လို''

''ဟုတ်တယ်လေ ဆရာပြတိုက်လို့ နာမည်သုံးပြီး ဖား ငါ့ကို အရူးလုပ်တာ ဖြစ်နိုင်တယ်၊ အသံဖျက်ထားသလား မသိဘူး''

''ရဲ အဲဒီလောက်တော့ မနောက်ပါဘူး၊ ဆရာပဲ ဖြစ်မှာပါ။ သေချာရင် သူ နင့်ဆီရောက်လာမှာပေါ့''

''အေး ခေါင်းရှုပ်ပါတယ် ထားလိုက် အရေးကြီးတာ မျှော်စင်ကိစ္စ နင် အဝတ်အစားလဲ ပြင်ဆင်ထား၊ ငါရေချိုးလိုက်မယ် ပြီးရင် မျှော်စင်နဲ့ သွားတွေ့ရမှာ''

စကားဖြတ်ပြီး နေတစ်စင်း ရေချိုးဖို့ ပြင်ဆင်လိုက်သည်။ အဝတ်အစားလဲနေရင်း စိတ်ထဲရှိနေတာ မျှော်စင်လေးကိစ္စဖြစ်သည်။ ဒီချာတိတ်ကိုတော့ နားလည်အောင် ဆုံးမပြောဆိုရမည်။

ဆရာပြတိုက်သည် ထိုတဒင်္ဂမှာ နေ အာရုံထဲမှာ လုံးဝမရှိ တော့တာ သေချာပါသည်။

■ ■ ■

နေတစ်စင်းတို့နှစ်ယောက် Q. King စားသောက်ဆိုင်ရှေ့ ရောက်တော့ ခြေလှမ်းတွေတောင် တုံ့ခနဲ ဖြစ်သွားမိသည်။

ဆိုင်ရှေ့မှာ ကားတွေက အများကြီး ဒီလောက်အထိ လူတွေ များမည်ဟု နေတစ်စင်း ထင်မှတ်မထားမိပါ။

''ဖြစ်ပါ့မလား လူတွေများနေတယ်''





''ဘာဖြစ်လဲ လာ ဟိုညွှန်ကြား ချာတိတ်တွေကို မေးပြီး စုံစမ်း ကြည့်တာပေါ့''

နေတစ်စင်း ဦးဆောင်ကာ ညွှန်ကြားချာတိတ်ဆီ ထွက်ခဲ့သည်။ ရှင်းသန့်က နေတစ်စင်းနောက်က လိုက်ခဲ့သည်။

''ဘာသုံးဆောင်မလဲ ခင်ဗျာ''

''မောင်လေးကို တစ်ခုလောက်မေးချင်လို့ ဒီဆိုင်မှာ အလုပ် ဝင်နေတဲ့ အသက်ငယ်ငယ် ကောင်လေး မျှော်စင်ဆိုတာ ရှိသလား''

''သိပါတယ် အစ်မ အလုပ်ဝင်တာတောင် သုံးရက်လောက်ပဲ ရှိသေးတဲ့ ချာတိတ် မဟုတ်လား''

''ဟုတ်တယ် သူ့ကို အစ်မ တွေ့ချင်လို့''

''ရပါတယ်ခင်ဗျာ ကျွန်တော်သွားခေါ်ပေးပါ့မယ် အစ်မတို့ ဒီကပဲ စောင့်မလား''

''ဒီဆိုင်မှာ သီးသန့်အခန်း မရှိဘူးလား''

''ရှိပါတယ် အစ်မ ညာဘက်အခန်းတွေက သီးသန့်အခန်း တွေပါ''

''ဟုတ်ပြီး အစ်မတို့ အဲဒီကပဲ စောင့်မယ် လာ ရှင်းသန့် တစ်ခုခုစားရင်း အေးဆေးစားပြော ဆွေးနွေးမှဖြစ်မှာဟ''

သီးသန့်အခန်းလေးတစ်ခုမှာထိုင်ကာ မဆာပေမယ့် ကြေးအိုး ထောင့်မှာကာ နေတစ်စင်းတို့ စောင့်နေလိုက်သည်။

မကြာပါ ဆိုင်ရဲ့ ယူနီဖောင်း ဖြစ်ဟန်တူသော အနက်ရောင် ဘောင်းဘီနှင့် အပြာနု တီရှပ်လေးဝတ်ကာ မျှော်စင် ရောက်လာသည်။

''ဟာ မမတို့ ဒီဆိုင်ကိုဘာလို့ လိုက်လာကြတာလဲဗျ''



www.burmeseclassic.com

www.burmeseclassic.com



နေတစ်စင်းတို့ကို တွေ့လိုက်တော့ မျှော်စင် အလိုမကျသလို မေးသည်။ လူကငယ်ငယ်၊ ပိန်ညှက်ညှက်နှင့်မို့ ဆိုင်ဝန်ထမ်းဝတ်စုံက မျှော်စင်နှင့် ပွယောင်းယောင်းကြီးဖြစ်နေ၏။

"အပိုတွေ မေးမနေနဲ့ မင်းနဲ့တွေ့ချင်လို့လာတာ ကဲထိုင်"

"ဟုတ် ကျွန်တော် အလုပ်ချိန်"

"မျှော်စင် လာ ဒီမှာထိုင်စမ်းပါ"

ခပ်ရှုံ့ရှုံ့ဖြစ်နေသော မျှော်စင်ကို နေတစ်စင်း လက်ဆွဲကာ နံဘေးထိုင်ခုံမှာ ဝင်ထိုင်ခိုင်းလိုက်ရသည်။

"ကဲ ပြောစမ်း မျှော်လေး နင်က ငါတို့ကိုတောင် မတိုင်ပင်ဘဲ ဘာလုပ်သွားတာလဲ၊ နင့်အရွယ် ကျောင်းစာသင်တဲ့ အရွယ်လေ"

"အေး နေ ပြောတာမှန်တယ်၊ မကြာခင်ပဲ ဆယ်တန်း ဖြေရတော့မယ်၊ နင်ဘာလို့ ဒီလိုလုပ်ရတာလဲ၊ နင့်အသက်က ဆယ့်ခြောက်နှစ်တောင် မပြည့်သေးဘူး စားသောက်ဆိုင်မှာ စားပွဲထိုးလုပ်သတဲ့လား"

"ဟာ ကျွန်တော် စားပွဲမထိုးရပါဘူး၊ မီးဖိုခန်းထဲမှာ အကူ အလုပ်ပါ မမတို့ရဲ့"

"ဘာအလုပ်ပဲဖြစ်ဖြစ် နင့်အရွယ်က ဒီအလုပ်တွေ လုပ်စရာ မလိုဘူး သေချာတယ် အတူမြင် အတတ်သင်နဲ့ နင်လည်း အရက်သမား ဖြစ်မှာပဲ"

နေ တမင်နာအောင် ပြောတော့ မျှော်စင်ပြုံးသည်။ အပြုံးတို့က မထိတထိ။

"ကျွန်တော့် အဖေကလည်း အရက်သမားလေ ကျွန်တော် လည်း အရက်သမားဖြစ်တာ မဆန်းပါဘူးဗျာ"





"မျှော်စင် မင်းဘယ်လို ပြောလိုက်တာလဲ"

"တောင်းပန်ပါတယ် မမတို့ရယ် ကျွန်တော် စာမေးပွဲ မဖြေတော့ဘူး၊ အလုပ်လုပ်ဖို့ ဆုံးဖြတ်ထားပြီးပြီ မမတို့ ပြန်ပါတော့"

"မင်းဘာကြောင့် အလုပ်လုပ်ရမှာလဲ မင်းတို့ စားစရိတ်ကို မင်းအမေဘက်က ဆွေမျိုးတွေ ထောက်ပံ့တယ်လေ နောက်ဆုံး လိုအပ် တာရှိရင် မင်း မမတို့ကို ပြောလို့ရတယ်"

မျှော်စင် ခေါင်းကိုခါရမ်းသည်။ ထိုအခိုက်မှာပဲ အခန်းအပြင်မှ ခေါ်သံကိုကြားသည်။

"မျှော်စင်"

"ဗျာ ဆရာ လာပါပြီခင်ဗျ"

"မျှော်လေး"

နေတစ်စင်းခေါ်သံကိုပင် ဥပေက္ခာပြုကာ အခန်းထဲက မျှော်စင် ထွက်သွားသည်။ အခန်းအပြင်မှာ ပြောနေသံတွေကို နေတို့ ကြား နေ၏။

"ဟော့ကောင် မင်း ဘာအချိုးချိုးတာလဲ"

"ကျွန်တော် ဟို ညီ့သည်တွေလာလို့ပါ"

"မင်း အကြောင်းမပြနဲ့ မီးဖိုခန်းထဲမှာ ချက်ရပြုတ်ရ ကြော် လှော်ရနဲ့ အလုပ်တွေများနေချိန်မှာ မင်းက မရှိဘူး"

"ကျွန်တော် ကိုထွန်းကို ပြောပြီးမှ လာတာပါ"

"ထွန်းက ဘာကောင်မို့လဲ မင်းလုပ်ချင်သလို လုပ်လို့ရဘူး။ ဒီမှာရှိရင် ငါကဆိုင်တာဝန်ခံ ငါ့ကို ပြောရမှာကွ"

"ကျွန်တော်မှ မသိတာပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ မင်းက ကိုယ့်အပြစ်ကို ဝန်မခံဘဲ ငါ့ကို ပြန်ပြောနေလား ကဲကွာ"

ရိုက်နှက်လိုက်သံကြောင့် နေတစ်စင်း ထိုင်ခုံက ဝုန်းခနဲ ထရပ်ပြီး ဖြစ်နေ၏။ ရှင်းသန့် တားမြစ်ချိန် မရလိုက်ခင်မှာပင် နေတစ်စင်းအခန်းတံခါး လိုက်ကာစကို ဆွဲထွက်ပြီး ဖြစ်နေသည်။

ဆိုင်တာဝန်ခံဆိုသူ ရှေ့မှာ လက်ကလေး နောက်ပစ်ကာ မျက်နှာငယ်လေးနှင့် ရပ်နေသော မျှော်စင်။

"ဟော့လူ ကလေးကို ဘာလို့ ရိုက်တာလဲ"

"ဗျာ ဒီကောင် ရေသာခိုလို့ ဆုံးမ"

"ကဲဟာ"

"နေ မလုပ်နဲ့လေ စိတ်ထိန်းပါဟာ"

ရှင်းသန့်နောက်က ရောက်လာကာ ဆွဲထားတာမို့ နေတစ်စင်း ထပ်ထိုးကြိတ်ခွင့် မရပါ။ တာဝန်ခံဆိုသူ နှုတ်ခမ်းထောင့်စွန်းမှာ သွေးစတို့ စို့ထွက်နေ၏။

"မမနေ မလုပ်ပါနဲ့ ပြန်ကြပါတော့ဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်"

"မျှော်လေး နင် ခုချက်ချင်း ပြန်လိုက်ခဲ့"

မျှော်စင် ခေါင်းကိုခါသည်။ ကြည့်နေသော မျက်ဝန်းတွေထဲမှာ မျက်ရည်စတွေ ဝဲတက်နေခဲ့၏။

"မမတို့ ပြန်ပါတော့ ကျွန်တော့်အလုပ်ကို မဖျက်ကြပါနဲ့ ကျွန်တော် ကန်တော့ တောင်းပန်ပါတယ်ဗျာ သွားကြပါတော့"

ပြောရင်း မျှော်စင် ရှိုက်သံတွေ စွက်လာသည်။ ပြီးတော့





ချာခနဲ လှည့်ပြေးသွားခဲ့သည်။

"မျှော်စင်"

နေတစ်စင်း ခေါ်သံကို လှည့်မကြည့်ဘဲ မျှော်စင် နောက်ဘက်ဝင် ရောက်ပျောက်ကွယ်သွား၏။ နေတစ်စင်း ဒေါသတွေ ဖြစ်လွန်းလို့ အသားတွေတောင် တုန်လာ၏။

"ဒီလောက် ကယ်တင်တာတောင် နားမလည်တာ ထားခဲ့တော့ဟာ"

နေတစ်စင်း ချာခနဲ လှည့်ထွက်ခဲ့တော့မှ ရှင်းသန့်က ကြေးအိုးနှစ်ပွဲဖိုးငွေကို တာဝန်ခံကို ထုတ်ရှင်းရင်း

"တောင်းပန်ပါတယ်ရှင် ကျွန်မသူငယ်ချင်းက သူ့မောင်လေးအတွက် ဒေါသဖြစ်နေလို့ပါ"

"ဟုတ် ဟုတ်ကဲ့ ရပါတယ်ဗျာ"

"ခွင့် ခွင့်ပြုပါဦးနော်"

တောင်းပန်ပြီး ရှင်းသန့် နေတစ်စင်းနောက်ကို ပြေးလိုက်လာ၏ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သော ဆိုင်ထဲမှာ နေတစ်စင်းကော ရှင်းသန့်ပါ တော်ဝန်းကျင်ကို ဂရုစိုက်မကြည့်နိုင်ခဲ့ကြပါ။

■ ■ ■

"တော်တော် လက်သံပြောင်တဲ့ မိန်းကလေးပဲ"

သီးသန့် ဆိုင်ခန်းထဲက အထွက်မှာ မြင်လိုက်ရသော မြင်ကွင်းကြီးကြည့်ကာ ကိုပြုံတိုက်က မှတ်ချက်ပေးတော့ သူ့ရဲကောင်း ပြုံးမိ၏။

ကြက်တောင်စည်းကို ကိုပြုံတိုက် မမှတ်မိပါချေ။

"အဲဒီ မိန်းကလေးကို ကိုပြုံတိုက် မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မသိဘူး ဘယ်သူလဲ ရဲ"

"အဲဒါ ကြက်တောင်စည်းပဲ"

"ဘာရယ်"

"ဟုတ်တယ် ကိုပြတိုက် နေတစ်စင်းနဲ့ ရှင်းသန့်လေ ဘာတွေ ပြဿနာတက်သလဲ မသိဘူး"

"ဟို ချာတိတ်ကြောင့် ထင်တယ် သူမောင်လေးလား"

"မဖြစ်နိုင်တာ ကြက်တောင်စည်းမှာ မောင်နှမအရင်းအချာ မရှိဘူး၊ အဲ ဝမ်းကွဲ ဆိုရင်တော့ မပြောတတ်ဘူး"

ရဲ စကားကြောင့် ကိုပြတိုက် တွေဝေသွားခဲ့သည်။ သူတို့ ဆိုင်အပြင်ရောက်ခဲ့ချိန်မှာ ကြက်တောင်စည်းတို့ကို အရိပ်တောင် မမြင်ကြရတော့ပါ။

"ကဲ ကျေးဇူးတင်ပါတယ် ကိုပြတိုက်"

"ဟာ မလိုပါဘူး ရဲရာ ကိုယ်က ညီနဲ့အတူဆုံပြီး ညနေစာ စားချင်နေတာကြာပြီ"

"အခု ကိုပြတိုက် ဆန္ဒပြည့်ပြီ မဟုတ်လား၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦး ကိုပြတိုက်"

"အိုကေ အိုကေ ဆီးယူ"

နှစ်ဦးနှုတ်ဆက်ကာ ရပ်ထားသော ကားတွေဆီ ပြန်ခဲ့ကြသည်။

အပြန်လမ်းမှာ သူ့ရဲကောင်း ခေါင်းထဲမှာ ကိုပြတိုက်က စိုးမိုး ဝင်ရောက်လာသည်။ သူ့ကို ညနေစာစားဖို့ ကိုပြတိုက် ဖိတ်နေတာ ကြာပြီ။

ဒီနေ့တော့ သူခေါင်းညိတ်ကာ ဒီဆိုင်လေးမှာ ဆုံဖြစ်ကြတာ





...၏။ ကိုပြတိုက်က ကျောင်းတုန်းက အကြောင်းတွေပြောဆို စကား ...ပြောချင်တာကြောင့်ဟု ထင်ခဲ့သည်။

ဒါပေမဲ့ အတူဆုံကြတော့ မယုံနိုင်စရာ စကားတွေကို ကိုပြ ...တိုက်ဆီက ကြားခဲ့ရသည်။

နေတစ်စင်း အကြောင်းတွေကိုပဲ ကိုပြတိုက်က မေးနေခဲ့၏။ ...ပြီးတော့ နေတစ်စင်းနှင့် ပတ်သက်သမျှကိုလည်း သိနေခဲ့၏။

"ရဲတို့အိမ်မှာတောင် နေတစ်စင်း တို့ကို ထမင်းဖိတ်ကျွေး ...ကြသေးတယ်ဆို"

"ကျွန်တော် ဖိတ်တာ မဟုတ်ပါဘူး မမက သူ့မိတ်ဆွေတွေကို ...ကျွေးတာပါ"

"အေးကွာ နေတစ်စင်းတို့နဲ့ လူချင်းမဆုံသေးပေမယ့် ကိုယ် ...ဖုန်းနဲ့ စကားပြောပြီးပြီ"

ဖုန်းနံပါတ်ကို ကိုပြတိုက် ဘယ်လိုရသည်လဲဟုတောင် သူ ...စဉ်းစားမိ၏။ ပြီးတော့ ကိုပြတိုက် မျက်ဝန်းတွေထဲမှာ တောက်ပနေသော ...ရောင်စဉ်တွေကို ရဲ သိနေသလိုရှိ၏။

နောက်ဆုံးတော့ ကိုပြတိုက် နှုတ်ကပဲ ပွင့်လင်းစွာ ဝန်ခံခဲ့၏။

"ကိုယ် နေတစ်စင်းနဲ့ ပြန်ဆုံတော့ အရမ်းဝမ်းသာသွားတယ် ...ကွာ၊ ဘာလို့လဲဆိုတော့ နေတစ်စင်း ဆိုတာ ကိုယ့် နှလုံးသားကို ...လှုပ်ခတ်စေတဲ့ မိန်းကလေးမို့ပဲ"

"ဗျာ"

"ဟုတ်တယ် နေတစ်စင်းကို ကိုယ်စိတ်ဝင်စားနေပြီမို့တာ ...ထဲမှာ စကားစပြောဖြစ်တော့ ဝန်ခံလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ရဲ အံ့ဩပြီးရင်း အံ့ဩရပါသည်။ ကြက်တောင်စည်းကို ကိုပြတိုက်က စိတ်ဝင်စားနေသည်တဲ့လား ဖုန်းထဲကတောင် စကား ပြောခဲ့သည်တဲ့။

"မင်း အံ့ဩသွားသလား ရဲ"

"သိပ်တော့ မအံ့ဩပါဘူးဗျာ၊ ဆန်းတဲ့ကိစ္စမှ မဟုတ်တာ ကိုပြတိုက်လည်း လူပျိုလူလွတ် ကြက်တောင်စည်းကလည်း အပျိုပဲလေ"

"ကိုယ်က အဲဒီထက် ပိုလေးနက်ပါတယ်ကွာ၊ ကျောင်းမှာ တုန်းကတည်းက နေတစ်စင်းကို ကိုယ်သတိထားခဲ့မိတာ ဒါကြောင့်လည်း နောက်ပိုင်းမှာ စုံစမ်းသေးတယ်၊ သူသာ မန္တလေး ကျောင်းမသွားရင် ကိုယ်တို့ တော်တော်ကျွမ်းဝင်နေမှာ သေချာတယ်"

ကံကြမ္မာရဲ့ မျက်နှာသာ မပေးမှုအတွက် ကိုပြတိုက် နော်တ သလို ပြောနေခဲ့သည်။

အခုတော့ နှစ်ယောက်မျက်နှာချင်းဆိုင် ဆုံတွေ့တာတောင် ကိုပြတိုက် ချက်ချင်းမမှတ်မိပါ။

ထို့အတွက် ကိုပြတိုက်မှာတော့ အပြစ်မရှိပါ။ ကြက်တောင်စည်း သည် ငယ်ငယ်တုန်းကနှင့် မတူအောင် ချောမောလှပတာပေါ့ အမှန် ဖြစ်၏။

အခုအချိန်မှာ သူ့စိတ်ထဲမှာ မတင်မကျ ဖြစ်နေတာ တစ်ခုတော့ ရှိသည်။ ကြက်တောင်စည်းကို ကိုပြတိုက် ချစ်ခွင့်ပန်တာကြောင့်လား

သူ ဝန်တိုနေမိတာလား။ မသေချာပါ။

သေချာသည်ကတော့ ကြက်တောင်စည်းကို သူ ခင်သည် ကျောင်းတုန်းမှာကတည်းက သူမရဲ့ ကျွတ်ဆတ်ဆတ်နိုင်မှုလေးကို သ





သာကျခဲ့၏။ ဂန္ထဝင်ကိုချစ်တာနဲ့တော့ မတူဘူး ထင်ပါသည်။

ကြက်တောင်စည်း ဆယ်တန်းအောင်တော့ မန္တလေး ပြောင်း သွားသည် ဆိုသောသတင်းက သူ့ကို စိတ်မကောင်းဖြစ်စေခဲ့၏။

အခုကော ကြက်တောင်စည်းနှင့် ကိုပြတိုက်တို့ ဇာတ်လမ်းက ဘာတွေဆက်ဖြစ်လာမည်လဲ။

သူ စိတ်ဝင်စားမိတာတော့ အမှန်ပဲ ဖြစ်သည်။

■ ■ ■

Q. King ထဲက သူ့ရဲကောင်းရဲ့ကားနှင့်အတူ ရှေ့ဆင့်နောက် ဆင့် ထွက်ခဲ့ရသည့်တိုင် သူ့စိတ်တွေက ဆိုင်ထဲမှာပဲ ကျန်ခဲ့တာဖြစ်သည်။

ဒါကြောင့်လည်း ရဲကားလေး ပျောက်သွားသည်နှင့် သူ့ကား ကို ပြန်ဦးလှည့်ခဲ့တာ Q. King ဆိုင်ကိုဖြစ်သည်။

ညှော်ကြို ချာတိတ်လေးက သူ့ကိုမြင်တော့ မှတ်မိနေတာမို့

"ဟာ ဆရာ ဘာကျန်ခဲ့လို့လဲ"

"ကိစ္စလေးတစ်ခု ရှိလို့ ညီလေး"

သူဆိုင်ထဲကိုပဲ လှမ်းဝင်ခဲ့ကာ တာဝန်ခံ မန်နေဂျာဆီ ရောက်ခဲ့ သည်။ မကြာသေးခင်က ဖြစ်ပျက်ခဲ့သော ကိစ္စကို မေးမြန်းစုံစမ်းလိုက်တာ နှင့် မျှော်စင်ဆိုသော ချာတိတ်ကို သူတွေ့ဆုံခွင့် ရလိုက်ပါသည်။

တာဝန်ခံ မန်နေဂျာနှင့်အတူ စောင့်နေသော သူ့ကိုမြင်တော့ ချာတိတ် စိတ်ပျက်သော မျက်ဝန်းတွေနှင့် မှုန်ကုပ်ကုပ် ကြည့်နေ၏။

"ထိုင် ညီလေး ညီလေးနဲ့ ခဏလောက် စကားပြောခွင့် ရချင်လို့ ကွာ"

ချာတိတ် ထိုင်ခုံမှာ ဝင်ထိုင်တော့ တာဝန်ခံ မန်နေဂျာက



www.burmeseclassic.com

www.burmeseclassic.com



အလိုက်တသိ ရှောင်ထွက်သွားခဲ့၏။

"အစ်ကို ဘယ်သူလဲ၊ ကျွန်တော် အလုပ်လုပ်နေတာကို ဘာ ထပ်နှောင့်ယှက် နေကြတာလဲဗျာ၊ တောင်းပန်ပါတယ်၊ ကျွန်တော် အလုပ် ပြုတ်အောင် မလုပ်ကြပါနဲ့ ကျွန်တော် အလုပ်လုပ်ချင်လို့ပါ"

"မင်း ဘာလို့ အလုပ်လုပ်ချင်တာလဲ မင်းအသက်က ငယ်လွန်း သေးတယ်"

"ကျွန်တော် လုပ်နိုင်ပါတယ်ဗျာ အလုပ်လုပ်မှ ဝိုက်ဆံရမှာ"

ချာတိတ်ရဲ့ ရိုးသားမှုကို သူကျေနပ်သွားပါသည်။ ဒါကြောင့် လည်း ခေါင်းညိတ်ထောက်ခံရင်း

"ကောင်းတယ် ဒါကောင်းတဲ့ စိတ်ဓာတ်ပဲ ဒါနဲ့ ညီနဲ့ နေ တစ်စင်း က ဘာတော်သလဲ"

ချာတိတ် မဖြေဘဲ စိုက်ကြည့်နေတာမို့ သူ ပြုံးပြရင်း

"ပြောပါကွာ စောစောက မင်းတို့ ပြဿနာကို ကိုယ်မြင်တယ်၊ နေတစ်စင်း တော်ဇော် ပေါက်ကွဲသွားတယ်"

"ကျွန်တော် စိတ်မကောင်းပါဘူးဗျာ မမနေနဲ့ ကျွန်တော် ကလည်း ဘာမှ မတော်ပါဘူး။ အပေါ်ထပ် အောက်ထပ်နေရင်း မောင်နှမ တွေလို ခင်မင်ကြတာပါ၊ ကျွန်တော့်အပြင် ကိုကိုတို့ တီတီတို့ အမှာ ညီအစ်ကိုနဲ့လည်း မမနေတို့က ခင်တယ်လေ"

ချာတိတ် ခံစားချက်တွေနှင့် ပြောနေတော့ သူ အလိုက်သင့် ခေါင်းလေးညိတ်ကာ နားထောင်ပေးနေလိုက်သည်။

"မမနေကိုတော့ မမရင်းသန့်ကိုပါ ကျွန်တော်ရဲ့ အစ်မရင်းချာ တွေလို ကျွန်တော် ခင်တယ်၊ ချစ်တယ်၊ သူတို့စကားကိုလည်း ကျွန်တော်





မြဲတမ်း နားထောင်ခဲ့တယ်၊ ဒီတစ်ခါတော့ ကျွန်တော် ဘယ်လိုမှ ဖြေရှင်းနိုင်တဲ့ ကိစ္စမို့ပါ"

"ဘာကိစ္စလဲညီ အစ်ကို့ကို ပွင့်ပွင့်လင်းလင်း ပြောပါ အစ်ကို ညီနိုင်တာ ကူညီမယ်"

"ဟင့်အင်း ကျွန်တော့် ကိစ္စကိုသိရင် မမနေတို့ ဝိုင်းကူညီ မှာပါ၊ ဒါပေမဲ့ ကျွန်တော် မပြောချင်ဘူး၊ ဘာလို့လဲဆိုတော့ ဒါ ကျွန်တော့်အဖေ ပြဿနာပါ"

"ဟုတ်ပါပြီကွာ ဘာဖြစ်တာလဲ ပြောပါဦး ဒါမှ ကိုယ်ပါ ဝိုင်းပြီး ကြံပေးလို့ရတာပေါ့"

"အဖေက အမေရှိကတည်းက အရက်သောက်တာပါ၊ အမေ ဆုံးတော့ အရက်သမားကြီးဖြစ်နေပြီ၊ အမေ့ဘက်က ဆွေမျိုးတွေက တကတည်းက အဖေနဲ့ သဘောမတူတော့ လှည့်မကြည့်ဘူး။ ကျွန်တော့် ပညာရေးနဲ့ စားဝတ်နေရေးအတွက် လစဉ်တစ်သိန်းခွဲတော့ ထောက်ပံ့ တယ်၊ ဒါပေမဲ့ ဒါမလောက်ဘူးဆိုတာ ကျွန်တော်သိတယ်၊ အခု ဖေ ကြောင့်မှ ကျွန်တော့်တို့တိုက်ခန်းကို အပေါင်ခံထားတာ သိန်းနှစ်ဆယ်ပေးရ မယ်တဲ့"

သူ သဘောပေါက်လိုက်ပါသည်။ ချာတိတ်ခမြာ အရွယ်နှင့် မလျော်သော ဒုက္ခတွေကို ရင်ဆိုင်နေရသည့်အဖြစ်။

"ဒါကြောင့် ကျွန်တော်အလုပ် လုပ်တာပါ၊ လစဉ်ပေးရမယ့် အတိုးအတွက် ရှာရမယ်"

"အင်း ညီလေး စိတ်ဓာတ်ကောင်းပါတယ်၊ ဒါပေမဲ့ ဒါပြေလည် မယ့် နည်းလမ်းမဟုတ်ဘူး၊ ဒီတော့ မနက်ဖြန်ကျရင် မင်းနဲ့အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ထပ်ဆုံကြမယ်၊ မင်းရဲ့လိုတဲ့ငွေကို အစ်ကိုပေးမယ်''

''ဟာ ကျွန်တော်''

''အစ်ကို့စကားကို နားထောင်၊ မင်းရတဲ့ငွေက မင်းလိုတဲ့ ပမာဏ မရနိုင်ဘူး၊ အဲဒီအတွက် မင်းရဲ့ပညာရေးပါ စွန့်ရမယ်၊ မင်းအ လို ကျောင်းမတက်တော့တာသိရင် မင်းအမေဘက်က ဆွေမျိုးတွေက ထောက်ပံ့ဦးမလား''

ချာတိတ် တွေသွား၏။ သူ ချာတိတ်ပခုံးကို အားပေးဆုပ်ကိုင် ရင်း

''မနက်ဖြန် အစ်ကိုလာခဲ့မယ် ဟုတ်ပြီလား၊ ဒီဆိုင်ပိုင်ရှင် အစ်ကို့မိတ်ဆွေပါ မင်းဘာမှ ပြဿနာမရှိဘူး ဟုတ်လား''

ချာတိတ် ခေါင်းညိတ်သည်။ သူ ကျေနပ်စွာ ပြုံးလိုက်မိ မျှော်စင်ဆိုသော ချာတိတ်ဘဝလေးကို စာနာကာ သူကူညီမိခြင်း သည်။

ထို့အတွက် နေတစ်စင်းလည်း ကျေနပ် လက်ခံမည် သူ ပါသည်။

## အခန်း (၁၆)

ရှင်းသန့်က နေ့လယ်ကတည်းက ပြန်သွားခဲ့တာမို့ နေ ရုံးဆင်း တော့ တစ်ယောက်တည်း ပြန်ခဲ့ရသည်။

ကွန်ဒို တိုက်ခန်းတွေ၏ ကားပါကင်မှာ နေတစ်စင်းကားလေးကို ပ်ဆင်းခဲ့ပြီး ကားတံခါးလော့ကို ပြန်ပိတ်နေတုန်းမှာ

''နေတစ်စင်း''

ခေါ်သံလေးကြောင့် နေ လှည့်ကြည့်တော့ CYGNUS ကား ကြီး အနားမှာ မှီရပ်နေသော လူတစ်ယောက်ကို တွေ့ရသည်။

အပြာနု စပို့ရှပ် လက်တိုကို ဘောင်ဘီအနက်ရောင်နှင့် တွဲဖက် ဆင်ထားသော ထိုပုဂ္ဂိုလ်က နေဆီ တစ်လှမ်းချင်း လျှောက်လာ ည်။

မြင့်မားသော အရပ်အမောင်းနှင့် နုညက်ဝင်းမွတ်သော



ဇျူး ၁၁၄၆

www.burmeseclassic.com

www.burmeseclassic.com



အသားအရည် ချောမောသော ရုပ်သွင်ကို နေတစ်စင်း တဒင်္ဂလေး အတွင်းမှာ မြင်တွေ့မိရုံနှင့် မှတ်မိပါသည်။

"ဆရာ ပြတိုက်"

"နေက ကိုယ့်ကို မှတ်မိသားပဲ"

စိုလဲ့ ပြည့်တင်းသော နှုတ်ခမ်းမှာ အပြုံးတွေထင်ကာ ဆရာ ပြတိုက် ပြောသည်။

"ဆရာ ပြတိုက် ဘယ်ကိုလာတာလဲဟင်"

"ကိုယ် နေ့ဆီ လာလည်တာပါ၊ နေ မရောက်သေးတာသိ ကားထဲမှာ ထိုင်စောင့်နေတာ"

"ရှင်းသန့် ရောက်နေပြီလေ ဆရာရဲ့ တိုက်ခန်းထဲမှာ ရှင်းသ ရှိနေတာပဲ ဝင်ထိုင်ရောပေါ့"

"ဟင့်အင်း ကိုယ် တွေ့ချင်တာက နေပဲလေ"

နေ့ကို ရူးရူးနစ်နစ်မျက်ဝန်းတွေနှင့် စိုက်ကြည့်ပြောတော့ နေ ချက်ချင်း သတိရလိုက်တာ ဆရာပြတိုက် ဖုန်းဆက်ခဲ့တာကို ြ သည်။

"မနေ့ဆီ ဆရာ ဖုန်းဆက်ခဲ့သေးတယ်နော်"

သေချာအောင် ထပ်မေးတော့ ဆရာပြတိုက် ခေါင်းညိတ် ပြ သည်။ ဒါဆိုသေချာသွားပြီပေါ့။ ဖုန်းထဲမှာ နေကို သွယ်ဝိုက်ပြီး ရည်း စကား ပြောခဲ့တာလည်း ဆရာပြတိုက်ပဲပေါ့။

"လာလေ ဆရာ နေတို့ အခန်းက ဒုတိယထပ်မှာပါ"

"ကိုယ့်ကို ဆရာလို့ မခေါ်ပါနဲ့ကွာ"

"ဘာလို့လဲ ဆရာက ဆရာပဲလေ"



"ကိုယ်က ကျောင်းဆရာမှ မဟုတ်တော့တာ ပြီးတော့ ကိုယ် သဘောကျနေတဲ့ မိန်းကလေးက ဆရာလို့ ခေါ်တာ မကြိုက်ဘူးကွ"

ဖုန်းထဲမှာ မဟုတ်ပါဘဲနှင့်တောင် ဆရာပြတိုက်က နေကို ညှိုးစားစကား သွယ်ဝိုက်ပြောနေပြီ။ သေချာသည်က နေ ရင်ခုန်လို့ နေတာဘဲ ဖြစ်၏။

နေဘာမှ ဆက်မပြောတော့ဘဲ ရှေ့က ဦးဆောင်ကာ လှေ ကား ထစ်တွေပေါ် လှမ်းတက်လိုက်သည်။ ဆရာပြတိုက်ကလည်း အ နောက်က လိုက်လာသည်။

အခန်းရှေ့ရောက်တော့ နေတံခါးကို ဆွဲဖွင့်ကြည့်၏။ ရှင်းသန့် ထဲက လော့ခ်ချ ပိတ်ထားတာသိ၏။ အိတ်ထဲက သော့တစ်ချောင်းကို ထုတ်ကာ နေ ဖွင့်လိုက်မှ ပွင့်သွားသည်။

"အထဲကို ဝင်ပါဦးဆရာ"

"ဝင်မှာပေါ့ကွာ နေရဲ့ လက်ရာ ကော်ဖီတစ်ခွက်လောက် သောက်ချင်လို့"

အခုမှ လူချင်း ပြန်ဆုံကြတာ ဖြစ်ပေမယ့် ဆရာပြတိုက်က ရင်းနှီးနွေးထွေးစွာပဲ စကားတွေ ဆိုနေသည်။

"ထိုင်ဦးနော် ဆရာ"

ညေ့ခန်းထိုင်ခုံမှာ ပြတိုက် ဝင်ထိုင်တော့ နေ ထားရစ်ခဲ့ကာ ထမင်းစားဖေးအခန်းထဲ ဝင်ခဲ့သည်။

မီးဖိုခန်းထဲမှာ တွေ့ရသော ရှင်းသန့်က နေ့ကိုမြင်တော့ ပြုံးပြ ကာ ဆက်ရင်း

"အစိမ်းကြော် တစ်ပွဲကြော်ထားတယ် နေ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန် မန္တလေးကို ခဏပြန်သွားချိန်မှာ နေတို့အတွက် ဟင်းတွေကို လေးငါးရက်စာ အခြောက် စီစဉ်ပေးခဲ့၏။

ရှင်းသန့်တို့ကတော့ အရည်သောက်ဟင်းလေး၊ သီးနှံကြော်လေး စားချင်သည့်အခါ သည်လိုပဲ ချက်ပြုတ်စားကြစမြဲ။

''ရှင်းသန့် ဆရာပြတိုက် ပါလာတယ်''

''ဟင် တကယ်''

''အေး နင်နဲ့အတူ ကော်ဖီသောက်ချင်လို့တဲ့ ဖျော်ပြီး သွားတိုက်လိုက်ပါဦးဟာ''

''အေး အေး ငါဖျော်သွားလိုက်မယ်''

ရှင်းသန့် ကော်ဖီဖျော်နေတုန်းမှာ နေ အခန်းထဲဝင် အဝတ်အစားလဲပြီး ရေချိုးခန်းဘက် ဝင်ခဲ့သည်။

ဆရာပြတိုက်ကို ဧည့်ခံဖို့အတွက် ရှင်းသန့် ရှိနေသည်မို့ နေ တမင်ပဲ ရေကို စိမ်ပြေနပြေ ချိုးနေလိုက်ပါသည်။

''ရေချိုးခန်းထဲမှာ ပုန်းမနေနဲ့ နေ မြန်မြန်ထွက်ခဲ့ဟာ''

အပြင်က ရှင်းသန့် အော်သံကြောင့် နေ သဘောကျစွာ ပြုံးလိုက်ရင်း

''ဆရာ ပြန်သွားပြီလား ရှင်းသန့်''

''ပြန်သွားပြီ မိန္တာမ ငါ့ကို အရှက်ကွဲအောင် လုပ်တယ်''

နေ တံခါးဖွင့် ထွက်လိုက်တော့ နှုတ်ခမ်းလေးစူကာ အပြစ်တင်ဖို့ စောင့်နေသော ရှင်းသန့်နှင့် ဆုံတော့၏။

''ဘာဖြစ်လို့လဲဟ ငါလာလုပ်လို့လဲ''

''ပေါမ ငါက နင်ပြောတာကို အဟုတ်ထင်ပြီး ဆရာကို





ဧည့်ခံတာပေါ့ ငါကလည်းဟယ် တော်တော်တုံးတယ်၊ ဆရာ ရှင်းသန့် ဖျော်တိုက်တဲ့ ကောက်ဖီသောက်ချင်လို့ဆိုပြီး မေးလိုက်မိတာ''

''သူ ဘာပြောသလဲ''

''ဆရာ ရယ်တာပေါ့ ငါက ဘာများစကားမှားသွားလဲ စဉ်းစားနေတာ ဆရာက နေ ချောက်တွန်းလိုက်ပြီ ထင်တယ်တဲ့၊ သူက နေ ဖျော်တိုက်တဲ့ ကော်ဖီကို သောက်ချင်တာတဲ့''

''အတူတူပဲလေ''

''တူမလား နေရယ် နင်ရေချိုးနေပြီဆိုတော့ ဆရာလည်း ပြန်သွားတယ် ကော်ဖီတောင် မသောက်တော့ဘူး''

''သက်သာတာပေါ့ဟာ''

''နေ ဆရာက နင့်ကို စိတ်ဝင်စားနေတာ သေချာတယ် နင် ဆရာ့ကို စိတ်မဝင်စားဘူးလားဟင်''

''နိုး အဲဒီအကြောင်း လာမမေးနဲ့ဟေ့''

''ဒါဆို ရဲ့ အကြောင်း ပြောမယ်''

''မပြောနဲ့ အဲဒီ ဖား အကြောင်းလည်း မကြားချင်ဘူး''

နေပြောပြီး အခန်းထဲဝင်ခဲ့တော့ ရှင်းသန့် အနောက်က လိုက်ဝင်လာ၏။ နေ အဝတ်အစားလဲနေတာကို ရှင်းသန့် ခုတင်ပေါ်မှာ ထိုင်စောင့်ကြည့်နေရင်း

''နေ နင်ဘာလို့ ဆရာပြတိုက်ကို စိတ်မဝင်စားတာလဲဟင်''

''ခက်ပါလား ငါမှ စိတ်ဝင်စားလို့ မရတာ''

''ဆရာပြတိုက်က တကယ်ချောတာဟ ယောကျ်ား ပီသသယ်၊ ပြီးတော့ အားလုံး ပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်''



www.burmeseclassic.com

"ဒုက္ခပဲ ဒါနဲ့ငါက ကြိုက်ရမှာလား နင် ကြိုက်ပါလား"

"ဟဲ့ ငါက ရဲကိုပဲ စိတ်ဝင်စားတာလေ"

"တော်ပြီ နင့်ဘာသာ ဘယ်သူ့ စိတ်ဝင်စားစားပေါ့ ငါက ဘာမှ စိတ်မဝင်စားဘူး ဂဲ ဗိုက်ဆာတယ် ထမင်းစားကြမယ်ဟာ"

ရှင်းသန့် မျက်မှောင်လေးကျုံ့ကာ နေကို ငေးစိုက်ကြည့်သည်။

"အင်း ဒီအရွယ် ဒီအချိန်ရောက်နေပြီ နင့်နှလုံးသားက ရင် မခုန်တတ်သေးတာ ငါ အံ့ဩလို့ပါဟယ်"

ရှင်းသန့် စကားကြောင့် နေတစ်စင်း နှလုံးသားက လှိုက်ခနဲ ဖြစ်သွားခဲ့သည်။ အာရုံထဲမှာလည်း ဖျပ်ခနဲ ဖြင်လိုက်မိတာ သူ့မျက်နှာ

ရင်မခုန်တတ်ဘူးတဲ့လား ရှင်းသန့်ရယ်။

ငါ့နှလုံးသားကလည်း ရင်ခုန်တတ်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီလို ရင်ခုန်တတ်ခဲ့သူက . . . ။

■ ■ ■

## အခန်း (၁၇)

M.D ဓါတ်ဘာမှ နေတို့ သုံးယောက်စလုံး ရုံးခန်းထဲကို ရောက်နေခဲ့ကြ၏။ ဘိုး ဘာပြောမည်လဲဟု သုံးယောက်စလုံး နားစွင့်ထား ကြသည်။

ဘိုးက နေတို့ သုံးယောက်စလုံးကို ငေ့ကြည့်ရင်း

"ဒီတစ်ပတ်အတွင်းမှာ ကုမ္ပဏီရုံးခန်းအတွက် သင့်လျော်မယ့် ဒီဇိုင်း ပုံစံသုံးခုလောက် လိုချင်တယ်၊ အဲဒါ သမီးတို့ သုံးယောက် ခွဲပေးကြပါ"

"ဟုတ်ကဲ့ ဘိုး နေတို့ တစ်ယောက်တစ်ပုံ ခွဲပေးပါ့မယ်"

နေ စကားကို ဘိုးက ခေါင်းခါပြသည်။

"မဟုတ်ဘူး တစ်ယောက် တစ်ပုံမလုပ်နဲ့ နေရယ် ရှင်းသန့်ရယ် လွှဝင်ရယ် သုံးယောက်ပေါင်းလိုက်တဲ့ အိုင်ဒီယာကို ဘိုး လိုချင်တာ

www.burmeseclassic.com



ဒါကြောင့် သုံးယောက်တိုင်ပင်ပြီး ဆွဲကြပါ''

အားလုံး ခေါင်းညိတ်လိုက်ကြရပေမယ့် ရှင်းသန့် မျက်နှာလေးကတော့ စိတ်ညစ်ညူးနေတာ နေတစ်စင်း သိပါသည်။

ရုံးခန်းတစ်ခုထဲမှာ အတူ အလုပ်လုပ်နေကြရတာမို့ ဂန္ထဝင်နှင့် ရှင်းသန့်ကြားမှာ ဒီလိုပဲ ဆုံတွေ့ပတ်သက်မှုဆိုတာ မလွှဲမသွေ ကြုံရမှာပဲဖြစ်၏။

ဂန္ထဝင်နှင့် မျက်နှာချင်းဆိုင်ဆုံဖို့ ရှင်းသန့် တွန့်ဆုတ်နေတာ သိပ်မကောင်းလှပါ။

သုံးယောက်သား ရုံးခန်းထဲ ပြန်ခဲ့ကြသည်။ ကိုယ့် ရုံးစားပွဲတွေမှာ ကိုယ်စီ ဝင်ထိုင်လိုက်ကြသည်။

''ဘိုး နိုင်းတဲ ဒီဇိုင်းတစ်ပုံလောက်ကို ဂန္ထဝင်တို့ ပုံကြမ်းထုတ်ကြည့်ရအောင်''

''ဂန္ထဝင် စိတ်ကူးနဲ့ အရင်ပုံကြမ်းထုတ်မယ်၊ ဘာတွေ လိုအပ်သလဲဆိုတာ နေနဲ့ ရှင်းသန့်တို့ ဆွေးနွေး အကြံပေးကြနော်''

ဂန္ထဝင် ငြိမ်သက်စွာ ကွန်ပျူတာ ပုံကြမ်းဆွဲရင်း ရှာန်ဝင်နေချိန်မှာ အခန်းထဲ ဝင်လာသူက မမကြယ်စင် ဖြစ်၏။

''ဝင်လေးတို့တွေ အလုပ်ရှုပ်နေကြပြီလား''

ဂန္ထဝင်ကို ဦးတည်ကာ မမကြယ်စင်မေးတော့ ဂန္ထဝင် လှည့်ကြည့်ရင်း

''ဘိုးက ဝင်တို့သုံးယောက်ကို ဒီဇိုင်းသုံးခု နိုင်းထားလို့ မမ''

''ဟုတ်လား ဒါဆို ဆွဲကြလေ ပြီးရင် မမကိုလည်း ပြကြဦးလေ လိုတာ အကြံပေးမယ်၊ ဪ နေ ဒီနေ့လည် ဘဏ်သွားဖို့ကိစ္စ





စဉ်ပြီးပြီလား''

မမကြယ်စင် မေးတော့ နေတစ်စင်း ခေါင်းလေးညိတ်ပြရင်း

''နေ့လယ် ထမင်းစားပြီးရင် သွားလိုက်မယ်လေ မမ''

''အေး နေ သွားမှာဆိုရင် ဝင်နဲ့ရှင်းသန့်က ဒီဇိုင်းဆွဲကြပေါ့''

ဂန္ထဝင်နှင့် နှစ်ယောက်အတူ အလုပ်လုပ်ရမှာကို ရှင်းသန့် စိတ်ညစ်ညူးနေမှာ နေသိသည်။

''မမကြယ်စင် ဘဏ်သွားဖို့ကိစ္စကို ရှင်းသန့်ကို လွှတ်လိုက်ပါလား၊ နေနဲ့ ဂန္ထဝင် တိုင်ပင်ပြီး ဒီဇိုင်းတစ်ပုံဆွဲချင်လို့''

''ရတယ်လေ ရှင်းသန့် သွားမလား''

''သွားမယ် မမ ရပါတယ် ရှင်းသန့် ဘဏ်သွားလိုက်မယ်''

''အေးအေး ဘဏ်သွားခါနီးကျ မမဆီလာခဲ့၊ ပြီးရင် ရှင်းသန့်လေး ရုံးကို ပြန်မလာနဲ့တော့ ဘဏ်ကကိစ္စပြီးရင် တန်းပြန်လိုက်ပေါ့''

မမကြယ်စင် အစီအစဉ်ကို ရှင်းသန့် သဘောကျသွားမှာ သေချာပါသည်။ ရှင်းသန့်က နေကို ကျေးဇူးတင်အကြည့်တွေနှင့် လှမ်းကြည့်တော့ နေ ခေါင်းညိတ်ပြလိုက်၏။

■ ■ ■

ရှင်းသန့် ဘဏ်ကို ထွက်သွားချိန်မှာ နေနှင့်ဂန္ထဝင်တို့ နှစ်ယောက်အတူ ဒီဇိုင်းပုံကြမ်းတစ်ခု ဆွဲနေလိုက်ကြသည်။

ထိုစဉ်မှာပဲ နေရဲ့ ဖုန်းလေး မြည်လာတာမို့ ဖွင့်နားထောင်လိုက်ရ၏။

''ဟဲလို''

''နေ ကိုယ် ပြတိုက်ပါ''

www.burmeseclassic.com



ဆရာပြတိုက်ဆီက ဖုန်းဖြစ်နေတာမို့ နေ စိတ်တော့ ညစ်ညူး သွားမိ၏။ ဂန္ထဝင်ကလည်း အခန်းထဲမှာ ရှိနေ၏။

"ဒီညနေ နေ့ကို ကိုယ် ညနေစာ ကျွေးချင်လို့"

"အာ ဆောရီး ဆရာ နေ မအားဘူး အခုပဲ အလုပ်ကိစ္စနဲ့ အပြင်သွားရမှာ ဒီညနေ တော်တော်နောက်ကျမှ ပြန်ရမှာ သေချာတယ်"။

နေ တမင်လိမ်ညာနေတော့ ဂန္ထဝင် မော့ကြည့်သည်။ တစ် ဖက်က ပြတိုက်ကလည်း ဖုန်း ပိတ်မသွားသေး။

"နေကို ကိုယ်တစ်ခုလောက် မေးချင်လို့"

"ဘာများလဲ ဆရာ မေးပါ"

"ကိုယ့် အသက်အရွယ်က နေကို ဝေ့လည်ပြီး ပြောဆိုရမယ့် အရွယ်မဟုတ်တော့ဘူးလေ ဒီတော့ ပွင့်လင်းစွာပဲ ဝန်ခံချင်တယ်၊ ကိုယ် နေကို လက်ထပ်ခွင့်ပြုပါ"

နေ မျက်ဝန်းလေးတွေ ဝိုင်းစက်သွားသည်။ ဆရာပြတိုက်၏ စကားတွေက အဆင့်လေးငါးဆင့်မက ကျော်လွန်လာပြီ ထင်၏။

"နေရဲ့ ဆန္ဒသဘောထားကို ကိုယ်သိပါရစေ"

"စိတ်မကောင်းပါဘူး ဆရာ၊ နေမှာ ရည်ရွယ် ူ ရှိပါတယ် ဒါကြောင့် ဆရာပြတိုက် တောင်းဆိုချက်ကို လက်မခံနိုင်တာပါ"

"နေ နေတစ်စင်း တကယ်ပြောတာလား"

"တကယ်ပါ ဆရာ တစ်ချိန်မှာ ဆရာ့ကို လူချင်းဆုံ မိတ်ဆက် ပေးပါ့မယ် ဒါပဲနော် ဆရာ"

နေဖုန်းကို ပိတ်ပစ်ကာ ဂန္ထဝင်ကို ကြည့်လိုက်တော့ စိုက် ကြည့်နေသော ဂန္ထဝင်က မေးခွန်းထုတ်လာပြန်၏။





"ဆရာ ပြတိုက်ဆိုတာ ဘယ်သူလဲဟင်၊ ဝင် ဒီနာမည်ကို ကြားဖူးသလို ရှိလို့ပါ"

"ကြားဖူးမှာပေါ့ ငါတို့ ဆယ်တန်းတုန်းက သင်္ချာသင်တဲ့ ဆရာ ပဲ"

"ဟယ် ဟုတ်ပြီ ဝင် မှတ်မိသွားပြီ အခု ဆရာနဲ့နေ သိနေပြီ လားဟင် ဝင် တွေ့ချင်လိုက်တာ"

"ဘာလို့ တွေ့ချင်တာလဲ ဂန္ထဝင်"

"ကိုယ့်ရဲ့ဆရာတစ်ယောက်မို့ တွေ့ချင်တာပါ ဟိုလေ ဆရာနဲ့ နေတို့ ပြန်ဆုံတာ ကြာပြီလား"

"ဟင့်အင်း မကြာသေးပါဘူး"

စောစောက ဖုန်းပြောနေတာတွေ ကြားနေသော ဂန္ထဝင် နေ ကို တစ်ခုမေးချင်နေမှာ သေချာသည်။ ဒါပေမဲ့ ဂန္ထဝင် မေးခွင့်မရလိုက် ရှာပါ။

"မမနေ"

"ဟင် မျှော်လေး"

ရုံးခန်းဝမှာ မြင်လိုက်ရသော မျှော်စင်ဆီကို နေတစ်စင်း လျှောက်ခဲ့လိုက်သည်။

"မျှော်လေး ဘယ်ကို လာတာလဲ"

"မမတို့ဆီလာတာပါ ကျွန်တော် တောင်းပန်စရာရှိလို့"

မျှော်စင် လက်ကိုဆွဲကာ နေ ကုမ္ပဏီအပြင်ဘက်ကို ခေါ်ခဲ့ သည်။ မျှော်စင် ဒီအထိရောက်လာသည့်အတွက် ဝမ်းသာမိသည်။

"ဘာကို တောင်းပန်တာလဲ မျှော်လေး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ခွင့်မတောင်းဘဲ မတိုင်ပင်ဘဲ စားသောက်ဆိုင်မှာ ဝင်လုပ်ခဲ့မိတာရယ် အဲဒီနေ့က မမတို့စကားတွေ နားမထောင်ခဲ့တာတွေရော"

"ကဲ မင်းဘာတွေ ဖြစ်နေတယ်ဆိုတာကို မမကိုပြောပြ"

နေ မေးတော့ မျှော်စင် အားလုံးကို ရှင်းပြသည်။ တိုက်ခန်းကို ပေါင်ထားသော အကြွေးကိစ္စတွေကို သိလိုက်တော့ နေ သဘောပေါက်လိုက်ပါသည်။

"ဒါဆို မျှော်လေး အကြွေးက ဘယ်လောက်တောင်လဲ"

"သိန်းနှစ်ဆယ်ပါ မမ ဒါပေမဲ့ မမဘာမှ စိတ်မပူပါနဲ့ အားလုံး အဆင်ပြေသွားပြီ၊ မမနေတို့လည်း ကျွန်တော့်အကြွေးကိစ္စကို တွေးမပူကြနဲ့တော့ ကျွန်တော် ရှင်းနိုင်ပါတယ်"

"မင်း အဲဒီအလုပ် မလုပ်တော့ဘူးဆိုတာ သေချာသလား မျှော်လေး"

"သေချာပါတယ်၊ ကျွန်တော် ဆယ်တန်းအောင်ရမယ်"

"ဟုတ်ပါပြီ ဒါဆိုပြန်တော့နော် မမ အလုပ်လေးရှိသေးလို့"

မျှော်စင် ပြန်သွားတော့ နေ ရုံးခန်းဘက် ပြန်ခဲ့သည်။ မျှော်စင် ပြဿနာက ငွေသိန်းနှစ်ဆယ်ကြောင့်တဲ့လား၊ ဒါဆိုလျှင်တော့ နေ ကူညီနိုင်ပါသည်။

နေ ရုံးခန်းထဲ ပြန်ရောက်တော့ ဂန္ထဝင်က မေးပါသည်။

"ခုနက လာတဲ့ချာတိတ်က နေရဲ့ မောင်လေးလားဟင်"

"မောင်အရင်းတော့ မဟုတ်ပါဘူး ဝမ်းကွဲဆိုပါတော့"

စကားပြတ်အောင် ပြောကာ နေ အလုပ်စားပွဲက ထိုင်ခုံမှာ





ဝင်ထိုင်လိုက်၏။ ထိုအခိုက်မှာပဲ ဂန္ထဝင် ဖုန်းလေးက မြည်လာ၏။

"ဟယ်လို ဂန္ထဝင်ပါ"

"..."

"ရဲလား ပြောလေ၊ ဘာကိစ္စလဲ"

မော်ဆိုသော အမည်ကြောင့် နေ စိတ်ဝင်စားသွားသည်၊ ဂန္ထဝင် စကားသံကို နားထောင်နေလိုက်၏။

"ဝင် တကယ် မအားဘူး ရဲရဲ၊ ဒီမှာ ညနေ အိုဗာတိုင်ဆင်းပြီး အလုပ်လုပ်ရမှာ ထွက်လို့တကယ်မရဘူး"

"..."

"မညာပါဘူး ရဲရယ်၊ တကယ်ပါ နင်တစ်ယောက်တည်း သွားစားလိုက်တော့နော် ဒါပဲနော်"

ဂန္ထဝင် ဖုန်းပိတ်လိုက်တော့ နေ လှမ်းကြည့်ရင်း

"သူရဲကောင်း ခေါ်နေရင် သွားလိုက်လေ ညနေ လုပ်စရာတွေ ဒါလုပ်ထားလို့ ရပါတယ် ဂန္ထဝင်"

"ဟင့်အင်း မသွားချင်လို့ပါ"

ပြောပြီး ဂန္ထဝင် ကွန်ပျူတာ ခလုတ်လေးတွေကို နှိပ်နေသည်။ မပြောချင်သလို ဖြစ်နေတော့လည်း နေ ဘာမှထပ်မမေးတော့ပါ။

စိတ်ထဲမှာတော့ တွေးကြည့်နေမိတာ သူရဲကောင်းနှင့် ဂန္ထဝင် ပုံစံက စိမ်းကားနေသလို ရှိ၏။

ရန်ဖြစ် စိတ်ဆိုးနေကြတာလား မသိ။ ရှင်းသန့် ရှိလျှင်တော့ မျက်စိမျက်နှာပျက်နေမှာ သေချာ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓဝင်က ကုမ္ပဏီမှာ အိုဗာတိုင်ဆင်းကာ အလုပ်လုပ်ရမည်ဆိုတော့ သူရဲ့ကောင်း စားစရာတွေကိုဝယ်ယူကာ ကုမ္ပဏီအထိ ထွက်ခဲ့သည်။

ဂန္ဓဝင်တို့ ရုံးခန်းအထိ သူ ဝင်ခဲ့သည်။ အခန်းထဲမှာ ဂန္ဓဝင် ကွန်ပျူတာလေးရှေ့မှာ ထိုင်အလုပ်လုပ်နေသည်။ နေကလည်း ဖိုင်တွေနှင့် အလုပ်လုပ်နေရာမှ လှမ်းကြည့်သည်။

"နေကောင်းတယ်နော် ကြက်တောင်စည်း"

"နေကောင်းလို့ အလုပ်လုပ်နေတာပဲ နင်မျက်လုံးကန်းနေသလား ဖား"

"ဟား ဟား နင့်ပုံစံက မပြောင်းဘူး။ ဝင် ဒီမှာ နင်စားဖို့ မုန့်တွေ ဝယ်လာတယ်"

"တကူးတက ရဲရယ်"

"နင်စားစေချင်လို့ပါ ရုံးဆင်းနောက်ကျမယ်ဆိုတော့ ဗိုက်ဆာမှာပေါ့"

ကြားနေရသော စကားတွေကို နားကြားပြင်း ကပ်လှသည်။ နေတစ်စင်း စားပွဲက ထရပ်လိုက်ကာ

"အင်း ငါလည်း သန့်စင်ခန်းသွားပြီး ရှောင်ပေးရမယ် ထင်တယ်"

အရွဲ့တိုက်ပြောရင်း လမ်းမှာပိတ်နေသော ဖားကို တမင် တွန်းတိုက်ထွက်ခဲ့လိုက်သည်။

အခန်းအပြင်ရောက်တော့ ရဲနှင့် ဂန္ဓဝင်တို့ စကားတွေ နားထောင်ချင်တာမို့ ရပ်နေမိပြန်သည်။





"ဝင် နင် ဘယ်နေ့ အလုပ်အားသလဲဟင်"

"ဘာလုပ်မလို့ မေးတာလဲ ရဲ"

"ငါနင့်ကို ပြောစရာ စကားတွေရှိလို့"

ဂန္ဓဝင် အသံတိတ်သွားသလို မော်ဆီက စကားသံပါ မကြား ...ဲ နေတစ်စင်း သိချင်စိတ်နှင့် နားလေးစွင့်ထားမိဆဲ။

"ရဲ"

"ဘာလဲ ဝင် ပြောလေ ငါနားထောင်နေပါတယ်"

"ငါ နောက်လထဲမှာ လက်ထပ်ရတော့မယ်"

"ဟင်"

ဖား တော့ ဘာဖြစ်သွားသည်မသိပါ။ နေတစ်စင်းမှာတော့ ...ယ်လေး အပေါင်းသားနှင့် မင်သက်သွားခဲ့သည်။

"ဝင် နင် နင်နောက်နေတာလားဟင်"

"မဟုတ်ဘူး ရဲ ငါ မာမီတို့စီစဥ်ထားသူနဲ့ မဖြစ်မနေ လက် ...ယ်ရမှာ"

အခန်းထဲမှာ တိတ်ဆိတ်သွားခဲ့တာ အတော်ကြာသည်။ နေ ...က်ပြီး ရပ်နေဖို့ မသင့်တော်တာမို့ ခပ်သုတ်သုတ်လေး ထွက်ခဲ့သည်။

အခန်းထောင့်ချိုး တစ်ခုမှာရပ်ပြီး နေ စောင့်ကြည့်နေတုန်း ...ာ ဖား အခန်းထဲက ထွက်လာသည်။

ဖား မျက်နှာက အေးစက်နေသည်။ တစ်လှမ်းချင်း တိတ် ...တိတ်စွာ လျှောက်သွားတာကြည့်ရင်း နေတစ်စင်း သနားမိသည်။ တစ်ချိန် ...ည်းမှာပဲ ဂန္ဓဝင်ကိုလည်း မကျေမနပ် ဖြစ်မိသည်။

ဂန္ဓဝင်က ဖား အသည်းကို ခွဲခဲ့တာလား။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့် သိလျှင်တော့ ပျော်ရွှင်ကျေနပ်နေမှာ သေချာပါသည်။

■ ■ ■

"တကယ် တကယ်လားဟင် နေ"

"သေချာတယ် ဖား အခန်းထဲက ကျောက်ရုပ်ကြီး လမ်းလျှောက်သလို ထွက်သွားတာ ငါမြင်တယ်၊ အခန်းထဲရောက်လို့ ဂန္ထဝင်ကို ငါမေးကြည့်တော့ နောက်လထဲကျရင် သူ လက်ထပ်ရမှာ တကယ်တဲ့ သူရဲ့ ခင်ပွန်းလောင်းက မကြာခင် အင်္ဂလန်က ပြန်လာရမှာတဲ့"

"ဒါဆို ဂန္ထဝင် အင်္ဂလန် သွားရင်း တွေ့ခဲ့ကြတာပေါ့"

"မပြောတတ်ဘူးလေ ဂန္ထဝင်ရဲ့ မိဘတွေက သဘောတူတယ်ဆိုတော့ ပေါ့သေးသေး ပုဂ္ဂိုလ် မဟုတ်တာတော့ သေချာတယ်"

"ရဲ သနားပါတယ်ဟယ် ဂန္ထဝင်က ဂုဏ်တွေမက်ပြီး ရဲ ကျိုးဥပေက္ခာပြုလိုက်တာပေါ့"

"ဖြစ်ရပြန်ပြီ အဲဒါ နင် ဝမ်းသာစရာပေါ့ နင်မျှော်လင့်နိုင်ပြီလေ"

"သိပ် မမျှော်လင့်ရဲပါဘူး နေရယ် အချစ်ဆိုတာ ရချင်တိုင်းလည်း ရနိုင်တာမှ မဟုတ်တာ"

ရှင်းသန့် တွေးဆဆလေး ပြောသည်။ ထိုစကားကိုတော့ နေ လက်ခံပါသည်။ ကံကြမ္မာဆိုတာက မြင်နိုင်သောအရာ မဟုတ်။

"ရှင်းသန့် နင်နဲ့ မျှော်စင် တွေ့ပြီးပြီလား"

"အင်း စောစောကပဲ သူရောက်လာတယ်၊ ရုံးကို လာသေးတယ်ဆို"

"ဟုတ်တယ် ဒါဆို နင်သိပြီးပြီပေါ့"





"အင်း သိတယ် နေ့ မျှော်လေးက အိမ်အကြွေးကိစ္စကြောင့်တဲ့ နင်လည်း သိပြီးရောပေါ့"

"သိတယ် အဲဒီကိစ္စကို ငါတို့ ကူညီရမယ်၊ ငါ မျှော်လေးရဲ့ အကြွေး သိန်းနှစ်ဆယ်ကို ဆပ်ပေးမလို့"

"သူ အလုပ်လုပ်ခဲ့တဲ့ ဆိုင်က တာဝန်ခံမန်နေဂျာ သိမှာပါ၊ ငါတို့ စုံစမ်းကြည့်တာပေါ့ ကဲ ငါအိပ်ချင်ပြီဟာ"

စကားစဖြတ်ကာ နေ ကိုယ့်အိပ်ခန်းဆီ ပြန်ခဲ့သည်။

ရှင်းသန့်တော့ ဒီည အိပ်ပျော်နိုင်ပါ့မည်လား မသိပါ။ ဖားကော ဘယ်လိုနေရှာမည်လဲ။

အသည်းကွဲနေမည်လား မသိ။

ဂန္ထဝင်ကြောင့် ဖားအသည်းကွဲတာတော့ နေတစ်စင်း သနားမိသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ညတုန်းက ရဲလေး မသောက်စဖူး အရက်တွေ သောက်လာတယ်၊ ဘာဖြစ်လို့လဲ မသိဘူး ကိုရယ်"

ကြယ်စင် မေးလာတော့ ခင်ပွန်းဖြစ်သူ ကိုမြတ်ဇော် ချက်ချင်း ဘာဖြေရမှန်း မသိဖြစ်သွားသည်။

"အင်း ကိုယ်လည်း ဘယ်သိမှာလဲ"

"အလုပ်ထဲမှာ အတူရှိနေတာတောင် ကိုက မသိဘူးလား"

"ဟာ ကြယ်စင်ကလည်း ကိုယ် မသိဘူးလေ၊ ရဲက အလုပ်မှာ ဘာမှလုပ်စရာ မရှိသလောက်ဘဲ အပြင်ထွက်တာက များများရှိ ယောက်ျားလေးပဲကွာ တစ်ခါတလေ ရှိမှာပေါ့"

ကိုမြတ်ဇော် ပြောရင်း ကော်ဖီဝိုင်းက ထွက်ခဲ့တော့ ကြယ်စင် တစ်ယောက် မောင်ဖြစ်သူ အခန်းဘက် ထွက်သွားသည်။





တစ်ဦးတည်းသော မောင်လေးကို ကလေးလေးတစ်ယောက်လို ထင်မှတ်နေသည်လားမသိ။

"ကိုရေ ကိုရေ"

အော်ဟစ်ပြီး ကော်ဖီခန်းထဲကို ဖနီးဖြစ်သူ အပြေးဝင်လာတော့ ကိုမြတ်ဇော် သောက်နေသော လက်ဖက်ရည်တောင် သီးချင်သွားခဲ။

"ဘာဖြစ်လို့လဲ ကြယ်စင်"

"ရဲလေး မရှိတော့ဘူး အစောကြီး ဘယ်ထွက်သွားပြန်သလဲ မသိဘူး"

"ရုံးသွားတာ ဖြစ်မှာပေါ့"

"မဟုတ်ဘူး ထင်တယ် သူရုံးသွားမယ်ဆို စားသောက်ပြီးမှ သွားတတ်တာပါ၊ နောက်ပြီး ဒီလိုအချိန်မျိုးမှာ မထတတ်သေးတာ"

ကြယ်စင် ပြောတာလည်း မှန်သည်။ ရဲက ရုံးကို အမြဲနောက်ကျမှ ရောက်တတ်သူ၊ ပြီးတော့ သူ့ အလုပ်မရှိလျှင် ရုံးမှာတောင် နေတတ်တာမဟုတ်။

"သူ သွားစရာရှိလို့ ဖြစ်မှာပေါ့ မိန်းမရယ်"

"အင်း ရဲလေး အလုပ်ကို စိတ်မပါဘူး ဆိုရင်တော့ သားစင်ဆီ ပို့လိုက်တာ ကောင်းမယ်ထင်တယ်"

ညီအစ်ကို ဝမ်းကွဲတော်သူ သားစင်ဆီ သာပို့လိုက်လျှင် စိတ်ထိုင်းကျ လွတ်တော့မှာမို့

"ပို့ရင် ပိုဆိုးမှာပေါ့ကွ သားစင်က ရဲကို နိုင်မလား"

"ဒါလည်း ဟုတ်တာပဲ ကဲ ကဲ ကိုလည်း အလုပ်သွားဦးမှာပဲ သွားတော့လေ၊ ရဲလေးဆီ ကြယ်စင်ဘာသာ ဖုန်းဆက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်''

''အေး အေး ရုံးမှာရှိရင်လည်း ကိုယ် ဖုန်းဆက်လိုက်ပါ့မယ်''

ကြယ်စင်ကိုပြောပြီး သူ ရုံးကိုထွက်ခဲ့လိုက်သည်။ ရုံးရောက်တော့ လုံခြုံရေး ဝန်ထမ်းကို မေးလိုက်မိ၏။

''ဦးမောင် ကျွန်တော့်ယောက်ဖ ရဲ လာပြီလား''

''ရောက်နေပြီ ဆရာ သူ အစောကြီးရောက်လာတယ်၊ မနေ့က အလုပ်လေး မပြတ်သေးလို့တဲ့''

သည်လိုကျတော့လည်း ရဲသည် အလုပ်တာဝန်ကို အလေး ထားသည်ဟု ဆိုရမည်။

မနေ့တုန်းက မပြီးသေးသော အလုပ်တွေကို ဒီမနက် အစော ကြီး လာလုပ်သည်ဆိုတော့ ဒီနေ့ ရဲ ပြတိုက် စေခိုင်းထားသော အလုပ် ရှိသည်ထင်၏။

ရဲ ရှိနေသည်ဆိုတာကို ကြယ်စင်ထံ ပြန်လှမ်းဖုန်းဆက်လိုက် ပါသည်။ ရဲရဲ့ ရုံးခန်းဘက် ထွက်ခဲ့တော့ ရဲ ဖိုင်တွဲတွေ တစ်ထပ်နှင့် ထွက်လာ၏။

''မင်းကိုအိမ်မှာ မတွေ့လို့ မင်းအစ်မ စိတ်ပူနေတ''

''ဆောရီး ကိုမြတ် ကျွန်တော်ဒီနေ့ အပြီးလုပ်ပေးရမယ့် အလုပ် ကို စောစော ဖြတ်ပေးတာ သွားစရာလေးရှိလို့''

''အေး အေး စောစောကပဲ ပြတိုက် ရောက်လာတာနေ တယ်''

''အိုကေ ကိုမြတ် သူ လုပ်ခိုင်းထားတဲ့ အလုပ်လေး သွားပေး လိုက်ဦးမယ်''





ရဲ ပြောပြီး ပြတိုက်ရှိရာ M.D ရုံးခန်းဘက် ထွက်ခဲ့လိုက်၏။ အခန်းထဲရောက်တော့ ပြတိုက် စားပွဲမှာ ထိုင်နေ၏။

''ရဲ ဒီနေ့ ကိုယ်ခိုင်းတဲ့ ကိစ္စလေး ဖြတ်ပေးဦးနော်''

''ပြီးသွားပြီ ကိုပြတိုက် ဒီမှာလာပို့တာ''

''ညတုန်းက အိမ်ယူလုပ်လိုက်တာလားကွ''

ပြတိုက် မေးတော့ သူ ခေါင်းခါပြရင်း ပြုံးလိုက်မိသည်။

''မဟုတ်ပါဘူး မနက်အစောကြီး လုပ်ထားလိုက်တာ နောက် ဆယ် ကိုပြတိုက် ဘာမှ ခိုင်းစရာမရှိဘူးဆိုရင် ကျွန်တော် သွားစရာ ရှိလို့''

''အင်း ဘာမှမရှိပါဘူး၊ ဩော် ရဲ ခဏလောက် အချိန်ရရင် ထိုင်ပါဦး မင်းကို ကိုယ်ပြောစရာလေးရှိလို့''

ပြတိုက် ပြောနေတော့ သူ ရှေ့ကထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ ပြတိုက်က သူ့ကို ချက်ချင်းဘာမှမပြောဘဲ အတန်ကြာ တိတ်ဆိတ် နေတာမို့

''ဘာပြောမလို့လဲ ကိုပြတိုက် ပြောလေ''

''တခြားမဟုတ်ဘူး ရဲ ဟိုကွာ နေတစ်စင်း အကြောင်းမင်း ဘယ်လောက် သိထားသလဲ''

သူမျက်မှောင် ကုပ်သွားမိ၏။ ပြတိုက် ဘာကိုမေးတာလဲ နား မလည်တည့် အမှန်ပဲ ဖြစ်၏။

''ဟို ဘာကို မေးတာလဲ ကျွန်တော် သဘောမပေါက်ဘူး''

''ဒီလိုကွာ နေတစ်စင်းမှာ ချစ်သူတွေဘာတွေ ရှိသလားလို့''

ရဲ ပိုလို့ အံ့သြရပြန်ပါသည်။ ကြက်တောင်စည်းမှာ ချစ်သူရှိသ



www.burmeseclassic.com

www.burmeseclassic.com



လားတဲ့။ ဒီမေးခွန်းကို ကိုပြတိုက် ဘာကြောင့်သူ့ကို လာမေးရတာလဲ။ တကယ်ဆို သူလည်း ဒါကို မသိတာ အမှန်။

"ကျွန်တော် မသိဘူး ကိုပြတိုက်"

ပြတိုက် ပင့်သက်ရှိုက်သည်။ မျက်နှာအမူအရာက စိတ်ပျက် ညစ်ညူးရိပ်တွေ ထင်နေ၏။ ပြတိုက်နှင့် ကြက်တောင်စည်း ဘာတွေဖြစ် ကြသည်လဲ။

"ကိုယ် နေကို လက်ထပ်ခွင့်တောင်းတယ် သူငြင်းတယ် ရဲ သူ့မှာ ရည်ရွယ်ထားတဲ့သူ ရှိတယ်တဲ့"

ပြတိုက် စကားကြောင့် သူ စိတ်ဝင်စားသွားရပါသည်။ ကြက် တောင်စည်းမှာ ရည်ရွယ်သူ ရှိသည်တဲ့။

"အင်း ကျွန်တော် မပြောတတ်ဘူး ပြောလို့မရဘူးလေ၊ သူ့ မိဘတွေ သဘောတူထားတာမျိုး ရှိချင်ရှိမှာပေါ့"

"ကိုယ် သိချင်တာက သူ ချစ်တဲ့ယောကျ်ား ရှိရဲ့လား သိချင် တာ"

"ဒါတော့ ကျွန်တော်လည်း ဘယ်ပြောတတ်မှာလဲ ကိုပြတိုက် သူ့ကိုမေးကြည့်ပေါ့ဗျာ"

"အေး ဟုတ်တာပဲ သူ ငြင်းခဲ့တာ ကိုယ်တော်တော် ခံစားရ တယ်ကွာ၊ ဒါပေမဲ့ ကိုယ် နောက်မဆုတ်သေးပါဘူး၊ ကိုယ့်မှာ မျှော် လင့်ချက်တွေ ရှိပါသေးတယ်၊ ဟုတ်တယ် မဟုတ်လား ရဲ"

သူ ခေါင်းညိတ်ပြလိုက်မိသည်၊ ကိုပြတိုက် အဖြစ်က သူ့အဖြစ် လိုပါပဲလား။ ဂန္ထဝင်ကြောင့်လည်း သူ ခံစားခဲ့ရ၏။

ဒါပေမဲ့ ဂန္ထဝင်ကို သူထပ်ပြီး မမျှော်လင့်ချင်ပါ။ ဂန္ထဝင်မှာ





လက်ထပ်ရမည့်သူ ရှိသည်ဟု ဂန္ထဝင်နှုတ်က ပြောခဲ့ပြီးပြီ။ မျှော်လင့်ချက် ကြီးနှင့် သူ့စိတ်ကိုသူ ပြန်မနှစ်သိမ့်ချင်ပါ။

"အိုကေ ရဲ မင်း သွားစရာရှိတာ သွားပါ၊ ကိုယ်က တိုင်ပင် တဲ့သဘောပေါ့၊ နားထောင်ပေးတာ ကျေးဇူးပဲ"

"ဟုတ်ကဲ့ ခွင့်ပြုပါဦး ကိုပြတိုက်"

အခန်းထဲမှ ထွက်ခဲ့တော့ အာရုံထဲမှာ ကပ်ငြိပါလာတာ ကြက် တောင်စည်းအကြောင်းပဲဖြစ်သည်။

ကြက်တောင်စည်းနှင့် ကိုပြတိုက် ဇာတ်လမ်းကို သူဒီလို အခြေအနေ မျိုး ကြားမည်မထင်ခဲ့၊ အခုတော့ နှာနှတ်သီးမှာ ရည်ရွယ်သူ ရှိသည်တဲ့။

ဒါဟုတ်ရဲ့လား။ ကိုပြတိုက်ကို ငြင်းပယ်ချင်တာကြောင့် ကြက် တောင်စည်း လိမ်ညာခဲ့တာလား။ တွေးတော့ တွေးချင်စရာ။

အတွေးတွေက ဟန်းဖုန်းမြည်သံကြောင့် ဖြတ်တောက်ကုန် ခါးကြားက ဖုန်းလေးကို သူ ဖြုတ်နားထောင်တော့ မမကြယ်စင် ဆီက ဖြစ်နေသည်။

"ပြော် မမ ပြောလေ"

"ရဲ အခု ရုံးမှာနော်"

"ဟုတ်တယ် ဒါပေမဲ့ ခဏနေရင် သူငယ်ချင်းတစ်ယောက် ဆီ သွားမလို့ သိဒ္ဓိဆီလေ"

"ရဲလေး ညတုန်းက မင်းအရက်တွေ သောက်လာတာ မမ သိတယ်နော် ဘာဖြစ်နေတာလဲ မင်း မမကို ပြောစမ်းပါ"

"အား ဘီယာသောက်တာပါ မမရဲ့၊ နို့ ဘာမှမဖြစ်ဘူး တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တလေ သောက်ကြည့်တာပါ''

''တစ်ခါတလေကနေ အမြဲဖြစ်သွားတတ်တယ်နော် မင်း ဘာ ဖြစ်တာလဲ မမကိုပြော''

မမ စိုးရိမ်နေတာကြောင့် ရဲ ရယ်ချင်မိသည်။ တကယ်ဆို မနေ့ညနေက ဘယ်ရယ်မဟုတ်ဘဲ ဘီယာဆိုင် ဝင်ထိုင်ကာ သူ ဂန္ဓ ဝင်အကြောင်း တွေးမိတာဖြစ်သည်။

ဂန္ဓဝင်ကို သူ လွမ်းတာလား။ ခံစားကြည့်ရင်း သောက်ကြည့် တာ ဖြစ်သည်။ ဒါပေမဲ့ သူ စူးစူးနစ်နစ် ခံစားရလောက်အောင် မဖြ ခဲ့တာတော့ သေချာသည်။

''ဂန္ဓဝင်လေးနဲ့ အဆင်မပြေလို့လား ရဲ''

မမကြယ်စင် မေးလာတော့ သူ ပေါ့ပါးစွာ ရယ်လိုက်ရင်း

''ဂန္ဓဝင်နဲ့ ဘာမှ မဆိုင်ပါဘူး မမရဲ့ စိတ်ချ ဘာမှမဖြစ်ဘူ မမ မကြိုက်ရင် နောက်မသောက်တော့ဘူး အိုကေ''

''အေး အေး နေဦး အခုဖုန်းဆက်တာ ဘိုးက နင့်ကို တွေ ချင်လို့တဲ့ ညနေ ငါးနာရီရောက်အောင် ရုံးကိုလာခဲ့ သိလား''

''ဟုတ်ကဲ့ လာခဲ့မယ် ဆရာကြီးနဲ့ တွေ့ဖို့ဆိုရင် သိဒ္ဓိကိုပ ခေါ်ခဲ့မယ် ဒီကောင်ကလည်း ဆရာကြီးကို တွေ့ချင်နေတာ''

''အေး လာခဲ့ကြနော် မမေ့နဲ့ဦး''

မမဆီက ဖုန်းလေးပိတ်သွားတော့ သူ သိဒ္ဓိဆီ သွားဖို့ထွ ခဲ့သည်။ သိဒ္ဓိက အထက်တန်းရှေ့နေဘဝနှင့် အပြင်မှာ ရှင်သန်ရပ်တ နေတာဖြစ်သည်။

ဆရာကြီးဆိုသော မမတို့ Global ကုမ္ပဏီက M.D ဦးကော





သည် ရဲတို့ တက္ကသိုလ်တုန်းက မော်ကွန်းထိန်းတစ်ယောက် ဖြစ်သည်။ သူနှင့် သိဒ္ဓိက ဆရာကြီးဆီမှာ အားလပ်ချိန်တွေ၌ အင်္ဂလိပ်စကားပြော သင်ဖူးသည်။

အခု ဆရာကြီးက တွေ့ချင်တယ်ဆိုတော့ ရဲ သွားရမည်။ သိဒ္ဓိကလည်း လိုက်ဖြစ်မှာ သေချာသည်။

■ ■ ■

နေတစ်စင်း နာရီကို ကြည့်လိုက်တော့ ငါးနာရီ ထိုးတော့မည်။ လုပ်စရာရှိသော အလုပ်တွေကို ပြတ်အောင်ဖြတ်နေတာမို့ ရုံးဆင်း ချိန်ထက် နောက်ကျနေတာ ဖြစ်သည်။

ဂန္ဓဝင်ကတော့ လေးနာရီလောက်ကတည်းက ပြန်သွားသည်။ ရှင်းသန့် ကလည်း ဖျားချင်ချင် ဖြစ်နေတာမို့ မနက်ကတည်းက ခွင့်ယူ ပြန်သွား၏။

ရှင်းသန့် လုပ်ရမည့်အလုပ်တွေကို နေပဲ ပြီးပြတ်အောင် လုပ် ပေးနေတာမို့ အခုလို နောက်ကျနေခြင်းပင်။

ငါးနာရီကျော်ကျော်လေးမှာ အလုပ်တွေပြီးပြတ်ကာ မနက်ဖြန် ပြင်ဆင်နေမိုက်

''နေ ဘိုးက သူ့ဆီ ခဏလာခဲ့ပါဦးတဲ့''

''ဟုတ်ကဲ့ သွားလိုက်ပါ့မယ် မကြယ်''

''ဘိုး အခန်းထဲမှာ ရဲလေးတို့လည်း ရောက်နေကြတယ်''

မကြယ် ပြောတာကြောင့် နေ အံ့သြသွားမိသည်။ ဘိုး နှင့် ရဲကောင်းက သိသည်တဲ့လား။

''ဘိုးနဲ့ရဲလေးတို့က ဘိုး တက္ကသိုလ်မော်ကွန်းထိန်း ဘဝက



www.burmeseclassic.com

www.burmeseclassic.com



တည်းက ဆရာတပည့်တွေလေ အခု ဘိုး အင်္ဂလန်မသွားခင် ရဲလေး တို့ကို တွေ့ချင်တယ်ဆိုလို့လေ''

''ဟုတ်လား မကြယ်ကော ပြန်တော့မှာလား။ ဖားကို မစောင့် တော့ဘူးလား''

''မစောင့်တော့ဘူး သွားစရာလေးရှိလို့ ကဲ သွားပြီ နေရေ''

နှုတ်ဆက်ပြီး မကြယ်စင် ထွက်သွားသည်။ ဘိုး အခန်းထဲမှ ဖားရောက်နေသည်ဆိုတာကြောင့် ရှင်းသန့်ကို သတိရမိသေး၏။

တကယ်ဆို ဘိုး က ရက်ပိုင်းအတွင်း အင်္ဂလန်ကို သွားရမည် တစ်လကျော်လောက် ကြာမည်မို့ နေတို့ ဒီဖိုင်းဌာနကလူတွေလည်း တစ်လခွင့်နားရက်ရသည်။

ဘိုးက အားလုံးကို တစ်လစာ လစာအပြင် ဘောက်ဆူးငွေ ပေးကာ ခွင့်တစ်လ ပေးခဲ့ခြင်းပင်။

''ဟော သမီး နေ လာ ထိုင်''

ဘိုး စားပွဲရှေ့ ထိုင်ခုံမှာ ဖားနှင့် အတူတစ်ယောက် ထိုင်နေ သည်။ သူ့ကို နေတစ်စင်း သိပ်မမှတ်မိ။

''နေတစ်စင်း ငါ့ကို မှတ်မိလား''

''ဖား သူငယ်ချင်းလား ဒါဆို ငါ မမှတ်မိတာ သေချာတယ်''

''သူက ငါကလွဲရင် ကျန်တဲ့ သူငယ်ချင်းတွေကို သိပ်မှတ် မိရှာဘူး သိဒ္ဓိရဲ့ အဟဲ''

''သေလိုက်ပါလား အဲ ဘိုး ကန်တော့နော်''

ဖားကို မကျေနပ်တာကြောင့် လွှတ်ခနဲ ပြန်ပြောမိပြီးမှ ကို နေ ပြန်တောင်းပန်မိ၏။ ဘိုး က သဘောကျစွာ ပြုံးရင်း





''အဟင်း ရပါတယ်ကွာ သမီးတို့ သူငယ်ချင်းတွေအကြောင်း အခုပဲ ဘိုး နားထောင်နေတာ ရန်ဖြစ်ဖော်ဖြစ်ဖက်တွေပေါ့''

ဘိုးက ရယ်ရယ်မောမော ပြောနေတော့ နေလည်း ပြုံးမိ သည်။ တကယ်ဆို ဘယ်လို ရေစက်မှန်းမသိအောင် ဖားနှင့် နေက ကမ္ဘာ့ရန်သူတွေ။

''ဒီနေ့ ဘိုးက ရဲတို့ကို ညစာကျွေးမလို့ သမီးလည်း လိုက်ခဲ့ လေ၊ ရှင်းသန့်လေးက နေမကောင်းတော့ ဒီပွဲကို လွဲပြီပေါ့''

နေတစ်စင်း ပြင်းရခက်နေတုန်းမှာ ရုံးဌာနပိုင်းက စာရေး မလေး ရောက်လာကာ

''မမနက်ကို တွေ့ချင်လို့တဲ့ ညီသည် တစ်ယောက်ရောက်နေ တယ်''

''ဩော် ကျေးဇူးသန္တာ ဘိုး နေကို ခဏခွင့်ပြုပါ''

''သွားလေ သမီး သွားတွေ့ပါ''

နေ ခွင့်တောင်းပြီး ထွက်ခဲ့သည်။ နေတို့ ရုံးခန်းရှေ့မှာ ရပ် စောင့်နေသူက မျှော်စင်

''ဟယ် မျှော်လေး ဘယ်ကလာတာလဲ''

''ကျူရှင်က ပြန်လာတာပါ မမ၊ မမ ရှိမလား ဝင်ကြည့်တာ အတူပြန်ကြရအောင်''

''မမပြန်လို့ မရသေးဘူး M.D နဲ့ ညစာစားပွဲ လိုက်ရဦးမှာ ဒါနဲ့ မျှော်လေး အကြွေးကိစ္စအတွက် မမမေးစရာရှိလို့''

''ဘာမေးမလို့လဲ မမနေ''

''မင်း ရှင်းရမှာ ဘယ်သူ့ကိုလဲ မမနဲ့ ရှင်းသန့်တို့ ကြေရှင်းပေးဖို့



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံ ရှာထားပြီးပြီ''

''ဟား မလိုတော့ဘူး မမနေ အဆင်ပြေနေပြီ''

''အဓိပ္ပါယ်မရှိတာ မင်းမညာနဲ့ ဒီငွေကို မင်းဘယ်လို ရှင်းမလဲ''

နေ အမေးကြောင့် မျှော်စင် ခေါင်းကိုကုတ်သည်။ ပြီးမှ

''တကယ်ပါ မမ ကျွန်တော့် အစ်ကို ရှင်းပေးတာ''

''မင်းအစ်ကို ဘယ်သူလဲ''

''ဟို အဲ အစ်ကို တစ်ယောက်ပါ ကျွန်တော့်ကို သနားလို့ ကူညီပေးတာ၊ ကျွန်တော် တစ်ချိန်မှာ အလုပ်လုပ်ပြီး ပြန်ဆပ်ရုံပဲ''

''မျှော်လေး ဘယ်သူလဲ ဆိုတာပဲ ပြောပါ''

နေ ဖွတ်မေးနေတော့ မျှော်စင် မညာရဲတော့ဘဲ

''ကိုပြတိုက် ဆိုတဲ့ အစ်ကိုပါ''

''ဘာရယ် ပြတိုက်''

''ဟုတ်တယ် မမနဲ့သိတဲ့ မိတ်ဆွေတစ်ယောက်လို့ အစ်ကိုကလည်း ပြောပြပါတယ်''

နေ အံ့ဩပြီးရင် အံ့ဩနေမိသည်။ မျှော်လေး ပြဿနာကို ဆရာပြတိုက် ဘာကြောင့် ကူညီလိုက်တာလဲ။ တွေးစရာ ပုံက အများကြီး။

''အစ်ကိုက သဘောကောင်းပါတယ် မမရဲ့''

သဘောကောင်းတယ်ဟု မျှော်လေး ပြောနေသည်။ ပြတိုက်၏ ရည်ရွယ်ချက်ကို နေ သိနေသလိုလိုပါပဲ။

''ကဲ မျှော်လေး ခဏစောင့် မမ မင်းနဲ့ ပြန်လိုက်မယ်''

''ဟင်. မမနေ့ ညစာစားပွဲ ရှိတယ်ဆို''





''ဟင့်အင်း မလိုက်တော့ဘူး ဒီကစောင့်''

ပြောပြီး နေ ဘိုးတို့ဆီ ပြန်ခဲ့သည်။ အခန်းထဲမှာ ဘိုးက အားတို့နှင့် စကားတွေကောင်းနေသည်။

''ဘိုး သမီးကိုခွင့်လွှတ်ပါ၊ သမီး ဘိုးတို့နဲ့ မလိုက်နိုင်တော့ဘူး သမီး မောင်ဝမ်းကွဲလေ အပြင်မှာရောက်နေလို့''

''ဟုတ်လား ရတယ်လေ သမီး၊ ဒါဆိုလည်း ကုမ္ပဏီဝန်ထမ်းတွေ နှုတ်ဆက်ပွဲမှ ဆုံကြတာပေါ့''

''ဟော့ ကြက်တောင်စည်း ငါနဲ့အတူ ထိုင်ရမှာ နင်ကြောက်နေတာလား''

''အေး နင့်မျက်နှာကို မြင်ပြီး မနေချင်လို့ ရှင်းပြီလား''

နေ့စကားကို ဖား စိတ်မဆိုးဘဲ သဘောကျ ရယ်နေသည်။ နေတစ်စင်း ချာခနဲ လှည့်ထွက်ခဲ့၏။

ပြတိုက်နှင့် ပတ်သက်သော ပြဿနာကြီးက နေတစ်စင်း ခေါင်းထဲမှာ ဝင်နေပြီမို့ နေ စိတ်တွေ ညစ်ညူးနေသည်။

ထို ပြဿနာကိုတော့ နေ ရှင်းရပါဦးမည်။

■ ■ ■

''ဆရာက မျှော်လေးနဲ့ နင်နဲ့ ခင်နေတာသိလို့ ကူညီခဲ့တာ ထင်တယ်''

မျှော်စင် အကြွေးကိစ္စကို နေ ပြောပြတော့ ရှင်းသန့် ထင်မြင် ချက်ပေးသည်။ သို့ပေမဲ့ နေ လက်မခံနိုင်ပါ။

''ဘာပဲဖြစ်ဖြစ် ဒါကို ငါ လက်မခံနိုင်ဘူး ရှင်းသန့်၊ ဆရာ ပြတိုက်က ငါ့ဆီက အချစ်ကို မျှော်ကိုးစိတ်နဲ့ မျှော်လေးကို ကူညီတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့ကို နင်ဒီလို ထင်ကြေးနဲ့ မပြောသင့်ဘူး၊ ဒီကိစ္စ ဖွင့်မပြောဖို့ မျှော်လေးကို ဆရာက မှာထားတယ်ဆို"

"အေး ငါဖွတ်မေးလို့ မျှော်စင် ပြောပြတာ"

"ဒါကို နင် ထင်မြင်ချက်တော့ မပေးသင့်ဘူး၊ ငါ့အထင်တော့ ဆရာက နင့်ကို တကယ်ချစ်တာပါ"

"ဟင့်အင်း ငါလက်မခံနိုင်ဘူးလို့ ငြင်းပြီးပြီ"

"ဟင် ဟုတ်လား"

ဆရာပြတိုက်နှင့် နေ ဖုန်းပြောဖြစ်ခဲ့တာကို ရှင်းသန့် မသိသေးပါ။ အခုမှ နေ ပြောဖြစ်သည်။

"ဟုတ်တယ် ဆရာ တောင်းဆိုတဲ့ လက်ထပ်ခွင့်ကို ငါငြင်းခဲ့တယ်၊ ဘာကြောင့်လဲလို့ နင်မမေးပါနဲ့ဟာ ငါ့ရင်ထဲမှာ ဆရာကို လက်ခံလို့ မရလို့ဘဲ ငါ ဆရာ့ကို မိတ်ဆွေ တစ်ယောက်လိုပဲ ခင်လို့ရတယ်"

ရှင်းသန့် လက်ခံသလို ခေါင်းညိတ်သည်။ နေ စိတ်ထဲမှာ အလိုမကျ ဖြစ်နေသော မျှော်စင်ကိစ္စကိုပဲ ပြန်ဆက်ဖြစ်၏။

"အခု မျှော်လေး ကိစ္စကို ငါတို့ ဘယ်လိုရှင်းမလဲ"

"နင်ဘယ်လို ဖြစ်စေချင်လို့လဲ နေ"

"ငါ အဲဒီငွေကို ဆရာပြတိုက်ကို ပေးချင်တယ်"

"ဒီလိုလုပ်ပါလား နေ နင်နဲ့ငါ ဆရာ့ရုံးခန်းသွားပြီး ပေးလိုက်ရင် ကောင်းမယ်ထင်တယ်"

ရှင်းသန့် အကြံပေးချက်ကို နေ လက်ခံလိုက်ပါသည်။ မျှော်စင်ကိစ္စမှာ ဆရာပြတိုက်စိတ်က မျှော်လင့်ချက်တစ်ခု ရှိနေတာမျိုး မဖြစ်စေချင်ပါ။





ရှင်းသန့်ကို နှုတ်ဆက်ပြီး အိပ်ရာဝင်ခဲ့ရပေမယ့် နေ မျက်ဝန်းတွေ အိပ်စက်မရခဲ့ပါ။

တကယ်ဆို နှလုံးသားမှာ လှုပ်ခတ်စေခဲ့သော သူတစ်ယောက် နေဘဝမှာ ရှိခဲ့ဖူးပါသည်။

သင်္ကေတ ဆိုသော ယောကျ်ားတစ်ယောက်က နေ နှလုံးသားကို စိုးမိုးခဲ့ဖူးသည်။

ဖြူစင်လှသော ကလေးဘဝကတည်းက သင်္ကေတသည် နေရဲ့ ရင်ထဲမှာ သံယောဇဉ်တွေ နိုင်မာခဲ့တာပဲ ဖြစ်သည်။

နယ်မြို့လေး တစ်မြို့မှာ နေခဲ့စဉ်ကတည်းက သင်္ကေတသည် နေရဲ့ အစ်ကိုတစ်ယောက်၊ အဖော်တစ်ယောက်လိုရှိခဲ့တာ ဖြစ်၏။

နေထက် လေးနှစ်ခန့်ကြီးသော သင်္ကေတသည် အိမ်နီးချင်း ဖြစ်ခဲ့တာမို့ နေကိုလည်း ညီမလေးလို ချစ်ခင်သည်။

နေ လမ်းလျှောက်တတ်စအရွယ်မှာ သင်္ကေတသည် ကျောပေါ်အမြဲပိုးကာ ခြံထဲလှည့်ပတ် ချော့တတ်သူ။

"ဟဲ့ မြင်း ပြေးစမ်း တက်ခလောက် တက်ခလောက်"

"ဟဲ့သမီး ကိုကို့ကို မပြောရဘူး ငရဲကြီးမယ်"

မာမီတို့က ဘယ်လိုပြောပြော သင်္ကေတဆိုသော ကိုကိုသည် နေရဲ့ အလိုကျ အနှံ့အတာခံတတ်၏။

"နေနေ ကိုကိုမုန့်တွေ ယူလာတယ် အတူစားရအောင်"

"ဟေး ကိုကို ကျောင်းက ပြန်လာပြီ"

မူလတန်း တက်နေပြီ ဖြစ်သော ကိုကိုသည် နေ့ကိုပဲ ကျောင်းဆင်းသည်နှင့် ရောက်လာကာ အတူ ကစားတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို ကျောင်းပိတ်ရက်တွေမှာ နေ အပျော်ဆုံး။

"နွေတိုင်း ကိုကို ကျောင်းတွေပိတ်ရင် ကောင်းမှာပဲ"

"ဘာလို့လဲ နေနေရဲ့"

"နေနေတို့ အတူကစားရတာပေါ့ ကိုကိုရဲ့"

"နွေ ကျောင်းပိတ်ရက်ကျ ကစားရမှာပေါ့ ညီမလေးရဲ့"

နေကို ညီမလေးဟု ခေါ်လိုက် နက်နက်ဟု ခေါ်လိုက်နှင့် နေ ဆန္ဒမှန်သမျှ ဖြည့်ဆည်းတတ်သော ကိုကို့ကို နေ နှောင်တွယ်ခဲ့ရ

ကိုကိုက ရပ်ကွက်ထဲက အဖော်တွေနှင့် ဖန်ဂေါ်လီကစားသော အခါမှာလည်း နေကို ခေါ်သွားတတ်၏။

"ဟေး ကိုကိုကွ နိုင်အောင်ပစ်နော်"

နေက နံဘေးက လက်ခုပ်တီး အားပေးကာ ကိုကို နိုင်သ ဖန်ဂေါ်လီလေးတွေ ဝိုင်းကောက် သိမ်းပေးရသည်။

ကိုကို ရှုံးနိမ့်လျှင် နေက မကျေမနပ် နှုတ်ခမ်းလေးစူကာ ကျန်လူတွေကို ရန်တွေတတ်စမြဲ။

"လူညစ်တွေ ကိုကို့ကို ညစ်တယ်"

"အံမယ် သင်္ကေတ ရှုံးတော့ ဒီကောင်မလေးက ရန်တွေ့တယ် ဟ"

"အေးနော် စွာတေးမလေး ကြည့်ပါလား၊ မျက်လုံးတွေ ကြောင်မျက်လုံးတွေ အတိုင်းပဲ"

"ဘာ"

"ဟုတ်တယ်ဟေ့ ကြောင်မျက်လုံးနဲ့ ကောင်မလေး ဟား ဟား"

နေကို ကြောင်မျက်လုံးလို့ ဝိုင်းပြောတော့ နေနေ မျက်ရည်





လေးဝဲကာ ဒေါသတွေ ဖြစ်မိ၏။

"မစကြပါနဲ့ကွာ ကဲ လာညီမလေး ကိုကိုတို့ ပြန်ရအောင်"

ကိုကိုက နေလက်ကို ဆွဲကာ အိမ်ပြန်ခေါ်တတ်သည်။ ခြံထဲ ရောက်တော့ နေ ကိုကို့ကို မေးမိ၏။

"ကိုကို နေနေ့မျက်လုံးကို ကြောင်မျက်လုံးနဲ့ တူတယ်တဲ့ ဟုတ် လားဟင်"

ကိုကိုက နေ မျက်နှာလေးကို ပြုံးပြုံးလေးကြည့်ကာ ခေါင်းကို ခါ၏။

"ဘယ်ကလာ တူရမှာလဲ နေနေရဲ့ မျက်လုံးလေးတွေက ဟောဒီ ဖန်ဂေါ်လီလုံးလေးနဲ့တူတာ ဒီမှာကြည့်တွေ့လား ဖန်ဂေါ်လီလေး ထဲမှာ ရွှေကြိုးလေး တလက်လက်နဲ့ သိပ်လှတာကွ"

"တကယ်လား ဟင် ကိုကို"

"တကယ်ပေါ့"

နေ ကျေနပ်အောင် ကိုကို ပြောတတ်ခဲ့သည်။

ကိုကိုနှင့်အတူ ကျောင်းအတူတက်ဖို့ နေ မျှော်လင့် ထားသ မှုတွေက အိမ်မက်လိုဖြစ်ခဲ့သည်။

ဒယ်ဒီတို့ ရန်ကုန်ကို ပြောင်းရွှေ့တာမို့ နေလည်း ကိုကိုနှင့် ခွဲခဲ့ရသည်။ ထိုစဉ်တုန်းက ရှိုက်ကြီးတငင် ငိုနေသော နေကို ကိုကိုက လည်း မျက်ရည်ဝဲဝဲနှင့် နှစ်သိမ့်ခဲ့၏။

"မငိုနဲ့နော် နေနေ ကိုကိုတို့ တစ်နေ့ ပြန်ဆုံကြမှာပေါ့"

"ကိုကို နေနေကို မေ့မှာလားဟင်"

"မမေ့ပါဘူး ကလေးရယ် ဖန်ဂေါ်လီလေးတွေမြင်တိုင်း ညီမ

www.burmeseclassic.com



လေးကို ကိုကို အမြဲသတိရနေမှာပါ''

"တကယ်နော် ကိုကို နေနေတို့ တစ်ချိန်မှာ ပြန်ဆုံကြမယ်နော်"

နုနယ်သော ကလေးဘဝက ဖြူစင်သော သံယောဇဉ်ဖြင့် အိပ်မက်တိုင်းမှာ နေ ကိုကို့ကို သတိရမိသည်။

ဒါပေမဲ့ ကိုကိုနှင့် ပြန်ဆုံခွင့်သည် ဝေးခဲ့၏။

မန္တလေးတက္ကသိုလ်မှာ နေ ကျောင်းတက်နေသော တစ်ရက်က ကိုကို သင်္ကေတနှင့် ပြန်ဆုံသေး၏။

''နေတစ်စင်း ကိုယ့်ကို မှတ်မိလား''

နေထက် ခေါင်းတစ်လုံးစာမျှ မြင့်သောအရပ်နှင့် ဆံပင်တိုတို ရှင်းသန့် ချောမောသော ယောကျ်ားကို နေ မော့ကြည့်နေမိဆဲ။

''နေနေ''

ထိုခေါ်သံလေးကြောင့် နေ ချက်ချင်းပဲ သိလိုက်ပါသည်။

"ကို ကိုကို နော်"

"ဟုတ်တယ် ကိုယ် သင်္ကေတပါ"

''ဝမ်း ဝမ်းသာလိုက်တာ ကိုကိုရယ်''

''နေနေ နာမည်ကို ခေါ်သံကြားလို့ ကိုယ်ကြည့်နေတာ တော်သေးတာပေါ့ ဖန်ဂေါ်လီလေးနဲ့တူတဲ့ မျက်လုံးလေးတွေကြောင့် မှတ်မိတာ''

နေနေ ရင်လေး ခုန်သွားသည်။ နေရဲ့ မျက်ဝန်းလေးတွေကို ဖန်ဂေါ်လီလေးတွေနှင့် တူသည်ဟု ပြောခဲ့တာ ကိုကို တစ်ယောက်ပါပဲ။

''ကိုကို ကိုကို အခုဘယ်မှာနေတာလဲဟင်''

''ကိုကိုက မြစ်ကြီးနားမှာနေတာ အခု မန္တလေးကို အလုပ်ကိစ္





စ္စ လာတာ၊ နေနေနဲ့ ပြန်ဆုံရတာ ကိုကို ဝမ်းသာသွားပြီ''

မမျှော်လင့်ဘဲ တဒင်္ဂလေး ဆုံရသော ကိုကိုနှင့် ကော်ဖီဆိုင်ထိုင်ရင်း နေစကားတွေ ပြောဖြစ်ခဲ့သည်။ သို့ပေမယ့် အချိန်မရသော ကိုကိုနှင့် အကြာကြီး စကားပြောခွင့် မရခဲ့ပါ။

ကိုကို့ကို နေရဲ့လိပ်စာနှင့် ဖုန်းနံပါတ်လေးပေးကာ လမ်းခွဲခဲ့ရ၏။

ထို့နောက်ပိုင်းမှာ ကိုကို့ဆီက ဆက်သွယ်မှုတွေကို မျှော်လင့်ပေမယ့် နေ မရခဲ့ပါ။

ကိုကို ဘယ်ကို ရောက်သွားပြန်ပြီလဲ။

အိပ်မက်ဆန်စွာ ပြန်တွေ့ရသော ကိုကို့ကို နေ အိပ်မက်ဆန်စွာပဲ ဝေးခဲ့ရပြန်ပါသည်။

ဒါပေမဲ့ နေတစ်စင်း ရင်ထဲမှာ ကိုကို သည်ရှိနေဆဲ။

တစ်နေ့မှာ ပြန်ဆုံဦးမည်ဟု နေ ယုံကြည်ထားဆဲ။

ကိုကို့ရဲ့ ဖန်ဂေါ်လီ မျက်ဝန်းလေးတွေက ကိုကို့ကို မျှော်နေပါပြီ ကိုကိုရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

နေ အိပ်ရာကနိုးတော့ ကိုးနာရီထိုးပြီ။ ရှင်းသန့်ကတော့ အလုပ်ပိတ်ရက်တွေမှာ အတိုးချအိပ်နေသည်လား မသိ အခုတော့ မနိုးသေးပါ။

နေတစ်စင်း ရေမိုးချိုး အဝတ်အစားလဲပြီးတာတောင် ရှင်းသန့် မနိုးသေးတာမို့ တစ်ယောက်တည်းပဲ ထွက်ခဲ့သည်။

''ဒေါ်လေးစိန် ရှင်းသန့်နိုးရင် ပြောလိုက်ပါ၊ နေ အပြင်သွားတယ်လို့''

ဒေါ်စိန်ကို မှာပြီးသည်နှင့် နေတစ်စင်း ထွက်ခဲ့လိုက်သည်။

ဆရာပြတိုက်က စကိုင်းဝေါလ် ကုမ္ပဏီကြီး၏ M.D တစ်ယောက်ဟု မျှော်လေး ပြောပြ၍ နေတစ်စင်း သိထားခဲ့၏။

''အမ်ဒီ ဦးပြတိုက်နဲ့ တွေ့ချင်လို့ပါ နေတစ်စင်းလို့ ပြောလိုက်ပါရှင်''

ဗျူး၈၁၆ပ



အတွင်းရေးမှူးမလေး ခေါင်းလေးညိတ်ကာ အင်တာကွန်းက အကြောင်းကြားပြီးသည်နှင့်

''ဝင်သွားပါ မမ၊ ဆရာစောင့်နေပါတယ်ရှင်''

ရုံးခန်း၏ အနက်ရောင် မှန်တံခါးကို တွန်းဖွင့်ကာ နေ [illegible]ခဲ့တော့ ပြတိုက်က ထိုင်ခုံက ထရပ်ကာ တအံ့တသြ မျက်ဝန်းတွေနှင့် [illegible]ကြိုသည်။

''လာလေ နေ ထိုင်ပါဦး''

နေ စားပွဲရှေ့က ထိုင်ခုံမှာ ဝင်ထိုင်ပြီး ဒဲ့တိုးပဲ မေးလိုက်[illegible]။

''ဆရာ့ကို နေမေးချင်တယ်၊ မျှော်စင် ကိစ္စကို ဘာလို့ ဆရာ [illegible]ဝင်ဆပ်လိုက်တာလဲ''

နေ အမေးကြောင့် ပြတိုက် မျက်ခုံးတွေ ပင့်တက်သွားခဲ့[illegible]။ ပြီးမှ ခေါင်းကိုခါရမ်းရင်း

''မျှော်စင် က ယောကျ်ားတစ်ယောက်ဖြစ်ပြီး နူတ်မလုံပါလား''

''မျှော်လေးကို အပြစ်မတင်ပါနဲ့ နေ စုံစမ်းလိုက်လို့ အကုန် [illegible]ခဲ့တာ ဆရာ၊ ဘာမျှော်လင့်ချက်နဲ့ သိန်းနှစ်ဆယ် ရင်းနှီးခဲ့တာလဲ''

''ဟာ နေ မင်းအထင်လွဲနေပြီ ကိုယ် အဲဒီလို မဟုတ်ဘူး၊ [illegible]တော်လေးတစ်ယောက်ကို ကူညီတဲ့သဘောပေါ့၊ နေတို့ ပြဿနာ [illegible]တဲ့ အချိန်က ကိုယ်ရှိနေတယ်၊ ဒါကြောင့် မျှော်စင်ကိုတွေ့ပြီး မေး[illegible]တယ်၊ သူ့အကြောင်း သူတို့သားအဖ အကြောင်းတွေကိုသိလို့ [illegible]ကူညီလိုက်တာပါ''

ဆရာပြတိုက် ကသောကမျော ရှင်းပြသည်။ နေ [illegible]ကားတွေ

ဗျူး၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



က သူ့ကို စော်ကားသလို ဖြစ်သွားခဲ့သည်လား။ နေစိတ်ကို လျော့ရ ပစ်ရင်း

"ထားတော့ အဲဒီငွေတွေကို နေ ပြန်ပေးမယ်"

ပြတိုက် ဘာမှ မပြောဘဲ ငေးစိုက်ကြည့်နေတုန်းမှာ နေ့ လက်ထဲက ဟန်းဖုန်းလေးက မြည်လာတာမို့

"ပလီစ် ခဏခွင့်ပြုပါဆရာ"

ပြောပြီး နေ ဖုန်းကို နားထောင်လိုက်၏။

"ဟဲလို နေပါ"

"..."

"ရှင် ဟုတ် ဟုတ်"

"..."

တစ်ဖက် စကားသံတွေကို မကြားနိုင်သော ပြတိုက် နေ့ကို ငေးစိုက်ကြည့်နေမိသည်။

နေ မျက်နှာပေါ်က ပြောင်းလဲမှုတွေကို ထင်ထင်ရှားရှား မြင်နေ ရ၏။ ဝိုင်းစက်သွားသော မျက်ဝန်းတွေထဲမှာ အံ့ဩရိပ်တွေ။ ပြီးတော့ ထိုမျက်ဝန်းတွေ စိုလဲ့တောက်ပလာစေတာ မျက်ရည်စတွေကြောင့်။

"နေ အခုချက်ချင်း လာခဲ့မယ်"

နေပြောကာ ဖုန်းလေးပိတ်သည်။ မျက်ရည်တွေ ဝဲနေသော မျက်ဝန်းတွေကို မျက်တောင်ရှည်ကြီးတွေနှင့် ပုတ်ခတ်ရင်း

"ဆရာ ဆောရီး နေ သိပ်အရေးကြီးလို့"

"ဘာဖြစ်တာလဲ နေ ကိုယ် ဘာကူညီရမလဲဟင်"

"ရ ရတယ် ဘာပြဿနာမှ မရှိပါဘူး ဆရာ၊ နေ သိပ်အရေး





ကြီးလို့ နောက်မှပဲ ပြန်လာပါရစေ ခွင့်ပြုပါဦး"

နေ နှုတ်ဆက်ပြီး ကသောကမျော ပြန်ခဲ့သည်။ ဆရာပြတိုက် အံ့ဩမင်သက်စွာ ကျန်ရစ်ခဲ့မှာကို သိပါသည်။

ဆရာရှေ့မှာ ထိန်းချုပ်ထားသော မျက်ရည်တွေ ကားပေါ် ရောက်မှပဲ ကျရတော့သည်။

ကိုကိုရယ် ရက်စက်လိုက်တာ။

ဥပေက္ခာပြု မေ့ထားတဲ့ အချိန်တွေက အများကြီး၊ အခု ပြန်ဆုံတော့လည်း နေ့ရဲ့ မျှော်လင့်ချက်တွေကို ရိုက်ချိုးပစ်လိုက်တာလား။

ကားလေးကို နေ ROYAL MOON ဟိုတယ်လေးကို ဦးတည် မောင်းခဲ့သည်။

ကားကိုရပ်ပြီး နေ တံခါးဖွင့် အဆင်းမှာပဲ ညှော်ကြိုချာတိတ်လေး အနားရောက်လာကာ

"အစ်မက နေတစ်စင်းလားခင်ဗျာ"

"ဟုတ်တယ် မောင်လေး"

"မင်္ဂလာပါ အစ်မလေး ကိုသင်္ကေတက သီးသန့်ခန်း နံပါတ်ကိုး မှာ စောင့်နေပါတယ် ခင်ဗျာ"

"ကျေးဇူး"

နေ ပြောကာ သီးသန့်အခန်း နံပါတ်ကိုးကို လျှောက်ခဲ့သည်။ အခန်းရှေ့ရောက်တော့ ရင်ကပိုခုန်လာ၏။

အခန်းတံခါး လိုက်ကာစကို ဆွဲဖွင့်လိုက်တော့ စားပွဲဝိုင်းမှာ ထိုင်နေသူက ကိုကို သင်္ကေတပါပဲ။ သို့ပေမယ့် နေ ရင်ခုန်သံတွေ ဆွံ့အ တိတ်ဆိတ်စေတာ ကိုကို ဆင်ယင်ထားသော အနက်ရောင်

www.burmeseclassic.com



သာသနာ ဝတ်စုံကြောင့်ပဲ ဖြစ်၏။

"နေနေ ထိုင်လေ"

နေ ဘာပြောရမှန်းမသိပါ။ ကိုကို့ကို ဒီလို အခြေအနေမျိုးနှင့် ပြန်ဆုံတွေ့ရမည်ဟု လုံးဝ ထင်မှတ်မထားခဲ့ပါ။

ခြေလှမ်းတွေက စားပွဲအနားရောက်ခဲ့ပေမယ့် အတူထိုင်ဖို့ မဝံ့မရဲသလို နေ ရပ်နေတော့

"ထိုင်ပါ နေနေ၊ သာသနာ့ဝတ်စုံ ဝတ်ထားတာကလွဲရင် ကို ဘာမှ မပြောင်းလဲပါဘူး၊ နေနေ အရင်အတိုင်း စကားပြောလို့ရပါတယ်"

"ကို ကိုကို သာသနာ့ဘောင်ထဲ တစ်သက်လုံး ဝင်တော့မှာ လားဟင်"

နေ မယုံရဲသလို မေးတော့ ကိုကို တည်ငြိမ်စွာပြုံးရင်း ခေါင်း ညိတ်၏။

"အင်း ကိုကို ဆုံးဖြတ်ပြီးပြီ နေနေ"

နေ ဘာမှ မပြောနိုင်ဘဲ မင်သက်နေမိသည်။ ကိုကို့ရဲ့ ငြိမ်လွန်းသော မျက်နှာကို စိုက်ကြည့်ကာ ကိုကို၏ ကြည်လင်သော စကားသံတွေကို ငြိမ်သက်စွာပဲ နားထောင်နေမိ၏။

"ကိုကို့ ဖေဖေကော မေမေပါ ဆုံးသွားပြီ၊ အခုချိန်မှာ ကို ဘဝက တစ်ကောင်ကြွက်ပဲလေ၊ လောကဓံရဲ့ တရားတွေကို ကို ခံယူခဲ့ပြီးပြီ၊ အထူးသဖြင့် မေမေဆုံးပါးချိန်မှာ ကိုကို တော်တော် စိတ်ထိခိုက် ကြေကွဲခဲ့ရတယ် နေနေရယ်"

ကိုကို့ဘဝကို နေ စာနာကာ ပင့်သက်ရှိုက်မိပါသည်။ အ အနေအားလုံးက ပြောင်းလဲသွားခဲ့လောက်အောင် ကံကြမ္မာရဲ့ အလို





က တန်ဖိုးကြီးမားခဲ့သည်လား။

"ကိုကို လက်ထဲမှာပဲ မေမေ ဆုံးပါးခဲ့တာပါ၊ မေမေ မသေခင် မှာခဲ့တဲ့ ဆန္ဒအတိုင်း သာသနာ့ဘောင်ကို ကိုကို ဝင်ခဲ့တာ"

ကိုကို့ စကားက နေရင်ကို အနက်ရှိုင်းဆုံး စူးစူးနစ်နစ် ထိုးဝင်ခံစားရစေသည်။ ကိုကို့ရှေ့မှာ နေ မျက်ရည်တွေ ချုပ်ထိန်း ထားရတာ မောပန်းလှ၏။

"နေနေ ငိုချင်ငိုချလိုက်လေ၊ ဒီတစ်ခါ ဆုံတွေ့ကြတာ ကိုကို တို့ နောက်ဆုံးတွေ့ကြခြင်းလည်း ဖြစ်နိုင်တယ်"

ကိုကို့ရဲ့ သံယောဇဉ်က ခိုင်မာပြတ်သားလွန်းနေပြီလား။

"နောက်ရက်တွေဆို ကိုကို ချုပ်(ခ်)ဝင်ရတော့မယ်၊ ပြီးရင် ဆိတ်ငြိမ်တဲ့နေရာကို သွားပြီး တရားဟောပြောရတော့မှာ"

နေတစ်စင်း တင်းတင်းစွဲထားသော နှုတ်ခမ်းလေးတွေကို ဖြေလျှော့ပစ်ရင်း ခေါင်းကို ခါလိုက်မိသည်။

"ဟင့်အင်း နေ မငိုဘူး ကိုကို၊ ကိုကို့နဲ့ နေ ဘာသာမတူ ပေမယ့် ကိုကို့ယုံကြည်ချက်နဲ့ လုပ်တဲ့ ကောင်းမှုကို နေနေ မနှောင့် ယှက်ပါဘူး"

"ကျေးဇူးတင်ပါတယ် နေနေ၊ နေနေ့ရဲ့ မျက်လုံးလေးတွေက ဖန်ဂေါ်လီလေးတွေလိုပဲ မပြောင်းလဲဘူးနော်"

ကိုကို့ငယ်စဉ်က ပေးထားသော ဖန်ဂေါ်လီလေးတွေ နေ အခုချိန်အထိ သိမ်းဆည်းထားတာ သိလျှင် ကိုကို အံ့သြမည်လား။

နေတစ်စင်း မပြောဖြစ်တော့ပါ။

ကိုကို့နှင့်အတူ ထိုဖြစ်ခြင်းက ဒါနောက်ဆုံးဟု သိနေတာမို့



www.burmeseclassic.com

www.burmeseclassic.com



စားနေရသော မနက်စာက အရသာကင်းမဲ့နေသည်။

နှုတ်ဆက်ပြန်ချိန် ရောက်တော့ ကိုကိုက နေ့ကို တောင်း

ဆိုသည်။

"ကိုကို တာဝန်ကျတဲ့ ချပ်(န်)ကို မလာနဲ့နော် နေနေ"

တောင်းပန်တာလား။ တောင်းဆိုတာလား။ သေချာမသိပေမယ့်

နေ့ ရင်ထဲကို စူးနစ်ခံစားရစေပါသည်။

နေ့တစ်စင်း ခေါင်းလေးညိတ်ပြကာ လမ်းခွဲခဲ့လိုက်၏။

တင်းထားသော စိတ်တွေ လျော့ချလိုက်တော့ မျက်ရည်တွေ

ပါးပြင်တွေပေါ် စီးကျလာကြသည်။

ကိုကို အလွယ်တကူ ဖြတ်တောက်နိုင်သော သံယောဇဉ်ကြိုး

တွေက နေ့ရင်ထဲမှာ ဘယ်အချိန်ထိ ခိုင်မြဲနေဦးမည်လဲ။

■ ■ ■

သူ့ရဲ့ကောင်း ကိုယ့်မျက်ဝန်းတွေကိုတောင် ကိုယ်မယုံနိုင်

ပလက်ဖောင်းမှာ ရပ်ထားသော ကားပေါ်မှာထိုင်ကာ သူ

စတိုးဆိုင်ထဲ ဈေးဝင်ဝယ်တာကို ရပ်စောင့်နေခဲ့တာ ဖြစ်၏။

ကားလမ်းသာခြားသော တစ်ဖက် ဟိုတယ်ထဲမှ နေ့နှင့် ယှဉ်

ထွက်လာသော ခရစ်ယာန်ဘုန်းကြီးတစ်ပါးကို မြင်လိုက်ရတာ ဖြစ်

သူ ဘယ်သူလဲ၊ နေ့နှင့် ဘယ်လို ပတ်သက်နေသည်လဲ ဆို

လည်း မသိပါ။

နေ့ရဲ့ကားလေး ဟိုတယ်ထဲက မောင်းထွက်သွားချိန်အထိ

ကားပေါ်က ထိုင်ကြည့်နေမိဆဲ။

နေ့တော့ သူ့ကို မမြင်တာ သေချာသည်။

မိန်းမတွေက လျှို့ဝှက်မှုတွေနှင့် အစဉ်ရှိနေတတ်သည်လား

ဆိုတတ်ပါ။

ကြက်တောင်စည်းသည်လည်း . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"နေရယ် နင့်အတွက် ငါ စိတ်မကောင်းလိုက်တာ၊ နင်သူ့ ချစ်နေတာလား ဟင်"

"အဲဒါကို ငါမသိဘူး ရှင်းသန့်၊ သေချာတာက ငါ သံယော တွယ်ခဲ့ရသူပါ၊ အခုတော့ အဲဒီ သံယောဇဉ်ကြိုးကို သူ အပြတ်ဖြ တောက်လိုက်တာလေ"

ရှင်းသန့် ပင့်သက်လေးရှိုက်ကာ နေကို ငေးကြည့်နေခဲ့သည် မျက်စိမျက်နှာပျက် ပြန်လာသော နေကို ရှင်းသန့် မေးလာတော့ အမှန်တွေ ဝန်ခံလိုက်တာဖြစ်သည်။

နေ နှလုံးသားမှာ သို့ဝှက်စွာတည်ရှိခဲ့သော သင်္ကေတဆိုသော ကိုကို့အကြောင်းကို ရှင်းသန့် အခုမှ သိခဲ့ရတာဖြစ်သည်။

"နေရယ် ငါ တကယ်စိတ်မကောင်းဘူးဟာ ဘာကူညီရမလဲဟင်"

ဗျူးစာပေ



"ကျေးဇူးတင်ပါတယ် ရှင်းသန့် ငါရင်ဖွင့်ခွင့်ရလိုက်တာ ဖြေသာပါတယ်၊ နင် စိတ်မကောင်း ဖြစ်မနေတော့နဲ့နော်"

"နင် ရေချိုးလိုက်တော့နော် နေ၊ ပြီးရင် ထမင်းစားကြရအောင်"

ရှင်းသန့် ပခုံးလေးပုတ်ကာ ပြောတော့ ရေချိုးလိုက်မှ လန်းဆန်းသွားခဲ့၏။

ထမင်းဝိုင်းကို ရောက်တော့ ဒေါ်စိန်က ဆီးကြိုရင်း

"လာကြ သမီးတို့စားဖို့ ဒီနေ့ရှယ် စီစဉ်ထားတယ်၊ ပုဇွန်ချဉ်အုပ်လေးလည်း ပါတယ်"

နေ အကြိုက်ဟင်းတွေ ဖြစ်ပေမယ့် နေ စားလို့မဝင်ပါ ဒါကို ရှင်းသန့် နားလည်စွာနှင့်

"နေ နင်ဘာစားချင်လဲ ပြောလေ၊ အပြင်ထွက်စားချင်သလား"

"ဟင့်အင်း ရတယ် ရှင်းသန့်"

ဒေါ်စိန်ကတော့ နေ ထမင်းတစ်ပွဲတောင် ကုန်အောင် မစားနိုင်တာမို့ စိုးရိမ်ကာ မေးရှာ၏။

"သမီးလေး ဘာလို့လဲ စားမကောင်းဘူးလား"

"ကောင်းပါတယ် ဒါပေမဲ့ အပြင်မှာ ကြေးအိုးသောက်လာတော့ သိပ်မဆာဘူး ညဘက်ဆာမှ ထစားတော့မယ်"

"အေး အေး အချိန်မရွေး ထစားနော် ဟင်းပန်းကန်တွေကို ဒေါ်လေး အုပ်ဆောင်းအုပ်ထားပေးမယ်"

နေ ခေါင်းလေးညိတ်ကာ အိပ်ခန်းဘက် ထွက်ခဲ့သည်။

ဗျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့် အနောက်က လိုက်လာတာကို သိနေ၏။ အခန်းထဲအထိ ရှင်းသန့် ဝင်လာရင်း

''နေ ငါနဲ့စကားပြောဦးမလား''

''ဟင့်အင်း ငါ အိပ်တော့မယ်ဟာ''

''အင်း နင် အိပ်မပျော်ရင် ငါ့အခန်းကို လာခဲ့နော်၊ ငါ ရှိနေမယ်''

''ရှင်းသန့် အခန်းထဲက ထွက်ကာ တံခါးကို စေ့ပိတ်ပေးသွား၏။ နေ ခုတင်ပေါ်ကဆင်းကာ တံခါးလော့ချ်ကို ပိတ်လိုက်၏။

ပြီးတော့မှ ဗီရိုကြီးအလယ်က အောက်ဆုံး အံဆွဲသော့ကို ဖွင့်လိုက်ကာ ယွန်းဘူးလေးကို လှမ်းယူလိုက်သည်။

ဟိုးငယ်စဉ်ကတည်းက နေဘဝမှာ အမှတ်တရ ဖြစ်စရာလေးတွေကို ဒီယွန်းဘူးလေးထဲမှာပဲ သိမ်းဆည်းထားခဲ့၏။

ဒါတွေကို ကြည့်ကာ ကိုကို့ကို လွမ်းခဲ့ရသော နေ့တွေ အများကြီး။ ခုတင်လေးဆီ ပြန်ခဲ့ကာ ယွန်းဘူးလေးထဲက ဖန်ဂေါ်လီလေးတွေကို ထုတ်ယူကြည့်မိသည်။

ဖန်ဂေါ်လီ အဟောင်းလေးတွေပေမယ့် နေ သေချာ ဆေးကြော သိမ်းဆည်းထားတာမို့ ဖုန်မှုန့်ကင်းစင်ကာ ပြောင်လက် တောက်ပနေဆဲ။

ဖန်ဂေါ်လီလေးထဲမှာ ရွှေကြိုးလေးတွေက ချစ်စရာတောက်ပနေသည်။ နေရဲ့ မျက်ဝန်းလေးတွေနဲ့ တူသည်ဟု ကိုကို ပြောခဲ့တာ မှတ်မိနေ၏။

အခုတော့ ထိုစကားတွေက နေအတွက် အိပ်မက်တွေပဲ ဖြစ်ခဲ့





ပြီ။

သံယောဇဉ်ဆိုသော ကြိုးတွေကို နေ ကိုကို့လို ပြတ်တောက်အောင် ရုန်းမထွက်နိုင်တော့ဘူးတဲ့လား။

နေနေ ကြိုးစားကြည့်ပါဦးမယ် ကိုကိုရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ညတုန်းက မေ့ဖို့ကြိုးစားမည်ဟု အားတင်းထားခဲ့မိသော နေသည် ဒီမနက် မိုးလင်းသည်နှင့် ကားလေးကို ဦးတည်မောင်းခဲ့တာ သင်္ကေတရှိသော ဘုရားကျောင်းလေးဆီသို့ ဖြစ်နေပြန်လေသည်။

သည်နေ့ တနင်္ဂနွေနေ့မို့ ဘုရားကျောင်းဝန်းဆီသို့ ဦးတည်သွားနေသော လူတွေကိုလည်း နေ မြင်တွေ့နေရ၏။

ကျောင်းဝင်းရှေ့မှာ ကားကိုထိုးရပ်ခဲ့ပြီး နေလည်း လူအများနှင့် ရောနှောကာ ဘုရားကျောင်းထဲ ဝင်ခဲ့သည်။

နောက်ဆုံးတန်း၏ ထောင့်စွန်းတစ်နေရာမှာ နေ ရှေ့က လူတွေကို အကာအကွယ်ယူကာ ဝင်ထိုင်လိုက်၏။

စင်္ဘိတ်စင်ပေါ်မှာ အနက်ရောင် ဝတ်စုံနှင့် ကိုကို့မျက်နှာသည် တည်ငြိမ်အေးချမ်းလွန်းသည်။ ကိုကို့ မျက်နှာကို နေ ခိုးကြောင်ခိုးဝှက် ကြည့်နေမိတာကို ကိုကိုကတော့ မသိရှာပါ။





ကိုကို မတ်တပ်ရပ်လိုက်တော့ နေ အလန့်တကြား ခေါင်းငုံ့ထားလိုက်မိသည်။ ခန်းမထဲက လူအားလုံး မတ်တပ်ရပ်ကြချိန်မှာ နေ ထိုင်ခုံမှာ ငုတ်တုတ်ရှိဆဲ။

နေဘေးက လူတချို့ လှည့်ကြည့်မှ နေ ယောင်ယမ်းထရပ်လိုက်ရသည်။

စင်ပေါ်က ကိုကို ရွတ်ဖတ်နေသော တရားဓမ္မ တေးသံတွေကိုလည်း နေ အာရုံမခံစားနိုင်ပါ။

ကိုကိုသည် အေးစက်တည်ငြိမ်စွာ ကိုကို့အသံက ကြည်လင်စွာ ဆါထွက်လို့နေသည်။

မလာပါနှင့်ဟု ကိုကို တောင်းပန်ထားသော နေရာကို နေနေ ရောက်နေခဲ့ပြီဟူသော အသိက ထိတ်ခနဲ ဖြစ်သွားစေ၏။

နေ ဘာတွေလုပ်နေမိတာလဲ။ မဖြစ်နိုင်တော့သည့် အရာကို နေ မျှော်လင့်နေခြင်းက မိုက်မဲခြင်း သက်သက်ပဲ ဖြစ်နေသည်။ ကောင်းကင်မှာသာနေသော လမင်းကြီးကို တမ်းတနေသော ကလေးတစ်ယောက်ပမာ ဖြစ်နေပြီလား။

နေ ချာခနဲလှည့်ကာ ဘုရားကျောင်းခန်းမထဲက ထွက်ခဲ့သည်။ အနောက်မှာ ကိုကို့ရဲ့ ကြည်လင်သောအသံက တည်ငြိမ်စွာ ထွက်ပေါ်နေဆဲ။

နေ နောက်ကို တစ်ချက်လေးတောင် ပြန်လှည့်မကြည့်မိအောင် ထိန်းချုပ်ရင်း ကားလေးဆီ လှမ်းခဲ့သည်။

ပြီးတော့ ဘုရားကျောင်းဝန်းထဲက မောင်းထွက်ခဲ့လိုက်သည်။

မြကွန်းသာ ရှေ့ကိုရောက်တော့ ကားလေးကို နေ ထိုးရပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ပလက်ဖောင်းအတိုင်း တရွေ့ရွေ့ လျှောက်နေခိုက် လက်ဆွဲအိတ်လေးထဲက ဟန်းဖုန်းလေးက မြည်လာသည်။

"ဟဲလို နေတစ်စင်းပါ"

"နေ အခု နင်ဘယ်မှာလဲ"

"ငါလား၊ မြကျွန်းသာနားမှာ ရောက်နေတယ်"

"ဟုတ်လား ဒါဆို လမ်းသင့်နေတာပဲ နင် ဆီဗိုးနားဟိုတယ်ကိုလာခဲ့ နေ"

"နင်က ဘယ်လိုကိစ္စနဲ့ အဲဒီကို ရောက်နေရတာလဲ ရှင်းသန့်"

"ငါလား၊ သားစင်နဲ့ ရောက်နေတာလေ"

"သားစင်"

"ဟုတ်တယ် သားစင်အောင်လေ နင်မှတ်မိတယ် မဟုတ်လား။ သားစင်က မြစ်ကြီးနားမှာ အလုပ်လုပ်နေတာ၊ အခု ရန်ကုန်ကို ခဏ ရောက်လာတာ၊ ငါနဲ့နင့်ကို တွေ့ချင်လို့ သူ ရောက်လာတာလေ"

သားစင်အောင်ဆိုတာ ဖားနှင့် ညီအစ်ကို ဝမ်းကွဲတော်သူဟု နေ သိထားပါသည်။ ခင်မင်စရာကောင်းပြီး စိတ်ထားနူးညံ့သော သားစင်ကို နေတစ်စင်း ခင်မင်သည်။

"နေ နင်လာခဲ့ဟာ သားစင်က ငါတို့ကို မနက်စာ ကျွေးမလို့ဟဲ့"

"ရှင်းသန့် အခုနင်တို့ နှစ်ယောက်တည်းလား"

"အေး ဟုတ်တယ် နင်လာခဲ့နော်"

"အေး အခုလာခဲ့မယ်"

သားစင်ကို နေလည်း တွေ့ချင်သည်။ မတွေ့တာကြာပြီ ဖြစ်





သော သားစင်က ရှင်းသန့်နှင့် ဆီဗိုးနားမှာ ရှိနေသည်ဆိုတော့ အခု နေရောက်သည့် နေရာနှင့်လည်း နီးပါသည်။

ခြေလှမ်းတွေက ရပ်ထားသော ကားဆီပြန်အလှည့်မှာ ရှေ့က လူတစ်ယောက် ဘောင်းဘီအိတ်ထဲက ခေါက်ပိုက်ဆံအိတ်လေး ပြုတ်ကျသွား၏။

နေ လှမ်းခေါ် သတိပေးမလို လုပ်ပြီးမှ ထိုလူက ဖား ဖြစ်နေသည်မို့ လှမ်းမခေါ်ဘဲ ပိုက်ဆံအိတ်လေးကို ကောက်ယူလိုက်သည်။

ဖွင့်ကြည့်လိုက်တော့ ငါးထောင်တန်နှင့် တစ်ထောင်တန်တွေ အိတ်ထဲမှာအပြည့် ရှိနေ၏။ ထိုထက် နေ သတိထားမိတာ ဂန္ထဝင်ရဲ့ ဓါတ်ပုံလေးကို အိတ်ထဲမှာ တွေ့လိုက်ရတာကြောင့် ဖြစ်သည်။

နေ မဲ့ပြုံးလေးပြုံးလိုက်ရင်း လှမ်းခေါ်လိုက်ပါသည်။

"ဖား"

"ဟာ ကြက်တောင်စည်း ဘယ်လာတာလဲ"

"ဒီမှာ နင့်ပိုက်ဆံအိတ် ပြုတ်ကျတာတောင် မသိဘူးလား"

ဖား ကိုယ့်ဘောင်းဘီ အိတ်ထဲ လက်နှိုက် ပြန်ရှာဖွေကြည့်ရင်း

"ငါ တကယ်မသိလိုက်ဘူး ကျေးဇူးပဲဟာ"

နေ ပိုက်ဆံအိတ်လေးကို ပြန်ပေးပြီး ဆက်ထွက်ဖို့ ပြင်တော့ ဖား လှမ်းခေါ်တားရင်း

"နေပါဦးဟာ ငါ့ပိုက်ဆံအိတ် ပြန်ပေးတဲ့အတွက် နင့်ကို တစ်ခုခု ကျွေးပါရစေ ဖရဲသီးစိတ်စားမလား ဆီးသီးစားမလား၊ ဒါမှမဟုတ် ရေခဲချောင်း"

"အဲဒါတွေ နင့် ဂန္ထဝင်ကို သွားကျွေးလိုက်"



www.burmeseclassic.com

www.burmeseclassic.com



နေပြောပြီး ဆက်ထွက်ခဲ့တော့ ဖား ရယ်ကျဲကျဲ မျက်နှာနှင့် ကျန်ရစ်ခဲ့သည်။

ရပ်ထားသော ကားလေးဆီ ပြန်ရောက်တော့ နေတစ်စင်း ကားပေါ်လှမ်းထိုင်လိုက်မှ ဖား ပါလာတာ သတိရ၏။

"ဟော့ နင် ငါ့နောက်ကို ဘာလိုက်လုပ်တာလဲ"

"အကူအညီ တစ်ခုတောင်းချင်လို့ပါ နင် အပန်းမကြီးဘူးဆို လမ်းကြုံလိုက်ချင်လို့ ဒီနေ့ ငါကားမပါလို့"

"ငါ့မှာ ကိစ္စရှိတယ် ဆောရီးပဲ"

"လမ်းကြုံရုံလိုက်တာလေးတောင် နင်က တွန့်တိုလှချည်လား"

"ဘာမှ လမ်းကြုံစရာ မရှိဘူး၊ ငါက ဒီနားပဲသွားမှာ ဆီဒိုး နားတင်"

"ရတယ် ဒီလောက် လမ်းကြုံလိုက်ရလည်း ကောင်းတာပဲ အဝင်ဝမှာ ချထားပေးခဲ့ ငါ့ဘာသာ ရန်ကင်းဘက် ဆက်သွားမယ်"

တက္ကစီငှားပြီးသွားလျှင် ရနိုင်လျက်နှင့် တမင်ရစ်နေသော ဖားကို နေတစ်စင်း ဘုကြည့်ကြည့်လိုက်ရင်း

"နင်လိုက်ချင် လိုက်ခဲ့ ဒါပေမဲ့ အလကားတော့ မရဘူး ဆီဒိုးနား ဂိတ်ဝအထိဆို နှစ်ထောင်ကျမယ် ဒါပဲ"

"ဟ ဒီနားလေးကို လောဘကကြီးလိုက်တာ"

ပြောရင်း ကားတံခါးဖွင့်ကာ နေဘေးမှာ ဖား ဝင်ထိုင်သည်။

"ပေး နှစ်ထောင်"

ဖား မျက်မှောင်ကြီးကုပ် ကြည့်သည်။ နေကလည်း မာဆတ် ဆတ် ပြန်ကြည့်တော့ ပိုက်ဆံအိတ်ထဲက ငွေနှစ်ထောင်ကို ထုတ်ပေး



သည်။

သူ ပေးသော ငွေနှစ်ထောင်ကို လှမ်းယူကာ ဒက်ရှ်ဘုတ်ပေါ် ပစ်တင်ပြီးမှ ကားကို မောင်းထွက်ခဲ့သည်။

ဘာမှမဝေးသော ခရီးပေမယ့် နေတစ်စင်း တမင် ငွေနှစ် ထောင် ယူပစ်လိုက်၏။ ကားကို ဆီဒိုးနားရှေ့မှာရပ်ပေးတော့ ဖား တံခါးဖွင့် ဆင်းရင်း

"ငါ့ဆီက ကျေးဇူးတင်စကားကို နင်က နှစ်ထောင်နဲ့ ဝယ်လိုက် တာဆိုတော့ ငါ ပြောစရာ မလိုတော့ဘူးနော် ကြွက်တောင်စည်း"

"တန်ရာတန်ကြေးပဲ လိုချင်တယ်၊ နင့်ဆီက ကျေးဇူးစကားကို ငါက ဘာဂရုစိုက်ရမှာလဲ"

ပြောပြီးသည်နှင့် နေ ဆီဒိုးနားထဲကို ကားမောင်းဝင်ခဲ့သည်။ ဖား ရှုတည်တည်ရပ်ကြည့် ကျန်ရစ်ခဲ့တာကို နောက်ကြည့်မှန်ထဲက မြင်ရသည်။

ဟိုတယ် ဆင်ဝင်အောက်က ထွက်ကြိုနေသော ရှင်းသန့်ခေါ် ဆောင်ရာသို့ နေ အတူလိုက်ခဲ့၏။

"ဟိုမှာ သားစင် စောင့်နေတယ် နေရဲ့"

ရှင်းသန့်ပြောတာကို ခေါင်းလေးပဲ ညိတ်ပြလိုက်သည်၊ ဖား နှင့် တွေ့ခဲ့တာကို တမင်မပြောဘဲ ထားလိုက်သည်။ ဆီဒိုးနားထဲမှာသာ သားစင်နှင့် နေတို့ မနက်စာ စားနေတာသိလျှင် ဖား မခံချိမခံသာ ဖြစ်နေမှာ သေချာ၏။

"ဟာ နေ လာ ငါတို့နင့်ကို စောင့်နေတာဟ"

"သားစင် လမ်းမှာဆုံရင်တောင် နင့်ကို ငါမှတ်မိမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား စကားတွေ ဖောင်ဖွဲ့ပြောနေကြတုန်းမှာ သားစင် မျက်ဝန်းတွေက နေကို ကျော်ကာ အခန်းတံခါးဝကို လှ ကြည့်ရင်း

"လာ ရဲ မင်းကလည်း နောက်ကျလိုက်တာကွာ"

ရဲဆိုသော အသံကြောင့် နေ အံ့ဩကာ လှည့်ကြည့်မိသည် အခန်းထဲ ဝင်လာသော ရဲက နေကို မမြင်ဟန်ဆောင်ပြီး စားပွဲဝိုင်း ဝင်ထိုင်သည်။

"ကားမပါဘူးကွ တက္ကစီငှားလာရတာ ဒရိုင်ဘာက မတန်တ တောင်းပြီး လောဘတက်နေတာနဲ့ လက်သီးနဲ့ဆွဲထိုးမယ်လုပ်မှ တောင်းပန်တော့တယ်"

"ဖား နင်ငါ့ကို လာမစနဲ့နော်"

"ဟ ဘာစလို့လဲ ငါ့ဘာသာ ဒရိုင်ဘာအကြောင်း ပြောနေ ကို"

"နင်က ကလိန်ကကျစ်ပဲ၊ သားစင်တို့ဆီလာမှာ ဘာလို့ မ တာလဲ"

"ဒါဆို နင်ကော ဘာလို့ မပြောလဲ"

နေနှင့်မော် တစ်ယောက်တစ်ခွန်း စွပ်စွဲရန်တွေ့နေသည် သားစင်နှင့် ရှင်းသန့်တို့ မျက်လုံးလေးတွေ ဝိုင်းစက်ကြည့်နေကြသ

ရဲ ရှင်းပြတော့မှပဲ သားစင်တို့ ခေါင်းတညိတ်ညိတ် မြှ သည်။

"ရဲနဲ့ နေကတော့ အခုချိန်အထိ ရန်ဖြစ်တုန်းပဲနော် ဘာစားမှာလဲ နင်တို့ စားချင်တာမှာကြလေ"





သားစင်ကပြောရင်း မီနူးကဒ်တွေကို တစ်ကဒ်ဆီ လှမ်းပေးသည်၊ စားချင်တာတွေကို စိတ်ကြိုက်မှာကြသည်။ သားစင်က လိုအပ်တာတွေကို ထပ်ပြီး ဖြည့်စွက်မှာနေသည်။

"သားစင် အစားချည်းတော့ မလုပ်နဲ့ကွာ ငါ ဘီယာသောက်ချင်တယ်"

"ဟာ ရှင်းသန့်တို့ နေတို့နဲ့ မသင့်ပါဘူး"

"ဘာဆိုင်လို့လဲ သူတို့က မိန်းကလေးတွေပဲ အအေးပဲသောက်ပေါ့၊ ငါဘာသာ သောက်မှာပေါ့"

"ရပါတယ် ရဲ နင်သောက်ချင်သောက်ပါ ပြဿနာမရှိဘူး"

ရှင်းသန့်က ခွင့်ပြုနေသည်။ သူ့ရဲကောင်း တမင်လုပ်နေတာဟု နေတစ်စင်း သိနေသည်။ ဘီယာနှစ်ဘူးမှာကာ သောက်ဖို့ ဖောက်သည်။

နေတစ်စင်း မဖောက်ရသေးသော ဘီယာဘူး တစ်ဘူးကို ဆွဲယူလိုက်၏။

"ဘာလုပ်တာလဲ ကြက်တောင်စည်း"

"သောက်မလို့လေ"

"ဟာ နေ မသောက်ပါနဲ့"

"ရတယ် ရှင်းသန့် ပြဿနာမရှိဘူး၊ ငါ့ဘာသာ တမင်သောက်ချင်လို့ ဘီယာပဲ မမူးပါဘူး"

"ဟေ့ ကြက်တောင်စည်း ကြည့်လုပ်နော်၊ နင်သောက်ဖူးလို့ လား"

ဖား ပြောတာကို ဂရုမစိုက်ဘဲ နေတစ်စင်း ဘူးကိုဖွင့်ကာ သောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့်နှင့် သားစင်ကတော့ နေ့ကို ငေးကြည့်နေကြသည်။

ဖား တစ်ဘူးကုန်တော့ နောက်တစ်ဘူးမှာသည်။ နေ ကလည်း တစ်ဘူးမှာသည်။

"ဟေ့ ကြက်တောင်စည်း ငါသောက်တိုင်း နင်လိုက်မသောက်နဲ့"

"ဘာဆိုင်လို့လဲ ငါဘာသာ ငါသောက်တာ နင်နဲ့ မဆိုင်ဘူး ဖား လာရစ်မနေနဲ့"

နှစ်ဘူးစီကုန်တော့ ဖား ထပ်မမှာတော့ပါ။ နေ အပြိုင်လိုက် သောက်မှာ ကြောက်တာကြောင့် ထင်သည်။

"ငါ နောက်တစ်ဘူး သောက်ဦးမယ်"

"ဟာ မဟုတ်တာ ကြက်တောင်စည်း၊ တော်ပြီ ငါလည်း တော်ပြီ၊ ဟိုမှာမှာထားတဲ့ ဟင်းတွေရောက်လာပြီ စားကြရအောင်"

ဟင်းတွေ ရောက်လာတာမို့ နေတစ်စင်းတို့ စားလိုက်ကြသည်။ တရိပ်ရိပ်တက်လာသော အပူရှိန်ကြောင့် နေ သိပ်မစားနိုင်ပါ။

စားသောက်ပြီးတော့ နေ တို့ပြန်ဖို့ ပြင်သည်။ ရှင်းသန့်နှင့် သားစင်က နေ့ကို စိုးရိမ်သလို ကြည့်ရင်း

"နေ အဆင်ပြေရဲ့လားဟင်"

"ငါလား ဘာဖြစ်ရမှာလဲ အေးဆေးပဲ ရတယ်"

"ငါ့မှာ ကားမပါဘူး သားစင်နဲ့ လိုက်လာတာ အပြန်နင်နဲ့ အတူပြန်မယ်နော် နေ"

"ဒီလိုလုပ် နင်နဲ့ငါ အတူပြန်မယ် ဒါပေမဲ့ ငါဝင်စရာ ရှိတယ် ဟာ လမ်းမှာ ဆင်းခဲ့မယ်"

နေ အိမ်မပြန်ချင်သေးတာမို့ ပြောလိုက်သည်။ သားစင်





…ည်း ဖားကို လိုက်ပို့ပေးဖို့ ပြောသည်။

"မင်းဘာသာပြန် သားစင် ငါတက္ကစီနဲ့ပဲ လစ်မယ်၊ ချိန်းထား …ာလေးရှိလို့"

ပြောပြောဆိုဆို တက္ကစီတစ်စီး လှမ်းတားကာ ရှေ့ခုံမှ တက် …သွားသည်။

"ကြက်တောင်စည်း မူးပြီး ရစ်မနေနဲ့နော် အချုပ်ထဲရောက် …ယ်"

"သေနာကောင် အစုတ်ပလုတ်"

နေ ပြန်တုံ့ပြန်လိုက်ပေမယ့် ရဲ ကြားမည်မထင်ပါ။ တက္ကစီ …ားလေးက မောင်းထွက်သွားခဲ့ပြီ။

"ကဲ သားစင် ငါနဲ့ နေ ပြန်မယ် နင်လည်းပြန်လေ"

"အေး ငါမပြန်ခင် အေးဆေး လာလည်ဦးမယ် ရှင်းသန့် …သွားပြီနော်"

သားစင် သူ့ရဲ့ကားလေးပေါ် လှမ်းတက်သွားတော့ နေနှင့် …ှင်းသန့်လည်း ကားပေါ်တက်ကာ ပြန်ခဲ့သည်။

ရှင်းသန့်ကားကို မောင်းသည်။ မှန်တံခါးကို ဝင်လာသော …လေကြောင့် နေ ပိုလို့ မူးရိပ်ရိပ် ဖြစ်ချင်နေသည်။

ရှင်းသန့်သိလျှင် စိုးရိမ်နေမှာမို့ နေ ဟန်ဆောင်နေလိုက်ရ၏။ စိတ်ထဲမှာ အိမ်ပြန်ချင်စိတ် မရှိသေးပါ။ အေးအေးဆေးဆေး …သွားလို့ငေးလို့ကောင်းသောနေရာမှာ တစ်ယောက်တည်း နေချင်သည်။

"ရှင်းသန့် ရှေ့နားမှာ ရပ်ပေးစမ်းပါ"

"ဟင် နင်ဘယ်သွားမှာလဲ ငါလိုက်ပို့ပေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



''ရတယ် ငါ ကိုကို့ဆီ သွားမလို့ သူနဲ့စကားတွေ ပြောစရာရှိတယ်''

ရှင်းသန့် နေကို နားလည်စွာ ကြည့်ရင်း ကားလေးကို ထိုးရပ်ပေးသည်။ သည်တော့မှ နေ ကားတံခါး ဖွင့်ဆင်းရင်း

''နင် ပြန်နှင့်တော့ ရှင်းသန့် ငါ့အတွက် စိတ်ချ''

''စောစောတော့ ပြန်ခဲ့နော် နေ''

ခေါင်းညိတ်ပြလိုက်တော့ ရှင်းသန့် ကားလေးကို မောင်းထွက်သွားသည်။

ရှင်းသန့် ကားလေးမြင်ကွင်းက ပျောက်သွားမှ မြကျွန်းသာ နံဘေးက ကန်ဘောင်ရိုးပေါ်ကို နေတစ်စင်း တက်ခဲ့သည်။

နေက ပူသေးပေမယ့် ကန်ဘောင်ပေါ်က ထီးရိပ်လေးတွေ အောက်မှာ ထိုင်နေချင်သည်။

ဒါပေမဲ့ နေ ဆန္ဒတွေ မပြည့်ပါ။ ထီးရိပ်အောက်က ခုံတိုင်းမှာ ချစ်သူစုံတွဲလေးတွေ ထိုင်နေကြသည်။

လူလွတ်ရှိမည့် ထိုင်ခုံကို နေ လိုက်ရှာသည်။ ဘယ်ဘက် စွန်းဘက်က ခုံတန်းလေးမှာ စုံတွဲမဟုတ်ပေမယ့် တစ်ဦးတည်း ထိုင်နေသော တစ်ယောက်ပဲ ရှိသည်။

ထိုပုဂ္ဂိုလ်က တစ်ဖက် ထိုင်ခုံစွန်းမှာ ထိုင်နေသည်။ ခေါင်းကို ကျောမှီမှာ မှီတင်ရင်း မျက်နှာပေါ် ဂျာနယ်တစ်စောင် တင်လျက် အိပ်နေသည်။

ကောင်းပါသည်။ သူလည်း သူ့အိပ်မက်နှင့်သူ သူမလည်း အေးချမ်းစွာ ထိုင်တွေးလို့ ကောင်းသည်ပေါ့။





လွတ်နေသော ဒီဘက်စွန်းမှာ အသာဝင်ထိုင်ကာ နေ မျက်ဝန်းကြည့်တွေကို ကန်ရေပြင်ဆီ ပို့ထားလိုက်သည်။ သောက်ထားသော ဆေးမှုန့်က အခုမှ ပိုလို့တိုးလာသည်ဟု ထင်မိ၏။

ကန်ရေပြင်ကို ဖြတ်တိုက်လာသော လေအေးအေးက နေရဲ့ ဆံနွယ်တွေကို ကျီစယ်ကစားနေသည်။ လည်ချောင်းထဲက လေချဉ် ထောက်မှာ စူးရှရှ ရနံ့က ထွက်လာသည်။

နံဘေးက ပုဂ္ဂိုလ်ကို အားနာစိတ်နှင့် နေလှည့်ကြည့်လိုက်မှ

''ဟင် ဖား''

စောစောက ဂျာနယ်နှင့် မျက်နှာကို အုပ်မိုးအိပ်နေတာမို့ မျက်နှာ မသိခဲ့၊ အခုတော့ သူက ဖား ဖြစ်နေသည်။

''နင် ဘာလာလုပ်နေတာလဲ ကြက်တောင်စည်း''

''နင်ကော ဘာလာလုပ်နေတာလဲ''

နေ ပြန်မေးတော့ ဖား ကန်ရေပြင်ဘက်ကို လှမ်းမျှော်ကြည့်ရင်း

''လာ အနားယူနေတာလေ အိမ်မပြန်ချင်သေးလို့''

''လာရှိုးမနေနဲ့ ဂန္ထဝင်ကို လွမ်းဖျားလွမ်းနာ ကျနေတာ မဟုတ်ဘူး''

နေ နှိပ်ကွပ်လိုက်တော့ ရေခဲမုန့် ဟက်ခနဲ ရယ်လိုက်ရင်း

''လွမ်းကြည့်နေတာ သိပ်တော့မမိုက်ဘူး၊ နင်ကော လာလွမ်းနေတာပေါ့လေ''

''ဘာလွမ်းရမှာလဲ လေကောင်းလေသန့် ရှူချင်လို့''

''အဟက် မသိတာမှတ်လို့ နင့်ငယ်ရည်းစားကို လွမ်းနေတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ မမိုက်ပါဘူးဟာ ဟိုက ကိုယ့်ကို မကြင်လို့ ဘုန်းတော်ကြီး ဝတ်သွားတာကို ''

''ဟင်''

ဖား သိနေတာမို့ နေတစ်စင်း အံ့သြသွားမိသည်။ ဖားက ပြုံးစစ မျက်နှာနှင့်ကြည့်ရင်း

''ငါ့ကို ညာလို့မရဘူး ငါမျက်စိနဲ့ ကိုယ်တိုင် နင့်ကို မြင်ခဲ့တာ လူချောပဲ. သာသနာ့ဝတ်စုံနဲ့လည်း ခန့်ညားပါတယ်''

ဖား အပိုင်ပြောနေတော့ နေ ဘာမှ ပြန်ခွန်းတုံ့မပြန်နိုင်ခဲ့။ သင်းက ကိုကို့ကိုတောင် မြင်တွေ့ဖူးထားသည်ပဲ။

''ကြက်တောင်စည်း ငိုချင်ငိုချပစ်လိုက်နော် ငါ့ကို အားမနာ ပါနဲ့''

''သွားစမ်းပါ မလွမ်းလောက်ပါဘူး''

''အိုကေ ဒါဆို နင်နဲ့ငါ ပျော်စရာ ကစားနည်းတစ်ခု ကစား အောင်''

ပြောရင်း ဖား ပိုက်ဆံအိတ်ကို ထုတ်သည်။ အိတ်ထဲက တစ် ထောင်တန်တွေကို ထုတ်ယူရင်း

''နင်နဲ့ငါ တစ်ရွက်ချင်းယူပြီး နောက်ဆုံးဂဏန်းကြည့်မယ် ကြီးတဲ့ကောင်က နဖူးတစ်ချက်တောက်စတမ်း ဘယ်လိုလဲ''

''ရတယ် ကြိုက်တယ် ဆယ်ပွဲကစားမယ် နင်ဆယ်ရွက်ထုတ် ငါက ငါ့ပိုက်ဆံပဲ ဆယ်ရွက်ထုတ်မယ်''

''စိန်လိုက်''

နေနှင့်သူ ငွေစက္ကူ ဆယ်ရွက်စီထုတ်ကာ တစ်ယောက်တစ်





ရွက် ဆွဲယူပြိုင်ကြသည်။

ဆယ်ပွဲပြီးတော့ နေက နိုင်ပွဲ ခြောက်ပွဲ၊ သူက သုံးပွဲနိုင်ကာ တစ်ပွဲက သရေကျသည်။

''ကဲ ငါ နင့်ကို နဖူးသုံးချက်တောက်မယ်''

''ရတယ်လေ တောက်စမ်း''

ဖား နဖူးက ဆံပင်တွေကို ဘယ်လက်နှင့် သပ်တင်ပေး ထားရင်း နဖူးကို ထိုးပေးသည်။

''ကဲ လာစမ်း''

ခပ်ပြင်းပြင်း သုံးချက်တောက်လိုက်တော့ နေ လက်ခလယ် လေးတောင်နာကျင်သွားမိသည်။ အသားဖြူသော ဖား နဖူးထိပ်မှာ လည်း နည်းနည်းတော့ နီသွားသည်။

''ကိုင်း မှတ်ပြီလား ဖား''

''ပျင်းသေးတယ် တစ်ပွဲထပ်ဆော့မယ်''

''မမှတ်သေးရင် လုပ်လိုက်လေ ကဲ တစ်ရွက်ထုတ်''

''အိုကေ ခြောက် တဲ့''

''ဟင် ငါက လေးပဲရှိတယ်''

ဖား မျက်နှာ ဝင်းပသွားခဲ့သည်။ နေ မျက်ခုံးလေးကုပ် ကာ မြန်ကြည့်ရင်း

''နေဦးလေ ထပ်ကစားမှာပေါ့''

''တော်ပြီ တစ်ပွဲပဲ ထပ်ဆော့မယ် ပြောထားတာ နင်မညစ်နဲ့ ငါတောက်မှ ဘုထွက်ပြီမှတ်''

နဖူးတစ်ချက်တောက်ဖို့ လက်ချောင်းတွေ တပြင်ပြင်နှင့် အဆစ်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ချိုးနေသော ဖားကြောင့် နေ လန့်သွားမိသည်။

ယောက်ျားအားနှင့် မိန်းမအား ကွာခြားမှာသေချာသည်။ နေ ချက်ချင်းပဲ သုတ်ခနဲ ထပြေးသည်။ ၈

"ဟော့ ကြက်တောင်စည်း အစုတ်ပလုတ် မညစ်နဲ့"

နေ လှည့်မကြည့်ဘဲ ကန်ဘောင်ရိုးအတိုင်း ပြေးသည်။ အနောက်က အပြေးလိုက်လာသော ဖားက မှီသွားခဲ့သည်။

နေလက်ကို ဆွဲထားရင်း ဖား ကြိမ်းသည်။

"မရှက်ဘူးလား နင်တော်တော် ညစ်ပါလား၊ ငါ့အလှည့်ကျ တောက်ပြီးတော့"

"ဟော့ ဖား အပိုမပြောနဲ့ရတယ်၊ တစ်ချက် တောက်စမ်းပါ"

နေ ရဲရဲတွတ်တွတ် ခေါင်းမော့ပေးလိုက်သည်။ ဖား မထိတရိ ပြုံးသည်။ သင်းကို မုန်းတာ အဲဒါတွေကြောင့်ပဲ ဖြစ်သည်။ တစ်ဖက်သား မခံချင်အောင် လှောင်တတ် ပြုံးတတ်သည့်နေရာမှာ နှစ်ယောက်မရှိ။

"ကဲ တောက်ပြီ ကြက်တောင်စည်း"

နေ နဖူးပြင်ကို ထိရုံမျှ လာထိသော ဖား၏ လက်ညှိုး အထိအတွေ့ကြောင့် နေ မော့ကြည့်ရင်း

"တောက်လေ နင်ဘာလုပ်တာလဲ"

"နင့် အသားနာအောင် ငါ မတောက်ရက်ပါဘူး ကြက်တောင် စည်းရယ်"

စူးစူးနစ်နစ် စိုက်ကြည့်နေသော ဖား အကြည့်တွေကို နေ ပြန်စိုက်ကြည့်နေတုန်းမှာ

"ဘာတွေ ဖြစ်နေကြတာလဲ"





အသံကြောင့် နေတို့ နှစ်ယောက်စလုံး မော့ကြည့်လိုက်မိကြသည်။ နေတို့ နှစ်ယောက်စလုံး တအံ့တဩ မျက်ဝန်းတွေနှင့် ကြည့်နေသော ဆရာပြတိုက်ကို တွေ့လိုက်ကြသည်။

"ဩော် ကိုပြတိုက် ကျွန်တော်တို့ ကစားနေကြတာ အဟဲ"

"ကစားနေကြတာ ဟုတ်လား"

"ဟုတ်တယ် ဆရာ နေတို့ ကစားနေကြတာ ကဲ နေကို ခွင့်ပြုပါဦး"

ပြောပြောဆိုဆို နေ လှည့်ထွက်ခဲ့သည်။ ဖားကလည်း

"ကိုပြတိုက် ကန်ဘောင်မှာ လမ်းလျှောက်မလို့လား လျှောက်လေ ကျွန်တော် ပြန်တော့မယ်"

နှစ်ယောက်စလုံး နှုတ်ဆက်ကာ ရှေ့ဆင့်နောက်ဆင့် ထွက်သွားသော ငေးကြည့်ရင်း ပြတိုက် အူတူတူ ကျန်ရစ်ခဲ့သည်။

သူ့ရဲကောင်းနှင့်နေတစ်စင်းတို့ ကန်ဘောင်ပေါ်မှာ ပြေးတမ်းလိုက်တမ်း ကစားနေကြတာတော့ မဟုတ်နိုင်ဟု ထင်သည်။ ရဲက နေတစ်စင်း နဖူးကို လက်တို့ပြီး ဘာတွေပြောနေတာလဲ။

ထိုမြင်ကွင်းကို မြင်တော့ သူ့ရင်ထဲမှာ ခံစားနင်ကျင်ရသည်။

ဒါ ကစားနေတာတော့ မဟုတ်နိုင်၊ ကလေးတွေမှ မဟုတ်တော့ တာပဲ။ ဖားနဲ့ကြက်တောင်စည်းက ဘာလဲ။

ပြတိုက် အတွေးတွေ ရှုပ်ထွေး နောက်ကျိနေဆဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

မနေ့က စောစောစီးစီး အိပ်ရာဝင်ခဲ့တာမို့ နေ ဒီနေ့ အစောကြီး နိုးနေခဲ့သည်။

ဒါပေမဲ့ ချက်ချင်း မထဖြစ်သေးဘဲ နေ တွေးနေမိသည်။ မနေ့နေ့လယ်က ဖားနှင့် ကန်ဘောင်မှာ ဖြစ်ပျက်ခဲ့တာတွေကို ပြန်တွေးမိသည်။

နဖူးတောက်တမ်း ကစားတော့ ဖားက သူနာအောင် မတောက်ရက်ဟု ဆိုခဲ့သည်။ ထိုစဉ်တုန်းက ဖားမျက်နှာက တည်ကြည်သည်။ မျက်ဝန်းတွေက စူးရှတောက်ပလျက် လှောင်ပြောင်ရိပ်တို့ ကင်းစင်နေခဲ့၏။

ပြီးတော့ ဆရာပြတိုက် ရောက်လာတာကို ပြန်သတိရသည်။

"နေ နိုးပြီလားဟင်"

အခန်းအပြင်က ရှင်းသန့် အသံကိုကြားမှ အတွေးပြတ်ကာ





နေ ပြန်အသံပေးလိုက်သည်။

"နိုးပြီ ရှင်းသန့်"

အခန်းတံခါးကို တွန်းဖွင့်ကာ ရှင်းသန့် ဝင်လာသည်။ ရေမိုးချိုးသားပြီးထင်၏။ ရှင်းသန့် ကြည်ကြည်လင်လင်လေး ရှိ၏။

"မနေ့က အမူးကောပြေပြီလား နေ"

"မမူးပါဘူးဟာ ရီဝေဝေလောက်ပဲ ဖြစ်တာပါ"

"ရဲကို အရွဲ့တိုက်ပြီး နင်သောက်တာ ငါက မူးပြီထင်နေတာ"

"ဖားက ကြောက်ပါ သူ ဆက်သောက်ရင် ငါလည်း သောက်ဆဲလိုက်မှာ ငါတို့ ကန်ဘောင်မှာ မနေ့က ပြန်တွေ့ကြတယ်"

"ဘာရယ် ရဲနဲ့ ပြန်တွေ့တယ်"

နေ အိပ်ရာပေါ်က လူးလဲထရင်း မနေ့က ဖားနှင့် ကန်ဘောင်မှာ ပြန်ဆုံတာကို ပြောပြမိသည်။

"ဆရာပြတိုက် နင်တို့ကို အထင်လွဲသွားပြီ ထင်တယ်"

"သူ့ဘာသာ အထင်လွဲချင်လွဲပေါ့ ငါတို့က ရိုးရိုးသားသားပဲ"

ပြောရင်း နေ အိပ်ရာက ထလိုက်သည်။ ရှုပ်ပွနေသော ဆံပင်တွေကို သပ်တင်သိမ်းဆည်းရင်း ညဝတ်ဂါဝန်ရှည်ကြီးကို လဲလိုက်သည်။

"ရဲက ဂျွဲဝင်ကို လွှမ်းပြီး ကန်ဘောင်မှာ ထိုင်နေတာလားဟင် နေ"

"ဟုတ်မှာပေါ့၊ ဒါနဲ့ ဒေါ်စိန်ကော ရှင်းသန့်"

"ဈေးသွားတယ် နင် ရေမိုးချိုးလေ၊ ပြီးရင် ကော်ဖီသောက်ရအောင်"

"ကော်ဖီ မသောက်ချင်ဘူးဟာ၊ အပြင်ထွက်ပြီး နန်းကြီးသုပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် မြီးရှည်ဖြစ်ဖြစ် သွားစားကြမယ်''

''အေး ကောင်းတယ် မြန်မြန်ချီးဟာ''

နေ ရေချိုးခန်းထဲဝင်ကာ မြန်မြန်လေး ချိုးလိုက်သည်။ ပြီးတော့ အဝတ်အစား လဲလိုက်၏။

လိမ္မော်ရောင် တီရှပ်အပွလေးနှင့် ကှာတားရှေ့ညိုရောင်လေး ဝတ်ဆင်လိုက်ကာ အခန်းထဲကအထွက်မှာ

''နေရေ ဒီမှာ နင့်ဧည့်သည်''

ရှင်းသန့်အော်သံကြောင့် နေ မျက်မှောင်လေးကုပ်ကာ ဧည့် ခန်းဘက် ထွက်ခဲ့သည်။ စောစောစီးစီး ဘယ်က ဧည့်သည်လဲ မသိ

ဧည့်ခန်းမှာ တွေ့လိုက်ရသော သူက နေ မမြင်ဖူးသူပါ။

''ကျွန်တော် ဆရာပြတိုက်ရဲ့ တပည့်ပါခင်ဗျာ''

''အင်း ဘာကိစ္စရှိလို့လဲ''

''ဆရာက မြီးရှည် ပို့ခိုင်းလိုက်လို့ပါ''

ဒီတော့မှ ဧည့်ခန်းစားပွဲလေးပေါ်က ပလပ်စတစ်အိတ်နှင့် ထည့် ထားသော ဖော့ဘူးတွေကို သတိထားမိတော့သည်။

''မယူပါဘူး ပြန်ယူသွားလိုက်ပါ''

''ဟာ မလုပ်ပါနဲ့ မနေတစ်စင်း ကျွန်တော် ပြန်ယူသွားရင် ဆရာက စိတ်တိုလိမ့်မယ် မရရအောင် ပေးခဲ့ပါတဲ့''

တောင်းပန်သလို ဆိုနေသော ပြတိုက် တပည့်ကြောင့် ယူ နိုင်သူက ရှင်းသန့်ပဲ ဖြစ်သည်။

''နေရယ် ယူထားလိုက်ပါ။ ဆရာက စားစေချင်လို့ပေးတာ ကို''





''ကဲ ထားခဲ့ ထားခဲ့''

''ကျေး ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး''

ဆရာပြတိုက် တပည့်ဖြစ်သူ ပြန်သွားတော့ နေကို ရှင်းသန့်က

''နေက အရမ်းကံကောင်းတယ်နော် မြီးရှည်စားချင်တယ် လို့ ပြောလိုက်ရုံ ရှိသေးတယ် ရောက်လာပြီ''

''တော်စမ်းပါ ရှင်းသန့်ရဲ့၊ ပေးတိုင်းယူ ကျွေးတိုင်းမစားနဲ့တဲ့ ကိုယ်လည်း ရှင်းစရာ ဇယားရှိသေးတယ်''

''ဘာလဲ နေရဲ့ ဘာဇယားလဲ''

''ဆရာနဲ့ မျှော်လေးကိစ္စလေ ဒီကိစ္စမှာ ဆရာပြတိုက်က ကူညီ ပေးထားတာမျိုး ငါမလိုချင်ဘူး''

ရှင်းသန့်ဘာမှ မပြောဘဲ နှုတ်ဆိတ်နေသည်။ စားပွဲပေါ်က မြီးရှည်ဘူးတွေကို ရှင်းသန့် ကောက်ယူသည်။

''ကဲ မြီးရှည်တွေ စားရအောင်ဟာ''

ရှင်းသန့်နှင့်အတူ နေ မီးဖိုထဲဝင်လိုက်ခဲ့သည်။ ဆရာပြတိုက် ပေးလိုက်သော မြီးရှည်ကိုစားရင်း နေ ဆရာပြတိုက်နှင့် တွေ့ဖို့တွေး လိုက်မိပါသည်။

■ ■ ■

''ထိုင် ရဲ''

စားပွဲရှေ့က ထိုင်ခုံမှာ သူ ဝင်ထိုင်ရုံပဲ ရှိသေးသည်။ စားပွဲ ပေါ်က ပြတိုက်ရဲ့ ဟန်းဖုန်းလေးက မြည်လာ၏။

''ခဏလေးနော် ရဲ''

ပြတိုက် ဖုန်းကို ကောက်နားထောင်လိုက်သည်။ ပြတိုက်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ ဝင်းလက်သွားတာကို သူ သတိထားမိသည်။

"နေလား ကိုယ် ပို့ပေးလိုက်တဲ့ မြီးရှည်စားရတယ်မို့လား"

နေဆီက ဖုန်းဟု သူသိလိုက်သည်။ တစ်ဖက်က နေ အသံကို မကြားပေမယ့် ပြတိုက်ရဲ့ အသံကိုတော့ သူကြားနေရ၏။

"ဘာပဲဖြစ်ဖြစ် လက်ခံပေးတဲ့အတွက် ကျေးဇူးတင်တယ်၊ ကိုယ် မြီးရှည်စားနေရင်း သတိရလို့ ဝယ်ပို့နိုင်းလိုက်တာပါ"

"..."

"ဟုတ်လား ဒါဆိုလာခဲ့လေ၊ ကိုယ် ရုံးခန်းထဲမှာ ရှိပါတယ်"

"..."

"အိုကေ အိုကေ ရောက်မှ စကားပြောတာပေါ့နော်၊ ကိုယ် စောင့်နေမယ် ဟုတ်လား"

ဖုန်းပိတ်လိုက်ပြီးမှ ပြတိုက် အကြည့်တွေ သူ့ဆီရောက်လာခဲ့ရင်း

"ပြော ရဲ ဘာလိုအပ်ချက်ရှိသလဲ"

"သူတို့တင်ပြတဲ့ အပိုင်းက ပြည့်စုံပါတယ် ကိုပြတိုက်၊ ဒါပေမဲ့ ဥပဒေကြောင်းအရ ခိုင်မာတိကျမှုရှိအောင် စာချုပ်တော့ လုပ်ထားသင့်တယ်"

"ဟုတ်ပြီ အဲဒီကိစ္စကို ရဲပဲ စီစဉ်တင်ပြလေ၊ ကိုယ်သူတို့ ဆီ ပို့ပြီး တောင်းဆိုလိုက်မယ်"

"ကောင်းပြီ ကိုပြတိုက် နှစ်ရက်အတွင်း လိုအပ်တဲ့ အချက်အလက်တွေ ကျွန်တော် စီစဉ်ပေးပါ့မယ်"

"အိုကေ ဩော် နေ လာပါ ဝင်ခဲ့ပါ"





အခန်းတံခါးကို ကျောပေးထိုင်နေသောသူ နေ ဝင်လာတာကို မမြင်ရပါ။ နေ ကိုပြတိုက်ဆီကို ရောက်လာတာက မြန်ဆန်လွန်းသည်။ စောစောက ဖုန်းဆက်တာ ကုမ္ပဏီအောက်က လှမ်းဆက်ပုံပါပဲ။

သူနှင့် မသက်ဆိုင်သော ကိစ္စမို့ ထပြန်ဖို့ပြင်တော့ ကိုပြတိုက်က လက်ကာပြရင်း

"ခဏလေး ရဲ ကိုယ်မှာစရာလေးရှိလို့ ခဏစောင့်ပေးပါ၊ ထိုင်ပါ နေ ဘာသောက်မလဲ"

"အခုပဲ စားသောက်ခဲ့ပြီးပြီ ဆရာ အရေးကြီးတဲ့ ကိစ္စပဲ ပြောပါရစေ၊ မျှော်လေး ကိစ္စကို နေ ရှင်းချင်လို့"

"ဟုတ်ပြီ နေ ဆန္ဒအတိုင်း ဖြစ်စေရမှာပါ၊ တစ်ခုတော့ ရှိတယ်၊ ကိုယ် ကူညီတာ စေတနာနဲ့ဆိုတာ နေ လက်ခံပေးပါ"

"ထားပါတော့ ဘာပဲဖြစ်ဖြစ် မျှော်လေးအတွက် စိုက်ပေးထားတဲ့ ပိုက်ဆံကို နေ ပြန်ပေးချင်တယ်"

"ဟုတ်ပြီ နေ နေ ဘယ်လိုလုပ်ချင်တာလဲ"

"ဒီတစ်ပတ်အတွင်း ရှင်းပေးမယ်၊ ရှင်းရှင်းလင်းလင်း ဖြစ်အောင် စာချုပ်စာကမ်းနဲ့ ပေးချင်တယ် ဆရာ"

နေ စကားကြောင့် ပြတိုက် မျက်နှာကွက်ခနဲ ပျက်သည်။ သူကတော့ နားထောင်သူသက်သက်ပဲ ဖြစ်၏။

"ကိုယ် မျှော်စင်ကို ကူညီခဲ့တာ ဘာစာချုပ်စာတမ်း အချုပ်အနှောင်မှ မပါပါဘူး၊ နေက ကိုယ့်ကို မယုံကြည်လို့လား"

"ဒီသဘော မဟုတ်ပါဘူး ဆရာ၊ နေက အဲဒီစာချုပ်နဲ့ မျှော်စင်ကို ပြန်ပြီး တုပ်နှောင်ထားချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို နေ"

"ဒီလိုပါဆရာ မျှော်စင်လေးက ဒီနှစ် ဆယ်တန်းဖြေရမှာလေ သူစိတ်ပြောင်းပြီး ပညာရေးကနေ အာရုံလွင့်ပါးမသွားစေချင်ဘူး၊ ဒီငွေကို နေနဲ့ ရှင်းသန့်ကလည်း စေတနာနဲ့ ကူညီတာပါ၊ အဓိက က မျှော်စင်တို့ သားအဖ အဆင်ပြေဖို့ပါ၊ သူဆယ်တန်းအောင်တာနဲ့ ဂုဏ်ပြုတဲ့ သဘောနဲ့ စာချုပ်ကို သူ့လက်ထဲ ပေးလိုက်မှာပါ၊ ဆရာနဲ့ သူကြားမှာ ဘာအကြွေးမှ မရှိတော့ဘူးပေါ့"

"အင်း ကိုယ်နားလည်ပြီ နေ၊ မျှော်စင်လေးကို ကိုယ်လည်း စာနာပါတယ်၊ ဩော် ရဲ ဒီကိစ္စမှာ ကိုယ့်ကိုကူညီပါ၊ နေ စိတ်တိုင်းကျ ကိုယ့်ကိုယ်စား ကူညီပေးပါ"

သူ ငြင်းလို့ မသင့်တာမို့ ခေါင်းညိတ်လိုက်ရ၏။ တကယ်ဆို ပြတိုက်နှင့် ကြက်တောင်စည်းကိစ္စက ကိုယ်ရေးကိုယ်တာ ကိစ္စပဲဖြစ်သည်။

"ဟုတ်ကဲ့ ကိုပြတိုက် ကျွန်တော် ကူညီပါ့မယ်၊ ဒါ ကုမ္ပဏီ ကိစ္စမဟုတ်ပေမယ့် ကျွန်တော် ကူညီပါ့မယ်"

ကြက်တောင်စည်း သူ့ကို မျက်စောင်းလေး ထိုးကြည့်သည်။ ပြတိုက်က

"နေတစ်စင်း ဖြစ်စေချင်တာ ရဲကိုပြောပါ၊ ရဲ စီစဉ်ပေးနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ် ဆရာ"

ကိုပြတိုက် အခန်းထဲမှ ကြက်တောင်စည်းနှင့်သူ အတူထွက်ခဲ့ကြသည်။

"ဒီရက်မှာ ငါ ဖုန်းဆက်မယ် ဖား၊ ပိုက်ဆံရတာနဲ့ ဆက်မယ်"





"နေဦးလေ နင်နဲ့ကိုပြတိုက် ကိစ္စတွေ ငါသိအောင် ပြောဦး ဦးတော့ နင်ဖြစ်စေချင်တဲ့ ပုံစံလည်း ငါသိထားမှဖြစ်မယ်"

"ဘာမှ မခက်ပါဘူး ဆရာ့ကို ပေးရမယ့် အကြွေး သိန်း နှစ်ဆယ်ကို ငါပေးပြီးပြီဆိုတဲ့ စာချုပ်ပဲ"

"ဟာ နင်က ဆရာပြတိုက်ကို အကြွေးသိန်းနှစ်ဆယ်ပေးရမယ် ဆား ဘာလဲနင်တို့ အလောင်းကစား လုပ်ထားတာလား"

ဖား ပြောင်ချော်ချော် ပြောတော့ နေ လက်သီးနှင့် ရွယ်သည်။ ဖားလက်နှင့် ကာတာရင်း

"နောက်တာပါဟာ ကဲ ငါ ဗိုက်ဆာနေပြီ တစ်ဆိုင်ဆိုင်မှာ တစ်ခုခု စားရအောင်"

"ငါမဆာဘူး"

"ငါဆာလို့ပါဟာ နင် မရှင်းရပါဘူး၊ ငါရှင်းမှာပါ နင်တို့ကိစ္စ တို့ ကူညီပေးတဲ့ ငါ့အတွက် နင်ဒါတော့ လိုက်လျောပေါ့"

ရဲ တည်တည်ပြောတော့ နေဘာမှ ပြန်မပြောဖြစ်တော့ပါ။ ရဲ ဆန္ဒအတိုင်း အသားကင်ဆိုင်လေးသို့ နေ လိုက်ခဲ့ရသည်။

"နင် ဘာစားမလဲ ကြက်တောင်စည်း"

"ငါ ဖျော်ရည်တစ်ခုခုပဲ သောက်မယ်"

"ဘီယာကလွဲရင် ကြိုက်တာမှာ၊ တန်ဖိုးနည်းလေ ကောင်းလေ ပေါ့ အဟဲ"

ရွှတ်နောက်နောက် ဖား စကားကြောင့် နေ ပြုံးမိသည်။ ဖား သည် အမြဲတမ်း ဒီလိုပဲ ဖြစ်သည်။

ရယ်ကျဲကျဲ ဖားမျက်နှာ တည်သွားကာ သူမကို ကျော်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တာမို့ နေတစ်စင်း နောက်ကို လှည့်ကြည့်မိ၏။

ဆိုင်ထဲ လှမ်းဝင်လာသော ဂန္ဓဝင်လည်း အံ့ဩမျက်နှာလေး နှင့် ဖြစ်၏။ အဝါရောင် ဝတ်စုံလေးနှင့် ဂန္ဓဝင် ထုံးစံအတိုင်း လှပလွန်း သည်။

"ငါတို့ကို တွေ့လို့ ဝင်လာတာ မဟုတ်ပါဘူးနော် ဝင်"

သူ့ရဲ့ကောင်း မေးတော့ ဂန္ဓဝင် ပြုံးပြုံးလေး လျှောက်လာရင်း

"ဗိုက်ဆာလို့ ဝင်လာတာ နင်တို့နဲ့တွေ့တာ ကောင်းတာပေါ့ တစ်ယောက်တည်း ပျင်းစရာကြီး ဖြစ်နေတာလေ"

ပြောရင်း ဂန္ဓဝင် ကစားပွဲဝိုင်းမှာ ဝင်ထိုင်သည်။ နေတစ်စင်း စားပွဲထိုးလေးကို လက်ယပ်ခေါ်ပြီး

"နင် ဘာစားမလဲ ဂန္ဓဝင်"

"အသားကင်ပဲ စားမယ် နေ"

"ဟုတ်ပြီ အသားကင် သုံးပွဲနဲ့ ချောကလက်မစ်ရှိတ် သုံးခွက်"

စောစောက အရည်ပဲသောက်မည်ဆိုသော နေတစ်စင်း အသားကင်ပါမှာတော့ ဖား မျက်လုံးပြူးကြည့်သည်။ ဂန္ဓဝင်က အသံလေး ထွက်အောင် ရယ်နေတာမို့ နေ လှည့်ကြည့်ရင်း

"ဘာရယ်တာလဲ ဂန္ဓဝင်"

"အဟင်း ဟင်း နေ ရဲ့ အကြိုက်ကို သိနေလို့ပါ အံ့ဩလို့ ပဲ ချောကလက်မစ်(ခ်)ရှိတ်(ခ်) ကြိုက်တာ သိလို့လေ"

"ဟုတ်လား နင်ပြောမှပဲ သိတော့တယ် ငါက ငါ့အကြိုက်ထဲ မှာလိုက်တာ နင်နဲ့ဖား မကြိုက်ရင် ကိုယ့်ဘာသာ ပြောင်းမှာ ဆိုတဲ့ သဘောလေ"





ဂန္ဓဝင် နှုတ်ပိတ်သွားသည်။ ရဲက ဂန္ဓဝင်ကို ကြည့်နေရင်းမှ

"နင် ဘယ်တော့လောက် လက်ထပ်မှာလဲ ဂန္ဓဝင်"

"နောက်လဝက်လောက် လက်ထပ်ဖြစ်မယ်၊ ရက်တော့ မ သေချာသေးဘူး"

ဂန္ဓဝင်ကိုကြည့်ကာ နေ စိတ်ထဲမှာ မကျေမနပ် ဖြစ်လာ သည်။ ဖားရဲ့အပေါ် ဂန္ဓဝင်ရဲ့ ဆက်ဆံပုံတွေက နည်းနည်းတော့ စိမ်းပြတ်လွန်းသည် ထင်၏။

ကိုယ့်ကို ချစ်နေသော ယောကျ်ား တစ်ယောက်ရှေ့မှာ ကိုယ်နှင့် လက်ထပ်မည့် အခြားသော ယောကျ်ားတစ်ယောက်အကြောင်း ပြောနေ တာ သွေးအေးလွန်းသည်။

သူနှင့် လက်ထပ်မည့် ယောကျ်ားတစ်ယောက် အရည်အချင်း တွေ သူ့အပေါ် ကြင်နာပုံတွေကို ဂန္ဓဝင် ပြောနေ၏။

"ကိုမော်က ငါ့ကို သိပ်ချစ်ပါတယ်၊ သူ့မိဘတွေကလည်း ချစ်တယ်၊ ငါသာ ဆန္ဒရှိရင် ဩစတြေးလျမှာနေဖို့ စီစဉ်ပေးမယ်တဲ့ ငါ့အတွက် ရွေးချယ်သင့်တဲ့ သူပါ"

နေဆက်ပြီး သည်းမခံနိုင်တော့ တာမို့

"ဂန္ဓဝင် နင်သိပ် တစ်ကိုယ်ကောင်းဆန်လွန်းမနေဘူးလား"

"ဟင် ဘာကို ပြောတာလဲဟင် နေ"

"ဖား ကို ရှေ့ထားပြီး နင်နဲ့ လက်ထပ်မယ့် ယောကျ်ားရဲ့ အကြောင်းအရာတွေကို နင် အားပါးတရ ပြောနေလို့ပေါ့"

နေ စကားကြောင့် ဂန္ဓဝင် မျက်ဝန်းဝိုင်းဝိုင်းလေးတွေနှင့် ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး နေ နှင်ဘယ်တုန်းကတည်းက ရဲကို စာနာသနား သွားတာလဲဟင်"

"ဂန္ထဝင် နှင် တော်တော့"

နေ မျက်နှာရဲခနဲ ဖြစ်ကာ အော်လိုက်တော့ ရဲ ကြားကာလ ကာ လက်ကာတားသည်။

"နေ ရတယ် ငါ့အတွက်ဘာမှ ပြဿနာမရှိဘူး နှင်နေသ သလိုနေပါ"

ဖား စကားကြောင့် နေ စိတ်ထဲ မျက်ခနဲ ဖြစ်သွားမိသည်။ ကိုယ်က သူ့ဘက်က နာလို့ပြောရသေးသည်။ ဒါကို နေသာသလို နေပါ ပြောသည်။

ပက်ခနဲ ပြန်ပြောလိုက်ချင်ပေမယ့် အသားကင်ပွဲတွေနှ အအေးခွက်တွေ လာချသော စားပွဲထိုးလေးကြောင့် ဘာမှမပြော ဖြစ်ပေ ပါ။

ချောကလက်မစ်ရှိတ်ကို နေ မော့သောက်လိုက်ပေမယ့် ခံတွင်း မတွေ့ပါ။ အရသာက ခါးသက်ချင်နေတာ ရင်ထဲက မကျေနပ်စိတ် ကြောင့်ထင်၏။

ဂန္ထဝင်နှင့် ဖားကြားမှာ ဆက်မထိုင်ချင်တာကြောင့် နေ ပိုက်ဆံ အိတ်ကို ကောက်ယူပြီး စားပွဲထိုးလေးကို လှမ်းခေါ်လိုက်သည်။

"ကြက်တောင်စည်း ဘာလုပ်မလို့လဲ"

"နှင်တို့ကိစ္စက ငါနဲ့မှ မဆိုင်တာ ငါ ဒီမှာ ရှိနေလည်း အပိုပဲ အဲဒါကြောင့် ငါပြန်တော့မယ်"

"ဟင် အသားကင်တွေ မှာထားပြီး မစားတော့ဘူးလား"





"စိတ်မပူနဲ့ ဖား ဒါတွေကို ငါမထားခဲ့ပါဘူး ပါဆယ်ထုပ် သွားမှာ နှင်လည်း ရင်တွေပြည့်ပြီး စားနိုင်မှာ မဟုတ်ဘူးမို့လား ငါယူ သွားမယ်၊ မောင်လေး ဒီနှစ်ပွဲကို ပါဆယ်ထုတ်ပေးနော်"

ဖား ဘာမှမပြောနိုင်ဘဲ နေကို စိုက်ကြည့်နေသည်။ ပါဆယ် အသားကင်နှစ်ပွဲ သယ်ယူခဲ့ကာ နေဆိုင်ထဲက ထွက်ခဲ့သည်။

လူမှုရေး မရှိဘူးဆိုချင်ဆို ဂန္ထဝင်ကိုလည်း နှုတ်မဆက် ဖြစ်ခဲ့။ နောက်လည်းဆုံတွေ့ ပတ်သက်စရာမှ မရှိတာ။ ဂန္ထဝင်က ကုမ္ပဏီ ပြန်ဖွင့်လျှင် အလုပ်ဆင်းတော့မှာ မဟုတ်။

ကုမ္ပဏီပိုင်ရှင် သူဌေးနှင့်လက်ထပ်ကာ ဩစတြေးလျမှာ သွား အခြေချမည့် ရည်ရွယ်ချက်ရှိသည်။

အနာဂတ်ဘဝကို ပြည့်စုံသော ယောကျ်ားတစ်ယောက်နှင့် အပြီးတိုင် ရှင်သန်ဖို့ ရွေးချယ်လိုက်သော ဂန္ထဝင်ကို နေ အထင်မကြီး ပါ။

အချစ်မပါသောဘဝကို ပြည့်စုံချမ်းသာမှုနှင့် လဲလှယ်လိုက်တာ ဟုပဲ ထင်သည်။

တိုက်ခန်း ပြန်ရောက်တော့ ရှင်းသန့်မရှိပါ။ အပြင်သွားသည်ဟု ဒေါ်စိန်က ပြောသည်။

အသားကင်တွေ ဒေါ်စိန့်လက်ထဲ ထည့်ပေးခဲ့ကာ နေအခန်းထဲ ဝင်ခဲ့သည်။ အခုချိန်အထိ စိတ်ထဲမှာ အလိုမကျဖြစ်နေတာ ဂန္ထဝင်ကိုလား၊ သူ့ရဲ့ကောင်းဆိုသည့် ဖားကိုလား နှစ်ယောက်စလုံးကိုလား။

နေတစ်စင်း အသေအချာ မသိ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

မှေးခနဲ အိပ်ပျော်ပြီး နိုးလာတော့ ညနေ သုံးနာရီခွဲနေပြီ။ မနက်စာ မစားရသေးတာ သတိရကာ ဝမ်းထဲက ဆာလာသည်။

ဒါပေမဲ့ ရေပဲအရင်ချိုးမည် ဆုံးဖြတ်ကာ ရေချိုးခန်းဝင်ခဲ့သ

ရေချိုးခန်းထဲက ပြန်ထွက်တော့ ဒေါ်စိန်က ပြောလာသည်။

"သမီး ဧည့်သည်နေရောက်နေတယ်"

"ဟင် ဘယ်သူလဲ ဒေါ်လေးစိန်"

"မောင်သူရဲကောင်းတဲ့၊ သမီးရေချိုးနေတယ်ဆိုတော့ သူ ထိုင်စောင့်နေ ပါ့မယ်ဆိုပြီး ဧည့်ခန်းထဲမှာ ထိုင်နေတယ်"

နေ အံ့သြသွားမိသည်။ သည်မနက်ပဲ ဆုံခဲ့သော ရဲ ဘာကြောင်း ထပ်ပြီး ရောက်လာတာလဲ တွေးမရပါ။

အခန်းထဲဝင်ကာ အဝတ်အစားတွေ ကပျာကသီ လဲလိုက်





သည်။ ပြီးတော့မှ ဧည့်ခန်းကို ထွက်ခဲ့တော့ ဒေါ်စိန် ဧည့်ခံထားသော ကော်ဖီတစ်ဝက်ကျိုးကာ ဂျာနယ်တစ်စောင် ကောက်ယူဖတ်နေသော ရဲကို တွေ့သည်။

မနက်တုန်းကလို မဟုတ်တော့ဘဲ အဖြူရောင်တီရှပ်နှင့် ဂျင်းပင်န်ကို ဝတ်ဆင်ထားသည်။

"ဘာကိစ္စလဲ"

"ဆိုင်မှာတုန်းက ဘာစကားမှ မပြောလိုက်ရဘူးလေ"

သူပြောမှ စာချုပ်ကိစ္စကို နေ ပြန်သတိရတော့သည်။ ဂန္ထဝင် ရောက်လာတာကြောင့် ဘာမှ မပြောခဲ့ရတာ ဖြစ်သည်။

"သိဘူးလေ ရှင်နဲ့ဂန္ထဝင် လွတ်လွတ်လပ်လပ် စကားပြောလို့ရအောင် ကျွန်မက ရှောင်ထွက်ပေးခဲ့တာ"

"ဆိုင်ကိုလာတာ မင်းနဲ့ကိုယ်လေ ဂန္ထဝင်က မထင်မှတ်ဘဲ ရောက်လာတာ"

"ရှင့်ရဲ့ ဝေဒနာဟောင်းတွေ ပြန်ပေါ်လာတယ်မို့လား"

"မဟုတ်ပါဘူး ကိုယ့်စိတ်မှာ ဂန္ထဝင်က ငယ်သူငယ်ချင်း မိတ်ဆွေတစ်ယောက် အဖြစ်ပဲရှိတယ်"

နေ နှုတ်ခမ်းကို မဲ့ချပစ်လိုက်တော့ သူ ပြုံးနေခဲ့သည်။

"ကြက်တောင်စည်း နင် မနက်စာတောင် မစားရသေးဘူးဆို"

"ဒေါ်စိန်ကို နင် စပ်စုလိုက်သေးတယ်ပေါ့"

"မဟုတ်ပါဘူး ရောက်ကတည်းက မင်းအိပ်နေတယ်လို့ မမေးဘဲ ပြောတာပါ၊ ကဲ ကိုယ်တို့ အပြင်ထွက် တစ်ခုခုစားရအောင်"

"တော်ပါပြီ မသွားချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"လာပါ ကြက်တောင်စည်းရယ် ဒီတစ်ခါ အလုပ်ကိစ္စလည်း ပြောရင်းပေါ့၊ စိတ်ချ ဂန္ထဝင် ထပ်မလာတော့ဘူး"

"လာလည်း ဂရုမစိုက်ပါဘူး ခဏစောင့်"

ပြောပြီး နေ အခန်းထဲ ပြန်ဝင်ခဲ့သည်။ ဝတ်ထားသော အင်္ကျီ ချွတ်ပြီး အဖြူရောင် ကိုယ်ကြပ်ခါးတို အင်္ကျီလေးဝတ်လိုက်သည်။

နူးဖုံးစကာဒ် အညိုရောင်လေး လဲလှယ်ပြီးတော့ မှန်ထဲ ကြည့်လိုက်မိ၏။ ဘာမှ ခြယ်သစရာမလိုမှန်း သိပေမယ့် ပေါင်ဒါဘူး လှမ်းယူကာ မျက်နှာကို နည်းနည်းဖို့လိုက်သည်။

ဆံပင်တွေကို သည်အတိုင်းပဲ ဖြန့်ချထားကာ လက်ကိုင်အိတ် လေးလှမ်းယူ ထွက်ခဲ့လိုက်၏။

ဟော့ပေါ့ပ် ဆိုင်လေးမှာ ထိုင်ဖြစ်သည်။ ဗိုက်ဆာနေတာ စားချင်သော အစားအသောက်တွေမှာကာ စားလိုက်သည်။

"ကြက်တောင်စည်း"

ရဲ ခေါ်တော့ ဘာလဲဟူသော သဘောနှင့် မေးဆတ်ပြရင်း အသားတစ်ဖက်ကို တူလေးနှင့် ကောက်စားနေမိဆဲ။

"ငါ နင့်ကို တကယ်အားနာပါတယ်၊ တောင်းပန်ပါတယ်ဟာ"

အဆက်အစပ်မရှိသော စကားကြောင့် နေ မျက်မှောင်လေး ကျုံ့သွားရင်း

"ဘာလဲ နင်ဘာကို ပြောတာလဲ ဖားရဲ"

"မနက်က ဆိုင်မှာ ဂန္ထဝင်နဲ့ ဖြစ်တဲ့ကိစ္စပါ နင်ငါ့ဘက်က ဝင်ပြောတာသိပေမယ့် ငါက နင့်ကိုတားခဲ့တာ ဘာမှ ပြဿနာ မဖြစ်စေ ချင်လို့ပါ"





အလေးအနက် ပြောနေသော ဖားး စကားကြောင့် နေ တစ်ရှုံး လေးနှင့် နှုတ်ခမ်းတွေကို သုတ်ပစ်ရင်း

"ငါလည်း နင့်ကို တောင်းပန်တယ် ရေခဲမုန့်"

"ဘာကိုပြောတာလဲ"

"ဂန္ထဝင်ကို ငါပြောလိုက်တဲ့စကားက နင်ကပဲ သူ့ကိုခံစား ကြွေနေတဲ့ ပုံပေါက်သွားတယ်၊ သူက ကျေနပ်သွားမှာပေါ့ ငါမပြော သင့်ဘူးလေ"

ဖားး ခေါင်းတညိတ်ညိတ် နားထောင်ရင်း နေကို ငေးငေးလေး စိုက်ကြည့်နေသည်။

"အင်း ငါတစ်ခု စဉ်းစားမိတယ်၊ ငါ ဘာလို့ ဂန္ထဝင်ကို အကုန် မချစ်လိုက်တာလဲ မသိဘူးနော်"

"နင်က ဂန္ထဝင်နဲ့ ပတ်သက်ပြီး အဲလောက်ထိ မခံစားရဘူးလို့ ပြောချင်တာလား"

"သေချာတယ် ကြက်တောင်စည်း၊ ငါ သူ့ လက်ထပ်တော့မယ် ကြားတော့ နည်းနည်းတော့ထူပူသွားတယ်၊ မပြီးပြတ်သေးတဲ့ ငါနဲ့သူ့ဇာတ် လမ်းကို ပြန်ဆက်ဖို့ ငါရည်ရွယ်ထားတုန်း ကြားလိုက်လို့လေ၊ အခုတော့ လည်း ပုံမှန်ပါပဲ"

ဖားး တည်ငြိမ်စွာ ပြောနေတာ မျက်ဝန်းတွေက သက်သေ တည်နေလေသည်။

"တကယ်ဆို ဂန္ထဝင်ကို ငါအရမ်းခံစားသင့်တာ"

ဖားး စကားကြောင့် နေ အာရုံထဲပြေးမြင်မိတာ ကိုကိုကိုဖြစ် သည်။ ကိုကိုနှင့် ပတ်သက်ပြီး နေ မျှော်လင့်ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမျှော်လင့်ချက်တွေ ဖျက်ခဲ့တော့ နေ ခံစားရသည်။ အခု တော့လည်း အသားကျသွားသလို ရှိနေသည်။

နေကော သက်ေတကို တကယ်မချစ်ခဲ့လို့လား စဉ်းစားစရာပါပဲ

"ခြောက် ကြက်တောင်စည်း ကိုပြတိုက်ကိစ္စကို ငါ နင့်ဆန္ဒရှိတဲ့ အတိုင်း စီစဉ်ပေးမယ်နော်"

"နေဦး ဖား ဒီသိန်းနှစ်ဆယ်ကိစ္စကို နင်သိအောင် ငါပြော ပြရဦးမှာလား"

"နီး မလိုပါဘူး ငါသိထားတယ်"

"ဘာလဲ ဆရာပြတိုက် ပြောပြီးသားပေါ့"

"မဟုတ်ဘူး ငါ့ဘာသာ သိနေတာပါ"

နေ အံ့ဩမိသည်။ ဖား သိနေသည်တဲ့။ ဘယ်လိုလုပ် သိနေတာ လဲ မမေးဖြစ်တော့ဘဲ နှုတ်ဆိတ်နေလိုက်ပါသည်။

■ ■ ■

တိုက်ခန်း ပြန်ရောက်တော့ ဧည့်ခန်းထဲမှာ ဆရာပြတိုက်နှင့် အတူထိုင်နေသော ရှင်းသန့်ကို တွေ့ရတာမို့ အံ့ဩမိသွား၏။

"ဆရာ ရှင်းသန့်ဆီ လာလည်တာလား"

တမင်မေးတော့ ပြတိုက် ခေါင်းညိတ်ရင်း

"ဟုတ်တယ် ရှင်းသန့်ဆီပဲ လာလည်ရတာပေါ့ ကိုယ်ကို မခင်တဲ့သူဆီ လာလည်လို့ ဘယ်ဖြစ်မှာလဲ"

နေကို တမင်ပြန်ရွဲ့ပြောတာ သိသည်။ မသိချင်ယောင် ဆောင် ကာ နေ ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

"မမနေ"



"ဟင် ကိကိလာလေ"

"မထိုင်တော့ဘူး မမနေ မနက်ဖြန် တာပေါင်ကိုသွားကြမယ် အဲဒါ မမနေ လိုက်ခဲ့နော်"

"ဘာလဲ ငါးဖမ်းမလို့လား"

"ဟုတ်တယ် တာပေါင်မှာငါးတွေ အများကြီးပဲတဲ့ အဲဒါ ကိကို တို့ သွားဖမ်းကြမယ်"

"ဘယ်သူတွေ ပါဦးမှာလဲ ကိကိရဲ့"

"အားလုံးရှစ်ယောက် မမနေပါရင် ကိုးယောက်ပေါ့"

"အိုကေ မမနေလိုက်မယ် ရှင်းသန့် နင်ကော"

"ငါ မအားဘူး နေ၊ မနက်ဖြန် အိမ်ကိုသွားမလို့"

"ဒါဆို ငါပဲသွားမယ် ကိကို အိုကေတယ်၊ ထမင်းစားပြီး ဆယ့်တစ်နာရီလောက် လစ်ကြမယ်"

"တကယ်နော် မမနေ ဒါဆို ကိကိချိန်းလိုက်မယ်"

"အေး အေး ဘိုင်ဘိုင့် ကိကို"

ကိကို နှုတ်ဆက်ပြီး ထွက်သွားတော့ ပြတိုက်က နေကို ပြုံးကြည့်ရင်း

"ကလေးတွေနဲ့ ပေါင်းပြီး ရွှံ့ထဲဗွက်ထဲမှာ ငါးနှိုက်ကြဦးမလို့ ပေါ့လေ"

"ဟုတ်တယ် ကလေးတွေက ခင်စရာ အကောင်းဆုံး မိတ် ဆွေတွေပဲ"

"ဟုတ်ပါပြီဗျာ ကဲ ကိုယ်ပြန်ဦးမယ် ရှင်းသန့်"

"ဟုတ်ကဲ့ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



ပြတိုက် ထွက်သွားတော့ ရှင်းသန့်က နေကို ပြုံးကြည့်နေတာမို့

"မိရှင်းသန့် နှင့်အကြံတွေ ငါမသိဘူး ထင်နေလို့လား ငါ့ကိုတော့ ကြွားက အောင်သွယ်ပေးဖို့ မကြိုးစားနဲ့နော်"

"အား နာလိုက်ဆာ ကောင်မစုတ်ရယ်"

လက်မောင်းကို ခပ်ဆတ်ဆတ်လေး ရိုက်လိုက်မှ ရှင်းသန့်မျက်နှာလေးမှဲ့ကာ အော်သည်။ နေတစ်စင်း အခန်းထဲ ပြေးဝင်ခဲ့လိုက်သည်။

■ ■ ■



## အခန်း (၂၄)

နောက်တစ်နေ့ နေ့လယ် ဆယ့်တစ်နာရီ မထိုးခင် ဆယ်မိနစ်လောက်မှာပဲ ကိုကိုတို့ ကလေးတွေ ရောက်လာသည်။

"မျှော်လေးပါ လိုက်မှာလား စာမကျက်ဘူးလား"

"ဟာ ကျက်ပါတယ် မမရဲ့ ဒီနေ့တော့ ကျွန်တော် ကျူရှင်အရက်မို့ လိုက်မလို့"

"ကဲ ဟုတ်ပါပြီ ငါတို့ ဘာကားစီးသွားရင် ကောင်းမလဲ"

"မမနေ ပါရမီ စီးသွားရင် အဆင်ပြေတယ်"

မျှော်စင်ပါ ပါလာတာကြောင့် အင်အားက ဆယ်ယောက်ဖြစ်နေသည်။ နေရဲ့ ပရာဒိုကားနှင့်မဖြစ်။ ပါရမီနှင့်သွားဖို့ ဆုံးဖြတ်သည်။

တိုက်အောက်ရောက်တော့ ပြတိုက် ရောက်နေသည်။ မှန်လုံဘတ်စ်ကားလေးနှင့်မို့ နေ မျက်မှောင်ကုပ်သွား၏။



www.burmeseclassic.com

"နေတို့ အဆင်မပြေအောင် ကိုယ်စီစဉ်လာတာလေ ဒီမှာ မီနီဘတ်စ်ကား ပါတယ်၊ အားလုံးတက်ကြ"

အားလုံး ဝမ်းသာကျေနပ်သွားကြသည်။ နေ စိတ်မှာ ကသိကအောက် ဖြစ်မိပေမယ့် ကလေးတွေအတွက် လက်ခံလိုက်ရ၏။

"ကလေးတွေကို ဒုက္ခမခံစေချင်လို့ ဒီတစ်ခါတော့ အကူအညီယူလိုက်မယ်"

ကားပေါ်ရောက်တော့ တိတိက နေတစ်စင်း အနားကပ်ကာမေးသည်။

"မမနေ အဲဒါ မမနေ့ ရည်းစားလား"

"ဟာ မဟုတ်တာ မဟုတ်ဘူး"

ပြတိုက် နေကို ပြုံးကြည့်နေသည်။ နေ မသိချင်ယောင်ဆောင်နေလိုက်ပါသည်။

ပါရမီနှင့် သွားမည့်ခရီးစဉ်က မီနီဘတ်စ်နှင့်မို့ အားလုံး သက်တောင့်သက်သာတော့ ဖြစ်ခဲ့ကြသည်။

တာပေါင် ရောက်တော့ နေနှင့် ကလေးတွေ ပုံးတွေ၊ ပိုက်တွေဆွဲကာ ငါးဖမ်းကြတော့သည်။

"အစ်ကိုကြီး သားတို့နဲ့အတူ လာပစ်ပါလား" ပျော်ရာကြီး"

မျှော်စင်က လှမ်းခေါ်တော့ ပြတိုက် လက်ကာပြရင်းကားနံဘေးမှာ ငုတ်တုတ် ထိုင်စောင့်ပေးသည်။

"မင်းတို့ပဲ ဖမ်းကြပါကွာ ဒီမှာ ရေဆာရင် ရေလာသောက်မုန့်တွေလည်း ရှိတယ် ဟုတ်လား"

ရွှံ့ထဲဗွက်ထဲမှာ ကလေးတွေနှင့်အတူ ငါးဖမ်းနေသော နေ





ကို ပြတိုက် ငေးကြည့်နေမိသည်။

အနက်ရောင် ဘောင်းဘီတိုလေးနှင့် လက်ပြတ် တီရှပ်လေးကို ဝတ်ဆင်ထားသော နေသည် ကလေးတစ်ယောက်လို ဖြစ်နေသည်။

သည်ကလေး အုပ်စုနှင့် နေကိုကြည့်ရင်း သူလည်း ပျော်နေမိ၏။ ဒီလိုကျတော့လည်း နေတစ်စင်းဆိုသော မိန်းကလေးသည် တကယ့်ကလေးလေး အတိုင်းပါပဲလား။

■ ■ ■

ရုံးပိတ်ရက်မို့ ရဲ နေတစ်စင်းတို့ အိမ်ထွက်ခဲ့သည်။

နေတစ်စင်း မရှိဘဲ ရှင်းသန့်နှင့်ပဲဆုံသည်။ ရှင်းသန့်က တံခါးဖွင့်ဆီးကြိုရင်း

"ရဲ ထိုင်လေ အထဲဝင်ဦး ဘာသောက်မလဲ"

ရှင်းသန့် မျက်နှာလေး ရွှင်ပြုံးကာ သူ့ကို ဝမ်းသာအားရ ဖိတ်ခေါ် နေတာမို့ သူ ဝင်ထိုင်လိုက်ရ၏။

"ဘာမှ မသောက်တော့ဘူး ကြက်တောင်စည်းကော"

"မရှိဘူး ရဲရဲ၊ ကလေးတွေနဲ့ တာပေါင်မှာ ငါးဖမ်းသွားကြတာ"

ရှင်းသန့်စကားကြောင့် သူ ပြုံးမိသည်။ ကြက်တောင်စည်းသတော့ တကယ့်ပါပဲ။ ကုမ္ပဏီ အလုပ်ပိတ်ထားချိန်မှာ ထင်တိုင်းကြနေသည်ပေါ့။

"ရဲ တစ်ခုခုသောက်ဟာ ကော်ဖီဖြစ်ဖြစ် အအေးဖြစ်ဖြစ်"

ငြင်းလို့ မကောင်းတာမို့ သူ ခေါင်းညိတ်ကာ ကော်ဖီတစ်ခွက်သောက်လိုက်ရသည်။

www.burmeseclassic.com



သူတွေ့ချင်သော နေ မရှိတာမို့ ရှင်းသန့်မို့ ဆက်ပြီး ထိုင်မနေချင်တော့ပါ။

"ပြန်ဦးမယ် ရှင်းသန့်"

"ဟင် အခုပဲရောက်တာကို"

"လမ်းကြုံလို့ ခဏဝင်လာတာဟ ကြက်တောင်စည်းကိုကိုပြတိုက်နဲ့ကိစ္စအတွက် စာချုပ်ကိစ္စမေးချင်လို့"

"ပြန်လာရင် ပြောလိုက်မယ်လေ"

"ရတယ် နောက်မှ ငါဖုန်းဆက်လိုက်ပါ့မယ် သွားပြီရှင်းသန့်"

ရှင်းသန့် သူ့ကို တံခါးနားအထိ လိုက်ပို့သည်။ ရှင်းသန့် မျက်ဝန်းတွေက သူနှင့်ဆုံတိုင်း တစ်စုံတစ်ရာကို မျှော်လင့်နေတာ သူ နားလည်သည်။ ဒါပေမဲ့လည်း သူ့စိတ်က ရှင်းသန့်ကို သူငယ်ချင်းလို့ပဲ ခင်မင်တော့ ခက်ပါသည်။

ကလေးတွေနှင့် သွားသည်ဆိုတော့ နေတို့ လူအင်အား များနိုင်၏။ တိုက်အောက် ကားပါကင်မှာလည်း နေရဲ့ ကားလေးရှိနေသည်။

တာပေါင်ဘက်ကို သူလိုက်ခဲ့သည်။

မမျှော်လင့်ထားသော မြင်ကွင်းက ဆီးကြိုနေတော့ သူ တွန့်ခနဲ ဖြစ်သွားပါသည်။

ရပ်ထားသော မီနီဘတ်စ်ကားအနီးမှာ ကိုပြတိုက်။ နေတို့ ကလေးအုပ်က ရွှံ့ဖွက်တွေ ပေကျံလျက် ငါးဖမ်းနေကြသည်။

ရေကန်တွေက ဒူးသာသာလောက်ပဲ ရှိတာမို့ ကောင်ဆီတို့ လေးနှင့် နေ့ကို သူ တွေ့နေရ၏။





သူ စီးလာတာက ဒယ်ဒီ့ရဲ့ကားမို့ထင်သည် နေတို့ သတိမထားမိကြပါ။ ပြတိုက် ရှိနေတာမို့လည်း သူ မနေတော့ဘဲ ကားကို ဦးလှည့်ပြန်ခဲ့သည်။

စိတ်ထဲမှာတော့ ကိုပြတိုက် ရှိနေတာကို မကျေနပ်သလို ဖြစ်နေတာ အမှန်။

■ ■ ■

"ဟော့ ပြန်ကြမယ် အိမ်ကလူကြီးတွေ စိတ်ပူနေမယ်"

နေပြောတော့ အားလုံး တာပေါ်ပြန်တက်ကြသည်။ ရေကန်လေးတွေမှာ ပေကျံနေသော ရွှံ့ဖွက်တွေကို ဆေးကြောလိုက်ကြ၏။

"ကဲ ကလေးတို့ ပြန်ကြမယ်၊ နောက်တစ်ခါ လာမယ်ဆိုရင် အစ်ကို့ကို ပြောကြနော် အခုလိုပဲ လိုက်ပို့ပေးမယ်"

ပြတိုက် ကလေးတွေကို စည်းရုံးနေသည်။ နေ မသိချင်ယောင်ဆောင်နေလိုက်ပါသည်။

ရလာသော ငါးတွေကို ကလေးတွေကိုပဲ ခွဲဝေပေးလိုက်သည်။ ကားဆီ ပြန်အလာမှာ နေ ခြေဖဝါးက စူးခနဲ နာကျင်သွား၏။

ဆူးစူးတာလား၊ ကျောက်ကွဲစ ရှတာလားမသိ။ ကားပေါ်ကိုပဲ ခပ်သုတ်သုတ်လေး ပြန်တက်ခဲ့လိုက်သည်။

ကလေးတွေ တစ်ယောက်တစ်ပေါက် ဟစ်အော်ရင်း ပြန်ခဲ့ကြသော ခရီးမှာ ခြေထောက်အနာကိုလည်း နေ မေ့ထားလိုက်သည်။

"အားလုံးကို အိမ်တိုင်ရာရောက် ပို့ပေးမယ်"

ပြတိုက် စကားကြောင့် ကလေးတွေ ကျေနပ်သွားကြသည်။ အရင်ဆုံး နေတို့ တိုက်ခန်းကို ပို့ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"အထဲမဝင်နဲ့တော့ ကိုပြတိုက် လမ်းမပေါ်ပဲရပ်ပေးပါ"

နေ စကားအတိုင်း ပြတိုက်ကားကို ခြံဝနားပဲ ရပ်ပေးသည်။ မျှော်စင်နှင့်ကိုကိုတို့အမှာ ဆင်းသည်။ နေလည်း နောက်ကလိုက်ဆင်းရင်း

"ကျေးဇူးတင်တယ် ကိုပြတိုက်၊ ကျန်တဲ့ကလေးတွေကို အိမ်ရှေ့အရောက် ပြန်ပို့ပေးပါနော်"

"စိတ်ချ နေ၊ မင်းတို့ နောက်တစ်ခါသွားကြတဲ့အခါ ကိုယ့်ကိုပဲ ခေါ်အောင် ကိုယ်က တာဝန်ကျေမှာပါ"

နေ ဘာမှမပြောတော့ဘဲ ကလေးတွေကိုလက်ပြနှုတ်ဆက်လိုက်၏။ ပြတိုက် ကားကိုမောင်းထွက်သွားမှ နေ တိုက်ထဲဝင်ဖို့ ခြေလှမ်းကိုအလှမ်း ခြေဖဝါးက ဆစ်ခနဲ နာသည်။

"အ ခြေထောက်က နာတယ်ဟ"

"ဟင် မမနေ ခြေထောက်မှာသွေးတွေ"

မျှော်လေးပြောမှ နေ ငုံ့ကြည့်မိသည်။ စီးထားသော ဖိနပ်လေးမှာသွေးတွေ ရဲနေသည်။ နေ ဖိနပ်ချွတ်ကာ ခြေဖဝါးကို ကြည့်မိ၏။

"ဟင်"

အခုမှ ကိုယ့်ဒဏ်ရာကို ထိတ်လန့်သွားသည်။ ခြေဖဝါးကွဲဒဏ်ရာကြီးက လက်တစ်ဆစ်ခန့် ရှိနေသည်။ ကားပေါ်မှာတုန်းက သွေးမှနေတုန်းမို့ မသိခဲ့။

"ကွီ"

အနားကို ထိုးရပ်လာသော ကားတစ်စီးကြောင့် နေတစ်ချင်းတို့





မော့ကြည့်မိတော့ ကားထဲက ဆင်းလာတာက သူရဲကောင်း ဖြစ်နေ၏။

"ဘာဖြစ်တာလဲ ကြက်တောင်စည်း"

"မမနေ ခြေထောက်ကွဲသွားလို့ အစ်ကို"

"ဟင် ဟုတ်လား၊ ဟာ အတော်ကြီးတာပဲ ဆေးခန်းသွားမှပေါ့ လာ ငါလိုက်ပို့မယ်"

"ရ ရတယ် ဖာ့း"

"လုပ်မနေနဲ့ လာ သားတို့ပြန်နှင့်ကြ၊ မင်းတို့ မမနေကို ဆေးခန်းပို့လိုက်မယ်"

ရဲ ပြောပြောဆိုဆို နေကို တွဲခေါ်ကာ ကားထဲပို့သည်။ အခုမှ ဒဏ်ရာက ပိုနာလာသလိုမို့ နေ အံလေးကြိတ်ထားမိ၏။

"ငါ တာပေါင်ကို ရောက်ခဲ့သေးတယ်၊ ကိုပြတိုက်ရှိနေလို့ ပြန်လာတာ"

"ဟင်"

ဖား စကားကြောင့် နေ အံ့သြမိသည်။

ဆေးခန်းကိုရောက်တော့ နေ ခြေထောက်က မထောက်နိုင်အောင် နာနေသည်။

"လာ နေ နင့်ကို ငါပွေ့ခေါ်မယ်"

"ဟာ မလုပ်နဲ့"

နေ တားချိန်တောင် မရလိုက်ပါ။ ဖား ဇွတ်ခနဲ ပွေ့ချီပြီး ဖြစ်နေ၏။ ဒဏ်ရာက သုံးချက်ချုပ်ရသည်။

ဆေးထည့် ပတ်တီးစည်းကာ ဆေးတစ်လုံးထိုး လိုက်ရ၏။ အပြန်မှာလည်း ဖားက ကားပေါ်အထိ ပွေ့ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခန်းရောက်တော့လည်း ပွေ့ခေါ်တာမို့ နေ ရှက်မျက်နှာလေးရဲကာ ရင်ကခုန်ချင်၏။

"ဟယ် ဘာ ဘာဖြစ်လာတာလဲ"

ရှင်းသန့် တံခါးဖွင့်ပေးရင်း အံ့သြစွာမေး၏။

"ငါးဖမ်းသွားတဲ့သူ ခြေထောက်ကွဲလာလို့ သုံးချက်ချုပ်လိုက်ရတာလေ"

"ဟယ် နေရယ်"

"ရပြီ ရပြီ ဖား ငါ့ကို ထိုင်ခုံမှာပဲ ချပေး"

ရှင်းသန့်ရှေ့မှာမို့ နေ မျက်နှာလည်း ပူသည်။ ဖားကို ဆိုဖာထိုင်ခုံမှာပဲ ချပေးခိုင်းလိုက်ရ၏။

"ဆေးသောက်ဦးနော် လမ်းလျှောက်ရင် ဒဏ်ရာကို မဖိမိစေနဲ့ ချုပ်ရိုးပြေသွားမှ ပိုဆိုးမယ်"

ဖား စိုးရိမ်စွာမှာပြီး နှုတ်ဆက်ပြန်သွားသည်။ ရှင်းသန့်က သူမတို့နှစ်ယောက်ကို ငေးငေးလေး ကြည့်နေသည်။

နေကိုဘာမှ မမေးပေမယ့် ရှင်းသန့် စိတ်ထဲမှာ မေးခွန်းတွေပြည့်နေသည်လား။

နေလည်း ဘာမှတော့ မပြောဖြစ်ပေမယ့် ရှင်းသန့်ကိုတော့ မျက်နှာပူ အားနာပါသည်။

ဖားရင်ခွင်ထဲမှာ ရင်ခုန်ခဲ့တာ နေ ရိုးသားရဲ့လား။

■ ■ ■



## အခန်း (၂၅)

ခြေထောက်ဒဏ်ရာကြောင့် နေ အပြင်မထွက်ဖြစ်ပါ။ ဒီနေ့ ရှင်းသန့်က သူမာမီ ဖုန်းဆက်ခေါ်လို့ ပြန်သွားသည်။

နေ ညည်ခန်းထိုင်ခုံလေးမှာ ထိုင်ရင်း ယွန်းဘူးလေးကို အပျင်းပြေ ဖွင့်ကြည့်လိုက်သည်။

ငယ်စဉ်တုန်းက ဘဝမှာ အမှတ်တရ ဖြစ်စရာတွေကို ဒီယွန်းဘူးလေးထဲမှာ သိမ်းဆည်းထားဖြစ်သည်။

သင်္ကေတပေးထားသော ဖန်ဂေါ်လီလေးရွှေ့ ပြီးတော့ ရှင်းသန့်နှင့် လင်းလင်းတို့ ပေးထားသော လက်ဆောင်အရုပ်လေးတွေ သော့ချိတ်လေးတွ၊ အဖြူရောင်ကဒ်ထူစက္ကူလေး တစ်ခုလည်းပါသည်။

"ခြေထောက် မြန်မြန် ပြန်ကောင်းပါစေ"

မှတ်မှတ်ရရ သိမ်းထားသော ထိုကဒ်လေးမှာ ရေးထားသော လက်ရေးက ဖားလက်ရေးဖြစ်သည်။

မှတ်မိနေသေးသည်။ ထိုစဉ်တုန်းက ကျောင်းပိတ်ရက် ရှင်းသန့်



www.burmeseclassic.com

www.burmeseclassic.com


တို့ ခြံရှေ့မှာ နေတို့ ကစားနေကြတုန်းက ဖြစ်သည်။

စက်ဘီးကို အမြန်နှင်းကာ အနားရောက်လာသော ဖားကို နေ သတိမထားမိလိုက်ပါ။

ခေါင်းကို လက်ခေါက်နှင့် ဂေါက်ခနဲ ခေါက်ခံလိုက်ရခြင်းနှင့် အတူ ကြက်တောင်စည်း ဟူသော အော်သံကြားလိုက်မှ

"သေနာကောင် ဖား"

နေဘာမှ မတုံ့ပြန်နိုင်အောင် ဖားက အဝေးကို ရောက်သွားခဲ့သည်။ စိတ်တိုနေသော နေ ဒေါသဖြစ်ကာ ခြေကိုလွှဲကန်မိတော့

"အား"

မဆင်မခြင် ကန်မိသော ခွဲချွန်လေးကြောင့် နေတစ်စင်း ခြေမ ဟတ်တက်ကွဲကာ သွေးတွေ ယိုစီးကျလာ၏။

"ဟယ် နေ သွေး သွေးတွေ"

"နေ နင့်ခြေထောက်"

ရှင်းသန့်နှင့် လင်းလင်း အထိတ်တလန့် အော်ကြတော့သည်။ ဒဏ်ရာကြောင့် တစ်ချက်ချုပ်ကာ ပတ်တီးစည်းလိုက်ရ၏။

နေ ဘယ်မှ မသွားနိုင်ဘဲ အိမ်မှာ နှစ်ရက်လောက် နားနေရချိန်မှာ ထိုကဒ်လေးနှင့်အတူ ဆုတောင်းစာလေး ဖားဆီက ရောက်လာတာဖြစ်၏။

"သေနာကောင် နင့်ကြောင့် ဖြစ်ရတာ"

နေ စိတ်က ကျိန်ဆဲမိပေမယ့် ဖား၏ စာခေါက်လေးကိုတော့ အမှတ်တရ သိမ်းထားဖြစ်ခဲ့ပါသည်။

အခုချိန်မှာတော့ ထိုစာလေးက မှိန်ဖျော့နေပေမယ့် အတိတ်ကို



ပြန်သတိရစရာအဖြစ် နေဆီမှာ ရှိနေဆဲ။

"နေ"

တံခါးဝက ခေါ်သံကြောင့် မော့ကြည့်တော့ ဖားရောက်နေ၏

"ဩော် ဖား ဝင်လာခဲ့လေဟာ တံခါးစေ့ထားတာ"

စေ့ထားသော သံပန်းတံခါးလေးဖွင့်ကာ ဖား ဝင်လာသည်။ နေ ရှေ့က ထိုင်ခုံမှာ ဝင်ထိုင်ရင်း

"ဒဏ်ရာ သက်သာရဲ့လား ရှင်းသန့်ကော"

"သက်သာပါတယ် ရိပ်က သူ့မာမီခေါ်လို့ အိမ်ခဏပြန်သွားတယ်"

ဖား အကြည့်တွေက စားပွဲပေါ်က ယွန်းဘူးလေးကို ရောက်နေတာ နေ ယွန်းဘူးကို သိမ်းဖို့ လှမ်းလိုက်သည်။

ဖားကလည်း လှမ်းအယူနှင့် ဆုံကာ နှစ်ယောက် ပြိုင်တူ ကိုင်မိသား ဖြစ်နေ၏။

"ခဏလေး ငါကြည့်ချင်လို့"

"မကြည့်နဲ့ ပြန်ပေး"

"မရဘူး ကြည့်မယ်"

ပြောရင်း ဖား ဆွဲယူသည်။ နေကလည်း ပြန်လုတော့ ယွန်းဘူးလေး အဖုံးပွင့်ကာ ကြမ်းပြင်ပေါ် ပြုတ်ကျကုန်၏။

"ဟယ် ထွက်ကျကုန်ပြီ"

"ဟား ဟား ဘာတွေလဲလို့ ဖန်ဂေါ်လီတွေ အရုပ်တွေပဲ နင် သူငယ်ပြန်နေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်စုတ် ငါ အမှတ်တရ သိမ်းထားတာတွေဟဲ့"

"နေ နေ ငါပြန်ကောက်ပေးမယ်"

မှော် ပြောပြောဆို လိမ့်ကျကုန်သော ဖန်ဂေါ်လီတွေကို ပြန် ကောက်ပေးသည်။ အရုပ်လေးတွေ ပြန်ကောက်ထည့် ပေး၏။

"ကဲ ရော့ ရော့ နင်ရဲ့အန်းတိတ်ပစ္စည်းတွေ"

"ဟုတ်တယ် ဖန်ဂေါ်လီတွေက သင်္ကေတ ပေးထားတာ ကျ တာတွေက ရှင်းသန့်တို့ လင်းလင်းတို့ ပေးထားတာ"

ဖား ပခုံးတစ်ချက်တွန့် နှာခေါင်းရှုံ့ရင်း

"ဒါတွေကို နင်သိမ်းထားရင် ခံစားနေရမှာပေါ့ လွှင့်ပစ်လိုက်"

"ဘာလို့ လွှင့်ပစ်ရမှာလဲ နင်တောင် ဂန္ထဝင်ပုံကို အိတ်ကပ်ထဲ ထည့်သိမ်းသေးတာပဲ"

"နီး အခု ငါ့အိတ်ထဲမှာ မရှိတော့ဘူး"

ဖား စကားကြောင့် နေ လှောင်သလိုလေး ရယ်ပစ်ရင်း ယွန်း ဘူးလေးကို စားပွဲပေါ် တင်လိုက်၏။

"ကြက်တောင်စည်း"

"ဘာလဲ"

"ငါနဲ့နင် သူတို့တွေကို မေ့နိုင်သလား စမ်းသပ်ကြည့်လို့ရတဲ့ နည်းလမ်းတစ်ခု ငါတွေ့ထားတယ်"

"ဘာလဲ ပြောစမ်းပါဦး"

"နင်နဲ့ငါ ရက်တစ်ရာလောက် တွဲကြည့်ရအောင်"

"ဘာရယ်"

"ဟုတ်တယ်လေ နင်နဲ့ငါက အမြဲကန့်လန့် ဖြစ်နေတာ ငါတို့ တွဲကြည့်ရင် သူတို့ကို တကယ်မေ့မမေ့ သိရမှာပဲ"





နေ မျက်နှာလေးနီကာ ရင်ထဲမှာ တလှပ်လှပ် ခုန်နေသည်။ ဒါပေမဲ့ ဖား မသိစေချင်တာမို့ သိုဝှက်ထိန်းရင်း

"နင် ရူးနေလား ဖား နင်နဲ့ငါ ဘယ်တုန်းကမှ တည့်ခဲ့တာ မဟုတ်ဘူးလေ နင် ရူးနေပြီ"

"အေးနော် ငါဘာလို့ ရူးသွားလဲ မသိဘူး။ နင်လည်း အဲဒီလို ကြည့်ပါလား"

"တော်ပါတော့ ဖားရာ၊ ငါရယ်ရလွန်းလို့ သေလိမ့်မယ်"

"ကဲ ငါပြန်မယ်ဟာ"

ပြောပြောဆိုဆို ဖား ထရပ်ကာ အခန်းထဲက ထွက်သွားခဲ့ သည်။ အခန်းအပြင်ရောက်တော့ နံရံမှာ ကပ်ရပ်နေသော ပြတိုက်ကို တွေ့၏။

"ဟင် ကိုပြတိုက် ရပ်စောင့်ပေးနေတာလား"

"မဟုတ်ဘူး မင်းတို့စကားတွေက စိတ်ဝင်စားစရာ ကောင်းနေ လို့ မင်းက ငါပြိုင်ဘက် ဖြစ်နေမှန်း အခုမှသိတယ်"

ပြတိုက် စကားကြောင့် သူရဲကောင်း ပခုံးတွန့် ပြုံးမိရင်း

"ကျွန်တော်ကတော့ ခပ်ညစ်ညစ်ပဲ ပြိုင်တတ်တယ်"

"နေဦး ရဲ ကိုယ်ပြိုင်ရမှာ မင်းတစ်ယောက်တည်း မဟုတ်ဘူး။ အခြားတစ်ယောက်ရှိတာ အခုသိလိုက်တယ်၊ နေရဲ့ ချစ်သူက ဘယ်သူ လဲ"

"ကျွန်တော် ပြောမပြဘူး"

"အိုကေ ရတယ်၊ ကိုယ် စုံစမ်းဖို့ မခက်ပါဘူး"



www.burmeseclassic.com

"ဟုတ်မှာပါ၊ ကဲ ခွင့်ပြုပါဦး"

နှုတ်ဆက်ပြီး ရဲ ထွက်ခဲ့လိုက်သည်။ ပြတိုက် အနောက်မှာ တိတ်ဆိတ်စွာ ရပ်ငေးကျန်ခဲ့သည်လား သူရဲကောင်း မသိပါ။

သေချာသည်က ကြက်တောင်စည်း ဆိုသော နေတစ်စင်းသည် ရဲ ရင်ထဲမှာ အရိပ်ထင်ပါလာတာပဲ ဖြစ်၏။

ထူးတော့ ထူးဆန်းပါသည်။

■ ■ ■

ဘယ်လိုမှ ထင်မှတ်မထားပါ။ ပစ္စည်းတွေ ပြန်စစ်တော့မှ ဖားရဲ့ စာကဒ်လေး ပျောက်နေသည်။

နေ့လည်ကပဲ ရှိသည်။ ယွန်းဘူးမှောက်သွားတော့ ဖား ပြန်ကောက်ပေးခဲ့သည်။

"သေနာကောင် ခိုးသွားတာပဲ ဖြစ်မယ်"

တွေးရင်း နေ ဖုန်းကိုကောက်ယူကာ ချက်ချင်း ဆက်လိုက်သည်။ ဖား ဖုန်းကို မသိတာမို့ မမကြွယ်စင်ဆီ ဆက်ရခြင်း

"မမကြွယ်စင် ဖားနဲ့ ပြောစရာရှိလို့"

"ရဲလေး ဖုန်းကိုဆက်လေ နံပါတ်က ....."

မမကြွယ်စင် ပေးသောနံပါတ်အတိုင်း ဆက်လိုက်တော့မှ ဖား ဖုန်းကို လာကိုင်သည်။

"ဖား သူခိုး"

"ဘာလဲ ဘလိုင်းကြီးပါလား"

"မညာနဲ့ နင့်ဆီမှာ ငါ့အမှတ်တရ ပစ္စည်းပါသွားတယ်"

"ဩော် ဒါလား ငါ့ပစ္စည်း မဟုတ်လား"





"သေနာကောင် နင် ခုချက်ချင်း ပြန်လာပေး"

"အဲဒီပစ္စည်းကို လိုချင်ရင် ငါနဲ့နင် မနက်ဖြန် နေ့လယ်စာ အတူစားပြီး ရက်တစ်ရာတွဲရမယ်"

"လုံးဝမဖြစ်နိုင်တာ"

"အေးလေ နင် စဉ်းစားပေါ့ ဒီပစ္စည်းကို စွန့်လွှတ်မလား ငါနဲ့ ရက်တစ်ရာ တွဲမလား"

"ဖား နင်မညစ်နဲ့ ငါက ငယ်ဘဝအမှတ်တရ သိမ်းထားတာပဲရှိတယ် ဘာမှမဟုတ်ဘူး"

"ငါမသိဘူး၊ ငါပြောတာ နင်လက်ခံသလား"

ဖား ညစ်နေပြီ၊ နေ စဉ်းစားရင်း အကြံတစ်ခုရကာ ပြုံးလိုက်၏၊

"ကောင်းပြီ နင်နဲ့နေ့လယ်စာ စားမယ်၊ နင်ပစ္စည်းတော့ ပြန်ယူလာနော်"

"အေးပါ လှလှလေး ဝတ်ခဲ့နော်၊ Green flower မှာ ငါစောင့်မယ်"

"ကောင်းပြီ"

နေ ဖုန်းကို ပြန်ပိတ်ကာ ရှင်းသန့် အခန်းဘက်ထွက်ခဲ့တော့ ရှင်းသန့် ခုတင်ပေါ်မှာ စာအုပ်ဖတ်နေ၏။

"ရှင်းသန့် မနက်ဖြန် နင် အားလား"

"ငါ့မှာ ဖောဖောသီသီရှိတာဆိုလို့ အချိန်တွေပဲလေ ဘာကိစ်"

"မနက်ဖြန် ဖားနဲ့ နေ့လယ်စာ သွားစားမလို့ နင့်ကိုခေါ်ခဲ့တဲ့"

"တဲကယ်"

www.burmeseclassic.com



ရှင်းသန့် မျက်နှာလေး ဝင်းပသွားတာကြည့်ရင်း နေ ခေါင်းလေးညိတ်ပြုံးပြလိုက်ပါသည်။

■ ■ ■



## အခန်း (၂၆)

နေနှင့် ရှင်းသန့်တို့ရောက်တော့ ရဲကို ချိန်းထားသော စားပွဲဝိုင်းမှာပဲ တွေ့ရ၏။

နံဘေးမှာ ရှင်းသန့် ပါလာတာမို့ ရဲ မျက်နှာတည်သွား၏။ ရှင်းသန့်ကတော့ ပန်းဆီရောင် ဝတ်စုံလေးနှင့် လှပလွန်းနေ၏။ နေကတော့ တမင်ပဲ စပို့ရှပ်လက်တိုနှင့် ကွာတားဘောင်းဘီ ညိုလေးပဲဝတ်ခဲ့တာဖြစ်၏။

"ရှင်းသန့် ထိုင်လေ"

ရှင်းသန့်ကို ဖား ဘေးမှာပဲ နေရာချပေးကာ နေက ရှင်းသန့်ဘေးမှာ ဝင်ထိုင်လိုက်၏။

"ဖား ငါနဲ့ရှင်းသန့် အသားကင်လွှာစားမယ်"

"နင် ရှင်းမှာပဲဟာ စားချင်တာ စားပေါ့"

"ကောင်စုတ် လှလည်း တော်တော်ကျတယ်၊ ဟဲ့ နှင်တို့ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တွဲ ထိုင်နေသော အဝော်လိုက်တယ်၊ ဖား နင် ရှင်းသန့်ကို တွဲပါလား"

"ဟာ ကြက်တောင်စည်း နင်ဘာတွေ ပြောနေတာလဲ ငါနဲ့ရှင်းသန့်က အခင်ဆုံး သူငယ်ချင်းတွေနော်"

"အင်း နေကလည်းဟယ် မစပါနဲ့"

ရှင်းသန့် မျက်နှာလေးနီကာ ဖား စကားကို သံယောင်လိုက်၏။ နေ ပြုံးလိုက်ရင်း

"နင်တို့ ခဏထိုင်ကြဦး ငါ သန့်စင်ခန်း ခဏသွားဦးမယ်"

တမင်အကြောင်းပြကာ နေ ထွက်ခဲ့၏။ သန့်စင်ခန်းမှာ ဆယ်မိနစ်လောက် အချိန်ဖြုန်းပြီးမှာ ပြန်အထွက်မှာ

"နေတစ်စင်း"

"အမေ့ ဘုရားကြီးငုတ်တုတ်"

အနားကပ် ခေါ်လိုက်တာမို့ နေ လန့်သွားရ၏။ ကြည့်လိုက်တော့ သူရဲကောင်း။

"နင့်အကြံ ဒါအကုန်ပဲလား နာနတ်သီး၊ ငါနဲ့ရှင်းသန့်ကို နှစ်ယောက်တည်း ထားခဲ့တာ ငါသိတယ်နော်၊ ဒါကြောင့် ချက်ချင်း လိုက်လာတာ"

"ငါ ပွင့်ပွင့်လင်းလင်း ပြောမယ် ရဲ ငါနဲ့နင်က ရက်တစ်ရာ တွဲဖို့ ဆိုတာ မဖြစ်နိုင်ဘူး။ ရှင်းသန့်က နင့်ကို ကူညီနိုင်တယ်၊ သူကနင်းကို ပိုနားလည်တယ်၊ နင်သူနဲ့ တွဲလိုက်ပါလား"

"ငါတွဲချင်တာ သူမှမဟုတ်တာ ကြက်တောင်စည်း နင်အခု ပိုလှလာတယ် သိလား"





"ဖားနော်"

"နေတစ်စင်း နင် မျက်စောင်းလည်း ထိုးတတ်သားပဲ"

"အပိုတွေ မပြောနဲ့တော့ ဖား၊ လာသွားရအောင် ရှင်းသန့် တစ်ယောက်တည်း အားနာစရာ ကောင်းတယ်"

နေပြောရင်း ရှေ့က ထွက်ခဲ့သည်။ စားပွဲဝိုင်းကို ရောက်တော့ ရှင်းသန့်တစ်ယောက်တည်း။

"ရှင်းသန့် ဆောရီးဟာ ငါမနက်က စားထားတာတွေများနေလို့ ဗိုက်နာနေတာ"

"အဟဲ ငါလည်း ဗိုက်နာနေလို့ဟ ဆောရီး"

"ရပါတယ်ဟာ ဒီမှာ နင်တို့အတွက် အအေးနှစ်ခွက်နဲ့ အသားအူကင် မှာထားတာ၊ နင်တို့ မလာရင် ငါ ပါဆယ်ထုပ်ပြန်တော့မလို့"

"ဟာ ရိပ်ကလည်း လာမှာပေါ့"

နေ အားနာစွာပြောရင်း ဝင်ထိုင်စားသည်။ ဖားကလည်း ထိုင်စားနေသည်။ ရှင်းသန့်ကတော့ ဖျော်ရည်ကို သောက်နေသည်။

စားသောက်ပြီးတော့မှ နေ ရဲကို ကြည့်ကာ

"ဖား ငါ့ပစ္စည်းပြန်ပေးဟာ"

"ငါ ကောင်းဆိုထားတာ နှစ်ခုလေ အခု ပထမတစ်ခုပြီးသွားပြီ၊ ဒုတိယ အစီအစဉ်ကို နင်လက်ခံသလား"

သူရဲကောင်း မချိုမချဉ် မျက်နှာနှင့် ပြောသည်။

"ရဲ နင်လူလည်း မလုပ်နဲ့နော်၊ ငါ့ဘက်တစ်ဆင့် လျှော့တဲ့ အနေနဲ့ နင့်ကို ဖားလို့ မခေါ်တော့ဘူး အခုကစပြီး ရဲလို့ခေါ်မယ် ဆယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး ငါကလည်း နဂိုစကားအတည်ပဲ ကဲ ငါဗိုက်ဝသွားပြီ ညကျရင် နင် ဖုန်းဆက် ဘိုင့်"

"ရဲ နေဦး ဟာ လူညစ်ပဲကွာ"

နေ ဒေါသဖြစ်ကာ ကျန်ခဲ့တာကို ရဲ ဥပေက္ခာပြု ထွက်သွား၏။ ရှင်းသန့်က

"သူ ပြောတာကို နင် လက်ခံပေးလိုက်ပါလား နေရယ်"

"ရှင်းသန့် နင်"

"ဟုတ်တယ် နေ ရဲ ငါ့ကို အကုန်ပြောပြီးပြီ၊ လက်ခံလိုက်ပါ ဟယ်၊ ပြီးတော့ ရဲက ငါ့ကို အကူအညီတောင်းထားတယ်၊ ရဲက နင့်ကို စိတ်ဝင်စားနေတာပါ၊ သူ့ မျက်ဝန်းတွေကို ငါသိတယ်"

"တော်တော့ဟာ ငါတို့ပြန်ကြမယ်"

"ခဏနေဦး နေ ငါပြောချင်တာက နင်နဲ့ရဲသာ တကယ် လက်တွဲဖြစ်သွားရင် ငါ အရမ်းဝမ်းသာမှာပါ"

ရှင်းသန့်စကားကို နေ ခွန်းတုံ့မပြန်ဘဲ ကောင်တာမှာ ငွေရှင်းဖို့ ထွက်ခဲ့သည်။

စိတ်ထဲမှာ ဖားကို စိတ်ဆိုးသည်။ ရှင်းသန့်ကိုတောင် အကူအညီ တောင်းသည်တဲ့။

ရှင်းသန့်ကိုတောင် စာနာစိတ်ကလေးမရှိ။

ဖား နင်က အတ္တကြီးတဲ့ ယောကျ်ားပဲ။

■ ■ ■

"နေလား"

တစ်ဖက်က ဖား အသံကိုကြားသည်။ နေတစ်စင်းကြိတ်ပြုံးရင်း





"ဟုတ်တယ် ဖား"

"ဘယ်လိုလဲ နင် လက်ခံပြီလား"

"အေး"

"ဟာ ဝမ်းသာလိုက်တာ"

"နေဦး ရဲ ငါပြောချင်တာက ငါလက်ခံတာ နင်နဲ့ငါ သက်ဆိုင်သူတွေကို မေ့မမေ့ စမ်းသပ်မလို့နော် တခြားဘာမှ မပါဘူး"

"ရတယ်လေ ငါတို့နှလုံးသားတွေကို စမ်းသပ်ကြည့်ကြမှာ"

"ရပြီ နောက်တစ်ချက်က နင်နဲ့ငါ အမြဲတွေ့ဖို့ မလိုဘူးနော်"

"ဟာ တွဲပါပြီဆိုမှ ရင်းနှီးအောင် လိုတယ်"

ဖား ရစ်နေပြီ။ နေ တစ်ထစ်လျှော့ချပေးလိုက်၏။

"နေ့စဉ် တွေ့လို့ မဖြစ်နိုင်ဘူး၊ တစ်ပတ်တစ်ရက်လောက်ပဲ နင်ဒါမှ လက်မခံရင် ဖျက်လိုက်တော့"

"ဟာ နေဦး တစ်ပတ်တစ်ရက် အင်း ရက်တစ်ရာဆိုတော့ ဆယ့်လေးကြိမ်တော့ ငါတို့ တွေ့နိုင်ဆုံနိုင်တယ် အိုကေ"

"နေဦး ပြောစရာရှိသေးတယ်"

"ဘာလဲ ကျန်သေးလို့လား"

"အရေးကြီးတယ် ငါတို့ တွဲတာ မိတ်ဆွေ သူငယ်ချင်း အဆင့်ပဲနော် နင်ဘာမှ အခွင့်မရှိဘူး"

"စည်းကမ်းချက်ကြီးကလည်း ဟာ"

"နင်လက်မခံရင်"

"ခံတယ် ခံတယ် အိုကေ၊ ငါ ဝမ်းသာတယ် နေဖြိုးသည် နင်နဲ့ငါ အိပ်မက်ထဲမှာ ဆုံရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ဖားဖုန်းချသွားကော့ နေတစ်စင်း ရင်လေးလှုပ်ခတ် ကျန်ခဲ့သည်။

အိပ်မက်ထဲမှာ ဆုံရမှာတဲ့လား။ မဖြစ်နိုင်တာ။ ဆောရီးပဲ ရေခဲမုန့် ငါက နင်နဲ့ရက်တစ်ရာတွဲလို့ ဘာပြောင်းလဲရမှာလဲ။

ငါတို့က ရန်ဖော်တွေပါပဲ။

နင့်ဆန္ဒရှိသလို ဖြစ်ဖို့ဆိုတာ ဝေးပါတယ်။

ရက်တစ်ရာ ပြည့်ပြီဆိုရင် နင်နဲ့ငါ အရင်အတိုင်းပေါ့။ ဖား နဲ့ ကြက်တောင်စည်းဆိုတာ. . . ။

■ ■ ■

## အခန်း (၂၇)

တစ်ပတ်တစ်ရက်ဟုပဲ ခွင့်ပြုခဲ့ပေမယ့် ဖားက နေ့စဉ် ဖုန်းဆက်သည်။ မနက်တိုင်းလည်း ရောက်လာတတ်သည်။

"နင် စောစောစီးစီး ဘာလာလုပ်တာလဲ"

"နင် စားစေချင်လို့ နန်းကြီးသုပ် လာပို့တာ"

"ဟာ မစားချင်ပါဘူး"

"မစားချင်လည်း ဟန်ဆောင်ပန်ဆောင် ယူထားလိုက်ပေါ့ဟ"

"ဖား နင်တော်တော် ရစ်ပါလား"

"ရစ်တာမဟုတ်ဘူးလေ နင်နဲ့ငါက သိတယ်မို့လား"

"ကဲ ထားခဲ့ ထားခဲ့"

"ဟာ ရက်စက်လိုက်တာ အိမ်မှာ နန်းကြီးသုပ် သုပ်စားတာ ငါက နင်တို့ စောစောစားရအောင် ချိုင့်ဆွဲပြီး လစ်လာတာ၊ ဘာမှ မစားရသေးဘူးဟ"

ဗျူး၁၇၆၀

www.burmeseclassic.com

ရဲ ပြောရင်း ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်တော့ ရှင်းသန့်က မနေနိုင်တော့ဘဲ။

"ရဲ နင်မစားရသေးရင် ငါတို့နဲ့စားသွားပေါ့၊ ငါပြင်လိုက်မယ်"

"ကောင်းတာပေါ့ ရှင်းသန့်ရာ"

ရှင်းသန့် ချိုင့်ကိုဆွဲကာ မီးဖိုခန်းဘက်သွားတော့ နေ ဖားကို ဘုကြည့်ကြည့်ရင်း

"ဖား"

"ပြော နေ"

"နင် ညတိုင်းဖုန်းဆက် မနက်တိုင်းဖုန်းဆက် မလုပ်နဲ့"

"ဟာ ဘာလို့လဲ နေရဲ့"

"နင်အချိန်ပိုတွေ ဒီလောက် ပေါနေသလား"

"အင်း ငါက နင့်အတွက် အချိန်ပြည့် ပေးထားတာလေ ငါတို့ တွဲရတာ ရက်တစ်ရာပဲရှိတာ၊ အခုတောင် ကိုးဆယ့် ခုနစ်ရက်ပဲ ကျန်တော့တယ်"

ဖား မျက်နှာက ပြောင်စပ်စပ်မို့ နေ မျက်မှောင်လေးကျုံ့ကြည့်ပစ်ရင်း

"နင့်တောင်းဆိုချက်ကို ငါလက်ခံမိတာ မှားပြီထင်တယ်"

"အခု သုံးရက်တောင် နင်ရှုံးနေပြီ"

"ဘာလို့ ရှုံးရမှာလဲ"

"အိုကေ ဒါဆို ငါတို့ဆက်လျှောက်ကြစို့ ငါနင့်ကို ဖုန်းဆက်တာ နင့်အသံလေး ကြားချင်လို့ ပြီးတော့ ငါအသံလေးကို နင့်နားထဲစွဲနေစေချင်လို့ပါ"





နေ ပြန်တုံ့ပြန်ခွင့် မရလိုက်ပါ။ အခန်းထဲမှ ထွက်လာသော ရှင်းသန့်က

"ပြီးပြီဟေ့ ငါတို့စားရအောင်"

မမကြယ်စင် သုပ်ပေးသော နန်းကြီးသုပ်တွေကို နေတို့ စားလိုက်ရပါသည်။

ဒါက တစ်ရက်မဟုတ်။

တစ်ရက်ခြားလောက် စားစရာတွေ ယူယူလာပို့တတ်သော ရဲကြောင့် နေ သံသယ ဝင်လာ၏။

"ဖား ဒါတွေ နင့်မမ လုပ်ပေးတာ ဟုတ်ရဲ့လား"

"နင် မယုံလို့လား"

"ယုံစရာမှ မရှိဘဲ၊ နင် ဆိုင်ကဝယ်လာတာမို့လား"

"နိုး မဟုတ်ဘူး မမကြယ်စင်က နင်တို့ကို စားစေချင်တဲ့ ငါ့ဆန္ဒကို လုပ်ပေးတာ၊ ပြောရရင် မမက နင့်ကိုချစ်တယ်ဟ"

"ဟင် ဖား နင် မမကြယ်ကို ဘာတွေ ပြောထားသလဲ"

"အဟဲ အရိပ်အမြွက်ပါ"

"ဖား နော် နင် မဟုတ်မဟပ်တွေ မပြောနဲ့"

နေ မျက်နှာလေးနီကာ စိုးရိမ်တကြီးပြောတော့ ဖား သဘောကျစွာ ရယ်မောနေရင်း

"ငါက နင့်သိက္ခာကျအောင် ပြောမလား နေရယ်၊ ငါပြောထားတာက နေကို ကျွန်တော် ကြိုးစားနေတယ်၊ နေဆီက အပြန်မှ မရသေးဘူးလို့"

"ဟယ် ပေါက်ကရတွေ"

www.burmeseclassic.com



"တကယ်ပဲဥစ္စာ မမက သူမောင်လေး ဂန္ထဝင်နဲ့ တုန်းကလို ဖြစ်မှာစိုးသတဲ့"

ဖားကတော့ တကယ့် ပြဿနာကောင်းပါပဲ။ နေ စိတ်ထွေ ညစ်ရပါသည်။

မမကြွယ်စင်နှင့် ရုံးပြန်ဖွင့်လျှင် မျက်နှာချင်းဆိုင်ဖို့တော ခက်ခက်ပါလား။

ရှစ်ပတ်တစ်ရက်ဆုံရသော ရက်တွေမှာလည်း ဖား မနေ ဘက် ရောက်လာသည်။

"ဒီနေ့ ဘုရားသွားရအောင်ဟာ"

နေ ကိုယ်တိုင် တရားဝင်ခွင့်ပြုထားသောနေ့မို့ ငြင်းခွင့်မရှိ ထိုရက်တွေမှာ ရှင်းသန့်ကို ခေါ်တာတောင်မရပါ။ ရှင်းသန့်က တမင်ရှောင် ထွက်ပေးနေတာထင်၏။

"ငါ သားစင်နဲ့ ချိန်းထားလို့"

ရန်ကုန်ရောက်နေသော သားစင်နှင့် ရှင်းသန့် တတွဲတွဲဖြစ်နေ တာ နေ သတိထားမိ၏။

ရဲနှင့် နေ ဘုရားသွားဖြစ်သည်။ ပြီးတော့ ရေပြင်ကစား ကွင်းလည်း ရောက်သည်။

ဘာပဲဖြစ်ဖြစ် နေတစ်စင်းအတွက်တော့ အပန်းဖြေစရာတော့ ကောင်းပါ၏။ ဖားက နေအရိပ်ကို ကြည့်ကာ ဂရုတစိုက်ရှိ၏။

"ဗိုက်ဆာနေပြီမို့လား နေ ဘယ်မှာ စားချင်လဲ"

"မြန်မာထမင်း စားမလားလို့"

"အိုကေ မြန်မာထမင်းဟင်း ကောင်းတဲ့ဆိုင် ငါသိတယ်"

ဗျူး၊ ၁၁၆၀



တစ်နေကုန် စားသောက်လည်ပတ်ပြီးတော့ အပြန်မှာ ရဲ နေကို ကားထဲမှာပဲ စောင့်ခိုင်းကာ ကုန်တိုက်ကြီးထဲ ဝင်သွားသည်။

ပြန်ထွက်လာတော့ စက္ကူဘူးအကြီးကြီးကို ထမ်းလာ၏။

"ဘာတွေလဲ ဖား"

"နှင့်အတွက် လက်ဆောင်ဝယ်လာတာ"

"လက်ဆောင် ငါမလိုချင်ပါဘူး"

"မလိုချင်လို့ မရဘူးလေ၊ နှင်နဲ့ငါ တစ်ပတ်ပြည့် အမှတ်တရ"

"မမေးနဲ့လေ၊ ပါဆယ်ထုပ်လာပါတယ်ဆိုမှ ဟိုရောက်မှ နှင် ဖွင့်ကြည့်ပေါ့ဟ"

မဟော်ဦးဆန်လှသော ဖားစကားကြောင့် အိမ်ရောက်တော့ အခန်းထဲအထိ သယ်မနေတော့ဘဲ နေ ဖွင့်ကြည့်သည်။

"ဟယ် ချစ်စရာလေး"

ဘူးထဲမှာ နေ တွေ့လိုက်ရတာ နွေအရပ် တစ်ဝက်နီးပါး ရှိသော ဝက်ဝံဖြူအရုပ်ကြီးဖြစ်၏။

နေ နှစ်သက်သဘောကျစွာ အရုပ်ကြီးကိုဖက်လိုက်တော့

"အိုင်လက်ဗ်ယူ အိုင်လပ်ဗ်ယူ"

"အဟင်း ဟင်း ဟင်း"

နေ သဘောကျစွာ ရယ်မိစဉ်မှာပဲ ဟန်းဖုန်းလေး မြည်လာ၏။ ထင်သည့်အတိုင်း ရဲဆီက ဖြစ်၏။

"နေ ငါ ပေးတဲ့လက်ဆောင်ကို နှင် သဘောကျသလား ဟင်"

"ငါ သဘောကျတယ် ရဲ၊ ငါက အရုပ်တွေကို ချစ်တယ်ဟ"

"ဟုတ်လား အခု အဲဒီအရုပ်ကြီး ဘယ်မှာလဲ"

ဗျူး၊ ၁၁၆၀

www.burmeseclassic.com

"ငါ့ခုတင်ပေါ်မှာလေ"

"နေတစ်စင်း"

"ပြော ရဲ့"

"ငါလည်း တစ်နေ့ကျရင် နင့်ခုတင်ပေါ်မှာ အဲဒီလို အရုပ်ကြီး အဖြစ်ရောက်အောင် ကြိုးစားမယ်"

"ဘာ ဘယ်လို"

နေတစ်စင်း မျက်နှာလေးနီကာ ရင်တွေ တဒိတ်ဒိတ်ခုန်သွား ချိန်မှာ သူ ဖုန်းပိတ်သွားခဲ့၏။

"ဖား အစုတ်ပလုတ်"

ပြောရင်း နေတစ်စင်း ဝက်ဝံရုပ်ကြီးကို အားပါးတရ ဖက်ထား လိုက်သည်။ ဝက်ဝံရုပ်ကြီးကလည်း အော်ဟစ်မဆုံးတော့ . . . ။

"အိုင်လက်ဗ်ယူ . . . အိုင်လဗ်ဗ်ယူ . . . အိုင်လက်ဗ်ယူ"

■ ■ ■

## အခန်း (၂၈)

အရုပ်လေးတွေကို နှစ်သက်သော နေအတွက် ရဲက တစ်ပတ် တစ်ကြိမ် ဆုံတွေ့တိုင်း လက်ဆောင်ဝယ်ပေးတတ်သည်။

အရုပ်အကြီးကြီးတွေ၊ သေးသေးလေးတွေ နေရဲ့အခန်းထဲမှာ ပြည့်နေသည်။

သေချာသည်က ရဲနှင့်နေကြားမှာ အရင်လိုမဟုတ်သော ခံစားမှုတွေနှင့် နှောင်တွယ်ခဲ့တာပဲဖြစ်၏။

ထိုအခြေအနေတွေကို နေ သိမှန်းမသိလိုက်ဘဲ ပိုင်ဆိုင်ခဲ့ ခြင်းဆိုတာ တဖြည်းဖြည်း သိလာချိန်မှာတော့

"ငါ ဘာဖြစ်သွားတာလဲ၊ မဖြစ်သင့်ဘူး ရဲက ရှင်းသန့်ချစ်တဲ့ သူ"

[illegible]

www.burmeseclassic.com



ထိုအတွေးနှင့် နေ အသိစိတ်ကို ချုပ်ထိန်းဖို့ ပြန်ကြိုးစားမိ၏။ ရဲက ရက်တစ်ရာပြည့်လျှင် တောင်းဆိုလာမှာ နေ သိနေသည်။

ထိုအခါမှာ နေ ဘာကိုဆုံးဖြတ်ရမည်လဲ။

ရင်ထဲမှာ ဝမ်းနည်းသလိုလို ခံစားရတာတော့ အမှန်ပဲဖြစ်သည်။ မော်ကတော့ နေ့အဖြေအတွက် ခံစားနေမည်လား။

မနေ့က ဖုန်းထဲမှာ ကြားခဲ့ရသော ရဲရဲ့အသံလေးတွေကို နေ ပြန်ကြားယောင်နေမိဆဲ။

"နေ လာမယ့်ဆန်းဒေးကျရင် နင်နဲ့ငါ ရက်တစ်ရာပြည့်ပြီ နော်"

"အဲဒါ ဘာဖြစ်လဲ ရဲရဲ့"

"အဲဒီနေ့ကျရင် နင်နဲ့ငါ စကားတွေအများကြီးပြောရင်း ထွေ ချင်တယ် နေရယ်"

ရဲအသံတွေမှာ မမြင်နိုင်သော အရိပ်တွေနှင့် မျှော်လင့်ချက် တွေ ပြည့်ဝစွာပါနေမှန်း နေ သိနေခဲ့ပါသည်။

ရဲ မေးလာလျှင်ကော နေ ဘယ်လိုဖြေရမည်လဲ။

သေချာသည်က ရဲနှင့်အတူ ရှင်သန်ခဲ့ရသော ထိုကာလလေး ကို ကုန်ဆုံးမသွားစေချင်ပါ။

ဒါပေမဲ့ အတွေးထဲမှာ ထင်ဟပ်လာတာ ရှင်းသန့်။ နေ အချစ်

ဗ၂၂း၈၁၄ပ



ဆုံး သူငယ်ချင်း ရှင်းသန့်နှလုံးသားကို ခွဲဖို့ဆိုတာ

ဟင့်အင်း မဖြစ်သင့်ပါဘူး ဖားရယ်။

ငါ့ကို ခွင့်လွှတ်ပေးပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ဆုံနေကျ ကော်ဖီဆိုင်လေးထဲမှာ နေနှင့်ရဲတို့ ဆုံဖြစ်သည်။ နေ စိတ်တွေမွန်းကြပ်နေသည်။

ရဲ မျက်နှာက ကြည်လင်ဝင်းပနေတော့ နေ ရင်မဆိုင်ရဲပါ။

ရဲရယ် နင် ကြေကွဲအောင် ငါ မလုပ်ရက်ဘူး။ ဒါပေမဲ့ ရှင်းသန့် ခံစားရအောင်လည်း နင်နဲ့ငါ မလုပ်သင့်ပါဘူး။

"နေ နင်နဲ့ငါတွဲခဲ့တာ ဒီနေ့ ရက်တစ်ရာပြည့်ပြီနော်"

"အင်း"

နေ တိတ်ဆိတ်စွာပဲ ခေါင်းညိတ်မိသည်။ ရဲနှုတ်က ဆက်ထွက်လာမည့် စကားသံတွေကို မကြားရဲ ရင်မဆိုင်ရဲပေမယ့်

"ငါ အဲဒီရက်တွေမှာ အရမ်းပျော်ခဲ့တာပါ၊ နင်ရောဟင် နေ"

"အင်း အတူတူပါပဲ ရဲ"

"ငါ ယုံတယ် နေ၊ နင်နဲ့ငါ့ကြားမှာ ကာရံညီတဲ့ သံစဉ်တွေ





ရှိနေပြီးသားပါဟာ၊ နေ ဒီမှာ"

ရဲ အိတ်ထဲက ထုတ်လိုက်သော စာရွက်လေးကြောင့် နေ မျက်မှောင်ကုပ်ကာ မော့ကြည့်မိ၏။

"ဘာလဲဟင် မော်"

"နင့်ကိုငါ မေးခွန်းလေးတွေ မေးမလို့၊ အဲဒီမေးခွန်းတစ်ခုမှာ အဖြေက သုံးခုပါတယ်၊ နင် တစ်ခုပဲ ရွေးပေါ့ဟာ"

"ငါက စာမေးပွဲဖြေရမှာပေါ့"

"ဒါပေါ့"

ဖားက ပြောရင်း ပထမဆုံး စာရွက်လေးကို စားပွဲပေါ် ချပြသည်။ နေ ဖတ်ကြည့်မိ၏။

ငါတို့နှစ်ယောက် ရက် (၁၀၀) တွဲခြင်းက. .

(၁) လက်စားချေလိုခြင်း (၂) မုန်းခြင်း (၃) ချစ်ခြင်းကြောင့်

"အဲဒီ သုံးချက်က ဘာကို နင်ဖြေမလဲ နေ"

မျှော်လင့်ချက်နှင့်တောက်ပနေသော ဖား မျက်ဝန်းတွေကို ကြည့်ကာ နေ ပင့်သက်လေး ရှိုက်လိုက်ရင်း

"နင်နဲ့ငါ အမြဲရန်ဖြစ်ပေမယ့် အမုန်းအငြိုးတွေမှ မရှိခဲ့ဘဲ ဖားရယ်"

"ဒါဆို နင် ဘာဖြေမှာလဲ"

"ငါတို့ ချစ်ခင်ခြင်းတွေနဲ့ တွဲခဲ့တာပါ"

"အိုကေ နောက်မေးခွန်း ဒီမှာကြည့်"

ရဲ နောက်ထပ် စာရွက်လေးချပြသည်။

ငါတို့နှစ်ယောက်ကြားမှာ ရှိနေခဲ့တာ. .



www.burmeseclassic.com

www.burmeseclassic.com



(၁) သံသယ (၂) နားလည်မှု (၃) ရန်လိုမှု

"ဘာလဲဟင် နေ"

"နံပါတ်နှစ်လေ နားလည်မှုပေါ့"

ရဲ မျက်နှာလေး ပြုံးသွားပြန်သည်။ နောက်ထပ် စာရွက်တစ်ခုကို ထုတ်ယူရင်း

"ဒီမေးခွန်းက အရမ်းအရေးကြီးတယ် နေ"

ပြောရင်း စာရွက်လေးကို ချပြသည်။ နေ ဖတ်ကြည့်ရင်း ရင်ထဲမှာထိတ်ခနဲ တုန်သွား၏။

နှင်နဲ့ငါရဲ့ ရက် (၁၀၀) ပြည့်ခံစားမှုဆိုတာ

(၁) ရှေ့ဆက်ဖို့ လုံးဝမဖြစ် (၂) အချစ် (သူ့ရဲကောင်းကိုချစ်တယ်) (၃) သူငယ်ချင်းတွေအဖြစ်ပဲ နေသွားကြမယ်. . .။

"နေ နှင် ငါ့ဘဝအတွက် ရွေးချယ်ပေးပါ"

ရဲအသံတုန်တုန်လေးနှင့်ဆိုကာ မျက်ဝန်းလေးတွေနှင့် နေကို စိုက်ကြည့်နေ၏။

နေ ရင်ထဲမှာ စူးနစ်သော ဝေဒနာက မျက်ခနဲ။ အာရုံထဲမှာ ပြေးမြင်လိုက်မိတာ ရှင်းသန့်ရဲ့မျက်နှာလေး။

"နှင့်အဖြေက ငါ့ဘဝအတွက် အရေးကြီးတယ် နေ"

"ရဲ"

"နေ"

"နှင်နဲ့ငါ ရှေ့ဆက်ဖို့ ဘယ်လိုမှမဖြစ်ဘူး".

"ဟင်"

"ဟုတ်တယ် ရဲ"





"ဘာ ဘာလို့လဲ ရှင်းသန့်ကြောင့်လား ငါ ငါ"

"မဟုတ်ဘူး ရှင်းသန့်နဲ့မဆိုင်ဘူး၊ ဘာလို့လဲဆိုတော့ ငါ့ရင်ထဲမှာ သင်္ကေတ ရှိနေလို့ပဲ"

နေ တမင်ပဲ ညာပစ်လိုက်တော့ ရဲ နှုတ်ဆိတ်ကာ ဘာစကားမှ မဆိုနိုင်ပါ။

"ငါ့ကိုခွင့်ပြုဦး ရဲ၊ ငါအခု သင်္ကေတဆီသွားမလို့"

"သူက နင့်ကို သံယောဇဉ် ပြတ်သွားပြီပဲ"

"ငါ သိတယ်၊ ဒါပေမဲ့ သူ့မျက်နှာလေးကို ငါမြင်ချင်လို့"

ပြောပြီး နေ ချာခနဲလှည့်ထွက်ခဲ့သည်။ ဝဲတက်လာသော မျက်ရည်တွေကို ရဲ မမြင်စေချင်ပါ။

သင်္ကေတအပေါ် စွဲလန်းနေဆဲဟုပဲ ထင်ပါစေတော့။

ရှင်းသန့် နှလုံးသားကို နင်းချေပြီး နင့်ကိုငါ မချစ်ရဲပါဘူး သူ့ရဲကောင်း။ အချစ်ကို ငါ ဒီတစ်ခါ တကယ်ဆုံးရှုံးခဲ့ခြင်းဆိုတာ . . .။

ငါပဲသိနိုင်ပါတယ် ရဲ။

■ ■ ■

"အစ်ကိုလာမယ်ဆိုလို့ ကျွန်တော် ထွက်ကြိုနေတာပါ"

သင်္ကေတ စကားကြောင့် ပြတိုက် မြိုးခေါင်းညိတ်ရင်း သာသနာတော်စုံနှင့် ကြည်လင်နေသော ညီကို ကြည့်မိ၏။

"ညီ အားလုံးအဆင်ပြေလား"

"ပြေပါတယ် အစ်ကို၊ အစ်ကို ဘာကိစ္စရှိလို့လဲဟင်"

နှစ်ဦးသား ကျောင်းဝင်းထဲက သစ်ရိပ်အောက် ခုံတန်းလေးဆီ လျှောက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုံတန်းလေးမှာ အတူထိုင်ပြီးမှ ပြတိုက် လိုရင်းကိုမေးသည်။

"နေတစ်စင်းကို ညီ သိလား"

"ဗျာ"

"နေတစ်စင်းလေ ညီနဲ့ပတ်သက်သလား"

"သူငယ်ချင်းတွေပါ၊ ဟိုးငယ်ငယ်ကတည်းက ခင်လာတာပါ အစ်ကို၊ ဘာလို့မေးတာလဲ၊ နေတစ်စင်းနဲ့အစ်ကို ခင်လို့လား"

"နေက ကိုယ် လက်ထပ်ခွင့်တောင်းထားတဲ့ မိန်းကလေး လေ"

"ဟင်"

"ညီ လက်ခံရခက်နေသလား"

ပြတိုက် စကားကြောင့် သင်္ကေတ ပြုံးရင်း ခေါင်းခါ၏။

"ဘာမှ မဆိုင်တော့ပါဘူး အစ်ကို၊ သူ့ထက် ကျွန်တော့်စိတ်ကို ငြိမ်းစေတဲ့ဘဝကို ပိုင်ဆိုင်နေပြီပဲ၊ အုံ့ညြမိလို့ပါ၊ ဘာပဲဖြစ်ဖြစ် သူနဲ့ကျွန်တော် မသက်ဆိုင်ခဲ့ပါဘူး၊ အစ်ကိုတို့ လက်ထပ်မယ်ဆို ဝမ်းသာ ပါတယ်"

"ညီ လက်ခံတယ်ပေါ့"

"နေနေနဲ့ လက်ထပ်မှာ အစ်ကိုဆိုတော့ ကျွန်တော် ပိုတောင် စိတ်ချကျေနပ်ပါတယ်"

ပြတိုက် ကျေနပ်ပြုံးသွားစဉ်မှာပဲ အနောက်က ချောင်းဟန့်သံ ကြောင့်လှည့်ကြည့်တော့

"ရဲ"

"ဟုတ်တယ် ကျွန်တော် သင်္ကေတဆီလာတာပါ၊ ခွင့်တောင်း





စရာလေးရှိလို့ ကိုပြတိုက်ကကော"

"သင်္ကေတက ကိုယ့်ညီဝမ်းကွဲလေ"

"ဟုတ်လား ဒါဆို ကိုပြတိုက်ရှေ့မှာပဲ ခွင့်တောင်းမယ်၊ နေကို ကျွန်တော် ကြိုးစားချင်တယ်၊ အဲဒါ သင်္ကေတ ခွင့်ပြုပေးပါ"

သူ့စကားကြောင့် သင်္ကေတ မျက်ခုံးတွေ ပင့်တက်သွားကာ ခင်သက်နေသည်။ ပြီးမှ

"မဆိုင်ဘူးလေ၊ ဒီကိစ္စကို ဆုံးဖြတ်ပေးမှာ နေနေပဲ၊ အစ်ကိုနဲ့ မင်းက ပြိုင်ဘက်ဖြစ်သွားပြီ၊ ငါက ဘေးလူပါ၊ နေနေနဲ့ ဘာမှ မဆိုင်ပါဘူး၊ မပတ်သက်တော့ပါဘူး"

"အိုကေ ဒါဆို ကျေးဇူးတင်တယ်၊ ခွင့်ပြုဦး ကိုပြတိုက်"

နှုတ်ဆက်ပြီး သူ့ရဲကောင်း ထွက်ခဲ့သည်။ တကယ်ဆို နေတစ်စင်း ဒီကို တကယ် ရောက်လာသလား သိချင်လို့ လိုက်ခဲ့တာဖြစ်သည်။

အခုတော့ နေကို မတွေ့ဘဲ ပြတိုက်နှင့်လာဆုံနေ၏။

သူ့ရဲ့ပြိုင်ဘက်တွေက ညီအစ်ကိုတွေပါလား။

နေရယ် ငါ့ကို မမုန်းလိုက်ပါနဲ့။

နင်က ငါ့ဘဝပါ။ ဒါကို နင် ယုံစေချင်တယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ဘာ ဘာရယ် ရှင်းသန့်"

နေ မယုံနိုင်စွာ မေးတော့ ရှင်းသန့် ရှက်ပြုံးလေးနှင့်

"ဟုတ်တယ် သားစင် ငါ့ကို ပရိုပို့စ် လုပ်ထားတာ ဟိုတစ်ခေါက် ရန်ကုန်ရောက်တည်းကလေ အခု သူအလေးအနက် တောင်းဆိုလာတော့ ငါခေါင်းညိတ်လိုက်တယ်"

"ရှင်းသန့် နင် သားစင်ကို ချစ်လို့လား"

"အင်း ချစ်တယ်ဆိုတာထက် သံယောဇဉ်ရှိတယ်၊ ပြီးတော့ သူ့အချစ်က ခိုင်မြဲတယ်လေ"

"ရှင်းသန့် ရဲကိုကော"

"ရဲကို ငါချစ်ခဲ့ဖူးတယ်၊ ဒါပေမဲ့ ရဲရင်မှာ ငါမရှိဘူးလေ ဒီတော့ ငါဘာလို့ မျှော်လင့်နေမှာလဲ၊ သားစင်ကို ငါ ဒီအကြောင်းတွေ ဖွင့်ပြော





တယ်၊ သူ နားလည်တယ်"

"ရှင်းသန့် ငါ ရဲကို အပြတ်ငြင်းခဲ့တယ်"

"ဟင်"

"ဟုတ်တယ် သူ့ကို ငါမချစ်ဘူးလေ၊ ငါတို့တွဲကြတာ သူ့ရဲ့ ဆန္ဒအတွက်ပဲ ကျန်တာဘာမှ မရှိဘူး"

ရှင်းသန့် နားလည်သလို ခေါင်းညိတ်သည်။ ရှင်းသန့် မျက်ဝန်းတွေက နေတစ်စင်း မျှော်လင့်သော အရိပ်တွေမရှိပါ။

"အင်းလေ နင်က ရဲကို မချစ်တော့ ငါဘာမှ မပြောချင်တော့ဘူး၊ ရဲ ခံစားရမှာပေါ့ ထားပါလေ သူလည်း တစ်ချိန်မှာ ငါ့လိုချစ်တဲ့သူ ထပ်တွေ့မှာပါ"

"ရှင်းသန့် သားစင်ကို နင်ရွေးလိုက်ပြီပေါ့"

"သေချာတယ် နောက်တစ်နှစ်လောက်မှာ လက်ထပ်မယ်၊ မကြာခင် သားစင်လည်း ရန်ကုန်မှာ စီးပွားရေးလုပ်မှာ သူနဲ့ငါ အသေအချာ တိုင်ပင်စီစဉ်ထားတယ်၊ ဒီအကြောင်း လင်းလင်းကို အီးမေးလ် ပို့တော့ သူ ဝမ်းသာနေတယ်၊ လင်းလင်းလည်း နောက်တစ်ပတ်ဆို ပြန်လာတော့မှာဟဲ့"

ရှင်းသန့်က ရဲ အကြောင်းတွေ လုံးဝ စိတ်မဝင်စားတော့ဘဲ လင်းလင်းအကြောင်း ပြောနေ၏။ လင်းလင်း မြန်မာပြည် ပြန်လာတော့မှာ နေလည်း သိပါသည်။

"ကဲ ငါရေချိုးလိုက်ဦးမယ်နော် နေ"

ရှင်းသန့် အခန်းထဲဝင်သွားတော့ နေ မင်သက်ကျန်ခဲ့သည်။

ရှင်းသန့် ရင်ထဲက သူ့ရဲကောင်း ကင်းစင်သွားပြီတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



အိပေမဲ့ ရဲကို နေ ငြင်းပယ်ခဲ့ပြီးပြီ။

အခုမှ ဖုနောင်တမရချင်တော့ပါ။ အချစ်ဆိုတာ ရှုံချည်၊ နပ်ချည် လုပ်လို့ရသော ကိစ္စမှ မဟုတ်တာ။ ရှိစေတော့။ ခွင့်လွှတ်ပါ ရဲရယ်။

လူခေါ်ဘဲလ်ကြောင့် နေ ရင်ခုန်သွား၏။ သူရဲကောင်းများလား။

အပြေးလေးတံခါးဖွင့်ပေးတော့ ပြတိုက် ဖြစ်နေသည်။

"ကိုယ်က နေ ရှိပါ့မလားလို့"

နေ တံခါးဖွင့်ပေးလိုက်ပါသည်။

"ထိုင်ပါဆရာ"

ပြတိုက်က တံခါးက ဝင်လာရင်း ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်သည်။ နေ ကော်ဖီဖျော်ဖို့ ထွက်မည်ပြင်တော့

"နေဦး ဘာမှ မလိုဘူး နေ၊ ကိုယ်မေးချင်တာလေးပဲ"

"ဘာလဲ ဆရာ ငွေကိစ္စလား၊ ရဲနဲ့ နေ ရှင်းပြီးပါပြီ"

"သူ ကိုယ့်ကိုပေးပါတယ်၊ ကိုယ် ပြောချင်တာ အဲဒီကိစ္စမဟုတ်ပါဘူး။ သင်္ကေတဆီ ကိုယ်ရောက်ခဲ့တယ်"

"ဟင်"

"ဟုတ်တယ် သင်္ကေတဆိုတာ ကိုယ့်ညီဝမ်းကွဲလေ ထားတော့ ကိုယ်က နေ့ကို လက်ထပ်ချင်တဲ့ ကိစ္စပြောတော့ သူ ကျေနပ်တယ်"

နေ မျက်မှောင်ကုပ်သွားမိသည်။ သင်္ကေတနဲ့ ပြတိုက်တွေ့တာ နေနှင့် မသက်ဆိုင်ပါ။

"နေကို ကိုယ် လက်ထပ်ခွင့်ပြုပါ"

"ဆရာ နေ ပြောပြီးပါပြီ ဆရာကို နေ လက်မထပ်နိုင်ပါဘူး"

ပြတိုက် မျက်နှာပျက်သွား၏။ ပြီးမှချက်ချင်း အပြုံးနှင့် ပြင်

ဗျူး၀၁၆ပ



လိုက်ရင်း

"ကိုယ်နားလည်ပြီ နေ ကိုယ်ထင်တာ မင်းငြင်းတာ သင်္ကေတကြောင့်လို့ အခု မဟုတ်ဘူးဆိုတာသိပြီ၊ မင်းငြင်းတာ သူရဲကောင်းကြောင့်ပါ"

နေ ဘာမှ မပြောဘဲ နှုတ်ဆိတ်နေမိဆဲ။ ပြတိုက် ပင့်သက်ရှိုက်ကာ ထရပ်ရင်း

"ကိုယ် နားလည်ပါတယ် နေ၊ သူရဲကောင်းနဲ့မင်းတို့ သံယောဇဉ်ကို ကိုယ်မယှဉ်နိုင်ခဲ့ပါဘူး၊ ကိုယ့်ကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ ဆရာ"

ပြတိုက် ထွက်သွားတော့ နေတစ်စင်း အခန်းထဲမှာ ငုတ်တုတ် ကျန်ရစ်ခဲ့သည်။ စိတ်တွေက ရှုပ်ထွေး မွှန်းကြပ်နေသည်။

အာရုံထဲမှာ ရဲအရိပ်။

နေ့အတွက် ဘာတစ်ခုမှ ရွေးချယ်ခွင့် မရှိပါလား။ ရဲရယ် ကျွံခဲ့တဲ့စကားတွက် ငါ့မှာ . . . ။

■ ■ ■

www.burmeseclassic.com

## အခန်း (၃၁)

ဒီနေ့ လင်းလင်းပြန်လာမှာမို့ လေယာဉ်ကွင်းကို နေနှင့် ရှင်းသန့် သွားကြိုကြမည်။

ပြင်ဆင်ပြီး ညှော်ခန်းထွက်ခဲ့တုန်းမှာ ဟန်းဖုန်းက မြည်လာ၏။ အနီးဆုံးမှာရှိသော ရှင်းသန့် ကောက်နားထောင်ရင်း

"ဟဲလို"

"..."

"မမကြွယ် ပြောလေ နေလည်းရှိပါတယ်"

"..."

"ဟင်"

"..."

"ဟုတ်ကဲ့ နေ မမကြွယ်ဆီက ရဲ ရဲကားအက်ဆီးဒင့် ဖြစ်လို့ တဲ့"





"ဘာရယ်"

နေ ထိတ်လန့်စွာ ဖုန်းလေး လှမ်းယူတော့ တစ်ဖက်က မမကြွယ် အသံကိုကြား၏။

"နေ နေ မောင်လေး အဟင့် ဟင့်"

"မ မမကြွယ် ရဲ ဘာဖြစ်လို့လဲ ပြောစမ်းပါ"

"သူ ကားအက်ဆီးဒင့် ဖြစ်လို့ အခု ဆေးရုံမှာ"

"ဘာ ဘာဖြစ်တာလဲ မမကြွယ်ရယ်"

"သူ သိပ်မူးနေတယ် မသောက်စဖူး အရက်တွေ သောက်ထားတော့ အဟင့် ဟင့်"

"ဖြစ်ရလေ ရဲရယ် ဟုတ်ကဲ့ နေ အခုလာခဲ့မယ် မမ ကြွယ်"

ပြောပြီး နေ မျက်ရည်အဝဲသားနှင့် ရှင်းသန့်ကို ကြည့်မိ၏။

"ရဲဆီ ငါသွားမယ် ရှင်းသန့်"

"နင်သွားလေ လင်းလင်းကို ငါကြိုပြီး ချက်ချင်းလိုက်ခဲ့မယ်"

ပြောပြီးသည်နှင့် နေ အခန်းထဲမှ ပြေးထွက်ခဲ့သည်။ ရှင်းသန့် အသံကို ကြားလိုက်ရသေး၏။

"နေ သတိထားမောင်းနော်"

မမကြွယ် ပြောလိုက်သော ပုဂ္ဂလိက ဆေးရုံကြီးရှေ့ရောက်တော့ အပြင်က ထွက်ကြိုနေတာ သိဒ္ဓိ။

"နေ"

"ရဲ ရဲကောဟုင်"

"ရှိတယ် စောစောက သတိရလာပြီး နင့်နာမည်ခေါ်နေလို့ မမကြွယ် လှမ်းခေါ်တာ"

www.burmeseclassic.com



"ရဲရယ်"

သိန္ဒီ ဦးဆောင်ခေါ်သော လမ်းအတိုင်း လိုက်ခဲ့သည်။ အရေးပေါ် သီးသန့်အခန်းရောက်တော့

"အဟင့် ဟင့် နေလေးရယ်"

"မမကြယ် ရဲ ရဲကော"

မမကြယ် မဖြေခင်မှာဘဲ နေ အခန်းထဲ လှမ်းဝင်လိုက်၏။ သူနာပြုဆရာမလေး မျက်ရည်လေးဝဲကာ ခေါင်းခါပြ၏။

"ဟင် ရဲ ရဲရယ်"

ခုတင်ပေါ်မှာ မှော်ငြိမ်သက်နေ၏။ နေ ရဲအနား ပြေးကာ ခုတင်မှာ ထိုင်ချလိုက်၏။

"ရဲ ရဲရယ် အဟင့် ဟင့် ငါ့ ငါ့ကိုထားခဲ့ပြီလား"

ရဲ မျက်နှာလေးက ကြည်လင်နေ၏။ ဒါပေမဲ့ ရဲကတော့ နေကို မျက်လုံးဖွင့် မကြည့်နိုင်တော့ပါ။

နေ ရင်ထဲမှာ ဆို့နစ်သွား၏။ ရဲကို တကယ် ဆုံးရှုံးရပြီပေါ့။ နေ ရင်ထဲက စကားကို ရဲ နားထောင်မသွားတော့ဘူးတဲ့လား။

"ရဲ ရဲ ငါ့ရင်ထဲက စကားကို နင်နားမထောင်တော့ဘူးလား ဟင်၊ ငါ ငါ နင့်ကိုချစ်တယ် နင့်ကိုမခွဲနိုင်ဘူး"

"တ တကယ်လားဟင် ကြက်တောင်စည်း"

"အမေ့"

ဆတ်ခနဲ ခေါင်းထောင်လာသော ရဲကြောင့် နေ ထိတ်ခနဲ လန့်သွားမိ၏။ ရဲက နေကို ထွေးပွေ့ထားရင်း

"ငါ ငါ့ကို နင်တကယ်ချစ်တယ်နော် နေ"





"နင် နင်ညာတာမပေါ့ သွား"

"အာ နာတယ်ဟ ပခုံးအဆစ်လွဲထားတာ"

"ဟယ် ဆောရီး ဖွ ဖွ ဖွ"

"ငါကား အက်ဆီးဒင့်ဖြစ်တာ တကယ်ပါ၊ နင့်ကိုလွမ်းပြီး ဘီယာသောက်လွန်တာ၊ တော်သေးတယ် ဆိုင်ရှေ့ ပလက်ဖောင်းကိုပဲ ဝင်တိုက်မိလို့"

"ရဲရယ် နင်မရှိရင် ငါတစ်သက်လုံး ကြေကွဲခံစားရမှာ"

နေ မရှက်နိုင်ဘဲ ဝန်ခံမိတော့ ရဲလက်ထဲက စာရွက်လေး ကို ကမ်းပေးသည်။

"ဘာလဲ ရဲ"

"ဟိုတစ်နေ့က နင့်ကို မေးခွင့်မရလိုက်တဲ့ နောက်ဆုံး မေးခွန်းလေ"

နေ ဖတ်ကြည့်လိုက်တော့ ပြုံးမိသည်။ သိပ်လည်တဲ့ ရဲ့ မေးခွန်းလေးကိုပဲကြည့်။

နင်နဲ့ငါ သွားတိုက်ဆေးတစ်ဘူးထဲကို အတူသုံးခွင့် ဘယ်တော့ ပေးမှာလဲတဲ့။ (၁) နောက်တစ်လ (၂) နောက်နှစ်လ (၃) မနက်ဖြန်တဲ့။

"ဖြေလေ ကြက်တောင်စည်းရဲ့"

"ဖား အစုတ်ပလုတ်"

"ဟာကွာ အဖြေထဲမှာမပါဘူး"

"အေး ငါကလည်း မပါတဲ့ အဖြေပဲဖြေမှာ နားထောင် အနမ်းချင်းပေးမယ်"

ရဲ မင်သက်နေသေး၏။ ပြီးမှ ဝမ်းသာအားရနှင့် နေ လက်ဖမိုး



www.burmeseclassic.com

www.burmeseclassic.com



လေးကို နမ်းရှိုက်ရင်း

"ချစ်လိုက်တာ ကြက်တောင်စည်းရယ်"

နေရင်ထဲမှာလည်း အပျော်တွေမြစ်လို စီးနေသည်။ နှလုံးသားက ချစ်ခြင်းရနံ့တွေနှင့် ကြိုင်သင်းနေ၏။

ငါတို့ ဘယ်တော့မှ မခွဲကြေး သူရဲကောင်းရယ်။

ငါ့ရင်ထဲမှာ ဖားဆိုတဲ့ နင်က ထာဝရ ရှိနေမှာ နင်ယုံပါ။

ငါတို့နှစ်ယောက် ဘယ်တော့မှ မဝေးကြေး။ မခွဲကြေး။

ချစ်ခြင်းနဲ့ ငါတို့ အမြဲနိုင်မြဲကြရအောင်နော်။

အားလုံးအတွက်

နှတ်သမီး

BURMESE CLASSIC .com

www.burmeseclassic.com